## အခန်း (၁)

တာ့ချေစေတီသည် ချန်အန်းမြို့၏ အရှေ့ဘက် သုံးမိုင် အကွာတွင် တည်ရှိသည်။

ရှေးအစဉ်အဆက်ကတည်းက တည်ဆောက်ထားခဲ့သည့် စေတီဟောင်းတစ်ဆူ ဖြစ်သည်မို့ ရာဇဝင်သမိုင်းတွင် ထင်ရှားခဲ့၏။ စေတီ၏ လက်ရာကား ရှေးဟောင်း လက်ရာဖြစ်သည့် ချန်အန်းမြို့၏ ကျက်သရေဆောင်ဟုလည်း ဆိုနိုင်ပေသည်။

ချိုကျုံဖေတို့ နှစ်ယောက်သည် တာ့ချေစေတီ၏ ပင်မ အဝင်တံခါးမှ အထဲသို့ လျို့ဝှက်စွာ ဝင်ရောက်လိုက်သည်။

သူတို့အထဲသို့ဝင်ချိန်တွင် ရှောက်ချူးရွှေလည်း စေတီ အပေါ်ထပ်သို့ ခုန်လွှားတက်ကာ တံစက်မြိတ်အောက်မှ [illegible]ချိတ်ဆွဲကာ မြွေတစ်ကောင်ကဲ့သို့ လျှောက်ဝင် [illegible] မျက်နှာကြက်တွင် အသာပုန်းဝင်နေလိုက်သည်။

ချိုကျိုဖေတို့ ခြောက်ယောက်သည် အတွင်းသို့ဝင်လာကြပြီးလျှင် အထဲတွင်အသင့်ရှိနေသည့် ဆံပင်ဖြူ၊ မုတ်ဆိတ်ဖြူ အဘိုးကြီးတစ်ယောက်ကို အရိုအသေ ဂါရဝပြုလိုက်ကြသည်။ ထို့နောက် အသီးသီးပင် ဝိုင်းဖွဲ့ထိုင်ကြ၏။

သူတို့ ခုနစ်ယောက်စလုံး၏မျက်နှာအမူအရာအသွင်အပြင်တို့မှာ အတော်ကလေး ရင်းနှီးကျွမ်းဝင်ကြဟန် တူပေသည်။

'မင်းတို့တစ်တွေလဲ ပင်ပန်းကြရောပေါ့'

ဆံပင်ဖြူအဘိုးကြီးက စတင်ပြောသည်။

ဖန်ကွေ့က တရိုတသေပင်....

'ကိုယ်တော်လေးအတွက်ဆို ကျွန်တော်တို့ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း စိတ်ကျေနပ်ကြပါတယ်'

ဆံပင်ဖြူ အဘိုးကြီးနှင့် ချိုကျိုဖေသည် ဤ လူခုနစ်ယောက်ထဲတွင် ဝါစဉ် အတော်မြင့်ဟန်တူသည်။

ချိုကျိုဖေက အားနာပြုံး ပြုံးပြလိုက်ပြီး....

'ကျုပ် နည်းနည်း လက်ဆပြင်းသွားတယ်၊ နောင်ကြီး ဖူကျန်း အတော်နာသွားတယ်နဲ့တူတယ်'

ယက္ခနက်ကြီး ရယ်မောလိုက်ကာ....

'ကိစ္စမရှိပါဘူး၊ ကျုပ် ဘာမှ အနာတရ မဖြစ်ပါဘူး၊ ပါးစပ်က အန်ထုတ်ခဲ့တာဝက်သွေးတွေပါ၊ ဟဲ....ဟဲ....ဟဲ.... တစ်လမ်းလုံး သွေးတွေဖျန်းခဲ့တော့ လူတွေ အတော့်ကို တုန်လှုပ်သွားခဲ့ကြတယ်၊ ကိုယ်တော်လေးအတွက် ဆောင်ရွက်ရတာပဲ၊ နည်းနည်းပါးပါး ထိခိုက်မိတော့ကော ဘာပြောစရာ လိုသလဲ'



ရှောက်ချူးရွေ့ရင်ထဲ တုန်လှုပ်သွားသည်။

စောစောက စားသောက်ဆိုင်ထဲတွင် ရန်ဖြစ်ခဲ့ခြင်းသည် ဆန်ဆောင် လုပ်ဇာတ်တစ်ခုဖြစ်ပြီး ဝမ်ပူကောင်းချောင် အတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်နေသဖြင့် တုန်လှုပ်ခြင်း မဟုတ်။

ဖူကျန်းစာသည် နာမည်ကြီးပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ ဒါနာမည်မှာ ယက္ခနက် မဟုတ်ချေ။ သိုင်းလောကတွင် နာမည်ကြီးသည့် ပြောင်ချော်ချော် သိုင်းသမားဖြစ်၏။ စားသောက်ဆိုင်သို့ ရောက်လာပြီးနောက် ပြောင်ချော်ချော် သိုင်းသမား နောက်ပြောင်ခြင်းက မည်သို့ရည်ရွယ်ချက်မှန်း မသိချေ။

ထိုတိုက်ပွဲလူသန်ကြီးက ရယ်မောကာ....

'ပြောင်ချော်ချော်ကြီးကလဲဗျာ ကျုပ်တို့ရှောင်မိသားစုငယ်တွေကလဲ ကိုယ်တော်လေးရဲ့စကားကို နာခံထောင်ခဲ့ကြတဲ့ သူတွေပါဗျာ'

ရှောက်ချူးရွေ့ သဘောပေါက်သွား၏။

သိုင်းလောကတွင် ရှောင်မိသားစု၏ ညီနောင်ဖြစ်သည့် ရှောင်ယိပေါင်နှင့် ရှောင်ကျင်းပေါင်တို့မှာ ရှားစီးနယ်တစ်ခုတွင် အလွန်ပင် နာမည်ကြီးလှပေသည်။ ယခုသော်ကား သိုကျိုးနယ်၏ တစ္ဆေနှစ်ဖော်အဖြစ် သရုပ်ဆောင်ခဲ့ရချေပြီ။

'အားလုံးက ကိုယ်တော်လေးအတွက် အလုပ်လုပ်နေကြတာပဲလေ၊ ဘာမှ ပြောမနေကြနဲ့တော့၊ ကျုပ်တို့ တစ်တွေ မတူတဲ့ နည်းမျိုးစုံနဲ့ ဟန်ဆောင် လှုပ်ရှားခဲ့ကြတာ

သတင်းအတော် ကို ပျံ့နှံ့သွားပြီ၊ ဒါပေမယ့် ဒီအကြောင်းတွေကို ခုထက်ထိ ကိုယ်တော်လေး မသိသေးဘူး’

ဆံပင်ဖြူအဘိုးကြီးက ရယ်မောကာ ပြောသည်။

ရှောက်ချူးရွှေစိတ်ထဲတွင် လူတစ်ယောက်ကို ရုတ်တရက် စဉ်းစားမိလိုက်သည်။ သိုင်းလောကတွင် ဉာဏ်ကြီးရှင် တစ်ယောက်ဖြစ်ပြီး ဝမ်ပူမိသားစု ဂေဟာ၏ ဂေဟာမှူးကြီးလည်းဖြစ်သည်။

သိုင်းလောက၏ မိသားစုကြီး လေးခုဖြစ်သည့် နန်ကုံး၊ မုံယုံ၊ မက်နှင့်ထန်မိသားစုတို့သည် သိုင်းလောကနှင့် အချိတ်အဆက် ရှိခဲ့ကြသော်လည်း ဝမ်ပူမိသားစုကမူ ကင်းကင်းရှင်းရှင်း နေသည်။ သို့အတွက် ဆံပင်ဖြူအဘိုးကြီးကို သိုင်းလောကထဲတွင် မတွေ့ခဲ့ရဖူးချေ။

ထိုအဘိုးကြီး၏အမည်မှာ ဝံပုလွေ စန်းပူစန်းဟု ခေါ်၏။

‘ကိုယ်တော်လေးသာ ကျုပ်တို့ လုပ်ခဲ့တာတွေများ သိသွားရင် အပြစ်တင်မလား မပြောတတ်ဘူး’

ရှောင်ယီပေါင်က စိတ်ပူပန်သည့်အသွင်ဖြင့် ပြောသည်။

ချီကျိုဖေ ရယ်မောလိုက်သည်။

‘သိနိုင်မှာ မဟုတ်ပါဘူး၊ သိလဲ ကိစ္စမရှိပါဘူး၊ ကျုပ်တို့က ကိုယ်တော်လေး ကောင်းမယ့်ကိစ္စ လုပ်ကြတာပဲ၊ သူက ရှောက်ချူးရွှေလို မဟုတ်ဘူး၊ ဉာဏ်စွမ်းထက်မြက်ပေမယ့် အပြင်ကို ထွက်ခဲတယ်၊ အိမ်ထဲမှာ အမြဲလိုလိုအောင်းနေတတ်တာဆိုတော့ ဩဇာအာဏာဂိုဏ်းကို အခုတလောမှာ တိုက်ခိုက်သွားတဲ့ ရှောက်ချူးရွှေလောက် နာမည်သတင်း မကြီးနိုင်ဘူး၊ အခု ကျုပ်တို့ လုပ်ဆောင်ခဲ့ကြတာတွေဟာ ကိုယ်တော်လေး နာမည်သတင်းကြီးဖို့ အတွက်ပဲ’



ရှောင်ကျင်းပေါင်က....

‘ဒါပေမယ့် ကျုပ်တို့တစ်တွေ ဒီလိုလုပ်မှန်းကို ကိုယ်တော်လေး သိသွားရင် ကျေနပ် ဝမ်းသာနိုင်မှာတော့ မဟုတ်ဘူး’

ဝံပုလွေ စန်းပုစဉ်း၏မျက်နှာထားက တည်ကြည်လေးနက်သွားသည်။

‘ကိုယ်တော်လေးသိသွားရင် အံ့ဩမှာတော့ မဟုတ်ဘူး၊ ကျုပ်တို့ အခုလိုလုပ်ရတဲ့အကြောင်းတလဲ ကိုယ်တော်လေးကို ဟူပေခရိုင် ပြည်မကြီးသွေးသောက်အဖွဲ့ရဲ့ အဓိပတိ ယှဉ်ပြိုင်ပွဲမှာ အရွေးခံနိုင်အောင်ပဲ ဖြစ်တယ်၊ ရှောက်ချူးရွှေကို အလဲဖြိုပြီး အင်အား တိုးချဲ့ထူထောင်မယ့် ဩဇာအာဏာဂိုဏ်းမိုးဘုရင်ကြီး ကျူးကို အပြတ်အသတ်ရင်ဆိုင်ကြရမယ်၊ ဒါကြောင့် ကျုပ်ကို ကိုယ်တော်လေးက စိတ်ဆိုးအပြစ်တင်မှာ မဟုတ်ဘူး’

ဖူကျန်းစာက....

‘ဒီလိုဖြစ်ပါစေလို့ပဲ ဆုတောင်းရတာပေါ့ဗျာ၊ ကျုပ်တို့တစ်တွေ မကောင်းမှုတွေချည်းလုပ်ခဲ့ကြပြီး၊ အခု ကောင်းမှုလုပ်တာကိုတောင် ကိုယ်တော်လေးက ခွင့်မလွှတ်နိုင်ရင် စိတ်မကောင်းစရာပဲ’

လီကျို ရယ်မောလိုက်၏။

'ကျုပ်ကသခင်လေးအနားမှာ နေခဲ့တာ ကြာပြီဆိုတော့ သခင်လေးရဲ့ စိတ်ဓာတ်ကို ကောင်းကောင်း သိပါတယ်၊ သူက ညီနောင်မိတ်ဆွေတွေကို တွေ့ရင် ဆွေမျိုးရင်းချာလို့ ကြည့်ရှုစောင့်ရှောက် တတ်ပါတယ်၊ ဒီအတွက်နဲ့ ကျုပ်တို့ တစ်တွေကို အပြစ်တင်နိုင်မှာ မဟုတ်ပါဘူး'

ဖန်ကွေ့ကလည်း....

'ကျုပ်တို့က ဘယ်သူ့ကိုမှ ဒဏ်ရာအနာတရဖြစ်အောင် လုပ်ခဲ့ကြတာမှ မဟုတ်တဲ၊စားသောက်ဆိုင်ထဲမှာ ကိုယ်တော်လေးရဲ့ ဂုဏ်သတင်း ကြီးမားပျံ့နှံ့အောင်လုပ်လိုက်တာ ဘာများ မကောင်းတာရှိလို့လဲ'

ရှောင်ယီပေါင် အနည်းငယ် မျက်နှာပျက်နေ၏။

ရှောင်ကျင်းပေါင်မှာ ရှောင်ယီပေါင် ဒိုးရိမ်စိတ်ပူနေသည်ကို နားလည်သဘောပေါက်သည်။ သူသည် ပစ်စလက်ခတ် တွေးတောနေဆိုင်တတ်သူမို့ ဟုတ်ကောက်ကို ကြမ်းပြင်တွင် ဒုန်းခနဲဆောင့်ချလိုက်ပြီး....

'ကျုပ်တို့ ကောင်းတာတွေ လုပ်ခဲ့တာပဲ။ ဘာကိုမှ ဂရုစိုက်မနေကြနဲ့တော့၊ ပြီးတာတွေ ပြီးခဲ့ပြီးပြီ၊ ကျုပ်တို့အနေနဲ့ကတော့ ရှောက်ချူးရွှေ အဓိပတိနေရာ ရောက်လာမှာကို ဘယ်နည်းနဲ့မှ မကျေနပ်နိုင်ဘူး၊ ကိုယ်တော်လေးကိုသာ အဓိပတိနေရာ ပေးသင့်တယ်၊ ကိုယ်တော်လေးက သူများလိုးတ်ကိုအားကိုးပြီး နာမည်ကြီးခဲ့တာ မဟုတ်ဘူး'

ချီကျိုဖေက ရယ်မောလိုက်သည်။



'ကျုပ်တို့ ကိုယ်တော်လေးကအချောင်သက်သက်နာမည်ကောင်း ယူတတ်တဲ့ လူစားမျိုးမဟုတ်ဘူး၊ဒါကြောင့် ကျုပ်တို့က သူ့ကိုယ်စား နာမည်ကျော်အောင် လုပ်လိုက်ကြတာပဲ'

ရှောက်ချူးရွှေက မျက်နှာကြက်ပေါ်တွင် ပုန်းအောင်းရင်း ချီကျိုဖေတို့ စုဝေးနေကြသည့် အကြောင်းရင်းကို သိရှိလာရ၏။

ဝမ်ပူကောင်းချောင်အတွက် စိတ်မကောင်း ဖြစ်လာမိလေသည်။

ဝမ်ပူကောင်းချောင်အတွက်မနာလိုသည်ထက် မိမိအဖြစ်ကို မိမိ တွေးတော၍ စိတ်မကောင်းဖြစ်လာမိသည်။

ဝမ်ပူကောင်းချောင်တွင် ကူညီပံ့ပိုးပေးမည့် မိတ်ဆွေသူငယ်ချင်းကောင်းများရှိကြသည်။ မိမိတွင်ရှိသည့် မိတ်ဆွေသူငယ်ချင်းမှာ သူတစ်ပါး၏ချုပ်နှောင်ခြင်းကို ခံနေရ၏။ အယုံကြည်ဆုံး၊ အားအထားဆုံးဟု ယူဆသော ကျိုချူးချောက်လန်သည်ပင် ရန်သူ၏ဖိနှိပ်အကျပ်ကိုင်မှုကြောင့် မိမိအား သစ္စာဖောက်ပြီး အသက်သေဆုံးခဲ့ရသည်။

အစစအရာရာတွင် မိမိမှာ မည်သို့မျှ အနိုင်းယှဉ်မခံနိုင်သဖြင့် ဝမ်းနည်းနေမိခြင်းဖြစ်၏။ ထို့ပြင် ကိုယ့်သခင်၊ ကိုယ့်မိတ်ဆွေအပေါ်တွင် သစ္စာစောင့်သိကြသော ချီကျိုဖေတို့လူစုကိုလည်း လေးစားအားကျလာမိသည်။

ထို့ကြောင့် သူတို့၏ လျှို့ဝှက်ချက်ကို မပေါက်ကြားစေချင်သဖြင့် ဤနေရာမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...အေးစက်မာကျောသော စကားသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာတော့သည်။

*　*　*

'ဘယ်သူလဲဟေ့'

အော်ဟစ်သံက အောက်မှ ထွက်ပေါ်လာပြီး လူရိပ်က အပေါ်သို့ ရိပ်ခနဲရောက်လာကာ ရှောက်ချုံးရွှေ၏ နောက်ကျောဆီသို့ ခုန်အုပ်လာသည်။

ရှောက်ချုံးရွှေလည်း စဉ်းစားမနေတော့ဘဲ ပြတင်းပေါက်မှ ရိပ်ခနဲ ခုန်လွှားပြေးထွက်သွားတော့သည်။

စေတီအပြင်ဘက်သို့ အရင်ဆုံး ရောက်ရှိလာသူက ချီကျိုဖေ။

ရှောက်ချုံးရွှေ၏ နောက်ကျောရိပ်ကိုမြင်သည်နှင့် ဓားရှည်နှင့် လှမ်းခုတ်လိုက်သည်။ ရှောက်ချုံးရွှေ အသာအယာပင် လက်ဝါးရိုက်ချက် နောက်ပြန်ရိုက်လွှတ်လိုက်၏။ ချီကျိုဖေမှာ လက်ဝါးလေလှိုင်းအားကြောင့် ဘေးသို့ ယိမ်းယိုင်ကာ ဓားချက်လွဲချော်သွား၏။

ထိုအချိန်မှာပင် လီကျိုနှင့် ဖန်ကွေ့တို့ ပြေးထွက်လာကြသည်။



'ဒုက္ခပါပဲဗျာ၊ ကျုပ်တို့စကားတွေကို ဟိုကောင်ကြားသွားပြီ'

ဖန်ကွေ့က ညည်းညည်းညူညူလေး ရေရွတ်သည်။

လီကျို က....

'ဒီလူကို စားသောက်ဆိုင်ထဲမှာ တွေ့မိသလိုပဲ'

'သူ့ပုံပန်းသဏ္ဍာန်ကရှောက်ချုံးရွှေနဲ့ တူတာပဲ၊တကယ်လို့ ရှောက်ချုံးရွှေသာဖြစ်နေရင်တော့ ကျုပ်တို့စကားတွေအပြင်ပေါက်ကြားသွားပြီးအရှက်ကွဲကုန်တော့မှာပဲ၊ကျုပ်ရဲ့ကိုယ်ဖော့ပညာက ခင်ဗျားတို့ထက်ကောင်းတယ်၊ ကျုပ်တို့သူ့နောက်ကို လိုက်သွားမယ်၊ ခင်ဗျားတို့ ဒီမှာပဲ စောင့်နေကြ'

ချီကျိုဖေက ပြောပြောဆိုဆိုပင် လေးညို့မှ ပစ်သောမြားအလား တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

သူပြေးထွက်သွားပြီးလျှင် စံန်းပုစန်း၊ ရှောင်ယီပေါင်နှင့် ရှောင်ကျင်းပေါင်တို့လည်း စေတီအမိုးပေါ်မှ ခုန်ဆင်းလာကြသည်။ ချီကျိုဖေ ပြေးလိုက်သွားသည်ကို သိရလျှင် စေတီထဲသို့ ပြန်ဝင်လာခဲ့ကြ၏။

ရှောက်ချုံးရွှေမှာ အတွင်းအား အထွတ်အထိပ်သို့ ရောက်နေသည့်အတွက် ကိုယ်ဖော့ပညာကလည်း အလိုအလျောက် မြင့်မားလာသည်။

အနည်းငယ် အားစိုက်ထုတ်လိုက်သည်နှင့် လေ၏အလျင်လို မြန်ဆန်လာပြီး ချီကျိုဖေကိုနောက်၌ အပြတ်အသတ် ချန်ထားရစ်ခဲ့သည်။

တစ်နေရာသို့ ရောက်လျှင် သူ့ရင်ဘတ်ကို သူ့ အလို အလျောက် စမ်းကြည့်လိုက်မိသည်။ သူရဲကောင်းအမိန့်ပေး ထံသို့ပြေးနှင့် ချွန်ကိုဓားမြတ်တို့ သူနှင့်အတူ ပါရှိနေသေး သည်။ သို့သော် ရှောင်လင်ကျောင်းတော်၏ ကျမ်းစာအုပ် ကမူ သူ့တွင် ရှိမနေ။

ဘယ်မှာ ကျကျန်ရစ်ခဲ့ပါလိမ့်ဟု ရှောက်ချူးရွှေ တွေး ကြည့်သည်။ တာ့ချွေစေတီ၏ မျက်နှာကြက်ပေါ်တွင် ကျန် ရစ်နေခဲ့ရလိမ့်မည်ဟု သူတွေးမိသည်။ ထိုစာအုပ်ကို တွေ့ရှိ လျှင်တောင်မှ စန်းပုစန်းတို့ ယူသွားကြလိမ့်မည် မဟုတ်။ ထိုကျမ်းစာအုပ်သည် သာမန်လူတို့အတွက် မည်သို့မျှ အသုံး မဝင်။ ရှောင်လင်ကျောင်းတော် အတွက်မူ လွန်စွာမှပင် ထိုက်တန်လှချေသည်။

ရှောက်ချူးရွှေက ထိုစာအုပ်ကိုပြန်ယူရန် ဆုံးဖြတ်ချက် ချလိုက်သည်။

စန်းပုစန်းတို့က သူ ပြန်ယူလိမ့်မည်ဟု ထင်ကြမည်မဟုတ်။

ယခုအချိန်လောက်ဆိုလျှင် ထွက်ခွာသွားကောင်း ထွက် ခွာသွားနိုင်ပေပြီ။ အကယ်၍ ရင်ဆိုင်တွေ့ရလျှင်လည်း ယှဉ် ပြိုင်လိုက်မည်ဟု ဆုံးဖြတ်ကာ ရှောက်ချူးရွှေ နောက်ဘက် သို့ ပြန်လှည့်လာခဲ့တော့သည်။

စေတီကြီးအနီးသို့ ရောက်လျှင် သူသည် အထူးသတိထား ထား ချဉ်းကပ်သွား၏။ လမ်းကြိုလမ်းကြားများ ချုံနွယ်မြက်



ပင်များ၏ အကာအကွယ်ယူလျက် ရှေ့သို့လျှောက်လာသည်။ စေတီပေါ်သို့ ခုန်တက်ကာ ခန်းမဆောင်ကြီး အတွင်းသို့ ဝင်ပြီး ကျမ်းစာအုပ်ကို ပြန်ယူရမည်ဖြစ်သည်။

စေတီအဝင်တံခါး၏ လှုပ်ရှားမှုကို အာရုံစိုက်ရင်း မြေ ပေါ်တွင် ဝပ်လျက်တက်လာခဲ့သည်။

စေတီအနားသို့ရောက်လျှင် ထိတ်လန့်တုန်လှုပ်ဖွယ် ရာ ကောင်းသော မြင်ကွင်းတစ်ခုကို တွေ့လိုက်ရတော့သည်။ သူ တွေ့လိုက်ရသည်က လဲကျနေသော လူသေအလောင်း။ သေပုံက အသေဆိုးလှသည်။ မျက်နှာနှစ်ခုကြားမှ မေးရိုးထိ တိုင် ဓားရှည်ဖြင့် အခုတ်ခံရပြီး မျက်နှာနှစ်ခြမ်းကွဲနေ၏။ သူ့ဘေးတွင် ရွှေပေါက်ချွန်လက်နက်ရှိနေပြီး ခန္ဓာကိုယ်က ပုပုဝဝဖြစ်သဖြင့် ကျောက်ဖရုံဖန်ကွေ့မှန်း သိလိုက်သည်။

သူတုန်လှုပ်နေစဉ်မှာပင် စေတီအထဲမှ လူအချို့ ဒယီး ဒယိုင်ဖြင့် ထွက်လာကြသည်ကို ရှောက်ချူးရွှေ တွေ့လိုက် ရသည်။ သူ ဘာကိုမျှ ဂရုမစိုက်တော့။ ရှေ့သို့ပြေးတက်ကာ ဒယီးဒယိုင်ဖြစ်နေသောသူကို ဖေးမလိုက်သည်။

ထိုသူမှာ ဝါးလုံးရှည် လီကျိုဖြစ်၏။

လီကျိုသည် သူ့လက်နှင့်ကိုင်မိလျှင် သွေးများ ဝေါ့ခနဲ အန်ထွက်လာ၏။

နံရိုးအားလုံးမှာ ကျိုးကြေကုန်သဖြင့် မြင်မကောင်း၊ ရှောက်ချူးရွှေက ဖေးမ ထိန်းကိုင်ထားရင်း ကျောပြင်ကို လက်ဖြင့် ဆောက်ကာ အတွင်းအားသွင်းပေးသည်။ လီကျို၏ မျက်လုံးအစုံ ပြန်ပွင့်လာသည်။

'မင်း....မင်း ဘယ်သူလဲ'

မျက်လုံးပွင့်လာသည်နှင့် လီကျိုက မေးသည်။

ရှောက်ချူးရွှေ တည်တည်ငြိမ်ငြိမ်ပင်....

'ကျုပ် ပန်းချောင်း ခါးဂိုဏ်းက ရှောက်ချူးရွှေပါ၊ ဒီမှာဲ ဘာတွေဖြစ်ပျက်သလဲ၊ ကျုပ်ကို မြန်မြန်ပြောစမ်းပါ'

လီကျို မျက်လုံးအစုံပြူးထွက်လာသည်။ အကြောမျှား ဆန့်ဆန့်ဆွဲရင်း သွေးများလည်း အန်ကျလာပြန်သည်။

'မင်း....မင်း... ရှောက် ချူး ရွှေ၊ လူသတ်သမား'

ရှောက်ချူးရွှေ အကြီးအကျယ်ပင် အံ့အားသင့်သွားရသည်။ မိမိက လက်နှင့်တစ်ချက် မထိရပါပဲ လူသတ်သမားဟု အစွပ်စွဲခံနေရသည် မဟုတ်ပါလား။

ထိုအချိန်မှာပင် လီကျိုမှာ အသက်သေဆုံးသွားပြီဖြစ်၏။

ရှောက်ချူးရွှေလည်း လီကျိုကို မြေပေါ်သို့ချခဲ့ပြီး စေတီတွင်းသို့ ဝင်လိုက်၏။ တံခါးဝကို ခြေလှမ်းလိုက်သည်နှင့် သွေးညှီနံ့က ထောင်းခနဲထွက်လာသည်။ မြေကြီးပေါ်တွင် ရှောင်မိသားစု ညီနောင်နှစ်ဖော်မှာ သွေးအလိမ်းလိမ်းဖြင့် လဲကျသေဆုံးနေ၏။ ဤမျှတိုတောင်းလှသော အချိန်ကလေးအတွင်း မည်သူက ဤလူစုကို သတ်ဖြတ်လိုက်လေသနည်းဟု ရှောက်ချူးရွှေ စဉ်းစားပြီး စိတ်ခေတ်ကျသွားသည်။

လာရင်းကိစ္စရှိသေးသည်မို့ မျက်နှာကြက်ပေါ်သို့ လွှားခနဲ ခုန်တက်ပြီး ရှာသည်၊ ရှောင်လင်ကျောင်းတော်၏ သိုင်းကျမ်းစာအုပ်ကို ပြန်တွေ့၏။ ခါးပိုက်ထဲသို့ ပြန်ထိုးထည့်သိမ်းဆည်းပြီးနောက် ပြန်ဆင်းလာခဲ့သည်၊ အောက်သို့ရောက်ခါမှ လူသေအလောင်းများ ကြားထဲတွင် အသက်မသေသေးသည့် လူတစ်ယောက်ရှိနေသည်ကို တွေ့ရ၏။



ကပျာကယာပင် ထိုသူအနီးသို့ ပြေးကပ်သွားသည်။ ထိုသူမှာ ဆံပင်ဖြူအဘိုးကြီး ဝံပုလွေစန်းပုစန်း ဖြစ်၏။ သူ့နောက်ကျောတွင် လက်ဝါးချက် အမိခံရကာ အတွင်းဒဏ် ပြင်းပြင်းထန်ထန်ရနေသည်။

ရှောက်ချူးရွှေက အလျင်စလိုပင်။

'ဘယ်သူ့လက်ချက်ကြောင့် အခုလိုဖြစ်ရတာလဲ'

စန်းပုစန်းအားစိုက်ကာ မျက်လုံးဖွင့်ကြည့်သည်။

'ရှောက်....ရှောက်....ချူး....ရွှေ'

စကားမဆုံးမီမှာပင် သွေးများ အန်ထုတ်လိုက်သည်။ လူသည်လည်း ခွေခနဲလဲကျသွားသည်။

ရှောက်ချူးရွှေမှာ အကြီးအကျယ်ပင် အံ့အားတသင့် တုန်လှုပ်နေမိသည်။

အဘယ့်ကြောင့် မိမိကို တရားခံဖြစ်အောင် တစ်စုံ တစ်ယောက်က ထောင်ချောက်ဆင် လုပ်ကြံလေသနည်း။

သူ့စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေသော်လည်း စန်းပုစန်းကို သည်အတိုင်း လက်ပိုက်ကြည့်မနေနိုင်သဖြင့် အသက်ရှင်လာအောင် ကယ်တင်ရန် ကြိုးစားမည်၊ သတိရလာမှ အကြောင်းစုံကို ထုတ်ဖော်မေးမြန်းမည်ဟု စိတ်ကူးလိုက်၏။

သို့နှင့် စန်းပုစန်း၏ကျောပြင်ကို လက်ဝါးတစ်ဖက်က ဖိကပ်ပြီး ကျန်တစ်ဖက်က သွေးကြောကို ထိန်းပေးထားလိုက်၏။

ထိုအချိန်တွင် ခန်းမဆောင်၏ ထောင့်တစ်နေရာ သွေးအိုင်ထဲမှ လှုပ်ရှားသံတစ်သံ ထွက်ပေါ်လာသည်။ ရှောက်ချူးရွှေမှာ စန်းပုစန်း၏အသက်ကို ကာကွယ်ပေးနေရသဖြင့် ဂရုမစိုက်နိုင်။

သို့သော် လူရိပ်တစ်ရိပ်က တိတ်လန့်တကြီးအော်သံနှင့်အတူ စေတီထဲသို့ ဝင်ရောက်လာပြန်သည်။ သူ၏ချိုင်းကြားထဲတွင် သေဆုံးနေပြီဖြစ်သော လီကျိုကို ညှပ်တွဲထားသည်။

ရှောက်ချူးရွှေမှာ ထိုသူကို မြင်လိုက်ရလျှင် ဝမ်းသာသွားသည်။ မိမိ၏နောက်သို့ လိုက်ခဲ့သဖြင့် ကံကောင်းထောက်မစွာ အသက်မသေခဲ့သော ချီကျိုဖေဖြစ်နေသောကြောင့်ပင်တည်း။

ချီကျိုဖေသည် စေတီခန်းမဆောင်ထဲတွင် လူစိမ်း တစ်ယောက်ကိုမြင်လိုက်ပြီး ထိုသူမှာ မိမိနောက်မှ ပြေးလိုက်ခဲ့သောသူ ဖြစ်နေသဖြင့် အံ့အားသင့်သွားမိသည်။ ထို့အပြင် အခန်းထဲ၌ အခြေအနေများ အပြောင်းအလဲများ ဖြစ်နေသည်မို့လည်း တိတ်လန့်တုန်လှုပ်သွားမိသည်။

'ဘာတွေဖြစ်နေတာလဲ'

ချီကျိုဖေ၏ဒေါသတကြီး အော်ဟစ်လိုက်သံက ခန်းမဆောင်ကြီး တစ်ခုလုံးကိုပင် ဟိန်းသွားစေသည်။

ရှောက်ချူးရွှေမှာ မည်သို့ဖြေရမှန်းမသိ ဖြစ်နေသည်။



'မင်း မင်း ဘယ်သူလဲ၊ ဒါဘယ်သူ့လက်ချက်လဲ'

ချီကျိုဖေက ရှောက်ချူးရွှေကို လက်ညှိုးထိုးကာ တုန်ယင်သောအသံဖြင့် မေးသည်။

ရှောက်ချူးရွှေသည် စန်းပုစန်း၏ နှလုံးခုန်နှုန်း ပုံမှန်အီးပါး ပြန်လည်ရောက်ရှိလာပြီမို့ အတွင်းအားဖြည့်သွင်းခြင်းကို ရပ်လိုက်သည်။

'ကျုပ် ရှောက်ချူးရွှေပါ'

ချီကျိုဖေက ခက်ထန်သောလေသံဖြင့်....

'ဟင်....မင်းက ရှောက်ချူးရွှေ ဟုတ်လား'

သူမေးလိုက်စဉ်မှာပင် အခန်းထောင့်တစ်နေရာမှ တစ်စုံတစ်ယောက်က အမယ်လေးဟု နာကျင်ချောက်ချားစွာ ရေရွတ်သံတစ်သံ ရုတ်တရက် ပေါ်ထွက်လာ၏။ ချီကျိုဖေ ထိုသူထံပြေးကာ ကပျာကယာ ပွေ့ထူသားလိုက်သည်။

ဖူကျန်စားပင်တည်း။

ကျောဘက် ဆီးအိမ်နေရာတွင် ဓားထုတ်ချင်းခက်ပေါက်ထွက်နေပြီး ခန္ဓာကိုယ်သန်မာထွားကျိုင်းလွန်းသောကြောင့်သာ ယခုအချိန်အထိ ခံနိုင်ကာ အသက်မသေခြင်းဖြစ်၏။

ချီကျိုဖေ မျက်ရည်များ တွေတွေစီးကျသွားသည်။

'ဘယ်သူ့လက်ချက်လဲ၊ မြန်မြန်ပြောစမ်း'

ဖူကျန်စားက အက်ကွဲသောအသံဖြင့်....

'ရှောက်....ချူး....ရွှေ'

'ဟင်....'

ချီကျိုဖေ ထိတ်လန့် အံ့အားသင့်နေစဉ်မှာပင် ဖူကျန်း စာမှာ ခေါင်းစိုက်ကျ သေဆုံးသွားတော့သည်။

ချီကျိုဖေ ဓားကို ဆွဲထုတ် ဝှေ့ယမ်းလိုက်၏။

'ရှောက်ချူးရွှေ…မင်း သိပ် အောက်တန်းကျပါလား၊ ဘာကြောင့် လုပ်ကြံ သတ်ဖြတ်ရတာလဲ'

ရှောက်ချူးရွှေမှာ ကိုယ်တိုင် ကျူးလွန်ခဲ့သူ မဟုတ်သဖြင့် ရှင်းပြလိုသည်။သို့သော် ချီကျိုဖေ၏ ဓားသွားက သူ့ခေါင်း ပေါ်သို့ လျှပ်တစ်ပြက် ခုတ်ဖြတ်လာသဖြင့် မရှင်းပြနိုင်။ ခေါင်းမော့ကာ လက်နှစ်ဖက်ဖြင့် လက်ခုပ်တီးသလို ချီကျို ဖေ၏ သံမဏိ ကိုးကွင်း ဓားမကြီးကို ဖမ်းညှပ်ထားလိုက် သည်။

တစ်ဆက်တည်းပင် ညာခြေကလည်း ချီကျိုဖေ၏ ဘယ် ဘက် ဒူးခေါက်ခွက်ကို ဖမ်းချိတ်ထားလိုက်သည်။

ချီကျိုဖေသည် ဤမျှ ကြီးမားလေးလံလှသော ဓားမကြီး ကို တစ်ဖက်လူမှ လက်နှစ်ဖက်နှင့် ညှပ်ဖမ်း ထားနိုင်လိမ့်မည် ဟု လုံးဝ မထင်မှတ်ခဲ့။ ထို့ပြင် ဘယ်ခြေကို ဖမ်းချိတ်ထား ပြန်သဖြင့် နောက်သို့ မဆုတ်နိုင်တော့။

လျှပ်တစ်ပြက် အချိန် အတောအတွင်း ရှောက်ချူးရွှေက သူ့အား ဆယ်ကြိမ်ထက်မနည်း တိုက်ခိုက်သွားနိုင်ကြောင်း သူသိသည်။

သို့သော်....ရှောက်ချူးရွှေက လုံးဝတိုက်ခိုက်ခြင်းမပြု စေတီ အပြင်ဘက်သို့သာ ခုန်လွှား ထွက်သွားသည်။



ချီကျိုဖေ ခက်ထန်သော အသံဖြင့်....

'ကျုပ်ကို ဘာကြောင့် သတ်မသွားရတာလဲ'

'ကျုပ် လူသတ်သမား မဟုတ်ဘူး၊ မင်းကို အစကတည်း က သတ်ချင်စိတ် မရှိလို့ပဲ'

ရှောက်ချူးရွှေ ပြန်ပြောလိုက်သည့်စကားကို ချီကျိုဖေ မည်သို့မျှ သဘောမပေါက်နိုင်၊ သို့သော် သူ စကားထပ်ပြော ၍ မဖြစ်နိုင်တော့။ ရှောက်ချူးရွှေက စေတီနှင့် အလှမ်းကွာ ဝေးစွာ ရောက်ရှိ သွားခဲ့ချေပြီ။

* * *

ချောင်းရေက တသွင်သွင် စီးဆင်းနေသည်။

ကြည်လင်အေးမြသော ရေအလျှင်က ရှောက်ချူးရွှေ၏ စိတ်အလျှင်ကို မချမ်းမြေ့။ မအေးစိမ့်နိုင်၊ သူ့ရင်ထဲတွင် လေးလံ ထိုင်းမှိုင်းနေသည်။

ဝိညာဉ်ချုပ် တံတားပေါ်တွင် လူအများက ဥဒဟို သွား လာနေကြသည်။

ရှောက်ချူးရွှေသည် တံတားအောက်ဘက်တွင် ထိုင်ကာ အတွေးပေါင်းစုံဖြင့် နစ်မျောနေ၏။

သူ တွေဝေနေစဉ်မှာပင် လူတချို့က ရေးကြီးသုတ်ပျာ မင်တံတားပေါ်သို့ လျှောက်လာကြသည်။ ပထမသူ ဖြတ်ကျော်သွားစဉ်က ရှောက်ချူးရွှေ သတိမထားမိ၊ ဒုတိယလူ လျှောက်ဖြတ်သွားမှ သူ သတိဝင်လာသည်။ ထိုလူကို အတော်ပင် ရင်းရင်းနှီးနှီး သိကျွမ်းဖူးသည်ဟု တွေးနေဆဲတွင် ထိုလူက လူအုပ်အတွင်းသို့ ပြေးဝင်သွား၏။

တတိယလူကို တွေ့လိုက်ရသောအခါမှ သူ ပီပြင်စွာ သိရှိလိုက်ရတော့သည်။ ထိုသူ သုံးဦးကား မိုးဘုရင်ကြီး ကျူး၏ လက်အောက် ချန်ကျန်းမြစ် ခါးလေးဖော်ထဲမှ သုံးယောက် ဖြစ်ပေသည်။

ခါးလေးဖော်သည် ရှောက်ချူးရွှေအား လီကျန်းမြစ်ထဲတွင် ကယ်တင်ခဲ့ဖူးသည်၊ အသားလွတ် ကယ်တင်သည်တော့ မဟုတ်။ မိုးဘုရင်ကြီး ကျူးက အပြစ်ပေးနိုင်ရန် ဖမ်းဆီးခဲ့ခြင်းဖြစ်၏။ ထိုလေးယောက်အနက် ကျင်းဖေ ဝမ်မှာ လျှိုယိုခုံနှင့် ကျူးဝူလီဘို့၏ သက်ဖြတ်ခြင်းကိုခံခဲ့ရသည်။ ကျန်သုံးယောက်ဖြစ်သော ယီဝန်တုံ၊ မုံတုံ လင်နှင့် ချန်ဝူချီတို့မှာ ခါးဘုရင် ချီဟန်စန်း၏ ဖမ်းဆီး ထိန်းချုပ်ခြင်း ခံခဲ့ရသည်။

နောက်ဆုံးတွင် ဩဇာအာဏာ ဂိုဏ်းဘက်မှ အကူအညီ ပေးခဲ့သဖြင့် ပန်းချောင်း ခါးဂိုဏ်း၏ အဓိက အင်အား စစ်သည်များနှင့် ဆယ့်နှစ်အဖွဲ့သည်ပင် ပြိုကွဲ ပျက်စီးခဲ့ရ၏။ ရှောက်ယီလင်လည်း စစ်ရှုံးသူအဖြစ်နှင့် အရှက်ကွဲကာ စိတ်ဓာတ် ကျဆင်းခဲ့ရသည်။



သူတို့သုံးယောက်၏ သိုင်းပညာ အဆင့်အတန်းက သိပ်မြင့်မားလှသော်လည်း ဤအချက်ကြောင့် လီချိန်ကြိုး၏ လေးစားခြင်းကို ခံခဲ့ရ၏။

သို့သော် မိုးဘုရင်ကြီး ကျူးကိုကား အကြီးအကျယ်ပင် ဒေါသ ထွက်သွားစေသည်။ မိုးဘုရင်ကြီး ကျူး၏ လက်အောက်တွင် ထူးချွန် သုံးယောက်၊ တုတ်လေးချောင်း၊ ခါးငါးလက် လက်ဝါးခြောက်ခု နတ်နှစ်ပါးရှိရာ လက်ဝါးခြောက်ခုသည် ရှောက်ချူးရွှေကို ဖမ်းဆီးရန်ထက် သစ္စာဖောက် ချန်ဝူချီတို့ကို ရှင်းလင်းပစ်ရန်လည်း အဓိကကျ၏။

အခြေအနေ အချိန်အခါမဟုတ်ဘဲ အပြောင်းအလဲများစွာ ကြုံခဲ့ရသည်။ သူတို့ ခြောက်ယောက်မှာ ချန်ဝူချီတို့ကို မရှင်းလင်းနိုင်ခင်မှာပင် ရန်သူတို့၏ လက်ချက်ဖြင့် အသီးသီး အသက်သေဆုံး ခဲ့ရလေသည်။

ရှောက်ချူးရွှေမှာ ချန်ဝူချီတို့သုံးယောက် သူတို့မမြင်နိုင်ဘဲ ဒရောသောပါး လျှောက်သွားသည်ကို မြင်လိုက်ရသဖြင့် အံ့အားသင့်သွား၏။ သူတို့သုံးယောက် အမူအရာက ကျီးကြည့် ကြောင်ကြည့် ဖြစ်နေပြီး နောက်က ရန်သူကြီး လိုက်လာသည့် အမူအရာဖြင့် ကြောက်ကြောက်ရွံ့ရွံ့ ရှောင်တိမ်းနေရပုံမျိုး ဖြစ်နေ၏။

ရှောက်ချူးရွှေအား အံ့အားသင့်နေစဉ်မှာပင် ဝိညာဉ် ချုပ်တံတား လမ်းပေါ်တွင် သွားလာနေကြသည့် လူအသီးသီးမှာ ရုတ်ခြည်းပင် အသွင် ပြောင်းလဲကုန်၏။ ဈေးသည်၊ လက်သမား၊ အိမ်ရှင်မ၊ ကျောင်းတော်သား ပုံစံ အမျိုး

မျိုး ရှိနေသူတို့၏ လက်ထဲသွင် လက်နက်မျိုးစုံ ရောက်ရှိလာကြသည်။ ချက်ချင်းပင် ချန်ဝူချီ၊ ယီဝန်တုံ ၊ မုံ တုံ့ လင်တို့ကို တိုက်ခိုက်ကြတော့သည်။

ရှောက်ချူးရှွေမှာ ထိုအခြေအနေကို မြင်လိုက်ရလျှင် ထိတ်လန့်တုန်လှုပ်သွားမိ၏။ တစ်ဆက်တည်းမှာပင် အခြားမြင်ကွင်းတစ်ခုကို တွေ့လိုက်ရသောအခါတွင် စိတ်ဝင်စားဖြစ်သွားရပြန်သည်၊

တံတား၏တစ်ဖက်နေရာတွင် လူတစ်ယောက် ထိုင်နေ၏။ ကိုယ်ပေါ်တွင် မြက်မိုးကာအင်္ကျီကို ခြုံထားပြီး အထဲတွင် ဝတ်စုံပြာတစ်စုံကို ဝတ်ဆင်ထား၏။ချောင်းရေကို ကြည့်ကာ စိတ်ဝင်ဘစား ငါးမျှားနေသော်လည်း ငါးမျှားတံတွင် ငါးမျှားချိတ်နှင့်ကြိုးက ရှိမနေ။

လမ်းပေါ်တွင်ကား ယီဝန်တုံ တို့ သုံးဦးမှာ လူအုပ်ကြီး၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံနေရ၏။ သူတို့၏ သိုင်းပညာ အဆင့်အတန်းက မသေးလှသော်လည်း လူအများဒဏ်ကို မခံနိုင်ကြ။ အပြင်းအထန်တိုက်ခိုက်မှုကြောင့် ယီဝန်တုံ လဲကျသွားသည်၊ သူ့နောက်သို့ လက်နက်မျိုးစုံက စုပြုံလိုက်လာသဖြင့် လူရုပ်မပေါ်တော့အောင်ပင် အသက်ထွက်သွားရသည်။

ချန်ဝူချီမှာ ဒဏ်ရာရနေပြီးမုံတုံ့ လင်ကား အကြီးအကျယ်ပင် တုန်လှုပ်ချောက်ချားနေ၏၊



အလုပ်ကြမ်းသမား တစ်ယောက်အသွင် ဝတ်ဆင်ထားသော လူတစ်ယောက်က ကြေးလင်းကွင်းကြီး တစ်ချပ်ကို ဆွဲ ယမ်းလိုက်ကာ....

'မိုးဘုရင်ကြီး ကျူးကို သစ္စာဖောက်တဲ့ ကောင်တွေဒီကနေ့ မင်းတို့ ဘယ်လိုဖြစ်သွားမလဲဆိုတာ ကြည့်နေကြ'

ချန်ဝူချီနှင့် မုံတုံ့ လင်တို့မှာ လွတ်မြောက်ရန် မလွယ်ကူတော့ကြောင်း သိရှိကြသော်လည်း အပြင်း အထန် ပင် အစွမ်းကုန်တိုက်ခိုက်နေ၏။သူတို့တိုက်ချက်ကြောင့် တစ်ဖက်မှ လူအချို့ လဲကျကုန်၏။ သို့သော် ချန်ဝူချီမှာလည်း တစ်ဒင်္ဂအတွင်းမှာပင် ရက်ရက်စက်စက် အသတ်ခံလိုက်ရပြန်သည်။

မုံတုံ့ လင်သည် လိပ်ပြာ လွင့်စဉ်လုမတတ် ထိတ်လန့်ကြောက်ရွံ့နေသော်လည်း အညံ့မခံရဲ။တစ်ဖက်မှ မိသွားလျှင် မချိမဆံ့ခံစားပြီးမှ သေဆုံးရမည်ကိုလည်း သိနေ၏။ ထို့ကြောင့် တုတ်ရှည်ကို အစွမ်းကုန် ဝှေ့ယမ်းခုခံ၏။

သူ့ တုတ်ရိုက်ချက်ကြောင့် လူတစ်ယောက် ဦးခေါင်းကွဲကြေကာ သေဆုံးသွားရ၏။ သို့သော် ခေါင်းဆောင်ဖြစ်ဟန်တူသူ၏ ကြေးလင်းကွင်းဖြင့် သူ့နောက်ကျောကို ရိုက်ချလိုက်ခြင်းကိုလည်း သူခံရ၏။

ပါးစပ်မှ သွေးများ ဝေါ့ခနဲအန်ထုတ်ပြီး လည်မျိုမှ အသက်ရှူသံ တစ်ရှီရှီ ဖြစ်လာ၏။

ရှောက်ချူးရှွေမှာ ရန်သူပင်ဖြစ်သော်လည်း ဤမျှ ရက်စက် ဘက်မညီလှသည့် တိုက်ပွဲကို မကြည့်ရက်တော့။

'ဟော....ငါးမိပြီ'

သူ ပါဝင် လှုပ်ရှားတော့မည့် အချိန်မှာပင် ငါးမျှား သမားထံမှ အသံထွက်လာသည်။ ထိုသူ ငါးမျှားတံကို မြှောက်တင်လိုက်သည်နှင့် ငါးတစ်ကောင် ရေထဲမှခုန်ထွက် လာပြီး သူ၏ ငါးထည့်သည့်ပလိုင်းထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားသည်ကို ရှောက်ချူးရွှေ တွေ့လိုက်ရ၏။

ငါးမျှားချိတ်မပါ။ ငါးမျှားကြိုးမပါဘဲ ရေထဲတွင် ကူး ခတ်နေသည့် ငါးအရှင်လတ်လတ်ကို စုပ်ယူအားဖြင့် ပလိုင်း ထဲသို့ ရောက်အောင် ဆွဲတင်နိုင်သော ထိုသူ၏ပညာစွမ်းအား ရှောက်ချူးရွှေ လေးစားသွားမိသည်။

ထိုအချိန်တွင် မုံတို့လင်မှာ ခါးချက်တစ်ချက် အထိခံ ရပြီး အန္တရာယ်ကြားတွင် အကျဉ်းအကျပ် ကျနေ၏။

ရှောက်ချူးရွှေ ဘာကိုမျှ အရေးစိုက်မနေတော့။

လက်တစ်ဖက် စာ လောက် ရှိသော မိုးမခပင်ကို လက် နောက်ပြန် ဆွဲနှုတ်လိုက်ကာ....

'သစ္စာဖောက်ကိုဆုံးမတာ ဒီလောက်အထိ ရက်စက်ရ သလား'

သူ့ အော်ဟစ်လိုက်သံကြောင့် လူအားလုံးမှာ ရပ်တန့် သွားကြသည်။

ရှောက်ချူးရွှေက ဟိန်းဟောက်သလို မိုးမခပင်အား အမြစ်ပါမကျန် ဆွဲနုတ်ပြလိုက်သဖြင့် မိုးဘုရင်ကြီး ကျူး၏ လူများ ကြောက်ရွံ့ နောက်ဆုတ်သွားရမည် ဖြစ်ပေသည်။



သို့သော် တိုက်ခိုက်ခြင်းကို ရပ်တန့်လိုသော်လည်း နောက် ဆုတ်ခြင်း မရှိကြ။ ရှောက်ချူးရွှေအနီးသို့ပင် ချဉ်းကပ်လာ ကြသည်၊

အလုပ်ကြမ်းသမားအသွင် ဝတ်ဆင်ထားသော ခေါင်း ဆောင် ဖြစ်ဟန်တူသူက စူးရှသောအသံဖြင့်....

'မင်း ဘယ်သူလဲ၊ ဘာကြောင့် ဝင်စွက်ချင်ရတာလဲ'

ရှောက်ချူးရွှေမှာ တစ်ဖက်မှ မာမာထန်ထန်ကြမ်းကြမ်း ရမ်းရမ်း ဆက်ဆံသဖြင့် မခံချင်စိတ်ဖြစ်ပေါ်လာသည်။

ရဲရဲဝံ့ဝံ့ ရင်ကော့လိုက်ကာ....

'ကျုပ် ရှောက်ချူးရွှေပဲ'

'ဟား....ဟား....ဟား၊ ယုန် ထောင် တာ ယုန် ကော ကြောင်ပါ မိနေပြီ။ ကျုပ်က မိုးဘုရင်ကြီး ကျူးရဲ့ မွေးစား သား ခန်းပတ်ပဲ၊ ဘွဲ့နာမည်က သံမဏိလိပ်လို့ ခေါ်တယ်၊ မင်း ကြားဖူးရဲ့လား'

ရှောက်ချူးရွှေ ကြောင်အမ်းအမ်းပင် ဖြစ်သွားမိသည်။

ဤနာမည်ကို သူ ကောင်းစွာကြားဖူးပေသည်။ ခန်းပတ် နာမည်ကြီးခြင်းမှာ သူ လုပ်သမျှဝန်မခံရဲခြင်းဖြစ်၏။ ထို့ပြင် သူ့ လက်နက် ဖြစ်သော ကြေးလင်းကွင်းမှာ တိုက်စစ်ဆင် ရာတွင် ထက်မြက်လှသလို ရန်သူကို ကာကွယ်ရာတွင်လည်း ဒိုင်းသဖွယ် ထိထိရောက်ရောက် ကာကွယ်မှု ပြုနိုင်ပေသည်။

မိုးဘုရင်ကြီးကျူး၏ မွေးစားသားတစ်ယောက်ဖြစ်သည် ကိုမူ ရှောက်ချူးရွှေ ယခင်က သိရှိမထားခဲ့။

ခန်းပတ်ကို သူ ဂရုမထား။ မည်မျှပင် တော်သည့်ဆိုဆို ကျိုချုးချောက်လန်လောက် အဆင့်မြင့်နိုင်၊ ခန်းပတ်၏ နောက်မှလူများက သူ့ကို စားမတတ် ဝါးမတတ်ကြည့် နေကြသည်။ သူတို့တစ်တွေကို ထိန်းချုပ်ဖို့ကား အတော် ပင် ခက်ခဲလှ၏။အကယ်၍ သတ်ဖြတ်လိုက်လျှင်လည်း ရန်ငြိုး ရန်စ မရှိသူအား မလုပ်ရက်။

ရှောက်ချုးရွှေ ဝိုင်နေစဉ်မှာပင် လူလေးဦးက သူ့ထံသို့ ခုန်လွှားဝင်ရောက်လာကြသည်။ လက်နက်များ ဝှေ့ယမ်း လာကြသည်မှာ ကြောက်စရာကောင်း၏။ သို့သော် ရှောက် ချုးရွှေက တံတားတစ်ဖက်တွင်ရှိပြီး၊ ခန်းပတ်၏လူများက တံတားနောက်တစ်ဖက်တွင် ရှိနေကြသည်ဖြစ်၏။

တံတား၏ အလယ်တွင်ကား ငါးမျှားသမား ရှိနေ၏။ ထိုလေးယောက်သည် ရှောက်ချုးရွှေကို တိုက်ခိုက်နိုင်ရန် အတွက် ငါးမျှားသမားကို ဖြတ်ကျော်အားရမည်ဖြစ်၏။ ထို လေးယောက်ခုန်လွှားလိုက်သည့်အချိန်မှာပင် သူတို့လေးဦး စလုံး၏ နဖူးပေါ်တွင် ရုတ်တရက် အပေါက်တစ်ခုစီ ဖြစ် ပေါ်သွား၏။

ထို့နောက် အသက်မပါသောသူတို့၏ ခန္ဓာကိုယ်များက တံတားအောက် ချောင်းရေထဲသို့ တဝုန်းဝုန်း ပြုတ်ကျသွား တော့သည်။



ငါးမျှားသမား ဖြည်းညင်းစွာပင် မတ်တတ်ရပ်လိုက်၏။ ခန်းပတ်၏ လူလေးယောက်ကို ထို ငါးမျှားသမားက သမ်းခုလတ်တွင် ရှင်းလင်းပစ်လိုက်ခြင်း ဖြစ်သည်။

* * *

ခန်းပတ်တို့လူစု ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။ တံတား အလယ်သို့ ပြေးလာကြကာ ထိုငါးမျှားသမားကို ရင်ဆိုင် လိုက်သည်။

အစပိုင်းတွင်ရှောက်ချုးရွှေမှာထိုငါးမျှားသမားအတွက် စိတ်ပူမိသေးသည်။ သို့သော် ထိုငါးမျှားသမား၏ လှုပ်ရှားမှု က ဇယ်ဆက်သလို လျင်မြန်လှပေရာ တံတားတစ်ဖက် တစ် လျှောက်တွင် ခန်းပတ်တို့ဘက်မှ လူများ၏အလောင်းများက ထပ်ထပ်ကုန်သည်။

တံတားတစ်ဖက်စွန်းသို့ မရောက်သည့်တိုင် မည်သူတစ်ဦး တစ်ယောက်ကမျှ သူ့နောက်ကျောဘက်ဆီသို့ ဝင်ရောက် မတိုက်ခိုက်နိုင်ကြ။ သူ့တိုက်ခိုက်မှုကိုခံရကာ အတုံးအရုံး လဲကျသွားခဲ့ရခြင်း ဖြစ်၏။

ငါးမျှားသမား၏ ငါးမျှားတံက တငြိမ်မြည်နေဆဲ။

တံတားထိပ်တွင်လည်း လူများသေဆုံးကုန်ပြန်သည်။

ကျန်ရစ်သူအချို့မှာချောက်ချားကာ နောက်ဆုတ်သွားကြ၏။ သည်တော့မှ ငါးမျှားသမား၏လက်ထဲမှ ငါးမျှားတံ လေတိုးသံသည် ရပ်ဆိုင်းသွားသည်။

တံတားတစ်လျှောက်တွင် လူရှင်းသွားမှ ထိုငါးမျှားသမားသည်လည်း နောက်သို့ ပြန်လျှောက်ခဲ့သည်။ သူ့မျက်နှာကို ခမောက်ကြီး တစ်ဝက်ခန့် ဖုံးအုပ်ထားသဖြင့် သဲသဲကွဲကွဲမမြင်ရ။

ထိုသူက ငါးမျှားတံကို ခါးကြားတွင် ညင်သာစွာ ထိုးစိုက်လိုက်သည်။

တားပေါ်တွင်ကား တစ်ဒင်္ဂမျှ တိတ်ဆိတ်နေသည်။

တံတားအောက်တွင် ချောင်းရေက ပုံမှန်စီးဆင်းနေသည်။

တံတားအလယ်တွင်မူ အလောင်းကောင်များ ပြန့်ကြဲလျက်....

ရှောက်ချုးရွှေက ထိုသူ မည်သူမည်ဝါ ဖြစ်ကြောင်း သိချင်နေသည်။

မုံတုံလင်မှာ ဒဏ်ရာများရလျက် တံတားဘောင်ကိုမှီကာ ထိတ်လန့်တကြီး ဖြစ်နေ၏။



ထိုအချိန်တွင် ရေထဲမှရေပန်းတစ်ခု မြောက်လာသည်။ ရေပန်းက နေရောင်တွင် သက်တန့်ရောင်စဉ် ဖြာထွက်နေ၏။ ရေပန်းထဲတွင် လူတစ်ယောက်က မြိုင်တူပင်လှုပ်ရှားလာသည်။

ငါးမျှားသမား၏ ဝါးခမောက် လေထဲသို့ပျံဝဲသွား၏။ သို့သော် ငါးမျှားသမား၏ ငါးမျှားတံလည်း ထိုရေပန်းတိုင်ကို ထိုးစိုက်လိုက်ပြီးသား ဖြစ်နေသည်။

ရေပန်းက အောက်သို့ ပြုတ်ကျသွားသည်။ ထို့အတူ သွေးရောင်များလည်း လွှမ်းသွားသည်။ လူတစ်ယောက် ရေစီးအတိုင်း ငါးတစ်ကောင်ပမာ ကူးခတ်သွားသည်ကို တွေ့ရသည်။

'ယုံစီယိ'

ရှောက်ချုးရွှေနှုတ်မှ လွှတ်ခနဲ အော်ဟစ် ခေါ်ငင်လိုက်မိသည်။

ထိုသူကား မိုးဘုရင်ကြီး ကျုး၏ လက်အောက်မှ ပျော့ပျောင်း ရေနက်ကိုယ်တော် ယုံစီယိ ဖြစ်ပေသတည်း။

ယုံစီယိသည် တိုက်ကွက် တစ်ကွက်ဘည်းနှင့်ပင် တစ်ဖက်လူကို ရှုံးနိမ့်ကာ ထွက်ပြေး သွားခဲ့ရချေပြီ။

ငါးမျှားသမား၏ ခေါင်းပေါ်မှ ဦးထုပ် ကျွတ်ကျသွားသဖြင့် သူ့မျက်နှာသွင်ပြင်က ထင်ထင်ရှားရှား ပေါ်လာသည်။

ဆံပင်များက ကျိုးနက် တောင်ပံကဲ့သို့ မည်းမှောင် ... ထွေးနေသည်။ မျက်ဝန်းအစုံက အရည်လဲ့ကာတောက်ရှ... နေသည်။ နီထွေးသော နှုတ်ခမ်းလေးက နှင်းဆီဖူးလေ... ပမာ။ မျက်နှာက ပြေပြေသွယ်သွယ်။

ထိုသူသည် ဦးထုပ် ကျွတ်ကျသွားသဖြင့် မထူးတော့ပြီ... မြက်မိုးကာကို ချွတ်ခွာလိုက်သည်။ ကျစ်လျစ် ကျနသော ခန္... ကိုယ် အချိုးအစားက လှပစွာ ပေါ်လွင်လာသည်။

မိန်းမချော မိန်းမလှလေး တစ်ယောက်ပင်တည်း။

မုံတုံလင်မှာ ထိုမိန်းမလှလေး၏ ပကတိအသွင်ကို မြ... လိုက်ရလျှင် အာလွန်ပင် အံ့အားသင့် ထိတ်လန့် သွားမိတေ... သည်။

'ဒေါင်းပြာ'

မုံတုံလင်နှုတ်မှ လွှတ်ခနဲ အသံထွက်သွားသည်။

ရှောက်ချူးရွှေသည် ဒေါင်းဖြူနှင့် ဒေါင်းနီတို့ကိုသ... တွေ့ဖူးခြင်း ရှိခဲ့သည်။ ဒေါင်းပြာကို မတွေ့ဖူး။ ဩ... အာဏာဂိုဏ်း၏ အကြံပေးပုဂ္ဂိုလ် လျှိုရွှေဖုန်း လက်အော... တွင် လက်မရှို့တစ်ယောက်၊ တောင်ပံနှစ်စုံ ဒေါင်း... ကောင်တို့ ရှိခဲ့ကြသည်။

ယိုအားထဲတွင် လက်မရှို့တစ်ယောက်၊ တောင်ပံနှစ်စုံ... ဒေါင်းဖြူတို့ သေဆုံး ခဲ့ကြရချေပြီ။ ဒေါင်းနီနှင့် ဒေ... ပြာတို့သာ ကျန်တော့သည်။ ဒေါင်းနီကို ရှောက်ချူး...



သက်တန့်နီ တောင်ပေါ်၌ တွေ့ဆုံခဲ့ဖူးသည်။ ဒေါင်းပြာကိုကား မတွေ့ဆုံဖူးသေး။

ဒေါင်းပြာ၏ အမည်ရင်းက ကောင်းစုလန် ဖြစ်သည်ကိုမူ သူသိသည်။

ကောင်းစုလန် ခေါင်းမော့နေ၏။ ရေရောင်က သူမ၏ မျက်နှာပေါ်သို့ ဖြာကျနေသဖြင့် သူ့အလှမှာ ပေါ်လွင်ထင်ရှားနေသည်။

'ကျွန်မ သူ့ကို ကယ်တင်ပေးချင်လို့ မဟုတ်ဘူး၊ အခွင့်ကောင်း ရတုန်း ရခိုက်မို့ ဘုရင်ကြီး ကျူးရဲ့လူတွေကို သတ်ဖြတ်ပစ်လိုက်တာပဲ ဖြစ်တယ်'

ကောင်းစုလန်က တည်ငြိမ်စွာပင် ပြောသည်။

ရှပ်ရည် ချောမော လှပသလို သူမ၏ စကားသံက ဆည်းလည်း လှုပ်ခတ်သလို ချိုကြည်မြ လှပေသည်။

ရှောက်ချူးရွှေ သက်ပြင်း ချလျက်....

'မိုးဘုရင်ကြီး ကျူးက သစ္စာဖောက်ကို အပြစ်ပေးတာကလည်း သိပ်ကို ရက်စက်လွန်းပါတယ်'

'ဩဇာအာဏာ ဂိုဏ်းအပေါ် သစ္စာဖောက်တဲ့လူဟာလဲ ဘယ်လိုမှ အခြေအနေ မကောင်းနိုင်ပါဘူး'

'ဘယ်လိုပဲ ဖြစ်ဖြစ် အခုလို သွေးကြွေးကို သွေးနဲ့ ဆပ်သလိုတော့ မလုပ်သင့်ဘူး'

ကောင်းစုလန် ရယ်မောလာသည်။

သူ ရယ်မောပုံကပင် လှနေသည်။

'ရှင်ကိုယ်တိုင်ကရော ရှင့်ရဲ့ညီနောင်တွေ ရှင့်ကို သစ္စာဖောက်ရင် ဒီလိုပဲလုပ်ရမှာ မဟုတ်ဘူးလား'

ရှောက်ချူးရွှေ ထိုင်မှိုင်နေသည်။ ဘာပြန်ပြောရမည်မသိ။

ကောင်းစုလန်က ဆက်လက်၍...

'နေရာအတော်များများမှာပဲ ရှင့်အကြောင်းတွေ ကျွန်မ ကြားခဲ့ရတယ်၊ ရှင့်ညီနောင်တွေဟာ ရှင့်ကို သစ္စာဖောက် ကြတယ်၊ ဘာကြောင့်လဲဆိုတော့ ရှင်ဟာ သူတို့ရဲ့ စားဝ နေရေးကို အာမခံချက်တစ်ခုမှ မပေးနိုင်ဘူး၊ ငွေရေး ကြေ ရေး ရာထူးနေရာ တစ်ခုခုဖြစ်ဖြစ် မသတ်မှတ်ပေးနိုင်ဘူး ရှင်ကိုယ်တိုင်တောင် အနိုင်နိုင် ဝင်တိုးနေရတာ ဆိုတေ သူတို့ကပိုဆိုးကြတာပေါ့၊ စိတ်ကူးအိပ်မက်ထဲမှာ တစ်သ လုံး ဘယ်သူနေနိုင်ကြမလဲ၊ စားဝတ်နေရေး၊ မိသား သံယောဇဉ်၊ အလုပ်အကိုင်ဆိုတာတွေက သူတို့ကို ဆွဲဆော ဖျက်ဆီးလာကြတော့တာပေါ့၊ အဲဒီမက်လုံးတွေနဲ့ သူတို ဆွဲဆောင်သွားရင် သူတို့တစ်တွေကို ရှင်ဟန့်တားထား ပါဦးမလား'

ဝမ်းနည်း စိတ်မကောင်းသော လေသံဖြင့်....

'ကျုပ်က အဖွဲ့အစည်းဆိုပြီး ကြီးကြီးမားမား ဖွဲ့စ ထားတာ မဟုတ်ဘူး၊ သူတို့တစ်တွေကို သွားချင်ရာသွ



လွတ်လပ်ခွင့်ပြုထားတာပဲ၊ ကျုပ်ကို ရောင်းမစားရင် ကျုပ်ကျေနပ်ပြီ'

ကောင်းစုလန်က သူ့ ဆံပင်ထွေးများကို ခေါင်းမော့ကာ သပ်တင်လိုက်သည်။ ပြောင်စင်သော နဖူးဦးကင်းကလေးက သူမ၏အလှကို ပို၍ပေါ်လွင်လာစေသည်။

'ကျွန်မက လူသတ်တာကို ဝါသနာပါတယ်၊ ကျွန်မ မျက်စိထဲ ကြည့်မရတဲ့လူဆိုရင် သတ်ပစ်လေ့ရှိတယ်၊ ရှင့်လိုတော့ မဟုတ်ဘူး၊ စိတ်ခံစားချက်များပြားတဲ့လူဟာ မလိုလားအပ်တာတွေကို ခံစားရတတ်တယ်၊ လူတစ်ယောက် သိုင်းလောကထဲဝင်ရင် စိတ်ဓာတ်ကြံ့ခိုင်ရတယ်၊ လုပ်ရဲကိုင်ရဲ သတ်ရဲဖြတ်ရဲရမယ်၊ ဒါမှသာ ယောကျ်ားကောင်း ပီသနိုင်တယ်'

ရှောက်ချူးရွှေမှာ အဘန်ကြာမျှ တွေငိုင်စဉ်းစားနေပြီးမှ

'ခင်ဗျားပြောတာတွေကို ကျုပ် လက်ခံတယ်သို့ပဲ ထားလိုက်ပါတော့၊ ကျုပ်အရင်ဆုံးသိချင်တာက ကျုပ်ညီနောင် မိတ်ဆွေတွေ ဘယ်ရောက်နေသလဲ'

ကောင်းစုလန်က မချိပြုံး ပြုံးလိုက်သည်။

'သူတို့ဘယ်မှာရှိတယ်ဆိုတာကိုသိရင် ရှင်သွားရှာမှာပဲ အဲဒီနေရာဟာ နဂါးခံတွင်းနဲ့ ကျားခံတွင်းတွေလိုပဲ၊ ရှင်သွားရင်သေဖို့ပဲရှိတယ်၊ အဲဒါဆိုရင် ရှင့်ရည်မှန်းချက်တွေ ပျက်မသွားဘူးလား'

ရှောက်ချူးရွှေ ခေါင်းကို ညင်သာစွာခါယမ်းလိုက်၏။

'သီနေလျက်သားနဲ့ ဒီအတိုင်းမလှုပ်ရှားဘဲနဲ့ စောင့်ကြည့်နေရင် ကျုပ်အနေနဲ့ လူကသာ အသက်ရှင်နေပြီး စိတ်ကသေနေမှာပဲ၊ လောကကြီးမှာ လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြသလို တစ်ယောက်နဲ့တစ်ယောက် ကံကြမ္မာချင်းမှ မတူကြတာပဲဗျာ'

ကောင်းစုလန် ကြောင်စီစီဖြစ်သွား၏။ နောက်မှ ကိုယ်ကိုလှုပ်ပြီး ရယ်လိုက်၏။

'ကောင်းပြီလေ....ရှင် သေချင်နေမှတော့ ပြောပြရမှာပေါ့၊ ရှင့်ရဲ့ ညီနောင်မိတ်ဆွေတွေကို မိုးဘုရင်ကြီးကျူးရဲ့ လက်အောက်ငှာနခွဲ ဖေ့မိသားစုကဖမ်းခေါ်သွားကြတယ်'

ရှောက်ချူးရွှေ မျက်နှာပျက်ကာ အထိတ်တလန့် ဖြစ်သွား၏။

'ဘာ....ဖေ့မိသားစု ဟုတ်လား'

'ဟုတ်တယ်၊ ဖေ့မိသားစုပဲ'

'မဟုတ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျုပ် အဘွားက ဖေ့မိသားစုထဲက တစ်ယောက်ပဲ'

ကောင်းစုလန် လှောင်ပြုံး ပြုံးလိုက်၏။

'ဘာမဖြစ်နိုင်စရာရှိလဲ၊ ရှင့်ရဲ့ သ တ င်း ဇာစ် မြစ် က ဒီလောက်မနှောင့်နှေးနိုင်ပါဘူး၊ ဖေ့ကုန်းဝိုဟာ မိုးဘုရ ကြီးကျူးက ပန်း ချောင်း ခ ား ဂိုဏ်း ရှောက်မိသားစု



မတိုက်ခိုက်အောင်ဟန့်တားချင်တယ်၊ ဒါပေမယ့် စွန်းထင်းထိန်က သူ့ကိုသတ်ပစ်လိုက်တယ်၊ စွန်းထင်းထိန် မရှိတော့ ပန်းချောင်းခားဂိုဏ်းရဲ့ မြေအောက်လမ်းကို ဘယ်သိနိုင်တော့မလဲ၊ ဖေ့မိသားစုရဲ့ တခြားလူတွေ ဝင်ရောက်မလာခဲ့ရင် ရှောက်စီးလိုနဲ့ ရှောက်ကတော်တို့တစ်ဖွဲ့လုံး ကျဆုံးကြမှာ မဟုတ်ဘူး'

ရှောက်ချူးရွှေမှာ ထိုစကားကို မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွား၏။

'ကျုပ်အဘိုးက ဒီလိုမျိုး လုပ်ပါ့မလား'

'ကျွန်မဟာ လျှိုရွှေဖုန်းရဲ့လက်ထောက်ဖြစ်ပြီး သတင်းစုံစမ်းစုဆောင်းရတဲ့ တာဝန်ကိုယူရတယ်၊ ကျွန်မရတဲ့သတင်းမှန်သမျှဟာ အခြေအမြစ်ရှိပြီး သေချာပေါက် မှန်ကန်နိုင်ပါတယ်၊ ရှင်ဘာမှ သံသယဖြစ်မနေနဲ့၊ ဖေ့မိသားစုကလူတွေကို မိုးဘုရင်ကျူးကသာ နောက်ခံထောက်ပံ့မပေးနိုင်ရင် ဩဇာအာဏာဂိုဏ်းရဲ့ လက်ချက်နဲ့ အစောကြီးကတည်းက အမြစ်ပြုတ်သွားပြီ၊ သူတို့တစ်တွေဟာ မိုးဘုရင်ကြီးကျူးရဲ့ ထောက်ခံအားပေးမှုကို ခံယူလိုက်ကြတယ်။ သူရဲကောင်း အမိန့်ပေး တံဆိပ်ပြားကို မိုးဘုရင်ကြီးကျူးက လိုချင်လို့ ဖေ့ကုန်းဝိုက ဒီလိုမလုပ်ဖို့ပြောလာတော့ စွန်းထင်းထိန်က သူ့ကိုသတ်ပစ်လိုက်၊ နောက်တော့ စွန်းထင်းထိန်လဲ ဖေ့မိသားစု သားကြီးရဲ့ သတ်ဖြတ်တာကိုခံခဲ့ရတာပဲ'

ရှောက်ချူးရွှေမှာ သူ့မိခင်ဘက်မှ အဘိုးအဘွားများ သေဆုံးကုန်ကြသဖြင့် ဝမ်းနည်းစိတ်မကောင်း ဖြစ်နေမိတော့သည်။

*    *    *

'သားအဖချင်း၊ လင်မယားချင်း၊ ညီအစ်ကိုချင်း၊ ဆရာ တပည့်ချင်း၊ မိတ်ဆွေချင်း သတ်ဖြတ်ကြတယ်ဆိုတာ သိုင်း လောကကြီးမှာ သိပ်မထူးဆန်းတော့တဲ့ကိစ္စပါ၊ အာဏာ ရဖို့၊ အရှိန်အဝါမြင့်ဖို့၊ လာဘ်လာဘရဖို့အတွက် အကောက် ကြံမယ်၊ သတ်ဖြတ်မယ်၊ ရှင့်အတွက်တော့ ဒါတွေနဲ့ နား စိမ်းကောင်း စိမ်းနေလိမ့်မယ်၊ ဒါကြောင့် ရှင်ဟာ သိုင်း လောကသားအဖြစ်နဲ့ မထိုက်တန်ဘူးလို့ ပြောတာပေါ့'

ဒေါင်းပြာ ကောင်းစုလန် တဖြည်းဖြည်းနှင့် မှန်မှန် ပြောသည်။

ရှောက်ချူးရွှေကမူ ဒေါသသံဖြင့်....

'သူတို့က ကိုယ်တော်ကြီး ယန့်တိုတို့ကို ဖမ်းခေါ်သွားရ တာ ဘာသဘောလဲ'



'သူတို့က ရှင့်မိဘကို သတ်လိုက်ပေမယ့် သူရဲကောင်း အမိန့်ပေး တံဆိပ်ပြား မရရှိလိုက်ကြလို့ အခဲမကျေကြဘူး၊ ရှင့်ဆီမှာ ရှိနေကြလိမ့်မယ်လို့ သူတို့ ယူဆပုံရတယ်၊ ဒါပေ မယ့် ကျွန်မတို့ဂိုဏ်းက ပန်းချောင်း ဓားဂိုဏ်းကို ပန်းရံ ထားတဲ့အချိန်မှာ ကိုယ်တော်လေး လျို့ဝှက်ကိုယ်တိုင် ထွက်လာ တော့ သူတို့ အရမ်း လေ့ပ်ရဲကြတော့ဘူး၊ ဒါပေမယ့် ပန်း ချောင်း ဓားဂိုဏ်းပျက်ပြီး မီးစွဲလောင်သွားတဲ့ ဟိုင်ရှင်တို့ တစ်တွေက အသက်ရှင်လျက် လွတ်မြောက်သွားတော့ သူရဲ ကောင်း အမိန့်ပေး တံဆိပ်ပြား ရှင်တို့လက်ထဲမှာ ရှိမယ် ဆိုတာ တစ်ထစ်ချ ယူဆလိုက်ကြတယ်'

ဒေါင်းပြာ ပြောပုံဆိုပုံအရ သဘာဝ ယုတ္တိရှိကြောင်း ရှောက်ချူးရွှေ စဉ်စားမိသည်။ ထိုနေ့ညကသာ သူနှင့် ထန် ဖန်းတို့နှစ်ယောက် စီရှန့်ကန်ဘက်သို့ ထွက်မသွားခဲ့လျှင် သူတို့နှစ်ယောက်သည်လည်း ကံကြမ္မာဆိုးနှင့် ကြုံရမည့် ဖြစ် ပေသည်။

ကောင်းစုလန်က သူ့ဆံပင်ကို အဖြီး အသင် မပျက် ရှိလျက်မှပင်။

'ယန့်တိုတို့ တစ်တွေဟာ အိပ်ဆေးငွေ့မိပြီး ဘာမှ မသိ ရှာဘဲ အဖမ်းခံသွားရတယ်၊ ဖေ့ယီကျောင်းဟာ သူတို့ကိုယ် ပေါ်မှာ သူရဲကောင်း အမိန့်ပေး တံဆိပ်ပြား ရှာဖွေပြီး စစ်ဆေးမေးမြန်းကြတယ်၊ သူတို့ဟာ တကယ့်လူစွမ်းကောင်း တွေပဲ၊ ဘယ်လို စစ်မေးစစ်မေး စကားတစ်ခွန်း မဟခဲ့ဘူး၊

ရှင်နဲ့ထန်ဖန်း လွတ်မြောက်သွားတယ်ဆိုတော့ တံဆိပ်ပြား ရှင့်ဆီမှာ ရှိမယ်ဆိုတာ ဖေ့ယီကျောင်း သံသယရှိခဲ့တယ်’

ရှောက်ချူးရွှေသည်ကောင်းစုလန်အား သံသယအကြည့်ဖြင့် ကြည့်လိုက်၏။

‘ခင်ဗျားက ဒါတွေကို ဘယ်လိုလုပ် သိသလဲ’

ကောင်းစုလန် ခိုးခိုးခစ်ခစ် ရယ်မောလိုက်၏။

‘ကျွန်မသိဖို့က မခက်ပါဘူး၊ ရှင့်ရဲ့မိတ်ဆွေသဲမှာကျွန်မတို့ဘက်က သူလျှိုတစ်ယောက် ရှိနေတယ်လေ၊ ဖေ့မိသားစုက သူတို့ကို ဖမ်းခေါ်သွားတော့ ကျွန်မတို့လူက ကျွန်မတို့ရဲ့ လျှို့ဝှက် ဆက်သွယ်ရေးနည်းနဲ့ သတင်းပို့ခဲ့တယ်၊ သူဒီနေ့အထိ ဖေ့မိသားစုရဲ့ လက်ထဲ ကျရောက် နေခဲ့သေးတယ်၊ ဒီအဖြေကို ရှင် ကျေနပ်နိုင်လိမ့်မယ် ထင်တယ်’

‘ဖေ့မိသားစုလူတွေ အခု သူတို့ကို ဘယ်မှာ ဝှက်ထားသလဲ’

‘ရှင် တကယ်ပဲ လိုက်သွားမလို့လား’

ကောင်းစုလန်က မျက်ခုံးကလေး ဖွဖွကျုံ့ကာ အံ့အားသင့်ဟန် မေးသည်။ ရှောက်ချူးရွှေက ခိုင်မာ ပြတ်သားသော လေသံဖြင့်....

‘ဟုတ်တယ် လိုက်သွားရမယ်’

ကောင်းစုလန် ရုတ်တရက် တစ်ဖက်သို့ လှည့်လိုက်သည်။

သူ့လက်ထဲမှ ငါးမျှားတံက လှစ်ခနဲ ပျံ့ဝဲသွားပြီး ဘေးနားတွင် တံတားပေါင်မိုကာ နားထောင်နေသော မုံထိုင်၏ လည်မျိုတွင်းသို့ စိုက်ဝင်သွားလေတော့သည်။



‘ဟင်....မင်း....မင်း ဘယ်လို လုပ်လိုက်တာလဲ’

ရှောက်ချူးရွှေ အံ့သြ ဒေါသ ဖြစ်ဟန်ဖြင့် ပြောသည်။

ကောင်းစုလန်က သွေးအေးအေး အမူအရာဖြင့်....

‘သူ သိတာ သိပ်များနေပြီ၊ ဒါကြောင့် နှုတ်ပိတ် လိုက်ရတာပဲ၊ ကိုယ့်အသက် ရှည်ရှည်နေချင်ရင် နည်းနည်းတော့ ရက်စက်ရတယ်၊ အင်းလေ....ရှင့်လို စိတ် နူးညံ့ ပျော့ပျောင်းတဲ့ သူကတော့ ဒါတွေကို ဘယ် နားလည် နိုင်ပါ့မလဲ’

ပြောရင်းမှ ခေါင်းကို မော့လိုက်၏။ သူ့အသွင်က မာန်မာနကြီးမြင့်သည့်အသွင် ဖြစ်ပေါ်လာသည်။

‘ကိုယ်တော်ကြီး ယန်တိုတို့ကို ကျိုနန်းဘောင်ရဲ့ အရှေ့ဘက် တောင်ကုန်း ဝှာဆန်း ဇရာအို ဇရပ်ထဲမှာ ဖမ်းချုပ်ထားတယ်၊ ဖေ့ယီကျောင်းရဲ့မိသားစု အဆင့်မြင့်ပုဂ္ဂိုလ်အားလုံး ဝှာဆန်းတောင်ကို သွားမယ့် လမ်းတစ်လျှောက်လုံး ဖြန့်ကြက်ထားတယ်’

ဖေ့မိသားစုသည် သိုင်းလောကတွင် မျိုးနွယ်စု တစ်စုကို ကိုယ်စားပြုသလို ထူးခြားသော အင်အား တစ်ခုကိုလည်း ကိုယ်စားပြု၏။ သူတို့ကို မြို့ကြီး ပြကြီးတိုင်းတွင် တွေ့ရတတ်ပေသည်။

တိုမင်းဆက်နှင့် ထန်မင်းဆက် လက်ထက်တွင် လုံ့တံစိုစစ်သူကြီး ဖေ့တိကျင်းသည် အလွန်ပင် နာမည်ကြီးခဲ့၏။

ထိုအချိန်မှစကာ ဖေ့မိသားစုသည် သိုင်းလောကတွင် မျိုးဆက်စု တစ်စုအဖြစ် ထူထောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့လေသည်။

ယခုလက်ရှိ ဖေ့ယီကျောင်း၏ အတိုးဖြစ်သူ ဖေ့ကျင်းလင် လက်ထက်တွင် ဖေ့မိသားစု၏ သိုင်းပညာနှင့် နာမည် ဂုဏ်သတင်းက ဟိုးဟိုး ကျော်ခဲ့သည်။

ဖေ့ကျင်းလင်တွင် သားလေးယောက်ရှိသည်။

ဖေ့ဖေးထင်၊ ဖေ့ထင်ချင်း၊ ဖေ့ကျင်ကျူးနှင့် ဖေ့ချို တို့ ဖြစ်ကြ၏။

ထိုညီနောင် လေးဖော်သည် ဖခင်ဖြစ်သူ၏ အမွေကို ဆက်ခံယူကာ ဖေ့မိသားစု ဂေဟာကို တည်ထောင်ခဲ့သည်။ သိုင်းလောကတွင်လည်း တထီးတစ်နန်းဖြစ်အောင် နာမည် သတင်းကို စိုက်ထူသည်။

ထိုအထဲတွင် ညီအထွေးဆုံးဖေ့ချို၏ သိုင်းပညာ အဆင့်မြင့်ဆုံးဖြစ်၏။ သိုင်းလောက၏ လူစွမ်းကောင်း ရွေးချယ်ပွဲတွင် အဆင့်မြင့်သိုင်းသမား ဆယ့်ခုနစ်ဦးကို အပြတ်အသတ် အနိုင်ရခဲ့၏။ လူစွမ်းကောင်း မကိုဋ်သရဖူကို ဆောင်းရတော့မည့်ဆဲဆဲတွင် လူငယ်တစ်ယောက်က ပေါ်ထွက်လာပြီး သူ့ကို အနိုင်ယူ သွားခဲ့သည်။

ထိုလူငယ်မှာ သူ့သားဖေ့ချိုကို အနိုင်ယူသွားကြောင်း သိရလျှင် ဖေ့ကျင်လင် အကြီးအကျယ်ပင် ဒေါသ ထွက်သွားရသည်။



မုံယုံ မိသားစု၏ သိုင်းပညာက အလွန်ပင် အဆင့်မြင့်လှသလို ရုပ်ပြောင်းရုပ်လွှဲ ပညာ၌လည်း ထက်မြက်ကြသည်။ ဖေ့ချိုမှာ မုံယုံစုချင် လက်ချက်ဖြင့် အရေးနိမ့်ခဲ့ရသည်ကို စိတ်ထဲတွင် မကျေနပ်။ ဤ အကြွတ်အခဲကလေးများမှ အစပြုကာ ထိုမိသားစု နှစ်စုသည် နှစ်ပေါင်း နှစ်ဆယ်ခန့် ကြာအောင်ပင် တိုက်ခိုက်ခဲ့ကြသည်။

နောက်ဆုံးတွင် ထိုမိသားစု နှစ်စုစလုံးမှာ အထိနာကာ အားအင် ယုတ်လျော့ကုန်သည်။ ဖေ့ဖေးထင်နှင့် ဖေ့ကျင်ကျူးတို့ တိုက်ပွဲတွင် ကျဆုံးသည်။ ဖေ့ကျင်းလင်မှာ သိုင်းပညာ အဆင့်မြင့်အောင် လေ့ကျင့်ရင်း အတွင်း ဝါယောဓာတ် လွဲချော်ကာ ဒုက္ခိတအဖြစ်သို့ ရောက်သွား၏။ ဖေ့ထင်ချင်းနှင့် ဖေ့ချိုနှစ်ယောက်သာ ကျန်ရစ်ပေရာ၊ တစ်ယောက်နှင့်တစ်ယောက် အယူအဆမတူတဲ့ မသင့်မမြတ် ဖြစ်လာသည်။

သို့နှင့် တစ်ယောက်ကို တစ်ယောက် မကျေနပ်တဲ့ ဖေ့မိသားစု ထက်ခြမ်း ကွဲခဲ့သည်။ အင်အားလည်း နည်းသွားခဲ့သည်။ သို့အတွက် သိုင်းလောက၏ မိသားစုကြီး လေးစုထဲတွင် ဖေ့မိသားစု ပါမလာတော့တဲ့ မုံယုံ၊ မင်း၊ နန်ကုံးနှင့် ထန် မိသားစု လေးစုတို့သာ အရွေးချယ် အသိအမှတ် ခံခဲ့ရတော့သည်။

ဖေ့ထင်ချင်းနှင့် ဖေ့ချိုတို့ မညီမညွတ် ဖြစ်ခဲ့သည်မှာ နောက်ဆုံး သားစဉ်မြေးဆက်အထိပင် တိုင်ခဲ့၏။

ဖေ့ထင်ချင်းတွင် သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။ သား၏အမည်မှာ ဖေ့ကူခန့်ဖြစ်ပြီး သမီးမှာ ဖေ့ဝေဝေဖြစ်၏။

ဖေ့ချိုတွင်မူကား သားနှစ်ယောက်သာ ရှိပေသည်။ ဖေ့ထင်ထင်နှင့် ဖေ့ယီကျောင်းတို့ ဖြစ်ကြ၏။

ညီအစ်ကိုနှစ်ယောက် မသင့်မြတ်မှုက သူတို့၏သားနှင့်သမီးများထံ ကူးစက်ပြီး ငြင်းခုံ တိုက်ခိုက်ကြသည်။

ဖေ့ထင်ထင်နှင့် ဖေ့ကူခန့်တို့ တိုက်ပွဲတွင် ကျဆုံးပြီး ဖေ့ချိုမှာ ဖေ့ထင်ချင်း၏ လုပ်ကြံမှုကြောင့် ခြေထောက်တစ်ဖက် ဖြတ်ပစ် ခံခဲ့ရသည်။ နောက်ပိုင်းတွင် ဖေ့ထင်ချင်းလည်း ဖေ့ယီကျောင်း၏ လက်ချက်ဖြင့် အသက် ဆုံးရှုံး ခဲ့ရပြန်သည်။

ထိုအထဲတွင် ထူးခြားသည်မှာ ဖေ့ထင်ချင်း၏သမီး ဖေ့ဝေဝေသည် ဖခင်ကို သတ်ခဲ့သည့် ဖေ့ယီကျောင်းနှင့် လက်ထပ်ခဲ့သည်။ ဤအချိန်မှစ၍ ဖေ့မိသားစုနှစ်စု ပြန်လည်ပူးပေါင်းလာမိ၏။ ဖေ့ယီကျောင်း အသက်နှစ်ဆယ့်ငါးနှစ်အရွယ်မှစကာ ဖေ့မိသားစုကို ပြန်လည် ထူထောင်လိုက်ပြီး နာမည်သတင်းလည်း ကြီးလာတော့သည်။

ဖေ့ယီကျောင်းတွင် သားနှစ်ယောက်နှင့် သမီး နှစ်ယောက်ရှိသည်။ သားကြီးကဖေ့ယီခုံးဖြစ်ပြီး သားလတ်မှာ ဖေ့စုလီဖြစ်၏။ သူတို့နှစ်ယောက်၏ သိုင်းပညာ ထက်မြက်ပြီးလျှင် သိုင်းလောကတွင် နာမည်ရ၏။ သမီးဖြစ်သူများကလည်း မခေချေ။



သမီးကြီးဖေ့ဝန်နီသည် ချန်အန်းမြို့မှ ဖုန်းမိသားစုနှင့် အိမ်ထောင်ကျ၏။

သမီးလတ် ဖေ့မင်အော်မှာ ငယ်စဉ်ကပင် ကွယ်လွန်ခဲ့၏။

သားလတ် ဖေ့စုလီမှာ ဝမ်ပူမိသားစု၏ တစ်ခုလပ်မိန်းမ ဝမ်ပူရှင်နှင့် အိမ်ထောင်ကျသည်။ ဖေ့ကုန်ဝိုမှာ ဖေ့ယီကျောင်း၏ အဝေးရောက် ဆွေမျိုးသားချင်း ဖြစ်ပေသည်။

ဖေ့မိသားစုတွင် လက်အောက်တပည့်များကို ရေတွက်လျှင် ဖေ့ယီကျောင်း၊ ဖေ့ယီခုံး၊ ဖေ့စုလီ၊ ဖေ့ဝန်နီ၊ ဝမ်ပူရှင်၊ ဖုန်းစယ်ဝူနှင့် ဖေ့ယီခုံး၏ သားနှစ်ယောက် ဖေ့ထိနှင့် ဖေ့ချင်းတို့ အင်အား ရှိကြသည်။

ဖေ့ထိနှင့် ဖေ့ချင်းတို့မှာ အသက်ငယ်ရွယ် ကြသော်လည်း သိုင်းလောကတွင် နာမည် ရှိကြပြီး ဖေ့ဝန်နီတွင်မူ သမီးနှစ်ယောက် သားတစ်ယောက်ရှိ၏။ သိုင်းလောကတွင် ဖုန်းမိသားစု၊ ဖေ့အမျိုးအနွယ် ဓားရှည်နှစ်လက်၊ ဓားမတစ်လက်ဟု ခေါ်ဆိုကြသည်။ အတော်ကလေး ရင်ဆိုင်ရခက်သည့် ပုဂ္ဂိုလ်များလည်း ဖြစ်၏။

ထို့ပြင် ဖေ့မိသားစုတွင် အတော်ပင် နာမည်ကြီးသည့် လူငယ်သိုင်းသမား ဖေ့တန်ဖုန်းဆိုသူ ရှိပေသေးသည်။

ရှောက်ချူးရွှေ အနေနှင့် ယန်တိုတို့ကို ကယ်တင်မည်ဆိုလျှင် ဖေ့မိသားစုနှင့် ရန်သူ ဖြစ်ရတော့မည်။ သို့ဆိုလျှင် ရင်ဆိုင်ရခက်သော အထက်ပါ ပုဂ္ဂိုလ်များနှင့် ပြဿနာ ဖြစ်ရ

ပေတော့မည်။ ဤပြဿနာများကို သြဇာအာဏာ ဂိုဏ်းသည်ပင် ထိပ်တိုက် မတွေ့ဆုံရဲ။

သို့သော် ဖေ့မိသားစုသည် မိုးဘုရင်ကြီး ကျူး၏ လက်အောက်သို့ ဝင်လိုက်ကြပြီး ရှောက်ချူးရွှေကိုလည်း အလိုရှိနေကြသည်။ သြဇာအာဏာ ဂိုဏ်းကလည်း ဖေ့မိသားစုကို ဖြိုခွဲချင်နေသည်။ ထို့ကြောင့် ရှောက်ချူးရွှေအား တင်းပေးကာ ထိပ်တိုက် ရင်ဆိုင် တွေ့ဆုံစေသည်။

ဖေ့မိသားစုပင်ဖြစ်စေ၊ ရှောက်ချူးရွှေပင်ဖြစ်စေကျဆုံးရှုံးနိမ့်သွားလျှင် သူတို့အနေနှင့် မည်သို့မျှ အားအင် စိုက်ထုတ်ရခြင်းမရှိဘဲ အကျိုး အမြတ် ထွက်လာမည် ဖြစ်ပေသည်။

ရှောက်ချူးရွှေကလည်း ထိုအချက်ကို ရိပ်စားမိသည်။ သို့သော် မိမိ၏ မိတ်ဆွေ အပေါင်း အသင်းအတွက်ဆိုလျှင် နဂါးဂူ ကျားဂူကိုပင် မကြောက်မရွံ့ ဝင်ရောက်ရဲသည်မှာ သူ့ စိတ်ဓာတ် ဖြစ်ချေသည်။

'ဖေ့မိသားစုနဲ့ ရန်ငြိုး ဖွဲ့ချင်တယ်ဆိုလဲ ရှင့်ကို ကျွန်မ မတားပါဘူး၊ ကိုယ်တော်လေး လျှို့ဝှ ပေးအပ်တဲ့ တာဝန် အတိုင်း ရှင့်ကို ကျွန်မ ဒီနေရာကပဲ စောင့်နေမယ်၊ ရှင့် သေရေး ရှင်ရေးက ကျွန်မနဲ့ ဘာမှ မပတ်သက်ဘူး၊ ခုလောက်ဆို ဖေ့မိသားစုကလဲ ရှင် လိုက်လာအောင် လှုံ့လှုတ်ပြီး မျှားခေါ်နေရောပေါ့၊ ရှင် ကျုံ့နန်းတောင်ပေါ် တက်လိုက်ရင် ဖေ့မိသားစုက လူတွေနဲ့ တွေ့နိုင်ပါတယ်၊ ကျွန်မလဲ ကျုံ့



နန်းတောင်ကိုဖြစ်ဖြစ် ရောက်လာပြီး ရှင် ဘယ်လို သေမလဲ ဆိုတာ ကြည့်ရဦးမယ်'

ကောင်းစုလန်က ရှောက်ချူးရွှေအား နောက်ဆုံးစကား ပြောပြီး လှည့်ထွက်သွားတော့သည်။ ရှောက်ချူးရွှေကို တစ်ချက် ပြန်လှည့်မကြည့်။ နှုတ်ဆက်စကား တစ်ခွန်းမဆို။ နေရောင်က သူမ၏ အပြာရောင်ဝတ်စုံကို ပို၍ လှပအောင် လက်လွှင့် သွားစေသည်။

ရှောက်ချူးရွှေမှာ မချိပြုံးကလေးသာ ပြုံးလိုက်မိတော့သည်။

❋

## အခန်း (၂)

ကျုံနန်းတောင်ကား သာယာလှပချေ၏။

နံနက်ခင်းနေခြည်အောက်တွင် ပြာစင်သောကောင်းက

ဖြူဆွတ်သော တိမ်တိုက်ထဲသို့ တိုးဝင်ကာ ခံ့ခံ့ထည်ထ

ကြီး ရှိနေ၏။

ရှောက်ချူးရွေသည် စုလန်နှင့်ခွဲခွာခဲ့ရပြီးသည်နှင့် က

နန်းတောင်ဆီသို့ ဦးတည် ထွက်လာခဲ့သည်။ ပတ်ဝန်းက

ရှုခင်းများ၏ လွမ်းမောစိတ်ကြောင့် ထန်ဖန်းကို မေ့သ

ရလိုက်သေးသည်။

ထန်ဖန်း ဘယ်လိုများ ဖြစ်နေသလဲ။

အဆိပ်ဒဏ်မှ ကင်းသွားပြီလား။





ငါ့ကိုမှ သတိရသေးရဲ့လား ဟူသောအတွေးများဝင်လာပြီး ထန်မျိုးဆက် ရဲတိုက်သို့သွားကာ ထန်ဖန်း၏ အခြေအနေ သွားကြည့်ရလျှင် ကောင်းမလားဟုပင် ဖျတ်ခနဲတွေးလိုက်မိသေးသည်။ သို့သော် အချစ်ရေးထက် သိုင်းလောကအရေးက ရှုပ်ထွေးနေသဖြင့် သူ့စိတ်ကို သူချုပ်တည်းကာ ကျုံနန်းတောင်ဆီသို့သာဇွတ်မှိတ်ထွက်လာခဲ့၏။

လမ်းတစ်လျှောက်တွင် ဖေ့မိသားစုမှလူများကိုမတွေ့မိ။

ကျုံနန်းတောင်ခြေသို့ ရောက်သောအခါတွင်မူ တောင်ပေါ်သို့တက်မည့် လူနှစ်ယောက်ကို သူ့ရှေ့တွင် တွေ့လိုက်ရသည်။ သူနှင့် မနီးမဝေးနေရာတွင် ရှိနေသည်မို့ သူတို့နှစ်ယောက်၏ ပြောစကားများကို ရှောက်ချူးရွေ အတိုင်းသားကြားနေရသည်။ ပထမတွင် သူသည် ထိုနှစ်ယောက်အပေါ် သံသယဝင်မိသေး၏။ နောက်မှ သူတို့ပြောဆိုနေကြသော စကားအချို့ကိုကြားမိပြီး မိမိနှင့် မသက်ဆိုင်ဟု သိလိုက်၏။

သူတို့နှစ်ယောက်၏ စကားသံများက ပေါက်ပေါက်ဖောက်သလိုဖြစ်ပြီး အဓိပ္ပာယ်မဲ့စကားများမို့ ရှောက်ချူးရွေ နားညည်းလာ၏။ သို့သော် သူတို့နှစ်ယောက်၏ ရှုးပေါ်ပေါ် ကြောင်တောင်တောင် စကားများက သူ့ သူငယ်ချင်းကောင်းများဖြစ်သည့် ထက်စင်းရွဲ့နှင့်ချူးနန်ကုတို့ကို သတိရစေသည်။ စရိုက်လက္ခဏာအရလည်း အတော်ပင် တူနေသည်။

သို့သော် သတိထားနိုင်လျှင်မမှားနိုင်သဖြင့် သစ်ပင်ကွယ်တစ်ခုသို့ဝင်ရောက်ပြီး မိခင် သင်ကြားပေးထားသော ပညာအရ အာမခံဌာနမှ အမှုထမ်းတစ်ယောက်အသွင် ရုပ်ပြောင်းပြင်ဆင်လိုက်သည်။ ထို့နောက် တောင်ပေါ်သို့ ဆက်တက်လာခဲ့ရာ မိမိရှေ့မှ ရှုးကြောင်ကြောင် လူနှစ်ယောက် တောင်ခုလတ်မှ ယွင်းယွင်းဘုရားကျောင်းဆီသို့ လျှောက်သွားသည်ကို တွေ့လိုက်ရသည်။

ရှောက်ချူးရွှေစိတ်ထဲ ထူးဆန်းသလို ဖြစ်ကာ သူတို့နောက်မှ လိုက်သွားခဲ့သည်။ ဘုရားကျောင်းဆောင်ထဲတွင်ကား ဘုရားဖူးသူတို့ အတော်ပင်နည်းပါးလှ၏။ လေးငါးဆယ်ယောက်လောက်သာ ရှိမည်။ ဘုရားကျောင်းဆောင်၏ ခန်းမထဲတွင် ဆရာတော်တစ်ပါးက ဣန္ဒြေသမာဓိအပြည့်ဖြင့် ထိုင်နေသည်။

'ဆရာတော်ကို မေးလျှောက်ပါရစေ၊ အခုတလော ရှောက်အမျိုးလူငယ်တစ်ယောက် ဆရာတော်ရဲ့ကျောင်းကို ရောက်လာခဲ့ဖူးပါသလား'

အမျိုးသားတစ်ယောက်၏ မေးလျှောက်သံကို ရှောက်ချူးရွှေ ကြားလိုက်ရသည်။ ယင်းအသံက သူနှင့်အလွန်ရင်းနှီးကျွမ်းဝင်သော အသံဖြစ်ကြောင်းလည်း မှတ်မိသည်။ ဆရာတော်က သိမ်မွေ့ညင်သာစွာပင်....

'ရောက်မလာပါဘူးကွယ်၊ အဲဒီနာမည်မျိုးရှိတဲ့ လူငယ်တစ်ယောက်ကိုမှ ကျုပ် မတွေ့ခဲ့မိပါဘူး'



ဘုန်းတော်ကြီးက ထိုသူကိုပြောပြီးကာမှ တစ်စုံတစ်ခုကို သတိရတွေးမိဟန်ဖြင့် သက်ပြင်းလေးလေးတစ်ချက် ချလိုက်သည်။

'အင်း....အတော်ကို ထူဆန်းအံ့သြဖို့ကောင်းနေပါလား၊ အခုတလော တကာလေးရှောက်ဆိုတဲ့လူကို လာမေးကြတဲ့သူတွေ မနည်းတော့ဘူး၊ ဘာကြောင့်များပါလိမ့်'

ရှောက်ချူးရွှေ စိတ်ထဲ လှုပ်ခတ် သွားမိသည်။ မိမိအကြောင်း စုံစမ်းနေသူမှာ မိမိရှေ့မှလျှောက်သွားကြသော ရှုးခပါပေါ် လူငယ်နှစ်ဦးဖြစ်နေသောကြောင့်ပင်တည်း။

လူငယ်နှစ်ဦးမှာ ဘုန်းတော်ကြီး၏ စကားများကြောင့် စိတ်ပျက်သွားကြဟန် ဖြစ်ပေါ်လာသည်။ အရပ်မြင့်မြင့် လူငယ်က....

'ရှောက်ချူးရွှေက သိုင်းလောကရဲ့ ယောကျ်ားကောင်းတစ်ယောက်ပဲ၊ နောင်တစ်ချိန်မှာ ဦးဆောင်ဦးရွက်ပြုနိုင်တဲ့သူလဲ ဖြစ်တယ်၊ တပည့်တော်တို့က ရှောက်ချူးရွှေရဲ့ အကြောင်းကြားမိလို့ အထုပ်ပိုက်ဝေးဆွဲပြီး သူ့ကို တက်တက်ကြွကြွ လိုက်ရှာလာကြတာပါ၊ ဆရာတော်သာ သိရင် တပည့်တော်တို့ကို ညွှန်ပြပေးစေလိုပါတယ်'

နောက်တစ်ယောက်ကလည်း ရှောက်ချူးရွှေနောက်သို့ မည်မျှဒုက္ခခံလိုက်ရှာနေကြောင်း ပြောဆိုသည်။ ဘုန်းတော်ကြီးက မတွေ့မိကြောင်း မသိကြောင်းကိုသာ တွင်တွင် ငြင်းဆိုသည်။ ထို့နောက် လူငယ်နှစ်ယောက်ကို စကားမပြော

တော့ဘဲ အတွင်းဆောင်ဘက်သို့ ဝင်ရောက်သွားလော တော့သည်။

လူငယ်နှစ်ဦးလည်း အတော်ပင် စိတ်ခေတ်ကျသွား၏။

ရှောက်ချူးရွှေမှာ သူတို့နှစ်ဦးက မိမိကို အဘယ်ကြောင့် ရပ်ဝေးမှ လာရောက်ရှာဖွေကြသည်ကို သိလိုစိတ် လှုပ်ရှားလာသည်။ သူတို့နှင့်မိတ်ဖွဲ့မည်ဟု စိတ်ကူးစဉ်မှာပင် ရုတ်တရက် ထွက်ပေါ်လာသော အသံတစ်သံကြောင့် လန့်သွားသည်။

'ရှောက်ချူးရွှေက ဘာများအထင်ကြီးစရာ ကောင်းလို့လဲ'

'ကျုပ်ရဲ့ ခြေဆေးရည်သွန်တဲ့အဆင့်လောက်ပဲ ရှိတယ်'

'အသုံးမကျတဲ့သူတွေကသာ သူ့ကို လိုက်ရှာကြလိမ့်မယ်'

လူသုံးယောက် အတိုင်အဖောက်ညီစွာ တစ်ဆက်တည်း ပြောဆိုလာကြသည်။ ရှောက်ချူးရွှေတို့သုံးယောက် လှည့်ကြည့်လိုက်မိကြသည်။

အသံက ဘုရားကျောင်း၏တစ်ဖက် သက်သတ်လွတ် စားသောက်ခန်းထဲမှ ထွက်ပေါ်လာခြင်းဖြစ်၏။

သက်သတ်လွတ် စားသောက်ခန်း၏ စားပွဲခုံတစ်ခုံတွင် လူသုံးယောက် ထိုင်နေကြသည်။ လူငယ်များ ဖြစ်ကြ၏။ တစ်ယောက်က ခြေအစုံကိုကွေးကာ ခုံတန်းရှည်တစ်ခုပေါ်တွင် တင်ထားသည့်ပုံစံက ပြောင်စပ်စပ်၊ ပြောင်ချော်ချော်။



တစ်ယောက်က အေးတိအေးစက်အမူအရာ။ အကြည့်က ရန်လိုသည့်အကြည့်။ ကျန်တစ်ယောက်ကမူ မျက်လုံးအစုံကို အောက်စိုက်ကာ ခေါင်းငုံ့ထား၏။ ပြောဆိုဖြစ်ပျက်သမျှကို သူနှင့်မဆိုင်သလို။

ရှောက်ချူးရွှေအနီးတွင်ရှိနေသော အရပ်မြင့်မြင့်လူငယ်မှာ လက်သီးနှစ်ဖက်ဆုပ်ကာ ထိုလူငတ်သုံးယောက် ဘက်သို့ လှည့်၍ ...

'ကျုပ်နာမည် ချင်ဖုန်းပတ်ပါ၊ ဟောဒါ ကျုပ်ရဲ့ သွေးသောက်ညီတော် ချန်ကျင့်ထွေလို့ခေါ်တယ်၊ ဘယ်တုန်းကများ အပြစ်ကျူးလွန်ခဲ့မိလို့ သူတစ်ပါးထိခိုက်အောင်ပြောနေရတာလဲ'

အရပ်ပုသည့်လူငယ်ကလည်း တည်ကြည်လေးနက်စွာဖြင့်

'ကျုပ်တို့တစ်တွေကို ထိခိုက်အောင် ပြောဆိုလာတာကတော့ အရေးမကြီးပါဘူး၊ နောင်ကြီး ရှောက်ချူးရွှေကို ထိခိုက်ပုတ်ခတ်လာတာတော့ ရှင်းချက်ထုတ်မှ ဖြစ်လိမ့်မယ်'

စားပွဲခုံပေါ်မှ လူငယ်သုံးဦးက သဘောကျစွာပင် တဟားဟား ရယ်မောလာကြသည်။ ဘာမှပြန်မပြောဘဲ လှောင်ရယ် ရယ်နေကြသဖြင့် ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ အကြီးအကျယ် ဒေါသထွက်လာကြ၏။

ထိုလူငယ်သုံးယောက်၏ နောက်ဘက်ကျကျတွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမ တစ်ယောက်တို့လည်း ထိုင်နေကြ၏။ သူတို့ကပါ ပါးစပ်ကို လက်ဖြင့်အုပ်ကာ တစ်ခွိခစ်ရယ်နေကြသဖြင့် ရယ်မောသံက ပို၍ဆူညံလာ၏။

'ဘာရယ်တာလဲ'

ချင်ဖုန်းပတ်က ဒေါသတကြီးနှင့် မေးသည်။

မိန်းမနှစ်ယောက်အနက်မှ ပေါင်ဒါ ချက်နှာချေမှုန့်ထူထူ လိမ်းထားသော မိန်းမက....

'ဘော်တော်ထူးဆန်းတဲ့ နာမည်ပါလား'

အခြားမိန်းမက....

'ရှောက်ချူးရွှေက ရှင့်မွေးစားအဖေလား'

နောက် ယောက်ျားလိုလို မိန်းမလိုလိုက....

'မင်းတို့က ရှောက်ချူးရွှေကို ရှာချင်တာလား၊ ရှာ မနေနဲ့၊ ကျုပ်တို့ ဖေ့ မိသားစုဆီကို လာရှာကြ၊ ရှောက် ချူးရွှေရဲ့ မိတ်ဆွေညီနောင်တွေအားလုံး ကျုပ်တို့ အချုပ် ခန်းထဲမှာ ဧည့်သည်အဖြစ် ရောက်နေကြတယ်'

ဖေ့ မိသားစုဟူသော စကားကြောင့် ရှောက်ချူးရွှေ သတိထား နေလိုက်ရသည်။ ယောက်ျား တစ်ယောက်နှင့် မိန်းမတစ်ယောက်မှာ ဖေ့ ဝန်နီ၏သားသမီးများဖြစ်နိုင်ပြီး စားပွဲတွင် ထိုင်နေသည့် လူငယ်သုံးယောက်မှာ မည်သူမည်ဝ ဖြစ်မည်ကို ရှောက်ချူးရွှေ မခန့်မှန်းတတ်။

ရှောက်ချူးရွှေသည် ယခုမှပင် ဖေ့ မိသားစုများ တ တွေ့ဖူးပြီး ထိုသူများကမူ အာမခံဌာန သိုင်းသမား တ



ယောက်လို ရုပ်ဖျက်ထားသော ရှောက်ချူးရွှေအား ရှောက် ချူးရွှေဖြစ်ကြောင်း မသိကြ။

'မင်းတို့တစ်တွေ နောင်ကြီးရှောက်ရဲ့ ညီအစ်ကို မိတ်ဆွေ တွေကို ဖမ်းဆီးထားတာ တာသဘောလဲ'

ချန်ကျင့်ထွေးက လေသံမာမာဖြင့် မေးသည်။

ပေါင်ဒါ မျက်နှာချေမှုန့်ထူထူ မိန်းမက အသံပြတ်ဖြင့်....

'အပိုတွေ လာမေးမနေနဲ့'

'ကျုပ်ကိစ္စကြောင့် မေးရလိမ့်မယ်၊ ကျုပ်နဲ့ နောင်ကြီး ရှောက်ဟာ တစ်ခါမှမတွေ့ဆုံဖူးသေးပေမယ့် သူနဲ့ညီနောင် ဖွဲ့လိုက်ပြီ၊ အဲဒီတော့ သူ့ကိစ္စဟာ ကျုပ်ကိစ္စပဲ'

အခြားမိန်းကလေးတစ်ယောက်က....

'ဒါဆို ငရဲပြည်ကို အရင်ဆုံးသွားပြီး ရှောက်ချူးရွှေ ရောက်အလာကို စောင့်နေပေတော့'

ပြောပြောဆိုဆိုပင် ဓားရှည်ကို ရွှမ်းခနဲ ဆွဲထုတ်လိုက် သည်။ တစ်ပြိုင်တည်းမှာပင် အခြား နှစ်ယောက်ကလည်း ဓားရှည်နှင့် ဓားမကို ဆွဲထုတ်ပြီး တိုက်ခိုက်ဟန် ပြင်လိုက် ကြတော့သည်။

လူသုံးယောက်၊ ဓားရှည်နှစ်လက်၊ ဓားမတစ်လက်က ဝန်းရံထားသော်လည်း ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့မှာ ထိတ်လန့်တုန်လှုပ်ခြင်း မရှိကြ။ ရယ်မောလျှပင် နေကြ၏။

'အစ်ကိုကြီးရှောက်နဲ့ မဆုံရသေးခင်မှာ ပွဲကြီးပွဲကောင်း လာနွှဲရတော့မှာကိုး'

ချင်ဖုန်းပတ်က ပေါ့တီးပေါ့ဆပင် ပြောသည်။

ချန်ကျင့်ထွေက သဘောကျသော လေသံဖြင့်....

'သိပ်ကောင်းတာပေါ့၊ ဒီတစ်ပွဲကို နွှဲလိုက်ရအောဟာ အစ်ကိုကြီး ရှောက် အတွက် လက်ဆောင်ကောင်း တစ်ခု တောင် ဖြစ်ဦးမယ်'

ရှောက်ချူးရှေမှာ ထိုစကားကို ကြားလိုက်ရသဖြင့် ရင်အမျှ ခံစားလိုက်ရပြီး မျက်ရည်ကြည်များပင် ဝေ့လာ၏။ မိမိနှင့် သိကျွမ်းခြင်းပင် မရှိသေးသောသူများက မိမိကို လေးစားကာကွယ် ပြောဆိုနေကြသည် မဟုတ်ပါလား။

ဓားရှည်နှစ်လက်နှင့် ဓားမတစ်လက်တို့သည် တိုက်ကွက်ဟန် ခင်းကျင်းလိုက်ပြီးလျှင် ချင်ဖုန်းပတ်တို့အား တိုက်ခိုက်ကြတော့မည်။

'ခဏနေဦး'

တားမြစ်သံနှင့်အတူ အခြားတစ်ယောက်၏ စကားသံက ရုတ်တရက် ထွက်ပေါ်လာသည်။

'ရှောက်ချူးရှေရဲ့ ကိစ္စဆိုရင် တို့နဲ့လဲဆိုင်တယ်၊ တိုက်မယ် ခိုက်မယ်ဆိုရင် ကျွန်မတို့လဲ ဝင်ပါရလိမ့်မယ်'

ဤစကားသံ လေယူလေသိမ်းတို့ကို ရှောက်ချူးရှေ အလွန်ပင် တရင်းတနှီးရှိသည်။ နောက်သို့ လှည့်ကြည့်လိုက်လျှင် မိန်းမနှစ်ယောက် စားသောက်ခန်းထဲသို့ ဝင်ရောက်လာသည်ကို တွေ့ရ၏။



ထိုနှစ်ယောက်ကား အခြားသူ မဟုတ်ကြ။

ကွမ်စီနယ် ကျားငါးကောင်ထဲမှ အရှုံးမ လျှိုယိုနှင့် အားရှေတို့ ဖြစ်ကြလေသတည်း။

* * *

ရှောက်ချူးရှေ ရင်ထဲ တုန်လှုပ်သွားမိသည်။ လျှိုယိုနှင့် အားရှေတို့ကို ရုတ်တရက် ပြန်တွေ့လိုက်ရသဖြင့် ဝမ်းသာပီတိ ဖြစ်သွားမိ၏။

သူကသာ သူတို့နှစ်ယောက်ကို သိနေသော်လည်း သူတို့နှစ်ယောက်ကမူ ရုပ်ဖျက်ထားသော ရှောက်ချူးရှေကို မမှတ်မိကြ။

လျှိုယိုက အရင်ဆုံးတိုက်ပွဲ စည်းဝိုင်းအတွင်းသို့ ဝင်လာသည်။ သူ့ အသွင်က အားမာန်အပြည့် ပါနေ၏။ ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ကို ပြုံးစိစိကြည့်ကာ....

'ကျွန်မတို့လဲ ခရီးဝေးကရောက်လာကြတာ၊ ရှောက်ချူးရှေကို ရှာချင်လို့ပဲ၊ ပြည်မကြီး သွေးသောက် အဓိပတိ ရွေးချယ်ပွဲ ကိစ္စမှာ ရှောက်ချူးရှေ မပါလို့ မဖြစ်ဘူး၊ အခုထက်ထိ ထွက်ပေါ်မလာသေးတာ ခက်နေတာပဲ၊ ကျွန်မတို့လဲ

ဝတ်စုံပြာဝတ် မိန်းမတစ်ယောက်လမ်းညွှန်လိုက်လို့ ဒီခေါင်းပေါ်လာ တက်ရှာတာပဲ၊ အခု ရှင်တို့နဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတိုးမိတာ အဖော်ကောင်းရတာပဲ'

အားရွှေက စကားပြောသလိုဖြင့် ရှေ့သို့ ခြေတစ်လှမ်းတက်လိုက်သည်။

သို့သော် အစွန်းတိုင်ထွန်းသည့်ခုံကို ခြေထောက်နှင့်တိုက်မိသဖြင့် မြေကြီးသို့ ဗိုင်းခနဲ လဲကျသွား၏။

'အမေ့တဲ့ ဒီခြေထောက်က ကန့်လန့် ကန့်လန့်နဲ့ ရှုပ်ရသေးတယ်'

အားရွှေ သူ့ခြေထောက်ကို သူ မကျေမနပ်ဖြင့် ရေရွတ်နေသည်။

ရှောက်ချူးရွှေမှာ ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်တို့တွေ့ဆုံနေကြသည့် အမူအရာကိုကြည့်ပြီး ရယ်ချင်စိတ်ပင် ဖြစ်လာ၏။ သူ့ မိတ်ဆွေ အပေါင်းအသင်းများကိုလည်း သတိရလိုက်မိသည်။

မျက်နှာချေမှုန့် တူထူလိမ်းထားသည့် မိန်းမမှာ ဖေ့ကန်းဖြစ်ပြီး ကျန်တစ်ယောက်မှာ ဖေ့ပေါင်ဖြစ်၏။ ယောက်ျားလိုလို မိန်းမလိုလိုလူမှာ ဖေ့ထိန်ချင်းဖြစ်၏။ သူတို့ သုံးယောက်စလုံးမှာ ဖေ့မိသားစု၏ မျိုးဆက်ဖြစ်သလို ဓားရှည်နှင့် ဓားမသိုင်းပညာတွင် ကျွမ်းကျင်ကြသည်၊ အဆင့်မြင့်ပညာ ကိုယ်စီ ရှိကြသဖြင့် မြေပြန့် သိုင်း လောကမှာ အဆင့်မြင့် ပုဂ္ဂိုလ်တို့ကို လုံးဝ ဂရုမထားချေ။



'မင်းတို့ တစ်ဖွဲ့တည်းလား'

ဖေ့ထိန်ချင်းက ဟာန်ကြီး မာန်ကြီးဖြင့် မေးသည်။

လျှို့ဖိုက ခတ်ပြတ်ပြတ် လေသံဖြင့်....

'ရှောက်ချူးရွှေရဲ့ မိတ်ဆွေဆိုရင်တစ်ဖွဲ့တည်းပဲ'

ချင်ဖုန်းပတ်က လက်မခံသောင်ကာ....

'မှန်လိုက်တဲ့စကား၊ အစ်ကိုကြီး ရှောက်ကို လေးစားတဲ့သူဟာ တစ်ဖွဲ့တည်းပဲ ဖြစ်ရမှာပေါ့'

ရှောက်ချူးရွှေမှာ သိုင်းလောကတွင် နာမည်ကြီးခဲ့သော်လည်း သိုင်းပညာအရမူ အဆင့် မမြင့်လှ။ ဤမျှလူအများက သူ့နောက်သို့ လိုက်ပါခြင်းသည် ပညာအဆင့်ကြောင့် မဟုတ်။ မိသားစု အရှိန်အဝါကြောင့်မဟုတ်၊ ငွေကြေး အင်အားကြောင့် မဟုတ်၊ သမာဓိ ခိုင်မြဲခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ မိတ်ဆွေအပေါင်းအသင်းအပေါ်တွင် သစ္စာစောင့်သိခြင်းကြောင့် ဖြစ်ပေသည်။

ဖေ့ထိန်ချင်းသည် ဘာမျှ ဆက်ပြော မနေတော့ဘဲ မာန်တစ်ချက်သွင်းကာ ဓားမဖြင့် ဝှေ့ယမ်း တိုက်ခိုက်လာ၏။

သူ့ဓားလမ်းကြောင်းက ချင်ဖုန်းပတ်ဆီသို့ ဦးတည်နေရာမှ တစ်ဝက်ခန့်အရောက်တွင် လျှို့ယိုထံသို့ ရောက်သွား၏။

လျှို့ယို ပျာယာခတ်ခြင်းမရှိ။ ပါးစပ်ဟကာ ဓားသွားကို ဖမ်းကိုက်လိုက်သည်။ ဖေ့ထိန်ချင်း လှုပ်ရှားသည်နှင့် ဖေ့ရှင်းကန်းနှင့် ဖေ့ပေါင်ဖောင်တို့လည်း လှုပ်ရှားလာကြသည်။ ဓားရှည်နှစ်လက်က ငွေရောင် မြွေနှစ်ကောင်ပမာ

ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ နောက်ကျောသို့ ထိုးစိုက်ကျလာသည်။

'ကျွန်မတာဝန် ထားလိုက်'

အားရွှေအော်ဟစ်ကာ ဝုန်းခနဲခုန်လွှားသွားပြီး ဖေ့ရှင်းကန်းအား တံတောင်ဖြင့် လှမ်းတွက်သည်။ ဒူးတစ်ဖက်ကလည်း ဖေ့ပေါင်ပေါင်၏ မျက်နှာဆီသို့ တစ်ပြိုင်နက် တိုက်လွှတ်သည်။

တိုက်ပွဲအခြေအနေက ချင်ဖုန်းပတ်တို့နှင့် မဆိုင်တော့။ အားရွှေ၊ လျှိုယိုတို့ နှစ်ဦးနှင့် ဖေ့မိသားစုဝင် သုံးယောက်တို့ အကြိတ်အနယ်တိုက်ခိုက်သည့် အနေအထားသို့ ပြောင်းသွားသည်။

ဖေ့မိသားစုဝင် သုံးယောက်၏ ပူးပေါင်း တိုက်ကွက်ကစေ့စပ် ပိရိကာ အကွက်စိပ်လှသည်။ တိုက်စစ်အရှိန် ပြင်းထန်သလို ခံစစ်ကလည်း လုံခြုံ သေချာလှသည်။

လျှိုယိုနှင့် အားရွှေတို့မှာ ယခင်အချိန်များကလို ပေါ့ပေါ့ဆဆ မလုပ်ရဲကြ။ သတ္တိရှိရှိ ပြင်းပြင်းထန်ထန်ပင် တိုက်ခိုက်ကြ၏။ အနိုင်အရှုံးက တော်တော်နှင့် မသဲကွဲ။ ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ အနည်းငယ် စိုးရိမ် ပူပန် လာမိကြသည်။

စားပွဲခုံပေါ်တွင် ထိုင်နေသည့် လူငယ်သုံးယောက်ကမူ မျက်လုံးတစ်ချက် ပင့်မကြည့်။ စားပွဲခုံပေါ်မှ လူတစ်စုကိုသာ အဖိုးတန်ပစ္စည်း တစ်ခုပမာ စူးစိုက်ကြည့်နေ၏။



ဖေ့မိသားစု ညီနောင်တို့သည် ကိုယ့်ကိုယ်ကို အထင်တကြီး ရှိတတ်ကြ၏။ ရန်သူ့ အင်အား နည်းပြီး မိမိတို့ အင်အားများသည့်အချိန်တွင် လက်ပိုက်ကြည့်နေတတ်ကြ၏။ ရန်သူ တစ်ယောက် နှစ်ယောက်ကို တိုက်ခိုက်သည့် အချိန်တွင် အစွမ်းမပြနိုင်ကြတော့၊ ဖေ့မိသားစု သုံးယောက်၏ တိုက်ကွက်များက လူအုပ်ကို ဖောက်ထွက်သည့်နေရာတွင် အသုံးပြုရသော တိုက်ကွက်များ ဖြစ်နေသဖြင့် မသိရောက်တော့။ လျှိုယို၏ ပြင်းထန်သော လက်သီးချက်၊ အားရွှေ၏ လျင်မြန် သွက်လက်စွာဖြင့် ပြင်းပြင်းထန်ထန် ကြမ်းကြမ်း တမ်းတမ်း တိုးဝင် ထိုးခုတ် တိုက်ချက်များက သူတို့ သုံးယောက်ကို အသက်ရှူပင် မှားသွားစေသည်။

ထိုအချိန်တွင် အခြေအနေက ရုတ်ခြည်းပင် ပြန်လည်ပြောင်းလဲသွား၏။ ဖေ့တိန်ချင်း၏ ခါးမသည် ကျွီခနဲမြည်လျက် တဒင်္ဂအတွင်း ခါးမရှည်ကြီးဖြစ်လာသည်။ ဖေ့ရှင်ကန်းနှင့် ဖေ့ပေါင်ပေါင်တို့၏ ခါးရှည်ကလည်း မူလထက် ပိုရှည်လာကြသည်၊

လက်နက်တိုများက လက်ရှည်အသွင် ပြောင်းလဲလာသဖြင့် တိုက်ကွက် တိုက်ဟန်လည်း ပြောင်းလဲလာသည်။ လျှိုယိုနှင့် အားရွှေတို့ အမှတ်မထင် ဒုက္ခရောက်ရသွားကြ၏။

သူတို့နှစ်ယောက်သည် စိတ်ကြမ်းစိတ်ရိုင်းများရှိကြသဖြင့် ဒဏ်ရာရလာလျှင် ပို၍ပင် ကြမ်းရမ်းလာတော့သည်။ တိုက်ပွဲတွေ့အကြုံလည်း များစွာရှိထားကြသည်မို့ တိုက်ခိုက်မှု

ကြာလေ ပိုမိုပြင်းထန်လာလေ ဖြစ်နေ၏။ နှစ်ယောက်သား ပူးပေါင်းတိုက်ကွက်များပင် ထုတ်လာကြသည်။

'သိမ်းငှက်အတောင်ဖြန့်'

ရုတ်တရက် သူတို့နှစ်ယောက် ပြိုင်တူအော်ဟစ်လိုက်ကြသည်။

တိုက်စစ်အရှိန်က မြန်ဆန်ပြင်းထန်လာသလို အားရွှေ၏ ဦးခေါင်းသည် ဖေ့ထိန်ချင်း၏ရင်ဝကို ဝင်တိုက်သွားသည်။ ဖေ့ထိန်ချင်းခါးမဖြင့် ကပျာကယာ ဟန်တားသော်လည်း အချိန်မမီတော့။ စုန်းခနဲတိုက်မိကာ ပါးစပ်မှ သွေးများ အန်ထွက်ကျလာတော့သည်။

ဖေ့ရှင်းကန်က ခါးမရှည်ကို ဝှေ့ယမ်းကာ လျှိုယို မာန်ဖီအော်ဟစ်ကာ ခြေအစုံပျံတက်သွားသည်။ ဖေ့ပေါင်ပေါင်က ခါးရှည်ဖြင့် ပိုင်းဖြတ်သော်ခြေထောက် မခုတ်မိဘဲလေကိုသာခုတ်မိသည်။

ဝှစ်....ဝှစ်

လျှိုယို၏ ခြေထောက်မှ ဖိနပ်နှင်ခုက သူမ၏ပါးနှစ်ဘ ကို တဖျတ်ဖျတ် ရိုက်သွားသည်။ ဖေ့ပေါင်ပေါင်မှ လျှိုယို၏ခြေထောက်မှ ဖိနပ်ထွက်မှန်ကာ မြေကြီးပေါ်တွ ဖင်ထိုင်လျက် လဲကျသွားတော့သည်။

ဖေ့ရှင်းကန်သည်လည်း လျှိုယို၏ဟန်တားခြင်းခံလို ရသဖြင့် ခြေလှမ်းတုံ့သွား၏။ ထိုအချိန်တွင် အားရွှေ နောက်ပြန်လှည့်လာပြီး ခြေထောက်ဖြင့် ဆွဲချိတ်လိုက် ဖေ့ရှင်းကန် မြေကြီးပေါ်သို့ လဲကျသွား၏။



တစ်ဒင်္ဂအချိန်အတွင်းမှာပင် ဖေ့မိသားစု သုံးယောက် သည် မြေကြီးပေါ်လဲကျကာ မထနိုင်တော့။

လျှိုယိုနှင့် အားရွှေတို့သည် သိမ်းငှက် အတောင်ဖြန့် ဟူသော အချက်ပေးသံကိုပြုလျက် ပူးပေါင်း လေ့ကျင့်ခဲ့ကြ သော အရှူးသိုင်းနှင့် ကမူးရှူးထိုးသိုင်းတို့ကို တွဲဘက် တိုက် ခိုက်လိုက်ကြခြင်း ဖြစ်ပေသည်။ သူတို့နှစ်ယောက်သည် ဖေ့ မိသားစုသုံးယောက်အား အလဲထိုး အနိုင်ယူလိုက်နိုင်သော် လည်း ရရှိသည့် ဒဏ်ရာကမသေး။ မောပန်းလွန်းသဖြင့် အသက်ပင် ပြင်းပြင်းရှူနေရအည်။

ထိုအချိန်တွင် တိုက်ပွဲအတွင်းဘက်သို့ လူနှစ်ယောက် ဝင်ရောက်လာသည်။

စားပွဲခုံတွင် ထိုင်နေကြသော လူငယ်သုံးယောက်အနက် အစွန်းနှစ်ဖက်မှ လူငယ်နှစ်ယောက် ဖြစ်ပေသည်။ သူတို့ နှစ်ယောက်၏ လှုပ်ရှားမှုများက မြန်ဆန်လှအဖြင့် တိုက်ပွဲ ကွင်းဘတ်သို့ ရိပ်ခနဲ ရောက်လာသည်ကိုပင် ရုတ်တရက် မတွေ့လိုက်ကြရ။

'ကျုပ်နာမည် ဖေ့တီလို့ ခေါ်တယ်'

ပြောင်စပ်စပ်လူငယ်က ပြောသည်။

ဟန်မာန်အပြည့်ရှိသော လူငယ်ကလည်း....

'ကျုပ်နာမည် ဖေ့ချင်းလို့ ခေါ်တယ်'

နှစ်ယောက်သားမှာ အသီးသီး မိတ်ဆက်စကား ပြော လိုက်ကြ၏။

လူအားလုံးမှာ သူတို့နှစ်ယောက်ထံသို့သာ အာရုံစိုက်နေကြသည်။

ဖေ ့ဘိက မထီတရီအမူအရာဖြင့်....

'ခင်ဗျားတို့နှစ်ယောက်က ဖေ ့မိသားစုရဲ့ အသုံးမကျတဲ့ လူသုံးယောက်ကို အနိုင်ယူခဲ့ပြီးပြီ ဆိုတော့ ကျုပ်တို့ကပဲ ခင်ဗျားတို့ကို ဆုံးမပေးလိုက်ရတာပေါ့'

ဖေ ့မိသားစု၏ ပညာသည် သူ ့အဆင့်အတန်းနှင့် သူ ရှိပေသည်။ ဖေ ့ယီပေါင်၊ ဖေ ့ဝန်နီတို့ နှစ်ယောက်သည် ဖေ ့မိသားစု၏ ပညာအမွေအနှစ်နှင့်ပတ်သက်ပြီး ပြဿနာဖြစ်ကာ တစ်ယောက်ကို တစ်ယောက် မကျေမနပ်ဖြစ်ခဲ့၏။ ဖေ ့ယီကျောင်းက အလျင် မိသားစုအချင်းချင်း စိတ်ဝမ်းကွဲမှုမျိုး မဖြစ်အောင် ထိန်းသိမ်းသော်လည်းမရ။ သို့အတွက် ဖေ ့တိက မထီခလုပ်စကားမျိုး ပြောလာခြင်းဖြစ်ပေသည်။

'မတရားဘူး'

မှောက်ချုံးရွှေ မနေသာတော့ပဲ ဝင်ပြောလိုက်၏။

ရုပ်ပြောင်းလဲထားပြီး အာမခံဝန်ထမ်း တစ်ယောက် အသွင် ဝတ်ဆင်ထားသဖြင့် သူ ့ကို မည်သူမျှ မမှတ်မိကြ။

'သူတို့နှစ်ယောက်က ပင်ပန်းနေကြပြီ၊ အခုလို ထပ်ပြီး စိန်ခေါ်တာပဲလား၊ ဒါတော့ မတရားဘူး'



ဖေ ့တိနှင့် ဖေ ့ချင်းတို့တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ ထိုစကား၏သြဇာတိက္ကမကြီးပုံကြောင့် သူတို့နှစ်ယောက်စလုံး၏ရင်ထဲတွင် ထိတ်လန့်တုန်လှုပ် သွားမိကြသည်။ ထို့ပြင် ဤအာမခံဌာနမှလူမှာ ရုပ်ဖျက်ထားကြောင်းလည်း သူတို့သိ၏။ မည်သူမည်ဝါ ဖြစ်မည်ကိုသာ မခန့်မှန်းတတ်။

ဖေ ့တိ ပြောင်စပ်စပ်အမူအရာဖြင့် ရယ်မောလိုက်ပြီး....

'ဘာ တရားမမျှတရဲမှာလဲ၊ ဒါဆိုရင် ကွမ်းတုံနယ်က ကျားရဲနှစ်ကောင် မခုခံရင် မဆိုင်ရဲဘူးလို့ ပြောလိုက်တာနဲ့ အတူတူပဲ'

ဖေ ့တိကမျး ကောက်ကျစ်လွန်းလှ၏။ ထိုစကားသည် အားရွှေတို့ကို မခံချင်စိတ်ဖြစ်အောင် ဆွပေးလိုက်ခြင်းဖြစ်ပေသည်။ သူ နှိုးဆွလိုက်သလိုလည်းထိရောက်၏။အားရွှေမှာ ဒေါသကို မချုပ်တီးနိုင်သူမို့ အော်ဟစ်ကာ ခုန်ထလာ၏။

'သိပ်ပြီး ကိုယ့်ကိုယ်ကို အတင်မကြီးနဲ့၊ နင်တို့က အလှည့်ကျ တိုက်ခိုက်ချင်ရင်လဲ ရတယ်၊ ငါကတောင် နင်တို့ကို ပြန်ပြီး စိန်ခေါ်လိုက်ဦးမယ်'

အားရွှေ ခုန်ထွက်လာလျှင် အရှုံးမလျှို့လည်း သူ တစ်ယောက်တည်း လွှတ်ပေးရန်မသင့်သဖြင့် ခုန်ထွက်လာ၏။

'သတ္တိရှိရင် လာခဲ့ကြစမ်း၊ ကြောက်ရွံ့ပြီး နောက်တွန့်သွားကြမယ့် လူတွေ မဟုတ်ဘူး'

ဖေ့တီ အားပါးတရ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား၊ အဲ့ဒီလိုသတ္တိရှိတဲ့လူမျိုးမှ ကျားရဲ့ ဘွဲ့နဲ့ ထိုက်တန်တာ'

စကားဆုံးသည်နှင့် သူ့လက်ထဲ၌ ဓားရှည် တစ်လက် ရောက်လာ၏။ ဓားကဘာမှမထူးဆန်း။ သို့သော် ဖေ့တီမှာ အားရွှေတို့ကို ဂရုမစိုက် အလေးမထားသည့်နှယ် ဓားရှည် ကိုသာ စူးစိုက်ကြည့်နေ၏။

✻ ✻ ✻

အားရွှေနှင့်လျှိုယိုတို့သည် ဖေ့တီ ဝင်အလာကို စောင့် နေ၏။

ဖေ့တီ အမှတ်မထင်ပင် လှုပ်ရှားသည်။

သူ့ကိုယ်ရိပ်နှင့်အတူ ဓားအလင်းရောင် များကလည်း ကြွယ်ကြွေသည့်အလား ပြက်လက်သွားသည်။ တစ်ပြိုင် တည်းမှာပင် ဖေ့ချင်ကလည်း ကြက်ခြေခတ် အသွားတပ် လှံတံကို ကိုင်ဆောင်ကာ အားရွှေတို့ထံသို့ ခုန်ဝင်သည်။

ဖေ့တီ၏ ဓားရိပ်က လွှမ်းမိုးလာသဖြင့် လျှိုယိုနှင့် အားရွှေတို့ နောက်သို့ အထိတ်တလန့် ဆုတ်သည်။သို့သော်



ကြက်ခြေခတ်လှံတံက သူတို့၏ နောက်ကျောဘက်မှ ပိတ် ဆို့ပြီး ဖြစ်နေသည်။ အားရွှေက လက်မောင်း တစ်ဖက်ကို ကွေးပြီး ကိုယ်ကို ရိပ်ခနဲလှုပ်ကာ ကြက်ခြေခတ်အသွားတပ် လှံတံအား ဖမ်းချုပ်လိမ်ချိုးရန် ကြိုးစားသည်မရ။

လှံတံက 'တုန်ခါသွားပြီး လည်ပတ်ကာ အားရွှေ၏ နံဘေးတစ်ဖက်ကို ထိရှသွားသည်။

လျှိုယိုမှာလည်း ဖေ့တီ၏ ဓားရိပ်အောက်တွင် မလှုပ် သာအောင် ဖြစ်နေတော့သည်။

တိုက်ကွက် တစ်ကွက်တည်းနှင့်ပင် လျှိုယိုနှင့် အားရွှေ တို့မှာ ဖေ့တီနှင့် ဖေ့ချင်းတို့၏ ထိန်းချုပ်မှုကို ခံနေရ တော့သည်။

ဖေ့တီနှင့် ဖေ့ချင်းတို့မှာ ဖေ့ယီပေါင်၏ ပညာကို ရခဲ့သဖြင့် ဖေ့ဝန်နီ၏ မြေးတပည့်များထက် များစွာ ပို၍ အဆင့်မြင့်ပေသည်။

လျှိုယိုနှင့် အားရွှေတို့မှာ သူတို့နှစ်ယောက် လက်ထဲ၌ အသက်ပျောက်ရပေတော့မည်။

ထိုစဥ်မှာပင် မာန်ဖီသံတစ်သံနှင့်အတူ လူရိပ်တစ်ရိပ်ပျံဝဲ လာပြီး ဖေ့တီ၏ဓားရှည်ကို လက်နှစ်ဖက်ဖြင့် ခါထုတ် လိုက်သည်။တစ်ပြိုင်တည်းပင် အခြားအရိပ်တစ်ရိပ်ကလည်း ရောက်ရှိလာပြီး ခြေကန်ချက်တစ်ချက် ထုတ်လိုက်ရာ ကြက် ခြေခတ် အသွားတပ် လှံတံ ဘေးဘက်သို့ တိမ်းစောင်းလွဲ

ချော်သွားစေဘော့သည်။ ထို့အတူ အခြား ခြေတစ်ဖက်ကလည်း အားရွှေကို ကန်ထုတ်လိုက်၏။

လျှို့ယိုနှင့်အားရွှေတို့ နှစ်ယောက်ကား သေမင်းလက်မှ လက်မတင်ကလေး လွတ်မြောက် လာခဲ့ရချေပြီ။ သူတို့ နှစ်ယောက် ရင်ထဲတွင် ထိတ်လန့် တုန်လှုပ်သွားကြပြီး လှည့်ကြည့်လိုက်လျှင် ချန်ကျင့်ကွေ့ နှင့် ချင်ဖုန်းပတ်တို့ နှစ်ဦးကို တွေ့လိုက်ကြရလေသတည်း။

ဖေ့တီနှင့် ဖေ့ကျင်တို့နှစ်ယောက် မျက်နှာ ကွက်ခနဲ ပျက်သွားကြ၏။

ဖေ့တီသည် ယခုမှပင် ချန်ကျင့်ကွေ့ကို နှစ်ယောက်ကို ဂရုစိုက်လာမိတော့သည်။

'ခင်ဗျားတို့က ဘယ်ဂိုဏ်းဘယ်အဖွဲ့ကလဲ'

ဖေ့တီက ဒေါသသံဖြင့် ငေါက်ငမ်းမေးသည်။

ချန်ကျင့်ကွေ့က အေးစက်စက်ရယ်မောလျက်....

'လမ်းတောလေ ဂိုဏ်းဆိုတာ မင်းကြားဖူးမှာပေါ့'

ဖေ့တီ မျက်နှာပျက်သွားပြန်၏။ ချင်ဖုန်းပတ်က ... တစ်ချက်တွန့်လိုက်ပြီး....

'လမ်းတောလေဂိုဏ်းထဲက ကိုယ်ရံတော်နှစ်ဦး ရှိတယ်... ဆိုတာကော မင်းသိသလား'

ဖေ့တီ မျက်လုံးမျက်ဆန်ပြူး ဖြစ်သွားသည်။



'ဒါဆိုရင် ခင်ဗျားတို့ နှစ်ယောက်က သေမင်း လက်ချောင်းနဲ့ အရက်သမားခြေကောက်အဖြစ် သိုင်းလောကမှာ နာမည်ကြီးနေတဲ့ အဆင့်မြင့်ပုဂ္ဂိုလ်တွေပေါ့'

ချန်ကျင့်ကွေ့ ခေါင်းညိတ်ကာ....

'ဟုတ်ပါတယ် ကျုပ်က သေမင်းလက်ချောင်းပဲ'

ချင်ဖုန်းပတ်ကလည်း....

'ကျုပ်ကတော့ အရက်သမားခြေကောက်ပဲ'

ဖေ့ချင်း မနေသာတော့ ကြားဝင်ပြောရတော့သည်။

'ကျုပ်တို့ ဖေ့မိသားစုက လမ်းတောလေဂိုဏ်းနဲ့ ဘာရန်ငြိုးရန်စမှ မရှိခဲ့ဘူး၊ ခင်ဗျားတို့နှစ်ယောက်က ဘာဖြစ်လို့ ဒီကိစ္စထဲဝင်ရှုပ်ချင်ရတာလဲ'

ချင်ဖုန်းပတ်က ထိမထင်သောပုံစံဖြင့်....

'ဘာကြောင့်လဲဆိုတော့ မင်းတို့တစ်တွေက ကျုပ်တို့ကို အရင်ဆုံး တိုက်ခိုက်လာကြလို့ပဲ၊ ဒီအမျိုးသမီးနှစ်ယောက်ဟာ ကျုပ်တို့ကို ကယ်တင်ပေးဖို့အတွက် ဒဏ်ရာတွေရခဲ့တယ်၊ ဒါတာ ကျုပ်တို့ကြောင့် အမိကပတ်သက်ပြီး ဖြစ်လာတာမို့ ဒီအတိုင်းလက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး'

'ဖေ့တီ မဲ့ပြုံးပြုံးလိုက်၏။

'ဒါဆို ခင်ဗျားတို့ နှစ်ယောက်ရဲ့ မျက်နှာကို ထောက်... ထားပြီး ဒီအမျိုးသမီးနှစ်ယောက်ကို ဒုက္ခမပေးတော့ပါဘူး၊ ... နှစ်ဖက်စလုံး ကျေနပ်လိုက်ကြရအောင်'

'မဖြစ်ဘူး'

ချန်ကျင့်ထွေက ခပ်ပြုံးပြုံးပင် ပြောသည်။

ဖေချင်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

'ဘာကြောင့် မဖြစ်ရတာလဲ'

'မင်းတို့က သူတို့ကို လုံတံနဲ့တစ်ချက်ထိုးပြီး အရိုပ်တစ်ထောင်အားနဲ့ ရက်ရက်စက်စက် တိုက်ခိုက်ခဲ့ကြတယ်၊ လူသေမှုဖြစ်တော့မလို့ သီသီလေးပဲလိုတယ်၊ ကျုပ်တို့သာ အချိန်မီမကာယ်နိုင်ခဲ့ရင် မတွေးဝံ့စရာပဲ၊ အဲဒါတွေကို စကားတစ်ခွန်းတည်းနဲ့ပဲ ကျေအေးလို့ရတော့မှာလား'

ဖေချင်း ဘာမျှမပြောနိုင်။ စင့်ဖေတီကိုသာ ဖျတ်ခနဲ လှမ်းကြည့်၏။

ချန်ကျင့်ထွေက ဆက်လက်၍...

'နောက်တစ်ချက်ရှိသေးဘယ်၊ စောစောက မင်းတို့ဟာ အစ်ကိုကြီးရှောက်ကို စော်ကားပုတ်ခတ်တဲ့စကားတွေ ပြောခဲ့သေးဘယ်'

ဖေတီက အံ့သြတကြီးအမူအရာဖြင့်....

'ရှောက်ချူးရွှေနဲ့ ခင်ဗျားတို့က ဘယ်လိုဆက်သက်နေလို့လဲ....'

'ဘာမှ မပတ်သက်ဘူး'

ချန်ကျင့်ဆွေက တုံးတိပြောလိုက်၏။ ချင်ဖုန်းပတ်က ထပ်၍....

'ကျုပ်ရဲ့ဆရာကျိုဝူလီဟာ ရှောက်ချူးရွှေအပေါ် ခင်မင်ရင်းနှီးတဲ့ စိတ်ရှိခဲ့တယ်၊ အခု ကျုပ်တို့ အနောက်ပိုင်းဘက်



က ထွက်လာခဲ့တာဟာ အစ်ကိုကြီးရှောက်ကို ပြည်မကြီးသွားသောက် အဓိပတိအဖြစ် ဝင်အရွေးခံဖို့ လာဖျောင်းဖျကြတာပဲ'

ကျိုဝူလီသည်လည်း လမ်းတေလေဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်ပေသည်။ သူနှင့် ရှောက်ချူးရွှေမှာ သိကျွမ်းခြင်းမရှိ။ သို့တိုင် ကျိုဝူလီက ရှောက်ချူးရွှေအပေါ် ခင်မင်လေးစားစိတ် ရှိနေသည်ဆိုခြင်းမှာ ဘေးတွင် ရပ်ဖျက်လျက်ရပ်နေသော ရှောက်ချူးရွှေကိုယ်တိုင်ပင် နားမလည်နိုင်အောင် ဖြစ်မိလေသည်။

တစ်ဖန်လမ်းတေလေဂိုဏ်းသည် ဩဇာအာဂိုဏ်း မပေါ်ပေါက်ခင်က သိုင်းလောကတွင် အင်အားအတောင့်တာင်းဆုံး ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်ခဲ့ပေသည်။ ယခု အရှိန်အဝါ အနည်းငယ် ကျဆင်းသွားသော်လည်း ဖေမိသားစုမှာ အသင်မသေးရဲ။

ဖေမိသားစုကပင် ဟန်ဆောင်ပြုံးကာ....

'ပြဿနာကိုသာ ကျေအေးနိုင်ရင်တော့ အကောင်းဆုံးပါပဲ၊ နောင်ကြီးတို့နှစ်ယောက်က ရှောက်ချူးရွှေနဲ့ ဘာမှမပတ်သက်လေတော့ ဒီကိစ္စကို ဒီမျှနဲ့ပဲ ရပ်ဆိုင်းထားလိုက်ရင် ကောင်းပါလိမ့်မယ်'

'ဒီစကားမျိုးကို တို့နာမည် ထုတ်မပြောခင်ကတည်းက မင်းပါးစပ်က ထုတ်ပြောခဲ့ဖို့ကောင်းတယ်၊ ဒါဆိုရင် အားလုံးပြေပြေလည်လည် ဆွေးနွေးလို့ရနိုင်တယ်'

ချင်ဖုန်းပတ်ကပြောသည်။ ချန်ကျင့်ထွေကလည်း ဘုဆတ်ဆတ်ပင်....

'အခုကျမှ ပြောလာတာဟာ မီးစွယ်အနားကိုကပ်ခါမှ မလွှဲသာမရှောင်သာ တိမ်းဖယ်လိုက်ရတာမျိုးပဲ၊ တကယ့်ရင်ထဲကလာတဲ့ စလားမျိုးမဟုတ်နိုင်ဘူး'

ဖေ့ချင်း အကြီးအကျယ် ဒေါသထွက်သွားသည်။

'ဒီလောက် တောင်ဖြစ်လှတာ ကျုပ်တို့တစ်တွေက ခင်ဗျားတို့ကို ကြောက်ရမှာတဲ့လား။ သူသေကိုယ်သေ တိုက်ကြရုံပဲရှိတာပေါ့'

ပြောပြောဆိုဆိုပင် ကြက်ခြေခတ် အသွားတပ်လှံကို ဓိုးခနဲ ထိုးစိုက်ချလိုက်သည်။ ချန်ကျင့်ထွေ လျှပ်တစ်ပြက် ရှောင်တိမ်းကာ ကြက်ခြေခတ်အသွားတပ်လှံကို လက်နှစ်ဘက်ဖြင့် ဖမ်းချုပ်လိုက်သည်။ လှံတံက ချန်ကျင့်ထွေ၏ လက်ထဲတွင် ဖမ်းချုပ်မိသည်။

သို့သော် အခြေအနေက တစ်မျိုးပြောင်းသွားသည်။ သူ ဖမ်းကိုင်မိသော အဖျားပိုင်းကို လျှပ်တစ်ပြက် ဆွဲယူလိုက်၏။ ချွတ်ခနဲအသံနှင့်အတူ လှံအဖျားပိုင်းက လွတ်ထွက်လာ၏။ အဖျားပိုင်းအမြီးတွင်ကား ဓားတစ်ချောင်းအလား ချွန်ထက်သောအသွားပါသည့် လက်နက်တစ်ခု ဖြစ်နေသည်။

ဖေ့ချင်သည် ထိုလှံရှည်လက်နက်ကို ဆွဲထုတ်ပြီးလျှင် ချန်ကျင့်ထွေ၏ ဘယ်ဘက်လက်မောင်းဆီ ထိုးစိုက်ချလိုက်တော့သည်။



ချန်ကျင့်ထွေ နာကျင်ခြင်းလုံးဝမရှိ။ ဘယ်ဘက်လက်မောင်းမှ အကျီစသာလျှင် ဗြိခနဲ ပြုတ်သွားပြီး ညာလက်သီးက ဖေ့ချင်၏ရင်ဝဆီသို့ ဘုန်းခနဲ ထိုးထိမိသည်။

ချန်ကျင့်ကွေ၏ အကျီအပြဲမှ လက်မောင်းကို လှမ်းတွေ့ရလျှင် ဖေ့ချင်း အံ့အားသင့်သွား၏။ လက်မောင်း ပတ်လည်တွင်သံမဏိအပြားကြီးစွပ်ထားသောကြောင့်ပင်တည်း။ သို့သော် သူ ကြာကြာ အံ့ဩချိန်မရလိုက်။ ချန်ကျင့်ကွေ၏ လက်သီးချက်ကြောင့် လွင့်စဉ်ထွက်ကာ သွေးများထိုးအန်နေတော့သည်။

သို့တိုင် သူသည် လှုပ်ရှားမှုတစ်စုကို ပြုလုပ်ဖြစ်အောင် လုပ်လိုက်သေးသည်။ သူ့လက်ထဲမှ လက်နက်ကို ချန်ကျင့်ကွေ ထံသို့ လျှပ်တစ်ပြက် ပစ်လွှတ်လိုက်ခြင်းဖြစ်သည်။

'စွပ်'

ချန်ကျင့်ထွေ ရှောင်လိုက်သော်လည်း မလွတ်။ ညာဘက်ပေါင်ဘက်သို့ စိုက်ဝင်သွားသည်။ ထိုအချိန်တွင် ဖေ့ချင်မှာ လဲကျသွားတော့သည်။ ချန်ကျင့်ထွေလည်း ပေါင်တွင် ဒဏ်ရာတစ်ချက် ရသွားတော့သည်။

'ဖေ့မိသားစုရဲ့ လက်နက်က အတော့်ကို ဆန်းကျယ်နေမှကိုး'

ချင်ဖုန်းပတ်က မှတ်ချက်ချသည်။

ဖေ့ထိက မရယ်ချင်ရယ်ချင် ရယ်လိုက်ပြီး....

'ဖေ့မိသားစုရဲ့ လက်နက်ပုန်းကလဲ မခေပါဘူး'

ပြောပြောဆိုဆိုပင် လက်ဝါးရိုက်ချက် တစ်ချက် ရိုက်ထုတ်လိုက်၏။ ချင်ဖုန်းပတ်ကလည်း လက်ဝါးဖြင့်ခုခံသည်။ တစ်ကွက်သာလျှင် ယှဉ်ပြိုင်ပြီးနောက် ဖေ့တိက လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်။

ဖန်ဘောလုံးလေးလုံးက ချင်ဖုန်းပတ်ထံသို့ ပြေးဝင်၏။

ချင်ဖုန်းပတ်ကလည်း လူညံ့တစ်ယောက်မဟုတ်။ ဖေ့တိ လှုပ်ရှားလာသည်နှင့် ထခုန်လိုက်ပြီး ဖြစ်နေသည်၊ သူ့ထံသို့ ပြေးဝင်လာသော ဖန်ဘောလုံးလေးလုံးကို ခြေထောက်ဖြင့် ခတ်ထုတ်ပစ်လိုက်သည်။

'ဖောင်း...ဖောင်း....ဖောင်း....ဖောင်း'

ဖန်ဘောလုံးများက သူ့ခြေဖျားနှင့် ထိမိလျှင် ပေါက်ကွဲကာ အခိုးအငွေ့များ ပျံ့ထွက်လာ၏။ သိပ်သည်း ကျစ်လျစ်သော အနီရောင်အငွေ့များဖြစ်၏။

'အသက်မရှူကြနဲ့'

ချင်ဖုန်းပတ်က နှာခေါင်းကိုပိတ်ရင်း အလျင်အမြန်ပင် အော်ဟစ် သတိပေးသည်။ ထိုအငွေ့များကို အခြားသူများ ရှူရှိုက်မိမှာ စိုးရိမ်နေပုံရ၏။

သို့သော်....သူကိုယ်တိုင် အော်ဟစ်ပြီးသည်နှင့် ဦးနှောက်ထဲတွင် မူးဝေထိုင်းမှိုင်းလာတော့သည်။

* * *



ဖေ့တိ သဘောကျစွာပင် အော်ဟစ် ရယ်မောလိုက်၏။

သူ့ ဖန်ဘောလုံးကလေးများထဲတွင် အဆိပ်ငွေ့ မရှိ။ ထွက်ပေါ်လာသော အနီငွေ့များမှာ ရန်သူကို ချောက်ချားအောင် ဟန်ပြဖန်တီးထားခြင်း ဖြစ်၏။

သို့သော် ချင်ဖုန်းပတ် စောစောက ခုခံလိုက်သည့် လယ်ဝါးတွင်မူ အဆိပ်သင့် သွားခဲ့၏။ အခိုးအငွေ့များ ပျံ့လွင့်ထွက်လာချိန်တွင် ကြောက်ရွံ့ကာ နှာခေါင်းကို ပိတ်လိုက်သဖြင့် လက်ထဲတွင်ပေကျံ နေသော အားပျော့ဆေးကို ရှူရှိုက်မိကာ ပျော့ခွေသွားတော့သည်။

ဖေ့တိသည် ပီတိဖြစ်စွာ ရယ်မောရင်း အနီးသို့ ချဉ်းကပ်သွား၏။ ထိုအချိန်တွင် ချင်ဖုန်းပတ်သည် ရုတ်တရက် ခုန်ထလာပြီး ခြေထောက်ဖြင့်ကန်လိုက်၏။

ဤသို့ဖြစ်လာမည်ကို ဖေ့တိသည် ကြိုတင်ခန့်မှန်းမိကာ ပြင်ဆင်မှုရှိနေခဲ့၏။ လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်နှင့် ကြည်လင်သော အဆင်းတန်း ခြောက်ခုက ပျံ့ဝဲသွား၏။ အလင်းတန်း ခြောက်ခုမှာ တစ်ချို့ကမြန်ပြီး တစ်ချို့က နှေး၏။ တချို့က အသံထွက်ပြီး တချို့က အရောင်လက်နေ၏။ မတူညီသော နေရာ ခြောက်နေရာ ထောင့် ခြောက်ခုမှ ချင်ဖုန်းပတ်ကို တိုက်ခိုက်လာကြသည်၊'

သို့သော် ချင်ဖုန်းပတ်က သူ့ထံသို့ ခုန်ဝင်ခြင်း မဟုတ်သဖြင့် ဖေ့တိ၏တိုက်ခိုက်မှုက မည်သို့မျှအရာမရောက်။ ချင်

ဖုန်းပတ်မှာ အခိုးအငွေ့များ အုံ့ဆိုင်းနေသည့် အမွှေးတိုင်စိုက်အိုးဆီသို့ ခုန်သွားသွားပြီး ခြေထောက်ဖြင့် ကန်လိုက်ခြင်းဖြစ်၏။

'ဝုန်း'

အမွှေးတိုင်စိုက်အိုးသည် ပြာမှုန့်များနှင့်အတူ မြောက်တက်သွားပြီး အောက်သို့ပြန်ကျလာ၏။ ဖေတိ အကြီးအကျယ်ပင် ထိတ်လန့်တုန်လှုပ်ပြီး ဘေးသို့ ရှောင်တိမ်းလိုက်၏။ ပြာမှုန့်များက သူ့ပါးစပ်နှင့် မျက်လုံးများထဲသို့ ဝင်ရောက်သဖြင့် စကားသံ မပီသသလို မျက်လုံးကလည်း မမြင်ရတော့။

ချင်ဖုန်းပတ်က ခြေထောက်ဖြင့် သိမ်းကန်လိုက်ပြန်၏။ ဖေတိ သေကြောသေကွက်ကို ကန်မိပြီး ဖေတိမှာ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ သွေးများ အန်ထုတ်နေရ၏။ အခြေအနေ တော်တော်ဆိုးသော်လည်း ချင်ဖုန်းပတ် အားအင် လျော့နည်းသွားသဖြင့် သေဆုံးခြင်းကားမဖြစ်ခဲ့။

ချင်ဖုန်းပတ်သည်လည်းအားအင် ပြတ်လတ်ကုန်ခမ်းကာ ပျော့ခွေလဲကျသွားတော့သည်။

အကြိတ်အနယ်တိုက်ခိုက်နေကြခြင်း၏ နောက်ဆုံး ရလဒ်ကား ဖေထိန်ချင်း၊ ဖေရှင်းကန်း၊ ဖေပေါင်ပေါင်၊ ဖေတိ၊ ဖေချင်း၊ အားရွှေ၊ အရှုံးမ ကျိုးယို၊ ချန်ကျင့်ထွေနှင့် ချင်းဖုန်းပတ်တို့ ဒဏ်ရာရရှိသွားကြခြင်းပင် ဖြစ်၏။



ထိုအချိန်တွင် အခိုးအငွေ့များကြားမှ တစ်ခါမျှ ခေါင်းမော့ခြင်း မရှိခဲ့သည့်လူငယ်က ခေါင်းမော့လာသည်။ သူ့မျက်လုံးအစုံက လျှပ်ပြက်သည့်နှယ် ဝင်းလက်နေ၏။ မာန်သွင်း အော်ဟစ်လိုက်သံနှင့်အတူ ဓားမကြီးကို ဆွဲထုတ်ပြီးဖြစ်ကာ လူကလည်း ဝါးတစ်ပြန်ခန့် မြင့်တက်သွား၏။

လူငယ် အောက်သို့ ပြန်ကျလာသောအခါ ချင်ဖုန်းပတ်ရှေ့သို့ ရောက်သည်၊ ရောက်ရောက်ချင်းပင် ဓားမနှင့် ခုတ်ချ၏။ ရုတ်တရက်တိုက်ခိုက်လာခြင်းကိုချန်ကျင့်ထွေ၊ အားရွှေနှင့် ကျိုးယိုတို့က အတတ်နိုင်ဆုံး ဝင်ကူတိုက်ခိုက်သည်။ ဖယ်ခါထုတ်ခြင်းသာခံရကာ မြေကြီးပေါ်တွင် လဲကျမောဟိုက်နေကြတော့သည်။

သုံးကြိမ်သုံးခါတိတိ ကျိုးယိုတို့ကဝင်တိုက်ပြီးမှ ထိုလူငယ်တိုက်ခိုက်ခြင်းကို ရပ်လိုက်သည်။ သူ့မျက်လုံးအစုံက ထက်မြက်ပြီး မျက်နှာပြင်မှာ လူတစ်ယောက်ပုံစံနှင့်မတူ။ အသားက ဝါထိန်နေပြီး မီးနေသည်တစ်ယောက်အလားပင် ထင်ရသည်။ သို့သော် သူ့အသွင်သဏ္ဌာန်၊ သူ့ပုံစံကို မြင်လိုက်ရသူအဖို့မူ အလိုလိုရှိန်ကာ ထိတ်လန့် တုန်လှုပ်သွားစေနိုင်လောက်ပေသည်။

ထိုသူသည် တိုက်ခိုက်ခြင်းကိုရပ်တန့်ကာ လက်နှစ်ဘက်ဖြင့် ဓားမကြီးကိုကိုင်ထားပြီး မာန်ချိုံ့ကြွားစွာ ရပ်နေသည်။

ဖေ့တိက နာကျင်နေသည့်ကြားမှ အားတင်းပြုံးလို
ကာ....

'ဒီကနောင်တော်ကတော့ ကျုပ်တို့ဖေ့မိသားစု လူငယ်
မျိုးဆက်က နံပါတ်တစ်အဆင့်မြင့် ပုဂ္ဂိုလ်ဖေ့ထန်ဖုန်းပဲ'

ချန်ကျင့်ထွေမှာ ထိုစကားနာမည်ကို ကြားလိုက်ရသည်
နှင့် မိမိသေနေစေ့ပြီဟု ထင်မှတ်လိုက်တော့သည်။

ဖေ့ထန်ဖုန်းသည် သိုင်းလောကနှင့် ဖေ့မိသားစုနွယ်
ထဲတွင် အလွန်ပင်နာမည်ကြီးပြီး တစ်ချိန်က ဖေ့မိသားစု
ဂုဏ်ရှိန်ကို မြင့်တင်ပေးနိုင်ခဲ့သည့် ဖေ့ချိကဲ့သို့ အရည်
အချင်းမျိုးရှိသူဟုပင် ကျော်ကြားလှသည်။ ထို့အပြင် ဖေ
ယီကျောင်း ယုံကြည်အားကိုး အနှစ်ခြိုက်ဆုံးလည်း ဖြစ်ပေ
သည်။

သူသည် စာပေပညာတွင် နှံ့စပ်သလို လူသတ်ရာတွ
လည်း ရက်စက်ကြမ်းကြုတ်လှသူ တစ်ယောက်ဖြစ်၏။ ဖေ
မိသားစု၏ ဌာနချုပ်ဖြစ်သော ပုံ့ဆန်းတောင်သို့သွား
ကျုံးနန်တောင်တွင် သူကဦးစီးလျက် စောင့်ကြပ်သည့်တ
သူ့ကို မည်သူတစ်ဦးတစ်ယောက်ကမျှ ထိုးဖောက်သွားခြ
မပြုနိုင်ခဲ့။

ချင်ဖုန်းပတ်ကိုသတ်မည်ကြံပြီးမှ လက်တွန့်လိုက်ရခြင်းမှ
သူ့တွင် အကြောင်းရှိပေသည်။

သူသည် လမ်းတေလေဂိုဏ်းနှင့် ရန်ငြိုးမဖွဲ့ချင်ပေ။



ကျိဂုလီသည် ထင်းကျင့်၊ ထိုက်ရှန်တို့လောက် ဂုဏ်
သတင်း သိုင်းပညာ မမြင့်မားပေမယ့် ကျန်ဂိုဏ်းအဖွဲ့များရှိ
ဂိုဏ်းချုပ်တို့ထက် အဆင့်မြင့် ထက်မြက်လှပေသည်။

သူ့အသက်မှာ ငယ်ရွယ်သေးသည်မို့ သိုင်းလောက
အတွင်းသို့ ဝင်ရောက်လိုပေသေးသည်။ နာမည်ဂုဏ်သတင်း
ကြီးအောင် ပြုလုပ်လိုသေးသည်။ ကျိဂုလီနှင့် ပြဿနာဖြစ်
လျှင် သူသည် သိုင်းလောကထဲသို့ လွတ်လွတ်လပ်လပ် ဝင်
ထွက်သွားလာ၍ မဖြစ်တော့။

ထို့ကြောင့် အားလုံးကို နှုတ်ပိတ်သတ်ဖြတ်ရန် ကြံစည်
လိုက်သည်။ လမ်းတေလေဂိုဏ်း၏ ကိုယ်ရံတော်နှစ်ဦးကို
သတ်ပစ်လိုက်လျှင် တစ်နေ့နေ့တစ်ချိန်ချိန်တွင် လမ်းတေလေ
ဂိုဏ်း၏ ဝါရင့်ပုဂ္ဂိုလ်သို့ အလိုအလျောက် ရောက်ရှိသွား
မည်ဟုလည်း သူ့စိတ်ထဲတွင် ကောက်ကျစ်စွာ တွေးတော
ထားမိ၏။

ယခုအချိန်တွင် သူ့အနေနှင့် အချိန်မရွေး သတ်ဖြတ်
နိုင်ပေပြီ။

သူ့ရင်ထဲတွင် ပီတိလှိုင်းကြွနေသည်။ စဉ်းစားဆုံးဖြတ်ပြီး
ပြီမို့ ချန်ကျင့်ထွေတို့အားလုံးကို သတ်ဖြတ်ရန် ဟန်ပြင်လိုက်
စဉ်....

'ရပ်လိုက်စမ်း'

တစ်စုံတစ်ယောက်၏ အော်ဟစ် အမိန့်ပေးသံက ရုတ်
တရက် ထွက်ပေါ်လာသည်။ ဖေ့ထန်ဖုန်း ဒေါသထွက်

သွားသည်။ အသံထွက်ပေါ်လာရာဆီသို့ ဖြေးညှင်းစွာကြည့်လိုက်လျှင် မျက်နှာဝါဝါ ကြံ့ခိုင်သော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ဖေ့ထန်ဖုန်း ချက်ချင်းပင် သဘောပေါက်မိသည်။

ဖေ့မျိုးနွယ်၏ ရုပ်ပြောင်းရုပ်လွှဲပညာက သိုင်းလောက တွင် အထွတ်အထိပ်သို့ ရောက်နေသဖြင့် သူတွေ့ရသည်မှာ ရုပ်ဖျက်ပြုပြင်ထားကြောင်း ဒက်ခနဲသိလိုက်သည်။

သို့သော် ထိုသူကို မြင်လိုက်ရသည်နှင့် သူ့ရင်ထဲတွင် အမျိုးအမည်မဖော်ပြတတ်သော ခံစားမှုတစ်မျိုး ဖြစ်ပေါ် လာသည်။ သူ့တစ်သက်တာတွင် တွေ့ရခဲ့သော ပြိုင်ဘက် ကြီးတစ်ယောက်ဖြစ်မည်ဟု ထင်မှတ်ကာ စိတ်လှုပ်ရှား တု ယင်လာမိလေသည်။

'ခင်ဗျား ဘယ်သူလဲ'

ဖေ့ထန်ဖုန်းက မာန်တင်းကာ မေးလိုက်သည်။

ထိုသူက ရုတ်တရက် ပြန်မဖြေသေး။ သူ့မျက်နှာတွ ပြုပြင်ဖန်တီးထားသည့် ရုပ်ပြောင်းပစ္စည်းများကို ဖယ်ရှ လိုက်သည်။ ခန့်ညားချောမောသော လူငယ်တစ်ယော ဖြစ်နေသည်။

ထိုသူကား ရှောက်ချူးရွှေ ပင်တည်း။

ဖေ့ထန်ဖုန်းမှာ ရှောက်ချူးရွှေ၏နာမည်ကိုသာ ကြ ဖူးပြီး လူကို မတွေ့ဖူးချေ။ ထို့ကြောင့် သူသည် တုံ့ပြ ခဲ့သော အခြားလူတစ်ယောက်ဟုသာ ထင်မှတ်နေ



ယနေ့ ကျုံနန်းတောင်ပေါ်သို့ တက်လာသည့်သူများက လည်း နယ်နယ်ရရမဟုတ်။ ရင်ဆိုင်ရ ခက်သူကြီးများသာ ဖြစ်ကြသည်။ နောက်ထပ် ရန်ငြိုးရန်မီး မပွားချင်တော့။ ထို့ကြောင့် ပြေပြစ်စွာပင်....

'ဒီကိစ္စတွေဟာ ကျုပ်တို့မိသားစုရဲ့ကိစ္စတွေပဲ၊ ခင်ဗျားနဲ့ ဘာမှမဆိုင်လို့ ဝင်မရှုပ်ပါနဲ့'

'ကျုပ်နဲ့ သိပ်ဆိုင်တာပေါ့'

'ဆိုင်ရအောင် ခင်ဗျားက ဘယ်သူမို့လို့လဲ'

'ကျုပ်က ရှောက်ချူးရွှေ ကိုယ်တိုင်ဖြစ်နေလို့ပဲ'

ရှောက်ချူးရွှေက အေးအေးတည်ငြိမ်စွာပင် ပြော၏။

ရှောက်ချူးရွှေ သူတို့ မျက်စိရှေ့တွင် ရောက်နေပြီမို့ အားရွှေနှင့် လျို့ယိုတို့မှာ စမ်းအသာကြီး သာသွားကြကာ အော်ဟစ်လိုက်ကြ၏။

ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်တို့နှစ်ယောက်မှာမူ ရှောက် ချူးရွှေကို မယုံကြည်နိုင်သည့် အသွင်ဖြင့် အံ့အားအသင့် ကြီး ကြည့်ရှုနေမိတော့သည်။

ဖေ့ထန်ဖုန်းက မျက်နှာရှုံ့မဲ့သွား၏။

'ဩော် ခင်ဗျားက ရှောက်ချူးရွှေပေါ့'

ရှောက်ချူးရွှေ ပြန်မဖြေ။

သူသိလိုသော မေးခွန်းတစ်ခုကို ထုတ်လိုက်သည်။

'ကျုပ်မိတ်ဆွေတွေ ဘယ်မှာလဲ'

ဖေ့ထန်ဖုန်း၏မျက်နှာထားခက်ထန်၍မာကျောသွား၏။

'ကျုပ်ရဲ့တံခါးပေါက်ကို ဖြတ်ကျော်ပြီးမှ ဝှာဆန်းတောင်ကို သွားရှာပေါ့'

ဖေ့ထန်ဖုန်းသည် စိတ်အလိုအလျောက် ပြောလိုက်ပြီးမ ရင်ထဲတွင် တုန်လှုပ်သွားမိသည်။ သူ့စကားအရ ရှောက် ချူးရှွေသည် သူ စောင့်ကြပ်နေသော နေရာကို ကျော်ဖြတ် သွားနိုင်လိမ့်မည်ဟူသော သဘော သက်ရောက်နေသည် မဟုတ်ပါလား။ တစ်ဖန် သူ့မိတ်ဆွေများ ချုပ်နှော သိမ်းဝှက် ထားသည့် နေရာကို ပြောပြလိုက်မိ သဖြင့်လည် အမှားကြီးမှားသွားခဲ့ပြီဟု ထင်မှတ်လိုက်၏။

မိမိစကားအမှား၊ မိမိ စိတ် အင် အား လျော့ကျမှု ကာကွယ်သည့်အနေဖြင့်....

'ခင်ဗျားက ရှောက်ချူးရှွေဆိုတော့ ကျုံးနန်တောင် အောက်ကို မဆင်းနိုင်တော့ပါဘူး၊ ဒီမှာပဲ အရိုး မြေက ရတော့မယ်'

ရှောက်ချူးရှွေ ထီးမထင်သည့်အပြုံးကိုပြုံးလိုက်၏။

'ကျုပ်ကလဲ ကျုံးနန်တောင်အောက်ကို ဆင်းသွားမှ မဟုတ်ပါဘူးဆိုတော့ ဝှာဆန်းတောင်ပေါ် ဆက် တက် မှာပေါ့'

ဖေ့ထန် ဒေါသထွက်လာ၏။

'သူရဲကောင်း အမိန့်ပေးတံဆိပ်ပြား ဘယ်မှာလဲ၊ အ အမြန်ဆုံးထုတ်ပေးစမ်း'



ရှောက်ချူးရှွေ အဝေးသို့သာ ငေးကြည့်နေ၏။

ဖေ့ထန်ဖုန်းကို ဂရုပင်မစိုက်။

'မင်းနဲ့တန်လို့လား'

ဖေ့ထန်ဖုန်းမှာ တစ်သက်လုံး လူတစ်ဖက်သားက စော်ကား အထင်သေးခြင်း မခံခဲ့ရဖူးသဖြင့် တစ်ကိုယ်လုံးပင် တဆတ်ဆတ်တုန်ယင်လာသည်။ သို့သော် တိုက်ပွဲတစ်ခုတွင် ဒေါသရှေ့ထားသူမှာ အမှားနှင့်သာ ရင်ဆိုင်တွေ့ရမည်မို့ သူ့စိတ်ကို သူ အတင်းအကျပ်ပင် ချုပ်တည်းထားရ၏။

သို့သော် ရှောက်ချူးရှွေ၏မျက်နှာက ပြုံးရောင်သမ်းနေသဖြင့် မိမိကို လှောင်ပြောင်နေသည်ဟု ထင်မှတ်ကာ ချုပ်တည်းထားသော ဒေါသတို့ ပြေကျသွား တော့သည်။

'တောက်....သေပေတော့'

ပြောပြောဆိုဆိုပင် ဓားမကိုင့်ဆွဲ့ယမ်းကာ ရှောက်ချူး ရှွေအား ခုတ်ပိုင်းချလိုက်တော့သည်။

* * *

ဖေ့ထန်ဖုန်း၏ ဓားအားလှိုင်းက တစ်ဝီဝီအော်မြည်ကာ လှုပ်ရှားလာ၏။

ရှောက်ချူးရွှေ၏ခန္ဓာကိုယ်ကလည်း သစ်ရွက်ကြွေလေး တစ်ရွက်ပမာ အလိုက်သင့် လွင့်မျောနေ၏။ ဓါးမ အား ထိုင်းနှင့် ထိတွေ့ရာ ဝတ္ထုပစ္စည်းတို့မှာ အသီးသီးပင် လဲပြို ကျကုန်၏။

ရှောင်ရှင်းတိမ်းရှင်း တိုက်ရင်း ခိုက်ရင်းမှ အခန်းအပြင် ဘက် ခန်းမကျယ် မြေကွက်လပ်ကြီးသို့ ရောက်လာ၏။ စား သောက်ခန်းထဲမှ လူအားလုံးလည်း အပြင်သို့ထွက်ကာ သူတို့နှစ်ယောက်၏ တိုက်ပွဲကို ဝိုင်းအုံ ကြည့်ကြ၏။ ထိုအထဲ တွင် ခမောက်ကြီးများ ဆောင်းထားသည့် လူငါးယောက် ငြိမ်သက်စွာဖြင့် တိုက်ပွဲအခြေအနေ ကြည့်နေကြသည်ကို မည်သူမျှ သတိမထားမိကြ။

လူအားလုံး၏ အကြည့်အာရုံများက ရှောက်ချူးရွှေတို့ ဆီသို့သာ ရောက်ရှိနေကြသည်။

ဖေ့ထန်ဖုန်းသည် ဓါးမကြီးကိုမြှောက်ကာ အစွမ်းကုန် ခုတ်ပိုင်းချလိုက်၏။ ဤဓါးချက်သည် ပြင်းထန်လှသဖြင့် တစ်ဖက်လူကို နှစ်ပိုင်းပင် ပြတ်တောက်သွားစေနိုင်ပေသည်။

သို့သော် ခရီးတစ်ဝက်သို့အရောက်တွင် ဓါးကွက်ဟန်က ရုတ်တရက် ပြောင်းလဲသွားသည်။ဓါးမအသွားက အပေါ် သို့ထောင်တက်သွားပြီး၊ ဓါးအသွား၏ ကျောဘက်က အမွှေးတိုင်များ ထွန်းသည့် အိုးထဲသို့ကျသွား၏။

'ဖုန်း'



အမွှေးတိုင်မှ ပြာမှုန့်များက လွင့်စဉ်ထွက်လာပြီး ရှောက် ချူးရွှေ ထံသို့ ဝဲလွင့်သွား၏။ ဖေ့ထန်ဖုန်းသည် တစ်ဆက် တည်းပင် ဓါးမကို ကန့်လန့်ဖြတ် လွှဲခုတ်လိုက်၏။

'ရှီး'

ဓါးအနောက်မှ အဆိပ်ရည်များ ပန်းထွက်သွား၏။ လွတ်နေသော သူ့ဘယ်လက်မှလည်း မတူညီသော လက် နက်ပုန်း လေးငါးခုကို ပစ်လွှတ်လိုက်သေးသည်။ အချို့မှာ လက်နက်ပုန်းဟုပင် မခေါ်နိုင်။ အဆိပ်ပိုးကောင်များ ဖြစ် ကြသည်။အဆိပ်ကောင် တစ်ကောင်ကောင် အကိုက်ခံရသည် ဖြစ်စေ၊ အဆိပ်ရည်ထိမှန်သည်ဖြစ်စေ၊ လက်နက်ပုန်းထိမှန် သည်ပဲ ဖြစ်စေ ရှောက်ချူးရွှေ သေရန်သာရှိ၏။

သို့သော် ရှောက်ချူးရွှေသည် အလျှင်အမြန်ပင် အာမခံ ဌာနဝတ်စုံကြီးကို ချွတ်ကာ လက်နက်ပုန်းများနှင့် အတူ ဖေ့ထန်ဖုန်းကို အုပ်ချလိုက်၏။ ထို့နောက် အဆိပ်ကောင် အဆိပ်ရည်၊ လက်နက်ပုန်း၊ ဓါးမနှင့်အတူ ဖေ့ထန်ဖုန်းကို လုံးထွေးလိုက်သည်။ ထို့ပြင် အမွှေးတိုင်၏ ပြာမှုန့်များ ကိုပင် ရောယှက်ထုတ်ပစ်လိုက်၏။

ဖေ့ထန်ဖုန်း ရုန်းကန်၏။ တစ်ချက်နှစ်ချက်သာရုန်းကန် နိုင်ပြီး နောက်ဆုံး၌ မလှုပ်နိုင်တော့။ ရှောက်ချူးရွှေ သည် တော့မှ ဝတ်ရုံကြီးကို ဖြေချလိုက်၏။

ဖေ့ထန်ဖုန်း၏မျက်နှာရှိ ဒွါရပေါက် ခုနစ်ပေါက်မှ သွေးများ ယိုစီးကျနေသည်။ ထို့နောက် သူ့ခန္ဓာကိုယ်မှာ အမွှေးတိုင်အိုးထဲသို့ ဘိုင်းခနဲကျသွားတော့သည်။

ဖေ့ထန်ဖုန်းသည် သူ့အဆိပ် သူသင့်ကာ သေဆုံးသွား ခဲ့ရချေပြီ။

ရှောက်ချူးရှေသည် အနန္တမူလဆေးတန်ခိုး၊ ရှောင်လင် ဝူတန်၊ မိုးဘုရင်ကြီး ကျူး၏ ဂိုဏ်းဆရာနှစ်ဦး၊ ဩဇာ အာဏာဂိုဏ်း ကိုယ်ရံတော်ကြီး နှစ်ဦးတို့၏ ပညာများ ကြောင့် သိုင်းပညာအဆင့်မြင့်လာကာအောင်နိုင်လိုက်ခြင်း ဖြစ်၏။

သည်တစ်ကြိမ် အောင်နိုင်လိုက်ခြင်းကား တစ်ယောက် ချင်း တိုက်ပွဲ အဆင့်မြင့်ပုဂ္ဂိုလ်တစ်ယောက်ကို ဒုတိယအကြိမ် အောင်နိုင်လိုက်ခြင်းဖြစ်၏။ ပထမအကြိမ်က လိုရှောင်ရွှဲ့ကို အောင်နိုင်လိုက်ခြင်း ဖြစ်ပေသည်။

သူသာထိပ်သီး အဆင့်လွန်ပုဂ္ဂိုလ်ကြီး ရှစ်ဦး၏ သိုင်း ပညာစွမ်းကို ထုတ်သုံးနိုင်စွမ်းမရှိလျှင် ဖေ့ထန်ဖုန်း၏ဓားမ ချက်အောက်တွင် စောစီးစွာပင် အသက်ပျောက် သေဆုံး သွားရမည် ဖြစ်ပေသည်။

သူသည် ဖေ့ထန်ဖုန်းနှင့် တိုက်ခိုက်စဉ်တွင် ကျန်းချန် ကျွင်းနှင့် ဝမ့်ဆွေယီတို့၏ လက်ဝါးပညာကို အသုံးပြုကာ အပြင်ဘက်သို့ ဆုတ်ခွာခဲ့သည်။ အမွေးတိုင်စိုက်အိုးအနီးသို့ ရောက်သောအခါ အရှေ့နှင့်အနောက် ဓားဝိဇ္ဇာတို့ထံမှ စာတ်ကျွမ်းခဲ့သတို့ ကိုယ်ဖော့ပညာနှင့် ကိုယ်ခန္ဓာလှည့်ပတ်မှု တို့ကို အသုံးပြုတိုက်ခိုက်ခဲ့ခြင်း ဖြစ်ပေသည်။



သို့သော် ဤတစ်ပွဲမှာ ရှောက်ချူးရှေ၏စိတ်ကို လှုပ်ရှား သွားစေသည်။ ခုန်ရှောင်တိမ်းချိန်တွင် သူတစ်ပါး၏ ပညာ ကို သုံးခဲ့ပြီး ရန်သူကြီးအား သတ်ဖြတ်သည့်အချိန်ကျမှ မိမိ ဉာဏ်ကို လွှာသုံးသောပညာ ထုတ်ဖော် အသုံးပြုရသော ကြောင့်ပင်တည်း။

ထို့ကြောင့် သူသည် သာမန် အဆင့်မြင့်ပုဂ္ဂိုလ်များထက် ပို၍ သာလွန် ထက်မြက်သွားရတော့သည်။ လိုရှောင်ရွှဲ့နှင့် တိုက်ခိုက်စဉ်က လိုရှောင်ရွှဲ့၏ ဓားအကျိုး အဆင့်မြင့်ပညာ ဖြင့် တန်ပြန်တိုက်ခိုက်လိုက်ခြင်း ဖြစ်သလို၊ ယခုလည်း ဖေ့ ထန်ဖုန်းအား သူ့အဆိပ်ဖြင့် သူ့ကို ပြန်သတ်လိုက်ခြင်းက တူညီသော သတ်ဖြတ်နည်းလိုပင် ဖြစ်နေတော့သည်။

ရှောက်ချူးရှေသည်ကိုယ်တိုင်စဉ်းစားသုံးသပ်ရင်းအမွှေး တိုင်စိုက်အိုးကြီးဘေးတွင် ကြောင်လျက်သား ရပ်နေမိ၏။ သူ့အသွင်အပြင်မှာ အောင်ပွဲရသူတစ်ယောက်လို တက်ကြွ မနေ။ မေတ္တာတရား၊ ကရုဏာတရားတို့ ပြည့်လျှမ်းသော အသွင်သာရှိနေ၏။

အားရွှေ၊ လျှိုယို၊ ချန်ကျင့်ထွေးနှင့် ချန်ဖုန်းပတ်တို့မှာ ရှောက်ချူးရှေ အနိုင်ရရှိလိုက်သဖြင့် ဝမ်းသာအားရ အော် ဟစ်လိုက်မိသည်။

ဖေ့တိ၊ ဖေ့ချင်တို့ ငါးယောက်ကား သူတို့ခေါင်း ဆောင်ကျဆုံးသွားသဖြင့် သူတို့အလောင်းကိုပင်မကောက်။

အရိပ်အယောင်ပင် မတွေ့လိုက်ရအောင် ကိုယ်ယောင်ဖျော
ပျောက်သွားခဲ့ရလေပြီ။

ရှောက်ချူးရှေသည် ဖေ့ထန်ဖုန်း၏အလောင်းကို ကိုယ်
တိုင်ပင် မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်၏။

သူ့စိတ်ထဲတွင် ဝှာဆန်းတောင်ပေါ်သို့ တက်ရောက်နိုင်
ရေးကိုသာ သန္နိဋ္ဌာန်ချနေမိသည်၊

ချန်ကျင့်ထွေက သူ့အနီးသို့ကပ်ကာ....

'အစ်ကိုကြီးရှောက် ဝှာဆန်းတောင်ပေါ် တက်မလို့
မဟုတ်လား၊ ကျုပ်တို့လဲ ခင်ဗျားနဲ့အတူတူလိုက်မယ်'

ချင်ဖုန်းပတ်ကလည်း....

'ကျုပ်တို့ဟာ တကယ်တော့ ရှားစီးနယ်ကိုလာ ပြီး
အစ်ကိုကြီးရှောက်ကို ပြည်မကြီးသွေးသောက်အဓိပတိပြိုင်
ဝင်နွှဲရအောင် လာခေါ်ကြတာပဲ၊ ကျုပ်တို့စိတ်ထဲမှာ အဲ
အဓိပတိနေရာကို အစ်ကိုကြီးပဲ ရသင့်တယ်လို့ ထင်တယ်
ဒါကြောင့်လဲ တကူးတက လိုက်ရှာခဲ့ကြတာပဲ'

လျှိုယိုကလည်း ထိုစကားမျိုးပင် ဝင်ပြောလာသည်။

ရှောက်ချူးရှေ ငြင်းပယ်ခြင်းမပြု။

အခြေအနေအချိန်အခါအရ ငြင်းပယ်ရန်လည်း မသင့်

အဓိပတိနေရာကို ယူရမည့်သူက လူငယ်တစ်ဦး။ နာမည်
ဂုဏ်သိက္ခာ ကြီးမြတ်ရန်အတွက်မဟုတ်။ ကြီးမားလေးပ
သော တာဝန်များကို ထမ်းဆောင်ရန်အတွက်သာ ဖြ
လေသည်။



ဤတာဝန်က တစ်မျိုးသားလုံး၏တာဝန်။ ထိုတာဝန်ကို
သူ အသက်ရှင်နေသရွေ့ မမှိတ်မသုန် ထမ်းရွက်မည်ဟုလည်း
စိတ်ဆုံးဖြတ်ချက် ချလိုက်မိသည်။

'ပြိုင်ပွဲက ဘယ်နေ့လုပ်မှာလဲ'

ရှောက်ချူးရှေက မေးသည်။

ချန်ကျင့်ထွေက....

'သုံးလပိုင်း ဆယ့်နှစ်ရက်နေ့'

ချန်ကျင့်ထွေတို့ နှစ်ယောက်မှာ လမ်းတလျှောက်၏
အရေးပါသော လူငယ်နှစ်ယောက်ဖြစ်ကာ ကျိုဝူနယ်၏လေ့
ကျင့်ပေးထားမှုကြောင့် နက္ခတ်တာရာပညာ၊ ဗေဒင်ပညာ၊
ရာသီဥတုခန့်မှန်းတွက်ချက်သည့် ပညာတို့ကိုပါ တတ်ကျွမ်း
ထားကြပေသည်။ သူတို့က ထိုနေ့ထိုရက်၏ အခြေအနေများ
ပေါ်ပေါက်လာနိုင်သည့် အရေးအခင်းများကို ပြောပြ၏။

ရှောက်ချူးရှေ ခေါင်းညိတ်လိုက်ကာ....

'ကျုပ် သွားဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် အခုကိစ္စကို
ပြီးပြတ်အောင်လုပ်ပြီးမှ စကား ဆက်ပြောကြတာပေါ့'

သို့နှင့်သူတို့လူသိုက်မှာ ဝှာဆန်းတောင်ဆီသို့ တက်လာခဲ့
ကြလေတော့သည်။

## အခန်း (၃)

မြူခိုးများ မှိုင်းမှိုင်းဝေနေသည်။

တောင်ပေါ်လေကလည်း ခပ်ပြင်းပြင်း ခပ်ကြမ်းကြမ်း ကလေးပင် တိုက်ခတ်နေသည်။

ရှောက်ချူးရွှေတို့အုပ်စုသည် သတ္တိစွမ်းရည်နှင့်ဉာဏ်စွမ်းရည် မြင့်မားကြသော်လည်း ဝှာဆန်းတောင်ပေါ်သို့မူ သတိကြီးစွာထား၍ တက်ရောက်နေရလေသည်။ ဝှာဆန်းတောင်သည် ကျောက်ဆွယ်ကျောက်ခက်များပေါသည်။ ချောက်ကမ်းပါးလည်းထူပြော၏။ တောင်တက် လမ်းမှာ တစ်ခါတစ်ရံ လူတစ်ယောက် မနည်းကူးဖြတ်ရသည့် အနေအထားမျိုးရှိ၏။



သို့သော် သူတို့ဇွဲမလျှော့ကြ။

တောင်ကြီး ဖဝါးအောက်ဟူသော ဆိုစကား အတိုင်း တက်လာခဲ့ကြသည်။ ဝှာဆန်း တောင်၏ လမ်းခုလတ် တောင်ခြေတစ်နေရာတွင် ခဏနားကြသည်။ ရိက္ခာခြောက်များကို စမ်းရေ ကြည်ကြည် အေးအေးဖြင့် မျှောချ အဆာဖြေကြသည်။

သူတို့တွင် အထုပ်အပိုးပါသူဟူ၍ ချန်ကျင့်ထွေနှင့် ချင်နန်းပတ်တို့သာရှိကြ၏။ သူတို့နှစ်ယောက်မှာ လမ်းတလေ ကြ်ား၏ ရာထူးအဆင့် သက်မှတ်သော အိတ်ကြီး အိတ်သေး ဆယ်လုံးကျော်ခန့်စီ ပါလာကြ၏။ ထိုအထဲတွင် မည်သည့် ပစ္စည်းများ ထည့်ထားကြသည်မသိ။ အထုပ်အပိုးများလေ ပါရင့်လေ အဆင့်မြင့်လေဖြစ်၏။ ရှောက်ချူးရွှေတို့မှာလမ်း တလေဂိုဏ်းတွင် ထူးဆန်းအံ့ဖွယ် အကြောင်းအချက်များ ရှိနေသည်ကိုသိသော်လည်း မည်သို့မျှ မေးမြန်းခြင်းမပြု။

အားရွှေမှာ ညစ်ပတ်ပေရေနေသော ဝတ်စုံကိုချွတ်ကာ ကြက်သွေးရောင်ဝတ်စုံဖြင့် လဲလှယ်သည်။ ထို့အတူ လျှိုယိုကလည်း လဲလှယ်သည်။ သူမသည် ရှုံးသွပ်သွပ် ပေါ်တော တောလိုနေတတ်သော်လည်း ရုပ်ချောရုပ်လှသူ တစ်ယောက် ဖြစ်ပေသည်။

နေရောင်က သစ်ရွက်သစ်ကိုင်းများကြားမှ ထိုးဖောက် ဝင်းနေသဖြင့် သူတို့ အနားယူသော နေရာ ကလေးမှာ နေပြောက်တို့ဖြင့် သာတောင့်သာယာရှိနေ၏။

'အစ်ကိုကြီးရှောက်သာ တကယ်လို့ ပြည်မကြီး ဒေ
သောက် အဖွဲ့ရဲ့ အဓိပတိခေါင်းဆောင်ဖြစ်ခဲ့ရင် ဘာလု
အစီအစဥ်ရှိသလဲ'

ချန်ကျင့်ထွေက မေးသည်။

ရှောက်ချူးရွှေသည် ခေါင်းမော့ကာ နေပြောက်မှ
အား ငေးကြည့်နေ၏။ နေရောင်က ရွှေရည်ပမာဆမ်းထ
သဖြင့် သူ့မျက်နှာကဝင်းပနေသည်။ သူ့ဝတ်စုံဖြူကလည်
ဝါကြန့်ကြန့်ဖြစ်နေသည်။ တောင်လေက ဝှေ့ယမ်းသ
သဖြင့် တဖျပ်ဖျပ်လွင့်သွားသော သူ့ဝတ်စုံက သူ့
အာရုံကို ပြန်လည်စုစည်းလာစေ၏။

ချန်ကျင့်ထွေ၏ အမေးစကားကိုအတန်ကြာမှ သက်ပြ
ချလျက်....

'အခုလောလောဆယ်တော့ ဘာ အကြံအစည်မှ မ
သေးဘူး၊ ကျုပ်ဟာ တောင်တွေကို တစ်တောင်ပြီး တ
တောင် ကျော်ဖြတ်နေရတယ်၊ စိတ်အေးလက်အေး အ
လိုက်နေတာ မဟုတ်ဘူး၊ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရ
ပါပေမယ့် အဲဒီလို တောင်တက်ရတာမျိုးကို ကျုပ်နှစ်ခြို
တယ်'

လျှိုယိုနှင့်အားရွှေတို့မှာ နားလည်သလိုလို။ နားမလ
သလိုလို ဖြစ်နေ၏။

ချန်ကျင့်ထွေက....

'အများအားဖြင့်တော့ ခေါင်းဆောင်လုပ်မယ့် သူ
ဟာ ကြိုတင်ပြီး အစီအစဥ်ဆွဲထားတတ်ကြတယ်၊ ကို



တာဝန်ယူရတဲ့အချိန်မှာ ဘာတွေလုပ်မယ်၊ ဘယ်လိုဖန်တီး
မယ် ဆိုတာမျိုးပေါ့'

ရှောက်ချူးရွှေကား တောတောင် သဘာဝအလှတို့ကို
ငေးမောနေမိသည်။ ကျေးငှက်များ၏ အော်မြည်သံ၊ ထင်း
ရှူးရွက်တို့၏ အသံတို့က သူ့နားထဲတွင်သီချင်းတစ်ပုဒ်ပမာ
ဖြစ်နေ၏။

'ကျုပ် ခေါင်းဆောင်မှုမဟုတ်ဘဲ၊ တိုက်စစ်မှူး တစ်
ယောက်သာ ဖြစ်တယ်၊ ကဗျာလင်္ကာတွေကို ကြိုက်နှစ်သက်
တဲ့ လူတစ်ယောက်၊ ပန်းချီအနုပညာကို ခုံမင်တဲ့ လူ တစ်
ယောက်၊ ပြီးတော့ ရန်သူကိုတိုက်ခိုက်နိုင်တဲ့ လူတစ်ယောက်
ဖြစ်ချင်တယ်'

'အစ်ကိုကြီးက ဘာနဲ့တိုက်ခိုက်နေတာလဲ'

ချင်ဖုန်းပတ်က မေးသည်။

ရှောက်ချူးရွှေက တည်ငြိမ်စွာပင်....

'ကျုပ်ဟာ ကျုပ်နဲ့ ပြန်ပြီး တိုက်ခိုက်နေတာပဲ'

'ကျုပ် သဘောမပေါက်ဘူး'

ရှောက်ချူးရွှေ ဘာမျှမပြော။ သူ့အတွေးနှင့် သူသာ
မြှုးနေလိုက်သည်။ ထို့နောက် ချင်ဖုန်းပတ်တို့ကိုဦးဆောင်
ကာ ဝှာဆန်းတောင်ပေါ်သို့ ဆက်တက် လာခဲ့တော့သည်။

ဝှာဆန်းတောင်ပေါ်သို့ တက်ရောက်ရာ လှေကားထစ်
များက အထစ်ပေါင်း နှစ်ရာခုနစ်ဆယ့်လေးထစ်တိတိရှိကာ
ရှည်လျားလှ၏။ ဆေးပတ်ပတ်လည်တွင် ကျောက်ဆောင်

သစ်ပင်တို့က ဝန်းရံထား၏။ တောင်ပေါ်သို့ တက်ရာလမ်းကလည်း ဤလမ်းတစ်လမ်းတည်းသာ ရှိ၏။ လှေကားထစ်အစတွင် အဝိုင်းသဏ္ဍာန် သံမဏိပြားတစ်ခုရှိ၏။ ဘေးတွင် မတ်စောက် မြင့်မား ချောမွတ်သည့် ကျောက်နံရံတစ်ခုရှိ၏။ သံမဏိပြားကိုသာ လှေကားထစ် အပေါက်တွင် ပိတ်ဆို့လိုက်လျှင် တောင်ပေါ်မှလူနှင့် တောင်အောက်ကလူမှာ အဆက်အသွယ် ပြတ်တောက်သွားနိုင်ပေသည်။

ယခုတွင်ကား ထိုအပေါက်ဝကို ပိတ်မထား။ ရှောက်ချူးရွှေ၏ ခန္ဓာကိုယ်နှင့်အပေါက်ဝ၏အမြင့်က ထိလုနီးပါးဖြစ်နေ၏။ခေါင်းမော့လိုက်လျှင် ကောင်းကင်ပြင်ကြီးကိုသာ မြင်ရ၏။

သို့သော် ရှောက်ချူးရွှေသည် လှေကားထစ် ဘေးမှ အရာဝတ္ထုကို မကြည့်မိ။ ထို့ကြောင့် ထိုနေရာ၌ တစ်စုံတစ်ယောက် ပုန်းအောင်းနေသည်ကို မသိ။

အမှန်တကယ်ပင် ထိုနေရာ၌ လူလေးဦး ပုန်းအောင်းစောင့်ဆိုင်းနေကြ၏။ ထိုလေးယောက်ထဲတွင် ဖေ့တိနှင့် ဖေ့ချင်းတို့ ပါဝင်ကြ၏။သူတို့နှစ်ယောက်ကိုကားကြောက်စရာမလို။ သူ တို့ အနီးတွင်ရှိ ကျန် လူ နှစ်ယောက်ကသာ စရာ ကောင်းလှသည်။

တစ်ယောက်မှာ ကျောင်းတော်သားပုံစံဖြစ်ပြီး မျက်နှာတစ်ပြင်လုံးမှာ စိမ်းဖန့်ဖန့်အရောင် သမ်းနေသည်။ လက်ထဲတွင်မူ ဓားမကြီးတစ်လက်ကို ကိုင်ဆောင်ထားပြီး ကျောက်ဆောင်ကြီး တစ်ခု၏အပေါ်တွင် ပုန်းအောင်းနေ၏။



ထိုသူသည်ခေါင်းကိုပင်မော့ခြင်း မပြု။ မည်သူမျှသည်သူ့အနီးသို့ တိုးကပ်သွားခြင်းမပြုရဲကြ။ဖေ့တိနှင့်ဖေ့ချင်းတို့ပင် မကပ်ရဲကြ။ လှေကားထစ်လမ်းမပေါ်တွင်မူ မိန်းမကြီး တစ်ယောက်ရှိနေသည်။ အရပ်မြင့်မြင့် မျက်နှာသွယ်သွယ်။ ဆံပင်ကလည်း ရှည်လျားလှ၏။ သူ့လက် နှစ်ဖက်တွင်မူ ဓားမရှည်နှစ်ချောင်းကို ကိုင်ဆောင်ထား၏။ ဓားမှာကမည်းနက်ပြီး အချိန်တစ်ဆယ်ခန့် အနည်းဆုံးရှိမည်ဟု ထင်မှတ်ရသည်။

ထိုမိန်းမကြီး၏ မျက်နှာအမူအရာက အလွန်ပင်အေးစက်စက် နိုင်လှပေသည်။ လူသတ်ချင်သည့်အရိပ်အယောင်များဖြစ်၏။

သူတို့လေးယောက်သည် ရှောက်ချူးရွှေတို့ တက်လာမည့်အချိန်ကို မနေရာအသီးသီး၌ စောင့်ဆိုင်းနေကြ၏။

ရှောက်ချူးရွှေသည် လှေကားပေါ်သို့ လှမ်းတက်သာ၏။ လှေကားအတက်လမ်းက မတ်စောက်လွန်းသဖြင့် သူသည် တစ်လှမ်းချင်းသာ လျှောက်လှမ်းတက်နေရ၏။

ရှောက်ချူးရွှေမှာ အလိုလိုနေရင်းပင် ထန်ဖန်းကို သတိရနေမိ၏။

သူ ခေါင်းမော့ကြည့်လိုက်သောအခါတောင်ထိပ်ဆီတွင် မှိုမှန်များလွင့်တက်နေသည်ကို တွေ့လိုက်ရ၏။ လှေကားထစ်တားနေရာအချို့တွင်စမ်းရေများစီးဆင်းနေသယောင်

ထင်ရ၏။ ဤတောင်ကုန်းမြင့်ကို သူနှင့်ထန်ဖန်းတို့ ပိုင်ဆိုင်ရာ နေရာတစ်ခုဟုပင် ထင်မှတ်မိသည်။

လှေကားထစ်အဆုံးပိုင်းတွင်ကား သူတို့ကို သတ်ဖြတ်မည့်သူ လေးယောက်က ပုန်းအောင်းစောင့်ဆိုင်းနေကြ၏။ ထိုလူနှစ်ဦးကား ဖေ့ဝန်နီနှင့် ဖုန်းစယ်ဝုတို့ လင်မယားပင် ဖြစ်ကြ၏။

ဖေ့ဝန်နီသည် ဖေ့ယီကျောင်း၏သမီးအကြီးဆုံးဖြစ်ပြီး သိုင်းလောကတွင် နာမည်ရှိသည်။ မာန်မာနကြီးသည် ဖေ့မိသားစု၏ ဖုန်းစယ်ဝုနှင့် အိမ်ထောင်ကျသည်။ သူတို့ ဇနီးမောင်နှံနှစ်ယောက်မှာ ကိုယ့်ကိုယ်ကို အထင်ကြီးသူများ ဖြစ်ကြပေသည်။

ဖုန်းစယ်ဝု၏ မျက်နှာအရောင်က စိမ်း ဖန့် ဖန့် ဖြစ် ပြီး သန်မာထွားကျိုင်းလှ၏။ သူ၏ခါးမဝှေ့ယမ်းပညာမှာ သိုင်းလောကတွင် နာမည်ကြီးသည့် လက်နက်ခုနစ်မျိုးထဲက တစ်မျိုးဖြစ်၏။ ဖန့်မိသားစုအရေးနိမ့်ကာ ထိန်မိသားစု၏ လက်ချက်ဖြင့် အသတ်ခံခဲ့ရပြီးနောက် ဤခါးမဝှေ့ယမ်းပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းသူဆို၍ သူတစ်ယောက်တည်းသာ ကျန်ရှိ ပေတော့သည်။ ကိုယ့်ပညာ ကိုယ် အထင်ကြီးကာ တခြားလူကို ပညာအမွေမပေးသဖြင့် ပျံ့နှံ့ခြင်းမရှိ။

သို့အတွက် တိမ်ကောလုပင် ဖြစ်နေသည်။

သူသည် ဖေ့မိသားစုထဲသို့ ရောက်ခဲ့ခြင်းမှာ သူ့မိသားစု၏ ဂုဏ်သိက္ခာကို ပြန်ဆယ်လိုသောကြောင့်ဖြစ်ပေ၏။



ဖေ့ဝန်နီ၏ ဓားမပညာကလည်း နှယ်နှယ်ရရမဟုတ်။ သူတို့နှစ်ယောက်သာ ပူးပေါင်းတိုက်ခိုက်လျှင် အရှိန်အဟုန် ပြင်းထန်ကာ ရန်သူတို့ အကျဉ်းအကျပ်တွေ့ကာ အနိုင်ယူနိုင်မည်ဖြစ်၏။

သို့သော် သူတို့နှစ်ယောက်မှာ ကိုယ့်မာနနှင့်ကိုယ် ရှိကြသဖြင့် ပူးပေါင်းတိုက်ခိုက်ခြင်းကို မည်သည့်အချိန်မှ မပြုခဲ့။ ယခုလည်း ဖေ့ဝန်နီသည် လှေကားထစ်များ၏ အလယ်လောက်တွင် စောင့်ဆိုင်းနေပြီး၊ ဖုန်းစယ်ဝုကမူ အပေါ် ကျောက်ဆောင်ထက်တွင် ပုန်းအောင်းနေ၏။

ဖေ့ဝန်နီသည် သူ့ဓားမကို အပေါ်သို့ မြင့်မြင့် မြှောက်တင်ထား လိုက်သည်။ နောက်ထပ် ခြေလှမ်းဆယ် … လှမ်းခန့် တက်လိုက်လျှင် ရှောက်ချူးရွှေတို့မှာ သူတို့အနီး သို့ ရောက်ပေတော့မည်။

သူ့အင်္ကျီ လေတိုးသံ တဖျပ်ဖျပ် မြည်နေသော်လည်း ရှောက်ချူးရွှေ မကြားမိ။ သူ့စိတ်အာရုံက ထန်ဖန်းဆီသို့သာ ရောက်ရှိနေသည့်အတွက် ပတ်ဝန်းကျင်နှင့် အန္တရာယ်ကြီးကို မေ့လျော့နေမိတော့သည်။

ရှောက်ချူးရွှေသည် လှေကားထစ်များအတိုင်း ခြေလှမ်းတက်လာခဲ့ရင်း ထန်ဖန်းရှိစဉ်တုန်းက ဆိုခဲ့ဖူးသော သီချင်းတစ်ပုဒ်ကို စိတ်ထဲမှ ရေရွတ်ဆိုနေမိသည်။

ကျောက်လှေကား၏ နောက်ဆုံးအထစ်ပေါ်သို့ တက်မည် ပြုသောအခါ သူ့စိတ်ထဲတွင် ထူးခြားချက် တစ်ခုကို ခံစားလိုက်ရသည်။

တောင်လေသည် အပြင်းအထန် တိုက်ခိုက်နေ၏။ ပ လှုပ်ပိန်နဲ့သူဆိုလျှင် လေနှင့်အတူပင် လွင့်မျောပါသွားနိုင် သို့သော် ယခု လှေကားထစ်ပေါ် တက်မည့်ဆဲဆဲတွင် ဘေးနှစ်ဖက်နှင့် နောက်ဘက်ဆီမှ လေတိုးသည်ကို ခံ လိုက်ရပြီး ရှေ့ဘက်ဆီမှ ၌လတိုးအား ပျော့ကျသွားသ

ရှောက်ချူးရွှေ ချက်ချင်းပင် သိရှိနားလည်လိုက်သ သူ့ရှေ့တွင် တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခု ဆီးထားလိုက်ပြီကို တွေးမိ၏။

သူ ထိုသို့တွေးလိုက်စဉ်မှာပင် ဖေ့ဝန်နီ၏ မာန်သ အော်ဟစ်သံက ရုတ်တရက် ထွက်ပေါ်လာ၏။

'ယား'

တောင်ပြိုမတတ်အော်သံက ကျယ်လောင်လှ၏။ ထို့ ဓားမခုတ်ပိုင်းချက်ကလည်း ပြင်းထန်မြန်ဆန်လှသည်။

ရှောက်ချူးရွှေ နောက်သို့ မဆုတ်နိုင်တော့။ ဓား ကိုသာ ဆွဲထုတ်လိုက်ရတော့သည်။

လျှပ်တစ်ပြက်တို့ မြန်မှုက မြန်ဆန်လှသည်။ ဖေ့ဝ လက်နှစ်ဖက်မှ ဓားမကို ကိုင်မြှောက်လျက် လေထဲတွင် စဉ်မှာပင် သူ့ဓားကထွက်လာပြီး ရှေ့သို့ထိုးသွင်းပြီး နေ၏။ဖေ့ဝန်နီ၏ဓားမက ရှောက်ချူးရွှေ၏နဖူးနှင့် ခြေ လက်မခန့်သာ ကွာတော့သည်။

ထိုအချိန်မှာပင် ရှောက်ချူးရွှေ၏ ဓားရှည်က ဝန်နီ၏ရင်ဘတ်တွင်းကို ထိုးသွင်းပြီး ဖြစ်နေသည်။ သွားက ရင်ဝမှ နောက်ကျောသို့ ဖောက်သွားသည်။



ဖေ့တိနှင့် ဖေ့ချင်းတို့နှစ်ယောက်မှာ အလွန်ပင် သတိ ထားနေကြသူများ ဖြစ်ကြသည်။ အဒေါ်ဖြစ်သူ၏ ဓားမ ်းတစ်ဖက်တွင် ရပ်တန့်သွားသည်ကို မြင်ရသည်နှင့် ဖေ့ နီ ခံလိုက်ရပြီဖြစ်ကြောင်း သိလိုက်၏။ ကျောက်ဆောင် ာက်တွင် အသင့်တင်ထားသော ကျောက်တုန်းကြီးကို တွန်း လိုက်၏။

ထိုအချိန်မှာပင် ရှောက်ချူးရွှေသည် လှေကားထစ်၏ ်းအဆုံးပိုင်းသို့ ရောက်ရှိသွားပြီ ဖြစ်၏။ ဖြစ်ပေါ်နေ ည့် လက်ရှိအခြေအနေကိုလည်း ကောင်းစွာ မြင်လိုက် ြီး ဖြစ်၏။ ဖေ့ဝန်နီမှာ သူမကို ဓားချက်ထိသည်ဟုပင် ကြည်နိုင်လောက်အောင် ဖြစ်နေသည်။ ဖျတ်လတ်မှုနှင့် င်အားအပြည့်ပါသော ဓားချက်ကို ကြောင်နေမိသည်။ ားကမူ သူမ၏ရင်ဘတ်ထဲမှ ဆွဲနုတ်သွားပြီးဖြစ်သည်။

သူ အံ့ဩတုန်လှုပ်နေစဉ်မှာပင် နောက်ဘက်ဆီမှ အရာ ခုတိုးဝင်လာသည်ကို သတိထားမိသည်။ လှမ်းကြည့် ်လျှင် သူ့လူနှစ်ယောက်ဖြစ်နေသော ဖေ့တိနှင့်ဖေ့ချင်း ကျောက်တုံးကြီး တွန်းချလာသည်ကို မြင်ရ၏။ သူသည် ာက်လှေကားထစ်၏ အလယ်တွင် ရှိနေသဖြင့် ဘေးသို့ သွားလိုက်သည်။

ရှောက်ချူးရွှေမှာ ဓားချက်အထိခံရသည့်တိုင် ဖေ့ဝန်နီ ည် အားမာန်အပြည့်ဖြင့် သူ့ထံသို့ ခုန်အုပ်လာသည်ကို လျှင် ထိတ်လန့်တကြား ခုန်ပျံလိုက်သည်။ ထိုသို့ခုန်ပျံလိုက်

စဉ် သူမ၏ နောက်အက်မှ ကျောက်တုံးကြီးကို မြင်ရသည်။ သူ့အနေနှင့် ရှောင်တိမ်းလျှင် မီနိုင်သေးသည်။ သို့သော် သူ့နောက်မှ လိုက်ပါလာသော လမ်းကျဉ်းကလေးထဲ အားရွှေတို့လူသိုက် ရှိနေသေးသည်။ ထိုကျောက်တုံးပိလ သေရပေတော့မည်။

သို့သော် ရှောက်ချုံးရွှေ မရှောင်ရှားဘဲ ရင်ဆိုင်က လက်ဝါးအစုံဖြင့် ရိုက်ချလိုက်သည်။ ကျောက်တုံးမှာ စတ လိမ့်ဆင်းခါစမို့ အရှိန်မကြီးမားသေး။ သူ၏အတွင်းအ က မြင့်မားထူထပ်လွန်းနေပြီမို့ ကျောက်တုံးကို မ,ယူလို သည်။

ကျောက်တုံးက ပိဿာ တစ်ထောင်ခန့် လေးသ ရှောက်ချုံးရွှေ၏ ခေါင်းပေါ်တွင် အဖြူငွေ့များ ထ လာသည်၊ ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်နှစ်ယောက် အ သို့ တက်သွားကြသည်။

ဖေ့တိနှင့် ဖေ့ချင်းမှာ ကြီးမားလှသော ကျောက် ကြီးကိုရှောက်ချုံးရွှေပင့်မထားသဖြင့် မယုံကြည်နိုင်လော အောင်ဖြစ်ကာ အံ့အားသင့် မှင်တက်မိနေသည်။ ဖုန်း ဝှမှာ သူ့ဇနီးသည်သေဆုံးသွားပြီကို သိရှိလိုက်ရသဖြင့် ဖန့်ဖန့်မျက်နှာက ညိုပုပ်ပုပ်အရောင်သို့ ပြောင်းလဲသွာ

မြေပေါ်တွင်ချထားသော ခေါ်းမရှည်ကြီးကို လ ဆွဲကောက်လိုက်သည်။ ထိုအချိန်တွင် လျှိုယိုနှင့် အားရွှေ



လည်း ကျောက်တုံးကိုကျော်ဖြတ်ကာ အပေါ်သို့ ရောက် လာကြသည်။

သို့သော် စိတ်လှုပ်ရှားမှု ပြင်းထန်သောကြောင့် အား ရွှေသည် ကျောက်လှေကားထက်တွင် ချော်လဲသွားရပြန်၏။

'မြန်မြန်ပြေး'

ရှောက်ချုံးရွှေက အားရွှေအား သတိပေးသည်။

တစ်ဆက်တည်းပင် သူ့လက်ပေါ်မှ ကျောက်တုံးကြီးကို ရှောက်တင်လိုက်ရာ ကျောက်တုံးကြီးမှာ တောင်အောက်သို့ ုးခနဲ ကျသွားတော့သည်။ ရှောက်ချုံးရွှေသည် ကျောက် ုံးကြီးအောက်မှ မြွေတစ်ကောင်ပမာ လျှပ်ပြက်သည့်နှယ် လား လျှောခနဲထွက်သွားသည်။

သူ ကျောက်တုံးကြီးကို ပစ်ချလိုက်စဉ်တွင် ဖေ့တိနှင့် ချင်းတို့နှစ်ယောက်ကသူ့ကို ရင်ဆိုင်လာသည်။ ထိတ်လန့် လှုပ်ခြင်းကလည်း မပြေသေး။ အတွင်းအားကလည်း မ်းနေချိန်မို့ ဤအချိန်တွင် ရှောက်ချုံးရွှေအား ရှင်း းပစ်ရန် အကောင်းဆုံး အခွင့်အရေးဖြစ်သည်။ ဖေ့တိ ဖေ့ချင်းတို့ အခွင့်ကောင်းကို လက်လွှတ်မခံ။

တစ်ချိန်တည်းတွင် ဖုန်းစယ်ဝှ၏ ဓားမရှည်ကလည်း ပိုင်း ဝင်လာပြန်သည်။ ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ အားသော်လည်း ဖုန်းစယ်ဝှ၏ကြမ်းတမ်းပြင်းထန်သော အဟုန်ကို မတားနိုင်ကြ။ လျှိုယိုကလည်း ဟန့်တား

ခြင်း မပြုရဲ။ ဖုန်းစယ်ဝုသည် သူတို့လေးယောက်ကြားသို့ ရောက်ရှိသွားသည်။

'အားရွှေ သတိထား'

အရှုံးမလျှိုယိုက ထိတ်လန့်တကြီးပင် အော်ဟစ် သတိပေးသည်။

သို့သော် နောက်ကျသွားခဲ့ရချေပြီ။

အားရွှေသည် လဲကျနေရာမှ မတ်တပ်ရပ်လိုက်သည်နှင့် ဖုန်းစယ်ဝု၏ ဓားမရှည်ကြီးက ခုတ်ပိုင်းပြီးဖြစ်နေသည်။

'အား'

အားရွှေ၏ စူးစူးဝါးဝါးအော်ဟစ်သံက တောင်ကမ်းပါးယံတစ်ခုလုံး ပဲ့တင်ထပ်သွားတော့သည်။ ထို့နောက် သူ့ခန္ဓာကိုယ်မှာလည်း ကြိုးဖြတ်ချလိုက်သော အရုပ်တစ်ရုပ်ပမာ ညွတ်ကျသွားတော့သည်။

ဖုန်းစယ်ဝုသည် ဓားမရှည်ကြီးကို ဝှေ့ယမ်းယျက် ဟန်ပြင်သည်။ နောက်ထပ် ခုတ်ပိုင်းရန် လက်အရွယ်တွင် သူ့နောက်ကျောနှင့် တစ်စုံတစ်ယောက်၏ နောက်ကျောတို့ ထိကပ်မိသွားသဖြင့် လက်တုံ့လိုက်ရင်း နောက်သို့လှည့်ကြည့်လျှင် ရှောက်ချူးရွှေ ဖြစ်နေသည်ကို တွေ့ရ၏။

ဖေ့တိနှင့် ဖေ့ချင်းတို့နှစ်ယောက်မှာမူ ရှောက်ချူးရွှေ၏လက်ချက်ကြောင့် လဲကျသွားခဲ့ရပြီ။ ရှောက်ချူးရွှေသည် အရှေ့အနောက် ဓားဝိဇ္ဇာတို့၏ သွက်လက်လျင်မြန်လှသော ဓားသိုင်းပညာဖြင့် သူတို့နှစ်ဦးအား သတ်ပစ်



လိုက်ခြင်း ဖြစ်ပေသည်။ သူ့နောက်ကျောနှင့် ထိကပ်မိသော သူကို လှည့်ကြည့်မိသည်။ မျက်နှာ စိမ်းဖန့်ဖန့်နှင့် ဖုန်းစယ်ဝုကို တွေ့ရသည်။ ဖုန်းစယ်ဝုသည် ဓားမကြီးကို ကန့်လန့်ဖြတ်ကိုင်ထား၏။

လျှိုယိုသည် အသည်းတုန်အူတုန် အော်ဟစ်နေသည်။ အားရွှေမှာ သွေးအိုင်ထဲတွင် လဲနေသည်။ ရှောက်ချူးရွှေမျက်ဝန်းထဲတွင် လူသတ်ချင်သည့် အရိပ်အယောင်များ လွှမ်းသွား၏။

ရုတ်ခြည်းပင် လှုပ်ရှားလိုက်၏။

သူ့ဘေးက မာန်ဖီနေသော မြွေတစ်ကောင်ပမာ ဖုန်းစယ်ဝုထံသို့ တိုးဝင်သွားသည်။ တောင်ပေါ်လေက တဟူးဟူး တိုက်ခတ်နေသဖြင့် ဖုန်းစယ်ဝုမှာ ရုတ်တရက် မျက်လုံးမဖွင့်နိုင်။ ဓားအပြားကို လေဖိအားက တိုးနေသဖြင့် အတော်ပင် အားယူရသည်။

သူ အားယူနေစဉ်မှာပင် ရှောက်ချူးရွှေ သူ့ကျောကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။ တစ်ဆက်တည်းပင် ခန္ဓာကိုယ်သည်လည်း တောင်အောက်ဘက်ဆီသို့ ပြုတ်ကျသွားတော့သည်။

ရှောက်ချူးရွှေသည်. သွေးအိုင်ထဲတွင် လဲကျနေသော အားရွှေကို ပွေ့ထူလိုက်သည်။ အားရွှေ၏ တစ်ကိုယ်လုံးမှာ ဖြူရော်နေပြီး သူ့ကြက်သွေးရောင်ဝတ်စုံက သူ့သွေးများ

နှင့် ရောယှက်နေသည်။ သူ့မျက်ဝန်းအစုံက မျက်ရည်တို့ လျှံကျနေသည်။

'ကျုပ် ခင်ဗျားအတွက် လက်စားချေလိုက်ပြီးပြီ'

ရှောက်ချူးရွှေက နှစ်သိမ့်စကားပြောသည်။

အားရွှေက မျက်ရည်များကြားမှ အားတင်ပြုံးကာ....

'ကျွန်မ ဒီတစ်ခါချော်ယဲတာ တော်တော်ဆိုးသွားတယ်၊ အသွားမတော် တစ်လှမ်းဆိုတာ ဒါပဲနဲ့ တူပါရဲ့'

အားရွှေသည်ဤမျှသာပြောနိုင်ပြီးအသက်ထွက်သွားတော့သည်။

ရှောက်ချူးရွှေသည်း အားရွှေ၏အလောင်းကိုချီပိုးကာ ရှေ့သို့ ဆက်တက်လာခဲ့သည်။ တောင်ကတဖြည်းဖြည်း မတ်စောက်လာသည်။ ရှောက်ချူးရွှေတို့ ခဲရာခဲဆစ်ပင် တက်ခဲ့ကြရသည်။ သို့နှင့် ဝှာဆန်းတောင်ထိပ်တစ်နေရာသို့ ရောက်လာကြသည်။

တောင်ကုန်းက ကျောက်ဆောင် ကျောက်ခက်များ၊ ထင်းရှူးပင်များ တောင်ဇလပ်ပန်းများဖြင့် လှပနေသည်။ သို့သော် ရှောက်ချူးရွှေတို့ လေးယောက်ရင်ထဲတွင်မူ ဝမ်းနည်းနေမိကြသည်။ အားရွှေ၏ အလောင်းကို မည်သည့်နေရာ၌ မြှုပ်နှံပေးရမည်ကို စဉ်းစားမရကြသေး။

'ကျုပ်တို့နောက်မှာ လူငါးယောက် လိုက်လာကြတယ်၊ ဘယ်သူတွေမှန်းတော့ မသိဘူး'

ရှောက်ချူးရွှေ နောက်ပြန်လှည့်ကြည့်ကာပြောသည်။



ချင်ဖုန်းပတ်တို့ သုံးယောက်လည်း နောက်သို့ မသိမသာ လှည့်ကြည့်မိကြသည်။ တောင်တက်လမ်းပေါ်၌ ခမောက်ကိုယ်စီဆောင်းထားသော လူငါးယောက်ကို တွေ့ကြရ၏။ သူတို့ကိုယ်ပေါ်တွင် အရောင်မတူသည့် တောက်ပသော ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ စောစောက ရှောက်ချူးရွှေတို့ ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့သည့် ကျောက်လှေကားထိပ်တွင် ရပ်နေကြသည်။

'ဘယ်သူတွေလဲ -မသိဘူး'

ချန်ကျင့်ထွေက တီးတိုးရေရွတ်လိုက်သည်။

ရှောက်ချူးရွှေမှာ သူတို့ကိုမကြည့်ဘဲ ငြိမ်သက်စွာ တွေဝေနေသည်ကို လျှို့ယို တွေ့လိုက်ရလေသည်။

* * *

ရှောက်ချူးရွှေတို့တစ်တွေသည် ကျိုးရှန်တောင်ကြားဆီသို့ ရောက်လာခဲ့ကြသည်။ ဝှာဆန်းတောင်မှာ မတ်စောက်ပြီး ကျယ်ဝန်းလှပေသည်။ အရှေ့ အနောက် တောင် မြောက် တောင်ထွတ် လေးခုရှိပြီး အလယ်တွင် တောင်ထွတ်တစ်ခုရှိသည်။ ရုတ်တရက်ကြည့်လျှင် လက်ငါးချောင်းထောင်ထား

သကဲ့သို့ ထင်မှတ်ရပေသည်။ တောင်ထွတ် ငါးခုစလုံးမှာ တိမ်ကို ထိုးဖောက်မတတ် မြင့်မားကြသည်။

ထိုတောင်ထွတ်ငါးခုမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး ဂှာဆန်းတောင်ဟု ခြုံငုံခေါ်ကြပေသည်။

'ဂှာဆန်းတောင်မှာက တောင်ထွတ် ငါးခုတောင်ရှိနေတာ ဖေ့မိသားစုကလူတွေက ဆရာကြီးယန်တိုကို ဘယ်တောင်ထွတ်မှာ ဖမ်းချုပ်ထားသလဲ မသိတာခက်တယ်'

ချင်ဖုန်းပတ်ကလည်း ညည်းညည်းညူညူလေး ရေရွတ်သည်။

ရှောက်ချူးရွှေမှာ သူကိုယ်တိုင်လည်း မသိသဖြင့်....

'အနီးဆုံးတောင်ထွတ်ကနေစပြီး ရှာကြရုံပဲရှိတာပေါ့'

'တကယ်လို့ ရှာမတွေ့ရင်ကော'

ချန်ကျင့်ထွေက စောဒကတက်သည်။

ရှောက်ချူးရွှေက ပြတ်သားစွာပင်....

'မြေတစ်လက်မ မကျန်အောင် ဂှာဆန်းတောင်တစ်ခုလုံး ပိုက်စိပ်တိုက်ရှာရတော့မှာပေါ့၊ တကယ်လို့ ကျုပ်တို့တစ်တွေ ပျောက်ဆုံးသွားခဲ့ရင်လဲ ကိုယ်တော်ကြီးယန်တို ဒီလိုပဲ လုပ်လိမ့်မယ်'

ချန်ကျင့်ထွေ ငြိမ်သွားသည်။ ရှောက်ချူးရွှေ၏မိတ်ဆွေအပေါင်းအသင်းအပေါ် ထားရှိသည့်သံယောဇဉ်နှင့် စိတ်ဓာတ်သတ္တိတို့ကိုလည်း ပို၍ပင် လေးစားလာမိသည်၊



ရှောက်ချူးရွှေက တောင်အောက်ဘက်ဆီသို့လှမ်းကြည့်လိုက်သည်။

'ကျုပ်တို့နောက်က လိုက်လာကြတဲ့လူတွေ အခုလို လိုက်လာကြတာ ကျုပ်တို့ ရိပ်မိသွားကြပြီဆိုတာ သိသွားကြပြီ'

ချန်ကျင့်ထွေ၊ ချင်ဖုန်းပတ်နှင့် လျှိုယိုတို့ တောင်အောက်ငုံ့ကြည့်လိုက်ပြန်သည်။ တောင်တက်လမ်း တစ်လျှောက်တွင် တိတ်ဆိတ်ငြိမ်သက်နေပြီး ထိုသူငါးဦး၏ အရိပ်အယောင်ကိုပင် မတွေ့ရ။ မည်သည့်နေရာတွင်ပုန်းအောင်းနေကြသနည်း။ နောက်ပြန်ဆုတ်သွားကြခြင်းလား။ သူတို့ မည်သူတို့နည်း။ ထိုအတွေးများက လျှိုယိုတို့သုံးယောက်ကို အလုပ်ပေးလာသည်။

ရှောက်ချူးရွှေက ယတိပြတ်လေသံဖြင့်....

'သူတို့ ဘယ်သူတွေဖြစ်မယ်ဆိုတာတော့ မပြောနိုင်ဘူး၊ ဒါပေမယ့် ဖေ့မိသားစုက လူတွေမဟုတ်တာတော့ သေချာတယ်'

'ဘာကြောင့်လဲ'

ချင်ဖုန်းပတ်က တအံ့တသြ မေးသည်၊

ကျိဝူယီ၏ လက်အောက်ကိုယ်ရံတော်နှစ်ဦးသည် ဉာဏ်ပညာထက်မြက်သူများ ဖြစ်၏။ အတွေ့အကြုံပညာဗဟုသုတလည်း ကြွယ်ဝကြသည်။ သို့တိုင် ရှောက်ချူးရွှေ၏ ယတိပြတ် ပြောချလိုက်သောစကားကို သူတို့နားမလည်နိုင်ကြ။

—

'ကျုပ် ဖုန်းစယ်ဝုကို ချောက်ကမ်းပါးထဲ ရောက်အောင် ရိုက်ချခဲ့တယ်၊ သူ့ အော်သံက ချောက် အောက် အထိ မရောက်ဘဲ တစ်ဝက်တစ်ပြက်မှာ ပြတ်တောက်သွားခဲ့တယ်၊ တစ်စုံတစ်ခုအပေါ် ကျသွားသလိုပဲ၊ တောင်ခါးပန်းတစ်ခု ဖြစ်ဖို့များတယ်၊နောက်ပိုင်းမှာ အသည်းခိုက်အောင်နာကျင် တဲ့အသံ ဆက်ပြီးထွက်လာပြန်တယ်၊ဒါဟာဟိုလူငါးယောက် က သူ့ကို သတ်ပစ်လိုက်တာပဲဖြစ်မယ်'

ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်တို့နှစ်ယောက်က ယခုမှပင် နားလည် သဘောပေါက်သွား ကြသည်။ စောစောက တောင်ထက်လမ်းပေါ်တွင် ရှောက်ချူးရွှေသည် ဖုန်းစယ်ဝု အား ချောက်ထဲသို့ ရိုက်ချခဲ့သည်။ ရှောက်ချူးရွှေ တစ် အောင့်မျှ တွေဝေရပ်နေခြင်းမှာ နားစွင့်ထောင်နေခြင်း ဖြစ်သည်။ တောင်အောက်သို့ ကျသွားသည့်အသံကို ခန့်မှန်း ကာ နောက်မှလိုက်လာသူတို့၏ အကြံကို ခန့်မှန်းနေခြင်း လည်းဖြစ်သည်။

'ဖေ့မိသားစုထဲကလူတွေ မဟုတ်ပေမယ့် ကျုပ်တို့ တစ် တွေကို ရှေ့တန်းကနေ တိုးဖောက်တက်ခိုင်းနေတော့ ကျုပ် တို့တစ်တွေရဲ့ မိတ်ဆွေ မဖြစ်နိုင်ဘူး'

ရှောက်ချူးရွှေက ကောက်ချက်ချသည်။

သူတို့သည် တဖြည်းဖြည်း တက်လာကြရာ တောင်ထိပ် တစ်နေရာဆီသို့ ရောက်လာကြသည်၊ အုတ်အဆောက်အအုံ တစ်ခုကိုတွေ့ရလျှင် အံ့ဩသွားမိကြသည်။ တောင်ထိပ်တွင်



ဘုရားကျောင်းဆောင်ရှိလိမ့်မည်ဟု သူတို့ လုံးဝမထင်မှတ်ခဲ့။ အဆောက်အအုံက သန့်သန့်ပြန့်ပြန့် သေသေသပ်သပ်ရှိ၏။ ဘည်ဆောက်ထားသူ၏ အနုလက်ရာက ချီးကျူးစရာကောင်း သည်။

အဆောက်အအုံနှင့် ခပ်လှမ်းလှမ်းတွင် ရေတံခွန်တစ်ခု က တောင်ကြားနက်ထဲသို့ တဝေါဝေါစီးကျနေသည်။ ပတ် ဝန်းကျင်တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်နေပြီး ရေတံခွန်မှ ရေကျသံသာ ရှိနေသည်။

ရှောက်ချူးရွှေက လျိုယိုဘက်သို့လှည့်ကာ....

'အားရွှေကို ဒီနေရာမှာပဲ မြှုပ်နှံလိုက်ကြရင် ကောင်း မယ်ထင်တယ်'

လျို့ယိုက ခေါင်းညိတ်ပြသည်။

ရှောက်ချူးရွှေလည်း အားရွှေ၏ရုပ်ကလာပ်ကို သယ် ကာ ရေတံခွန်အောက် စိမ်းလန်းစိုပြေသော ရေအိုင်နက် ဆီသို့ လျှောက်သွား၏။ ထို့နောက် ဆုတောင်းပတ္ထနာပြု ကာ အားရွှေကို ရေအိုင်ထဲတွင် မြှုပ်နှံလိုက်သည်။

ထိုရေအိုင်ကား ဝှာဆန်းတောင်၏ နာမည်ကြီး ထွန်း တုံးအိုင် ဖြစ်ပေသည်၊

ထွန်းတုံးအိုင်မှ ဆက်လက်ကာ ရှောက်ချူးရွှေ တောင် ပေါ်သို့ တက်လာခဲ့ပြန်သည်။ ကျောက်နံရံထိပ် နေရောင် အောက်တွင် လူရိပ်တစ်ရိပ် ပေါ်နေသည်ကို ရှောက်ချူးရွှေ သိသည်။ မည်သူမည်ဝါဟုမပြောနိုင်သော်လည်း စိတ်ထဲတွင် သိကျွမ်းနေသူ တစ်ယောက်ဟု ထင်မိနေ၏။

နေရောင်ကို ကျောခပေးကာ ရပ်နေသဖြင့် ထိုသူ၏အရိပ်မည်းက အောက်သို့တိုးကျနေသည်။ သူ့လက်ထဲတွင် တွန်းတုံးတံကြီး တစ်ခုကို ကိုင်မြှောက်ထားသည်။ တွန်းတုံးက လေးလံလွန်းသော်လည်း သူ့လက်ထဲတွင် အတော်ပင်ပေါ့ပါး နေဟန် တူ၏။ ထိုသူနှင့် လှေကားထစ် တစ်ဆယ့် တစ်ထစ်ခန့်အကွာတွင် ရှောက်ချူးရွှေ ခြေလှမ်းရပ်တန့်လိုက်၏။

'ရှောက်ချူးရွှေဆိုတာ မင်းလား'

ထွန်တုံးကိုင်ထားသူက အထက်စည်းလေသံဖြင့် မေး၏။

ရှောက်ချူးရွှေက ပြန်မဖြေ။ ထိုသူကိုသာ စူးစိုက်ကြည့်နေ၏။

ထိုသူ ဒေါသထွက်လာ၏။

'ငါ့နာမည် ဖေ့ယီခုံပဲ၊ ငါ့သားတွေကော'

ဖေ့ယီခုံက ကျယ်လောင်စွာ အော်ငေါက်မေးသည်။

ရှောက်ချူးရွှေ မနေသာတော့ အေးဆေးစွာပင်....

'သူတို့တစ်တွေက ကျုပ်ကို လုပ်ကြံကြတယ်၊ အခု ကျုပ်လက်ချက်နဲ့ သေကုန်ကြပြီ'

ဖေ့ယီခုံမှာ ကိုယ့်နားကိုပင် ကိုယ် မယုံကြည်နိုင်အောင်ဖြစ်သွား၏။

စောစောက သတင်းပို့ချက်အရ ရှောက်ချူးရွှေသည် ဤတောင်ပေါ်၌ ဖေ့ထန်ဖုန်းကို သတ်ပစ်ခဲ့ကြောင်းကို သိရသည်။ ထိုစဉ်က သူ မယုံကြည်နိုင်ခဲ့။



ယခု ဖေ့ဝန်ခီ၊ ဖုန်းစယ်ဝူနှင့် မိမိသားနှစ်ယောက်ကို သတ်ဖြတ်ကာ ထွန်တုံးအိုင်ဆီသို့ ရောက်ရှိလာခဲ့ပြီ။ မိမိကိုလည်း ကျော်ဖြတ်ဦးမည်မို့ စိတ်ထဲတွင် ဒေါသကပေါက်ကွဲသွားတော့သည်။

သို့သော် လူငယ်ရှေ့တွင် ဒေါသထွက်လျှင် မိမိသေကွင်း မိမိတူးသလို ဖြစ်မည်မို့ စိတ်ကို အတတ်နိုင်ဆုံး ချုပ်တည်းထားကာ ဖြေဖျောက်လိုက်သည်။ သူသည် ဖေ့ယီကျောင်း၏ သားအကြီးဆုံးဖြစ်သည်မို့ အမှားကို မကျူးလွန်မိအောင် ကြိုးစားနေ၏။

ဒေါသကိုချုပ်တည်းထားနိုင်ပြီမို့ အကြည်လင်ဆုံး ပြုံးလိုက်ပြီး ဝါးပြွန် တစ်ချောင်းကို ထုတ်ယူလိုက်၏။

'ဒါ ဘာလဲဆိုတာ မင်းသိလား'

ရှောက်ချူးရွှေ မသိနို။ သို့သော် ပြန်မဖြေဘဲငေးကြည့်နေသည်။

'ဒီဝါးပြွန်လေးဟာ အချက်ပြ အမှတ်တစ်ခုပဲ၊ မင်းက ငါ့သားတွေကို သတ်ပစ်လိုက်ပြီဆိုတော့ ဒီ အချက်ပြဝါးပြွန်ကို ပစ်လွှတ်လိုက်ရလိမ့်မယ်၊ ဒါကို ပစ်လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် တောင်ထိပ်ပေါ်က ငါ့လူတွေဟာ မင်းရဲ့ မိတ်ဆွေတွေကိုသတ်ပစ်ကြလိမ့်မယ်....ဟား....ဟား....ဟား'

အားပါးတရ ရယ်မောလိုက်သော်လည်း ကိုယ်ဟန် လှုပ်ရှားခြင်းက မရှိ။ အသက်မပါသလို တောင့်တောင့်ကြီး

ရယ်မောကာ ရှောက်ချုံးရှေ့ထံသို့ အာရုံရောက်နေသည်။ ရှောက်ချုံးရှေ့သာ စိတ်လောကြီးစွာဖြင့် တုဝါးပြွန်ကိုလှုယူလာလျှင် ဤအခွင့်ကောင်းကိုယူကာ ရှောက်ချုံးရှေ့အား အသေသတ်ပစ်လိုက်မည် ဖြစ်ပေသည်။

သို့သော် ရှောက်ချုံးရှေ့မှာ မလှုပ်ရှားသည့်အပြင် တုန်လှုပ်ဟန်ပင် မပြ။

ဖေ့ယီခိုသည် ဝါးပြွန်ကိုမီးရှို့ပစ်ရန် ဆုံးဖြတ်လိုက်၏။

ဤနေရာသည် ကျောက်ချွန်၊ ကျောက်စွယ် တို့ ဖြင့် အန္တရာယ်များ လှသော နေရာဖြစ်သည်။ တစ်ဖက်တွင် ကျောက်နံရံရှိသလို အလံတစ်ရာမျှနက်ရှိုင်းသော တောင်ချောက်ကမ်းပါးကြီး ဖြင့်၏။

ဝါးပြွန်ကိုမီးရှို့ကာ လွှတ်တင်လိုက်လျှင် ကိုယ်ဖော့ပညာအယ်လောက် ကောင်းကောင်း အပေါ်သို့ ခုန်တက်မဖမ်းနိုင်ချေ။ အကယ်၍ ရှောက်ချုံးရှေ့သည် ယန်တိုတို့၏ သေရေးရှင်ရေးကို အလေးမထားလျှင် မည်သို့မျှမဖြစ်နိုင်၊ သို့မဟုတ်ပါက စိတ်အာရုံနှစ်ခု ထွေပြားသွားပါက ချောက်ထဲသို့ ပြုတ်ကျသွားနိုင်ပေသည်။

ရှောက်ချုံးရှေ့က သူ့မိတ်ဆွေများကို ဂရုမစိုက်၊ တန်ဖိုးမထားလျှင် ပွဲဆန်းတောင်ထိပ်သို့ ခက်ခက်ခဲခဲ တက်လာလိမ့်မည် မဟုတ်။

သို့သော် ရှောက်ချုံးရှေ့ကား ငြိမ်သက်နေဆဲ။

ဖေ့ယီခိုသည် ယန်တိုတို့အား အရှင်ရှင်းပစ်လိုက်လျှင် ရှောက်ချုံးရှေ့၏စိတ် အကြီးအကျယ် ထိခိုက်သွားစေနိုင်



သည်။ ထိုသို့ စိတ်ထိခိုက်နေလျှင် စိတ်အာရုံ မစုစည်းနိုင်ဘဲ ကစဉ့်ကလျားဖြစ်မည်။ သည်တော့မှ တိုက်ခိုက်ပစ်မည်ဟုလည်း စိတ်ထဲတွင် တွေးလိုက်၏။

ထို့ကြောင့် ဆုံးဖြတ်ပြီးသည်နှင့် ဝါးပြွန်ကို မီးရှို့ကာ ပစ်လွှတ်လိုက်၏။

ရှောက်ချုံးရှေ့ကား လုံးဝမလှုပ်ရှား။

မီးပန်းလွင့်စဉ်သွားစဉ်မှာပင် သူ့နောက်ဘက်မှ ပိုက်ကွန်ငယ်နှစ်ခုက ရုတ်တရက် ပေါ်ထွက်လာပြီး လေထဲတွင် ပြန့်ကားသွားကာ ဝါးပြွန်ကို သိမ်းဆည်းလိုက်တော့သည်။

* * *

ဝါးပြွန်ကို ပိုက်ကွန်နှင့် သိမ်းဆည်းလိုက်သူတို့မှာ ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့ ဖြစ်ကြ၏။

ဖေ့ယီခို၏စိတ်အာရုံမှာ ရှောက်ချုံးရှေ့ထံသို့သာ ရောက်ရှိနေသဖြင့် ရှောက်ချုံးရှေ့၏နောက်ဘက်မှလူကို မမြင်နိုင်။ ထို့ပြင် အပေါ်မှ အောက်သို့စီး၍ကြည့်နေသည်မို့ ရှောက်ချုံးရှေ့နောက်ဘက်တွင် တစ်စုံတစ်ယောက် ရှိနေမည်ကို မြင်နိုင်ရန် ခက်ခဲ၏။

ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်တို့သည် ဖေ့ယိခုံ ဝါးပြွန်က မီးရှို့ပစ်မှာ မစိုးရိမ်နဲ့၊ ကျုပ်တို့မှာ နည်းကောင်းရှိတယ် ဟု ပြောဆိုထားခဲ့သည်။ သို့အတွက် ရှောက်ချူးရွှေလည်း ပျာယာခတ်ခြင်းမရှိဘဲ ငြိမ်သက်နေခဲ့ခြင်းဖြစ်၏။

ချန်ကျင့်ထွေတို့နှစ်ဦးသည် ကျောပိုးအိတ်တစ်ခုကို ဖွင့် လိုက်ပြီး ပိုက်ကွန်ငယ်တစ်ခုကို ထုတ်သည်။ ထိုပိုက်ကွန်ကို ကြဲဖြန့်အုပ်မိုးပစ်လိုက်သဖြင့် ဖေ့ယိခုံ၏ အချက်ပေးဝါး ပြွန်ကို ဖေ့မိသားစုမှလူများ မတွေ့မမြင်နိုင်တော့ချေ။

ချန်ကျင့်ထွေတို့က ပိုက်ကွန်ဖြင့် ဝါးပြွန်ကိုဖမ်းယူပြီးသည့် အချိန်တွင် ရှောက်ချူးရွှေမှာ အပေါ်သို့ ပြေးတက်သွား ခဲ့ပြီဖြစ်၏။ မိမိ၏ဝါးပြွန်ကို ချန်ကျင့်ထွေတို့ ဖမ်းယူသွား သဖြင့် ဖေ့ယိခုံ အံ့အားသင့်သွားပြီး သူ သတိဝင်လာချိန် တွင် ရှောက်ချူးရွှေက သူ့ထံသို့ ရောက်လာခဲ့ပြီးဖြစ်၏။

ရှောက်ချူးရွှေက ဓားရှည်ဖြင့် ဝှေ့ယမ်းတိုက်ခိုက်၏။

ဖေ့ယိခုံက တွန့်သွားသဖြင့် ခုတ်ပိုင်းသည်။

'ထိန်း'

လက်နက်ချင်းထိခတ်သံနှင့်အတူ မီးပွင့်များ ဖြာထွက် သွားသည်။

ဖေ့ယိခုံက နေရောင်ကိုကျောပေးကာ ရှောက်ချူးရွှေ မှာ နေရောင်ကို မျက်နှာချင်းဆိုင် တိုက်ခိုက်နေရသည်၊ သို့အတွက် ရှောက်ချူးရွှေ မျက်လုံးကိုအပြည့်အဝ မဖွင့်နိုင်၊ မျက်ခွံနှင့်ကာပြီး ခပ်မှေးမှေးပင် ဖွင့်ကြည့်နေရသည်။



မီးရောင် ဖြာခနဲ လက်သွားသည့်အချိန်တွင် နှစ်ယောက် စလုံးမှာ မျက်စိကျိန်းစင်ပြီး ရုတ်တရက် ဘာကိုမျှမမြင်ရ တော့။ ရှောက်ချူးရွှေ၏မျက်လုံးများက ပြာဝေနေသည်။ လျှပ်တစ်ပြက်အတွင်း နေရာအနေအထားကို ခန့်မှန်းပြီး အပေါ်သို့ ရိပ်ခနဲ တက်သွားသည်။ လျင်မြန်သောအရှိန် အဟုန်ဖြင့် ဖေ့ယိခုံ၏ထွန်သွားအပေါ်ကြားမှ ရိပ်ခနဲ ခုန် ထွက်သွားသည်။

ဖေ့ယိခုံ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ရှောက်ချူး ရွှေကို မတွေ့ရတော့။ လှေကားထစ်အောက်မှ လူစိမ်းသုံးဦး ကိုသာ တွေ့လိုက်ရတော့သည်။

ဖေယိခုံ နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

နေရောင်က စူးခနဲ ထိုးဝင်သလို တောင်ပေါ်လေက တဟူးဟူးတိုက်ခတ်သဖြင့် မျက်လုံးကို ရုတ်တရက် မဖွင့်နိုင်။ လက်မောင်းဖြင့် မျက်လုံးကို ကာပြီးကြည့်လိုက်ရသည်။

လျှပ်တစ်ပြက်ကလေး အချိန်အတွင်းမှာပင် ရှောက်ချူး ရွှေက ကျော်ဖြတ်ကာ မိမိ၏အပေါ်ဘက်နေရာတွင် ရပ်နေ သည်ကို တွေ့ရ၏။ တစ်ဆက်တည်းပင် သူ့ ထွန်တုံးကို ဝှေ့ ယမ်းလိုက်သည်။

'ဝှီး...'

ရှောက်ချူးရွှေ လျှပ်တစ်ပြက် ဒူးထောက်ပေးလိုက်၏။ ဖေ့ယိခုံ၏ထွန်သွားက လေကိုခွင်းမိသည်။ ရှောက်ချူးရွှေ၏ လက်ထဲမှ ချန်ကုံဓားမြတ်ကမူ သူ့နံပါးမှ ရင်ဘတ်ထဲသို့ ထိုးစိုက်ဝင်သွားသည်။

'အား'

ဖေ့ယိခုံ၏ အော်ဟစ်သံနှင့်အတူ ထွန်သွားကို ရိုက်ချလိုက်သည်။ ရှောက်ချူးရွှေက ခပ်ပြေပြေ နေရာတစ်ခုသို့ ခုန်ကူးသွား၏။ ကျောက်နံရံအပေါ်တွင် ဖုထွက်နေသည့် ကျောက်စွယ်စွန်းအပေါ် ခြေနင်းကာ ကပ်နေလိုက်သည်။ ဖေ့ယိခုံမှာ အကြီးအကျယ် ဒေါသထွက်နေချေပြီ။ ထွန်သွားကို ဝှေ့ယမ်းပြီး အနည်းငယ်ခန့် လိုက်လာ၏။

သို့သော်ဆယ်ချက်ခန့်မျှသာ ဝှေ့ယမ်းလိုက်ရပြီး မျက်လုံးပြာလာသည်။ ထွန်သွားလည်း လက်ထဲမှ လွတ်ထွက်ကာ တောင်ကြားစမ်းရေအိုင်ထဲသို့ ကျသွားတော့သည်။ သူ့ခြေလှမ်းများကမူ ဒယီးဒယိုင်ဖြစ်နေ၏။ ရှောက်ချူးရွှေသည် အောက်သို့ခုန်ဆင်းလိုက်ပြီး ဖေ့ယိခုံ၏ ခန္ဓာကိုယ်တွင် စိုက်ဝင်နေသည့် ဓားရှည်ကို ပြန်ဆွဲနှုတ်သည်။

သွေးများက ဝေါခနဲ ပန်းထွက်လာသည်။

ထို့နောက် ဖေ့ယိခုံလည်း ပါးစပ်မှ သွေးများ အန်ကျလာကာ ခြေလှမ်းတစ်လှမ်း မှားသွားသဖြင့် အလံတစ်ရာနက်သော ချောက်ကမ်းပါးထဲသို့ ကျသွားတော့သည်။

ရှောက်ချူးရွှေ သက်ပြင်းချလိုက်၏။ ချန်ကျင့်ထွေ၊ ချင်ဖုန်းပတ်နှင့် လျှီယိုတို့သည် ယခုမှပင် စိတ်အေးသွားရတော့သည်။

ဝှာဆန်းတောင်၏ မြောက်ဘက်တောင်ကုန်းတွင် တိမ်တိုက်များက ပို၍ သိပ်သည်းမှုရှိနေသည်။ အရှေ့ဘက်နှင့်



အနောက်ဘက် တောင်ထွတ်များက မတ်စောက်လွန်းသည်။ တောင်ဘက်တောင်ကုန်းပေါ်၌ လူရိပ်လူယောင် မမြင်ရ။

ရှောက်ချူးရွှေသည် ဖေ့ယိခုံ ဝါးပြွန် ပစ်လွှတ်မည့်လားရာဘက်သို့ ကြည့်လိုက်၏။ ထိုနေရာတွင်လည်း ယန်တိုတို့အား ဖမ်းချုပ်ကောင်း ဖမ်းချုပ်ထားနိုင်မည်ဟု သူ ခန့်မှန်းသည်။ သို့သော် မည်သည့်တောင်ကုန်း ဖြစ်မည်ကို မခန့်မှန်းတတ်။ ယခု သူတို့ရောက်ရှိနေသော မြောက်ဘက်တောင်ကုန်းတွင် မရှိသဖြင့် အလယ်တောင်ကုန်းဆီသို့သွားရှာရမည် ဖြစ်ပေသည်။

ထိုတောင်ကုန်းမှာ ငါးတစ်ကောင်၏ ဆူးတောင်ပုံသဏ္ဌာန်ရှိ၏။

တောင်ကုန်း၏ဘယ်ဘက်တွင် လမ်းတစ်ခု ဖောက်လုပ်ထားသည်။

လမ်းက ကျဉ်းမြောင်းလှသည်။ တစ်ဖက်တွင် ကျောက်နံရံ။ တစ်ဖက်တွင် နက်ရှိုင်းလှသော ချောက်ကမ်းပါး။

ဤလမ်းကို ဖြတ်ကျော်မည့်သူသည် နံရံကို ပွေ့ဖက်ကာ နားရွက်နှင့် ကျောက်နံရံ ဖိကပ်ပြီးမှ ဖြတ်ကျော်နိုင်၏။ ထို့ကြောင့် ဤချောက်ကမ်းပါးကို နားရွက်ပွတ် ချောက်ကမ်းပါးဟုခေါ်ဆိုကြသည်။

ဤလမ်းကျဉ်းကလေးတွင် လျှို့ဝှက် လုပ်ကြံမည့်သူများ ရှိနေလျှင်....။

ရှောက်ချူးရွှေတို့ တွေးပင် မတွေးဝံ့။

သို့သော် လုပ်ကြံမည့်သူများက ရှိမနေ။ မြင်ရသူများ ထိတ်လန့် တုန်လှုပ်သွားစေနိုင်လောက်သည့် သွေးစက်များကိုသာ မြင်နေရ၏။ အလောင်းကောင်ကားမရှိ။ အလောင်းကောင်ကို ချောက်ကမ်းပါးထဲသို့ ပစ်ချထားခဲ့ဟန်တူသည်။

သို့ဆိုလျှင် ဤနေရာသို့ မိမိတို့ထက် ဦးစွာမည်သူရောက်လာခဲ့လေသနည်း။

ရှောက်ချုံးရွှေသည် ထိုအတွေးကို နတွေးနေ သော်လည်း ကျောက်နံရံကျောပေါ်မှ ဖြည်းဖြည်းမှန်မှန်ပင် လျှောက်တက်နေသည်။ ချောက်ကမ်းပါးက အောက်ခြေကိုပင်မမြင်နိုင်။ ဤနေရာကား ဗွာဆန်းတောင်၏ အန္တရာယ်အများဆုံးနေရာပင်တည်း။ သာမန်လူဘို့ မဖြတ်ကျော်နိုင်။

သူတို့ ကူးဖြတ်နေကြစဉ်မှာပင် တောင်ထိပ် ဘက်ဆီမှ ခမောက်ဆောင်းလျက် လူနှစ်ယောက်ဖြည်းဖြည်းမှန်မှန်ဆင်းလာကြသည်ကို တွေ့လိုက်ရ၏။ သူတို့၏ ကိုယ်ပေါ်တွင် သန့်ပြန့်သော ဝတ်စုံများ ဝတ်ဆင်ထားပြီး ခါးကြားတွင် ရွှေရောင်အိတ်တစ်လုံးစီဆွဲထားကြ၏။ အပေါ်မှအောက်သို့ဆင်းလာကြပုံမှာအသံဟူ၍လုံးဝမထွက်။ ဝိညာဉ်နှစ်ခုပျံလွင့်ဘိသို့ ပင်ထင်မှတ်ရ၏။

ဖေ့မိသာစုံ၏။ အဆင့်မြင့် ပုဂ္ဂိုလ် တစ်ဝက်ကျော်ခန့်မှာ သေဆုံးကုန်ကြပြီး ဖြစ်၏။ ဤယောကျ်ားနှင့် မိန်းမသည် ညည်သူဖြစ်မည်နည်း။ သူတို့နှစ်ယောက်သည် ငါးဆူးတောင် သဖွယ်တောင်ကုန်းပေါ်မှ ဆင်းသက်လာခဲ့ကြ၏။



ချန်ကျင့်ထွေ နှင့် ချင်ဖုန်းငတ်တို့နှစ်ယောက်ရှေ့သို့ပြေးတက်ရန်တာစူလိုက်ကြ၏။ ရှောက်ချုံးရွှေက အသာတန့်တားထားကာ....

'ကျုပ်နာမည်ရှောက်ချုံးရွှေပါ၊ မိဆွေညီနောင်တွေကို ရှာဖွေဖို့ရောက်လာခဲ့တာပါပဲ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးစေလိုပါတယ်'

ရှောက်ချုံးရွှေက အော်ဟစ် ပြောဆို လိုက်လျှင် ထိုယောကျ်ားနှင့်မိန်းမတို့ ခြေလှမ်းတန့်သွားကြ၏။

ယောကျ်ားဖြစ်သူက အေးစက်စက်လေသံဖြင့်....

'ဒီနေရာအထိ ရောက်လာနိုင်တယ်ဆိုတော့ တံခါးသုံးခုကို ဖြတ်ကျော်လာနိုင်ခဲ့လို့ပဲ၊ သိုင်းပညာလဲအတော်ကလေး အဆင့်မြင့်မှာသေချာတယ်'

မိန်းမဖြစ်သူက....

'ရှင်နဲ့ဆန့်ကွမ်းဝမ် အနည်းနဲ့အများ ပတ်သက်မှုရှိနေလိမ့်မယ်'

ရှောက်ချုံးရွှေ ကြောင်အမ်းအမ်းဖြစ်သွား၏။

ဆန့်ကွမ်းဝမ်ကိုသူမသိ။

မုံယုံ၊ ဆန့်ကွမ်း၊ ဖေ့မိသားစု တို့သည် ရုပ်ပြောင်းရှင်လွဲပညာ တက်မြောက်ပြီး သိုင်းလောကတွင် နာမည်ကြီးခဲ့သည်။ ဆွန့်ကွမ်းမျိုးနွယ်နှင့် ဖေ့မျိုးနွယ်တို့ မည်သို့ပြဿနာဖြစ်ခဲ့သည်ကိုသူမသိ။

သို့သော်-ချန်ကျင့်ထွေကမူ သိထားသည်။

သူတို့သည် လမ်းတေလေဂိုဏ်းသားများ ဖြစ်ကြသဖြင့် သိုင်းလောက အရေးအခင်းကို သူများတကာထက် ပို၍ သတင်းစုံ သိရှိကြပေသည်။

'ဆန့်ကွမ်းဝမ်ဆိုတာဆန့်ကွမ်းမျိုးနွယ်ရဲ့ခေါင်းဆောင်ပဲ၊ တစ်ချိန်တုန်းက ဖေ့မိသားစုနဲ့ မုံယုံမိသားစုတို့ ရန်ငြိုးဖွဲ့ တိုက်ခိုက်ခဲ့ကြတာ ဆန့်ကွမ်းဝမ်ရဲ့ စရိုက်ကြောင့် ဖြစ်တယ်၊ နောက်ဆုံး ဆန့်ကွမ်းဝမ်က သူတို့ကို လိမ်ညာလှည့်ဖြားသွားခဲ့တယ်၊ ဖေ့မိသားစုဟာ အဲဒီအချိန်ကစပြီး အထီးကျန်တာဝနဲ့ အကြီးအကျယ်အရေးနိမ့်ခဲ့ရတယ်'

ချန်ကျင့်ထွေက ရှောက်ချူးရွှေအား လေသံမျှဖြင့် အတိုချုံးကာပြောပြသည်။ ချင်ဖုန်းပတ်ကလည်း....

'အခုရောက်လာတဲ့ လူနှစ်ယောက်ဟာ ဖေ့မိသားစုရဲ့ တသံ့ာမောင်နှံဖြစ်နိုင်တယ်၊ ဖေ့ယီကျောင်းရဲ့ ဒုတိယသားလတ် ဖေ့စုလီနဲ့သူ့ မိန်းမ ဝမ်ပုရှင်ဖြစ်တို့နိုင်တယ်'

ချင်ဖုန်းပတ်၏လေသံက တိုးသော်လည်း ယောကျ်ားဖြစ်သူ ကြားသွားဟန်တူသည်။

'ဟုတ်တယ်၊ ကျုပ်တို့ဟာ ဖေ့မိသားစုရဲ့ တသံ့ာမောင်နှံပဲ'

မိန်းမဖြစ်သူကလည်း....

'ကျွန်မတို့တစ်တွေဟာ မျက်နှာမရှိကြတဲ့ သူတွေပါ'

သူတို့နှစ်ယောက်သည် ပြောပြောဆိုဆိုပင် မိမိခေါင်းပေါ်မှ ဝါးခမောက်များကို လက်သီးနှင့် ထိုးချတိုက်ကြ၏။

ဝါးခမောက်များက လေထဲတွင် ပျံ့ဝဲသွားသည်။



ရှောက်ချူးရွှေတို့မှာသူတို့၏မျက်စိရှေ့မှမြင်ကွင်းကြောင့် အံ့သြတုန်လှုပ်သွားမိကြသည်။

ဤဇနီးမောင်နှံနှစ်ယောက်သည် ဝတ်ကောင်း စားလှများ ဝတ်ဆင်ထားကြသော်လည်း လူတစ်ယောက်၏ အင်္ဂါနှင့်မညီညွတ်ကြ။ အမှန်တကယ်ပင် မျက်နှာ မရှိကြသောသူများ ဖြစ်နေကြလေသတည်း။

* * *

သိုင်းလောက ဗဟုသုတ အတွေ့အကြုံ ကြွယ်ဝသလို သိုင်းပညာ အဆင့်မြင့်ပြီး သတ္တိကောင်းသည့် ချင်ဖုန်းပတ်နှင့် ချန်ကျင့်ထွေတို့နှစ်ဦးသည်ပင် ထိတ်လန့်တကြားဖြစ်ကာ နောက်သို့ ခြေလှမ်းတစ်လှမ်းစီ ဆုတ်သွားကြရလေသည်။

'ကျုပ်တို့ဟာ တကယ်ပဲ မျက်နှာမရှိကြတဲ့ သူတွေပါ၊ ရန်ငြိုးကို ရှင်းပစ်နိုင်မှသာ ကျုပ်တို့မှာ မျက်နှာရှိလာကြမှာပါ'

ဇနီးမောင်နှံနှစ်ယောက်က အေးဆေး တည်ငြိမ်စွာပင် ရှင်းပြ၏။

ပြောပြောဆိုဆိုပင် သူတို့နှစ်ယောက်သည် လေထဲတွင် ခုန်ဝဲလာကြ၏။

ရှောက်ချိုးရွှေမှာ အဘယ့်ကြောင့် မျက်နှာ မရှိသည့် လူစားမျိုး ရှိနေရသနည်းဟု တွေဝေစဉ်းစားနေ ဆဲ ဓားမ ရှည် နှစ်လက်က သူ့ထံသို့ ခုတ်ပိုင်းချသာသည်။

ရှောက်ချိုးရွှေသည် ကပျာကယာင်ပင် သစ်ပင်နောက်သို့ ဝင်ရောက် ပုန်းကွယ်ရှောင်တိမ်းလိုက်ရ၏၊ ဓားမရှည် နှစ်လက်က အဆက်မပြတ်ပင် မာန်ဖီဘိုက်ခိုက်နေသော်လည်း သူ့ တိုက်ခိုက်ခြင်းမပြု။ တုန်လှုပ်ချောက်ချားခြင်းလည်းမရှိ။ သစ်ပင်ကိုသာ အကာအကွယ်ပြုနေ၏။

အားကုန်အင်ကုန်ထုတ်သုံးကာ အစွမ်းကုန် တိုက်ခိုက် နေကြသော ဇနီးမောင်နှံနှစ်ယောက်ကို တန်ပြန်တိုက်ခိုက် မိပါက ဓားသွားအောက်တွင်အသက်ပျောက်နိုင်ဖို့အတော် ပင် ခက်ခဲသွားပေမည်။ ထို့ကြောင့် စလာလာချင်း ခံစစ်ကို သုံးကာ အခွင့်အရေးကို စောင့်ဆိုင်းနေခြင်းဖြစ်၏။ တစ်ဖက် တိုက်စစ်ဟန်ကို သဘောမပေါက်ခင်တွင် ခံစစ်နှင့်ခုခံခြင်း က အကောင်းဆုံး တုံ့ပြန်မှုဖြစ်ကြောင်း သူ နားလည်၏။

သူသည် ထက်ချိန်နှင့် ယင်ဖိန်တို့၏ ဝှာဆန်းဓားကွက်ကို ထုတ်သုံးတိုက်ခိုက်သည်။ ဤဓားကွက်က အရှေ့အနောက် ဓားဝိဇ္ဇာ ထန်ဖန်ကျင်းနှင့် ကျွန်းထန်ဝူတို့ကို တုံ့ပြန်သည့် ဓားကွက်နှင့် မတူတော့။ အားအနည်းဆုံးသာ ထုတ်သုံးပြီး ပျောင်းနွဲ့သော ကိုယ်ဟန်ဖြင့် မြန်ဆန်မှုကို အခြေပြုကာ



အားပြောင်းအားယူပညာသုံးလျက် ရန်သူကိုပင်ပန်းအောင် ပြုလုပ်နေခြင်းဖြစ်၏။

ဖေ့စုလင်နှင့် ဝမ်ပုရှင်တို့ ဇနီးမောင်နှံနှစ်ယောက်မှာ ပြိုင်ပွဲဝင်မြင်းကြီးများပမာ တဟဲဟဲ မောပန်းလာ၏။ ဤ အတိုင်း ဆက်လက်တိုက်ခိုက်သွားလျှင် အခြေအနေမဟန်နိုင် တော့သဖြင့် တိုက်ကွက်ဟန်ကို ချက်ချင်းပင် ပြောင်းလဲ လိုက်၏။

ဓားမကို လျှင်မြန်စွာ ဝှေ့ယမ်းနေပြီး အင်္ကျီစရှည်ဖြင့် မျက်နှာကို ရုတ်တရက် ကာလိုက်၏။ ရှောက်ချိုးရွှေသည် တည်ငြိမ်စွာပင် တစ်ဖက်လူ၏ တိုက်ကွက် ပြောင်းလာသည် ကို ကြည့်နေ၏။ သူတို့နှစ်ယောက်မျက်နှာမှာ အင်္ကျီစ ဖယ် သွားသည်နှင့် ပါးစပ်ဟကာ မီးစွယ်ဘစ်ခုနှင့် အမည်းရောင် ရေပန်းတစ်ခု ရှောက်ချိုးရွှေထံသို့ တိုးဝင်လာသည်။

ရှောက်ချိုးရွှေမှာ နောက်ဆုတ်ပြန်လျှင်လည်းမမီတော့။ ရှေ့သို့ ခုန်လွှားသွားလျှင်လည်း သေရုံသာရှိ၏။

သို့သော်....

ဖေ့စုလင်နှင့် ဝမ်ပုရှင်တို့ နှစ်ယောက်၏ မြင်ကွင်းထဲမှ ရှောက်ချိုးရွှေ ပျောက်ကွယ်သွားသည်။ အရိပ်အယောင်ပင် မတွေ့။

'ဗိုး'

ရှောက်ချိုးရွှေမှာ ကျောက်ဆောင်၏ အစွန်း နေရာကို ခြေထောက်ဖြင့်ချိတ်ကာ လှဲချ ရှောင်တိမ်းလိုက်ခြင်း ဖြစ်၏။ ထို့နောက် တွန်းကန်အားဖြင့် လဲရာမှ ပြန်ကန်ထွက်လာ၏။

ဖေ့ စုလီနှင့် ဝမ်ပုရှင်တို့နှစ်ယောက်လည်းသူတို့၏ခါးကြားမှ ရွှေရောင်အိတ်ဆီသို့ ကပျာကယာ နှိုက်လိုက်ကြ၏။

သူတို့ နှိုက်ထုတ်လိုက်သည့်အရာသည် လက်နက်ပဲဖြစ်ဖြစ် လက်နက်ပုန်းပဲ ဖြစ် ဖြစ် ရှောက်ချူးရွှေသည် သူတို့ကို နောက်ထပ်အခွင့်အရေးတစ်မျိုး ထပ်မပေးနိုင်ချေ။ ရုတ်ခြည်းပင် သူ့ လက်ဝါးအစုံကို ဆန့်ထုတ်လိုက်၏။ ကျန်းချန်ကျင့်နှင့် ဝမ့်ဆွေယိတို့ထံမှ သင်ယူခဲ့သည့် လက်ဝါး တိုက်ကွက်ကို အသုံးပြုလိုက်ခြင်းပင်တည်း။

ရှောက်ချူးရွှေ၏ လက်နှစ်ဖက်က လျှပ်ပြက်သည့်အလား မြန်ဆန်လှချေသည်။

ဖေ့ စုလီတို့နှစ်ယောက် လက်နက်ပုန်း မနှိုက်ထုတ်ခင်မှာပင် သူတို့၏ ယော်ထိပ်အသီးသီးပေါ်သို့ လက်ဝါး ရောက်ရှိနေပြီးဖြစ်၏။ သို့သော် ရိုက်ချခြင်းကား မပြု။ အုပ်မိုးထားခြင်းသာရှိ၏၊ တစ်ဆက်တည်းပင် သူတို့ယော်ထိပ်ပေါ် လက်ထောက်ကာ ကျွမ်းပစ်လျက် တစ်ဖက်သို့ ခုန်တက်လိုက်၏။

'အခုလို အလျှော့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ရှောက်ချူးရွှေ အပေါ်စီးမှ ဂါရဝပြုကာ ပြော၏။

ဖေ့ ပိုလီတို့နှစ်ယောက်မှာ မျက်နှာ မရှိကြသောကြောင့်သာ တော်တော့သည်။ နို့မဟုတ်လျှင် သူတို့၏ မျက်နှာမှာ အတော် အကြည့်ရဆိုးပေတော့မည်။ တစ်ဖက်လူသည် တစ်ယောက်တည်းအားဖြင့် သူတို့နှစ်ဦးကို အနိုင်ယူသွားသဖြင့် အကြီးအကျယ်ပင် တုန်လှုပ် အံ့အားသင့်သွားရလေသည်။



'မင်း မင်းတယ်သူလဲ'

ဖေ့ စုလီက တုန်ယင်သောလေသံဖြင့်မေးသည်။

ရှောက်ချူးရွှေမှာ နောက်ထပ် လူသတ်လိုစိတ်မရှိတော့ချေ။ ထို့ကြောင့် လေးစားသောအသံဖြင့်....

'ကျွန်တော် ရှောက်ချူးရွှေပါခင်ဗျာ'

'မင်း မင်း ဆန့်ကွမ်းမျိုးနွယ်ကလူ မဟုတ်ဘူးပေါ့၊ ဒါဆိုရင် မင်း ဒီကိုဘာလာလုပ်တာလဲ'

ဝမ်ပုရှင်က အံ့အားတသင့်လေသံဖြင့် မေးသည်။

ရှောက်ချူးရွှေမှာ မိမိတို့အကြားတွင် တစ်စုံတစ်ရာ လွဲချော်မှားယွင်းခြင်း ရှိနေပြီကို သိလိုက်ရ၏။

'ဆန့်ကွမ်းမျိုးနွယ်ကလူတွေနဲ့ ကျွန်တော်လုံးဝ သိကျွမ်းခြင်း မရှိခဲ့ပါဘူး၊ ကျွန်တော် ဒီနေရာကို ရောက်လာရတာကလဲ ကျွန်တော်ရဲ့ မိတ်ဆွေညီနောင်တွေ အားလုံးကို ဖေ့ မိသားစုကလူတွေ ဖမ်းဆီးခေါ်ဆောင်သွားလို့ လိုက်လာခဲ့ရတာပါ၊ တစ်လမ်းလုံးမှာ ကျွန်တော်တို့ကို လုပ်ကြံတိုက်ခိုက်လာကြတာမို့ ကျွန်တော်လဲ ကိုယ့်ကိုယ်ကိုကာကွယ်ရင်း လူတစ်ချို့ကို သတ်ပစ်လိုက်ရပါတယ်'

ဖေ့ စုလီ သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်သည်။

သူ့ဇနီးသည် ဝမ်ပုရှင်ဘက်သို့လှည့်ကာ ရင်နာကြေကွဲသောလေသံဖြင့်....

'မှားပြီ မှားကြပြီ၊ ဒီတစ်ခါတော့ ဖေဖေကြီး အကြီးအကျယ်မှားခဲ့ပြန်ပြီ၊ ဆန့်ကွမ်းမျိုးနွယ်ကလူတွေကို တုံ့ပြန်ဖို့ကိစ္စမှာ အခုတော့ ရှောက်ချူးရွှေကို ရန်စလိုက်မိပြီ'

ဝမ်ပုရှင်ကလည်း....

'ဖေဖေကြီးကလဲ ရှောက်ချူးရွှေထွက်လာအောင် လုပ်တာက သူရဲကောင်းအမိန့်ပေးတံဆိပ်ပြား ရရှိရေးအတွက်ပဲ၊ အဲဒီပစ္စည်းရမှ မိုးဘုရင်ကြီးကျူးက ကျွန်မတို့ကို ကူညီနိုင်မယ်၊ မိသားစုသိက္ခာကို ဆယ်နိုင်မယ့် ဆန့်ကွမ်းမျိုးနွယ်ကို တုံ့ပြန်နိုင်မယ်လေ'

ဖေ့စုလီ ဝမ်းနည်းကြေကွဲစွာပင် ခေါင်းကိုခါယမ်းလိုက်သည်။

'အခု ဘယ်ကလာတုံ့ပြန်ရသေးလို့လဲ၊ ရန်ကြွေးဟောင်းကို မရှင်းနိုင်ခင် ရန်ကြွေးအသစ် ဖြစ်လာရပြီ၊ ဒီအထိတောင်ရောက်ခဲ့တာကို မိုးဘုရင်ကြီးကျူးက ဘာတွေများ အကူအညီပေးခဲ့လို့လဲ။ သူတစ်ပါးကို အားကိုးပြီး စစ်တိုက်ရင် ရှုံးနိမ့်တတ်တယ်၊ သူတစ်ပါးကို မှီခိုတဲ့သူဟာ အရည်အချင်း အစွမ်းအစမရှိတဲ့ လူပဲ၊ ဖေဖေဘာကြောင့် ဒီလောက်တောင် မတွေးမိခဲ့တာပါလိမ့်'

ဖေ့စုလီ၏စကားသံက ဝမ်းနည်းပူပန်လွန်းသဖြင့် လှုပ်ခါတုန်ယင်နေသည်။ ဝမ်ပုရှင်မှာ ခင်ပွန်းဖြစ်သူ၏အသွင်ကို ကြည့်ပြီး ငိုကြွေးလာတော့သည်။

ရှောက်ချူးရွှေ၊ ချန်ဖုန်းပတ်၊ ချန်ကျင့်ထွန်နှင့် လျှိုယိုတို့မှာ ငေးကြောင်သွားမိကြသည်။ မျက်နှာမရှိကြသော ဖေ့စုလီနှင့် ဝမ်ပုရှင်တို့ မည်ကဲ့သို့သောအကြံမျိုး ကြံစည်နေကြသည်ကိုလည်း သူတို့မတွေးတတ်ကြ။



ရှောက်ချူးရွှေမှာ မေတ္တာတရား၊ ကရုဏာတရား ကြီးမားသူတစ်ယောက်ဖြစ်သည်မို့ ကိုယ်ချင်းစာလာမိသည်။

'ကျွန်တော်တို့က ဆန့်ကွမ်းအမျိုးအနွယ် မဟုတ်ကြပါဘူး၊ အခုဥစ္စာက ဘယ်လိုတွေဖြစ်ကြတာများလဲ ခင်ဗျာ'

ဖေ့စုလီက ရှောက်ချူးရွှေကို ပြန်မဖြေသေး။ ဇနီးသည် ဝမ်ပုရှင်ဘက်သို့ လှည့်ကာ ပြတ်သားသောလေသံဖြင့်....

'ဆန့်ကွမ်းမျိုးနွယ်ဟာ ဒီကိုလာပြီး ဒုက္ခပေးမှာ အသေအချာပဲ၊ အခုလို မဆီမဆိုင်တဲ့လူတွေနဲ့ ရန်ဖြစ်မနေနဲ့တော့၊ တို့လဲ ဒီမှာစောင့်နေစရာမလိုတော့ဘူး၊ ဖေဖေတစ်ယောက်တည်းပဲ အရှေ့ဘက်တောင်ကုန်းမှာ အသင့်စောင့်နေတယ်'

ဝမ်ပုရှင် ခေါင်းညိတ်ပြလိုက်၏။ သည်တော့မှ ဖေ့စုလီက ရှောက်ချူးရွှေဘက်သို့လှည့်ကာ....

'မင်းမိတ်ဆွေတွေ အားလုံး တောင်ဘက်က တောင်ကုန်းရဲ့ လောင်ကျမ်းဘုရားကျောင်းထဲမှာ ချုပ်နှောင်ထားတယ်၊ ရန်သူတွေရောက်လာတော့မှာမို့ အစောင့်မရှိဘူး။ မင်းတို့ဖာသာ မင်းတို့ဝင်သွားနိုင်တယ်၊ ရော့ အချုပ်ခန်းတံခါးကို ဒီသော့နဲ့ဖွင့်လိုက်ရင် ပွင့်သွားလိမ့်မယ်'

ပြောပြောဆိုဆိုပင် ခါးကြားမှသော့တွဲကို လှမ်းပေးလိုက်သည်။

ရှောက်ချူးရွှေ လှမ်းယူလိုက်သော်လည်း သူ့စိတ်ထဲတွင် မတင်မကျ။ ကျန်လူများကလည်း ဝမ်းသာကျေးဇူးတင်မိသည့်တိုင် မျက်နှာမရှိသည့် ဇနီးမောင်နှံနှစ်ယောက်၏ကြေကွဲဖွယ်ရာ အဖြစ်အပျက်ကို စိတ်ဝင်စားနေမိကြသည်။

'ဘာတွေ ဖြစ်နေကြလို့လဲ'

'ဖေ့ မိသားစုနဲ့ဆန့်ကွမ်းအမျိုးအနွယ်က ဘယ်လိုရန်ငြိုး ရန်စတွေ ရှိခဲ့ကြလို့လဲ'

ချန်ကျင့်ထွေနှင့် ချင်ဖုန်းပတ်တို့ တစ်ယောက် တစ်ခွန်း မေးလာကြသည်။

ရှောက်ချူးရှေက သိမ်မွေ့ညင်သာသော လေသံဖြင့်—

'ကျွန်တော်တို့တစ်တွေ တောင်ပေါ်တက်လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ တစ်စုံတစ်ယောက်က ကျွန်တော်တို့နောက်ကို လိုက်ပါလာကြတယ်၊ ကြည့်ရတာ ဖေ့ မိသားစုရဲ့ရန်သူလို့ ထင်ရတာပဲ'

ဖေ့စုလီ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

အဝတ်အစားအရောင်မတူတဲ့ လူငါးယောက်၊ ပြီးတော့ သူတို့ခေါင်းပေါ်မှာလဲ ဝါးခမောက်တွေ ကိုယ်စီဆောင်းထားကြတယ် မဟုတ်လား'

'ဟုတ်ပါတယ်'

ဖေ့စုလီတို့ ဇနီးမောင်နှံနှစ်ယောက်မှာ အကြီးအကျယ် ပင် တုန်လှုပ်သွားကြတော့သည်။

နောက်သို့ ဒယီးဒယိုင်ဖြင့် ခြေလှမ်းသုံးလှမ်း ဆုတ်သွားမိကြတော့သည်။

'ဒုက္ခပါပဲ သူတို့ရောက်လာကြပြီ ဖေဖေတော့ အန္တရာယ်များတော့မှာပဲ'

နှစ်ယောက်သား စိုးရိမ်တကြီး ရေရွတ်လိုက်မိကြ၏။



ကပျာကယာပင် ဤနေရာမှ ထွက်ခွာသွားရန် ဟန်ပြင်ကြသည်။

ရှောက်ချူးရှေက မသွားရန်ဟန့်တားလိုက်ရာ သူတို့နှစ်ဦးက တုံ့ ခနဲခြေလှမ်းရပ်တန့်လိုက်ပြီးရှောင်ချူးရှေအား ရန်သူကြီးတစ်ယောက်ပမာ စိုက်ကြည့်နေလေ တော့သည်။

✻

## အခန်း (၄)

တောင်ပေါ်လေက တန့်နဲ့တိုက်ခတ်နေ၏။

လေပြေ ထဲတွင် မိုးငွေ့မိုးနံ့များ ပါလာသော်လည်း မိုးကမရွာသေး။

ရှောက်ချူးရွှေလည်း သူ့ကို ရန်သူကြီး တစ်ယောက်လို ကြည့်နေသော ဖေ့ဝုလီတို့ ဇနီးမောင်နှံကို အေးဆေးတည်ငြိမ်စွာပင်ကြည့်နေ၏။

'ဘယ်လို ပြဿနာတွေများ ရှိနေလို့ပါလဲ ခင်ဗျာ၊ ကျွန်တော်တို့အပေါ် မိတ်ဆွေကောင်းလိုဆက်ဆံခဲ့တဲ့အတွက် ဝန်မလေးဘူးဆိုရင်ပြောပြပါလား၊ ကျွန်တော်တို့လဲ အတတ်နိုင်ဆုံး အကူအညီပေးကောင်း ပေးနိုင်ပါလိမ့်မယ်'



ဖေ့ဝုလီနှင့် ဝမ်ပုရွှင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်၊ ရှောက်ချူးရွှေ၏သိုင်းပညာကို စောစောတုန်းက သူတို့စမ်းသပ်ကြည့်ပြီးပြီမို့ ယုံကြည်အားကိုးသည်။ ဝမ်ပုရွှေက တုန်ယင်သောလေသံဖြင့်....

'မင်း....မင်း....တကယ်ပဲကူညီပေးချင်တဲ့ ဆန္ဒရှိလို့လား'

'ကျွန်တော်တို့ မိတ်ဆွေညီနောင်တွေရဲ့ အခြေအနေကို အရင်ဆုံးကြည့်ပြီး ဆုံးဖြတ်ပေးပါမယ်'

'အို စိတ်ချ၊ သူတို့ဘာမှမဖြစ်ဘူး၊ ကောင်းကောင်းမွန်မွန်ပဲ ရှိနေကြတယ်၊ သူတို့ကိုဖမ်းဆီးထားရတဲ့အကြောင်းကမင်းကို ဒီရောက်လာအောင် မျှားခေါ်လိုက်တာပဲ၊ အဓိကကတော့ သူရဲကောင်းအခ်ိန့်ပေးတံဆိပ်ပြား ရယူဖို့ပဲ။ သူ့ဘိုက ဒဏ်ရာရအောင် ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး'

'ဖေ့ဝုလီက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျုပ်တို့ ဇနီးမောင်နှံ မျက်နှာမရှိရဘာဟာ မွေးရာပါမဟုတ်ဘူး၊ တမင် ရှပ်ဖျက်ထားကြတာပါ'

ရှောက်ချူးရွှေ ခေါင်းညိတ်လိုက်၏။

'ဒါကို ကျွန်တော် သတိထားမိပါတယ်၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ'

'ကျုပ်တို့ရဲ့အသက်နဲ့ ဂုဏ်သိက္ခာကို ပြန်မဆယ်နိုင်ကြသေးဘူး၊ သွေးကြွေးမပေးရသေးဘဲ လူတကာကို မျက်နှာအစစ်အမှန်နဲ့ အတွေ့မခံဖို့ဆုံးဖြတ်ပြီး ခုလိုလုပ်ထားတာပဲ။ အောင်မြင်လာမှ အရှက်နဲ့သိက္ခာကို ဆေးကြောပစ်မယ် ဒါမှ ဖေ့မိသားစုလဲ အရှိန်အဝါ ပိုကြီးလာနိုင်မယ်'

ရှောက်ချုးရွေ ရင်ထဲ ကြက်သီးနွေးကလေးပင်ထသွားလေသည်။

'အကယ်လို့ မင်းကသာအကူအညီပေးမယ်ဆိုရင် အဖြစ်အပျက်တွေကို ကျုပ် ပြောပြနိုင်ပါတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် ပတ်ဝန်းကျင်လောက်ကဆိုပါတော့....'

ဖေ့စုလီသည် စကားအစချီကာ ရန်ပြိုးဖြစ်ပေါ်လာရပုံ အကြောင်းရင်း ရှင်းပြတော့သည်။

ဖေ့စုလီ၏အဘိုး ဖေ့ချိုသည် သိုင်းလောကတွင် လူစွမ်းကောင်းပြိုင်ပွဲ၌ မုံယုံစုချင်၏ လက်ချက်ဖြင့် အရေးနိမ့်ခဲ့ရပေသည်။ နောက်ပိုင်းတွင် ဖေ့စုလီသည် သိုင်းပညာကို တိတ်တဆိတ်သင်ကြားပြီး မုံယုံမိသားစုနှင့် ပြဿနာတက်ခဲ့သည်။ ဖေ့ယီကျောင်း အကြီးအကဲဖြစ်လာသောအခါ သူတို့ဦးရိုးတော် ဖေ့ထင်ချင်းကို အဆိပ်ခတ် သတ်ပစ်သည်။ ကွဲပြားနေသော မိသားစုနှစ်စုကိုလည်း တစ်ပေါင်းတည်း စာစုစည်းတည်းဖြစ်အောင် ဝမ်းကွဲညီအစ်မကို လက်ထပ်လိုက်သည်။

ထိုအချိန်တွင် ဆန့်ကွမ်းအမျိုးအနွယ်မှာ ထန်မိသားစု၏ လက်ချက်ကြောင့် အရေးနိမ့်ခဲ့ရပေသည်။ ထန်မိသားစု၏ ကိုးစစ်ဆင်မှုကြောင့် ဆန့်ကွမ်းမိသားစုမှာ မျိုးပြုတ်မတတ်ရှိပြီး အဆင့်မြင့်ပုဂ္ဂိုလ်များထဲမှ လေးယောက်သာ ကျန်ရှိတော့သည်။

ထိုလေးယောက်မှာ ဆန့်ကွမ်းယိ၊ ဆန့်ကွမ်းကျင်လုံနှင့် ဆန့်ကွမ်းတိုက်စန်းတို့ ဖြစ်ကြသည်။ သူတို့သည် စစ်ရေးအခြေမလှသဖြင့် ဖေ့မိသားစုထံသို့ လာရောက်ခိုလှုံခဲ့ကြသည်။

'ကျုပ်တို့ဆီကို ဆန့်ကွမ်းဝမ်ကိုယ်တိုင် မျက်နှာငယ်လေးနဲ့ ရောက်လာခဲ့တယ်၊ ဖေ့မိသားစုက သူ့ကို ကူညီဖို့ ဒါမှသာ ထန်မိသားရဲ့ရန်ကို ရှောင်နိုင်မှာ ဖြစ်ကြောင်း အသနားခံ တောင်းဆိုလာတယ်၊ သူ့ကို ကရုဏာသက်မိတာနဲ့ ကျုပ်နဲ့ ပုရှင်တို့နှစ်ယောက် ဖေဖေ့ဆီမှာ တင်ပြတောင်းပန်ပေးခဲ့တယ်၊ မထင်မှတ်ဘဲ....'

ဖေ့ဝုလီ စကားဆက်ပြောနေရင်းမှ ရုတ်တရက် ဖြတ်တောက်လိုက်၏။ သူ့လေသံက ဝမ်းနည်းကြေကွဲဟန် ပါလာသည်။ ဝမ်ပုရှင်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် ဂဏာမငြိမ်ဖြစ်နေ၏။

'ကျုပ်တို့က ဆန့်ကွမ်းမျိုးနွယ်ရဲ့ အန္တရာယ်ကို ကာကွယ်ကယ်ဆင်ပေးလိုက်တယ်၊ ဒါပေမယ့် ထန်မိသားစုနဲ့ ရန်ပွားလာရတော့တယ်၊ သိုင်းလောကရဲ့ ဆယ်နှစ်အတွင်း မျိုးနွယ်စု ပဋိပက္ခထဲမှာ ထန်မိသားစုက အဆင့်မြင့်ပုဂ္ဂိုလ် ထန်ရှောင်ဝန့်ထွက်ပေါ်လာတယ်၊သူထွက်လာတာနဲ့ကျုပ်အဖေကို အရေးနိမ့်သွားစေတယ်၊ ဆန့်ကွမ်းမျိုးနွယ်ကလူတွေကတော့ အသာလျှိုနေပြီး နောက်တော့ ဩဇာအာဏာဂိုဏ်းထဲကို ဝင်သွားကြတယ်၊ ဖေ့မိသားစုအင်အားပြန့်နေတဲ့အချိန်ဆိုတော့ အတွင်းသူလျှိုလုပ်ပြီး ကျုပ်တို့ရဲ့လူ တော်တော်များများကို လိမ်ညာသိမ်းသွင်း ခေါ်ဆောင်သွားကြတယ်၊ ကျုပ်တို့သိတဲ့အချိန်ကျတော့ နောက်ကျနေပြီ'

ရှောက်ချူးရွှေမှာ သစ္စာမဲ့သူ တစ်ယောက်အကြောင်း ကြားနေရစဉ် ခန်းကျီစင်ကို ဖြတ်ခနဲ မျက်လုံးထဲ၌ မြင်ယောင်လိုက်မိသည်။

'ဆန့်ကွမ်းဝမ်ဟာ ဘယ်လောက်အထိ ယုတ်မာသလဲဆိုတော့ ကျုပ်တို့အင်အားပြိုကွဲအောင်လုပ်ပြီးနောက် သူ့လူတွေစုပြီး ဖေ့မိသားစုရဲတိုက်ကို ရောက်လာကြတယ်။ သူလာတာက ကျုပ်တို့ကိုသတ်ပစ်ဖို့ပဲ၊ အဲဒီတုန်းက ရက်စက်လိုက်တာကိုတော့ ပြောပြစရာမရှိဘူး၊ ကျုပ်တို့ဘက်က အရေးကြီးတဲ့ အဆင့်မြင့်ပုဂ္ဂိုလ် ရှစ်ယောက်ကိုသတ်ပြီး ဟိတ်ဟန်ဘကြီးနဲ့ ထွက်ခွာသွားတယ်၊ အဲဒီအချိန်ကစပြီး ဖေ့မိသားစုဟာ ခေါင်းမထောင်နိုင်တဲ့အဆင့်ကို ရောက်သွားရတာပဲ'

ဖေ့စုလီ၏စကားသံက ကြေကွဲခြင်းနှင့် နာကြည်းဒေါသဖြစ်ခြင်းတို့ ပါဝင်ပေါင်းစပ်နေသည်။

'ဆန့်ကွမ်းဝမ်ဟာ တိရစ္ဆာန်အရိုင်းအစိုင်း တစ်ကောင်လို ယုတ်မာလွန်းတယ်၊ ကျုပ်တို့ကို အမြဲဘမ်းပဲလာနှောင့်ယှက်တယ်၊ သူ့မှာသြဇာအာဏာကိုးကား နောက်ခံရှိနေပြီဆိုတော့ အဘင့်ရှိနိုင်တာပေါ့၊ ကျုပ်တို့ ဘစ်တွေလဲ ဒါကြောင့်ပဲ မလွှဲမရှောင်သာတာနဲ့ မိုးဘုရင်ကြီးကျူးရဲ့လက်အောက်ကို မှီခိုလိုက်ရဘယ်၊ နောက်ဆုံးတော့ ကျုပ်တို့မှာ ဘာအကျိုးအမြတ်ရသလဲ၊ သြဇာအာဏာကိုးကားရဲ့ ရန်ငြိုးဖွဲ့တာကို ခံရတယ်။ သူ့ရဲကောင်းအမိန့်ပေး တံဆိပ်ပြားနဲ့ ပတ်သက်ပြီး မင်းအမျက်သို့ဘာကို ခံရတယ်၊ မိုးဘုရင်ကြီး



ကျူးက ကျုပ်တို့ကို အကူအညီတစ်ခုမှ မပေးတဲ့အပြင် ပြန်ပြီးတော့တောင် အသုံးချသွားသေးတယ်'

ရှောက်ချူးရွှေ သက်ပြင်းတစ်ချက်ချလိုက်မိပြီး....

'အင်း....ဒါဆို ကျွန်တော်လဲ ဆန့်ကွမ်းအမျိုးအနွယ်ရဲ့ အသုံးချတာကို ခံခဲ့ရတာပဲ၊ ရှေ့တုန်းက တံခါးပေါက်တွေကို ကျွန်တော်ကရှင်းလင်းပစ်ပြီး သူတို့ကို အလွယ်တကူ ဝင်လာနိုင်အောင် ဖန်တီးပေးခဲ့သလို ဖြစ်သွားတာပေါ့'

'ဟုတ်တယ်၊ ဆန့်ကွမ်းဝမ်က အခွင့်ကောင်းယူပြီး ဝင်လာတာပဲ၊ ဒါ ကျုပ်တို့လင်မယားညံ့ကြလို့ပဲ၊ ဒီအတွက် သူတို့ကိုမုန်းတယ်၊ ကျုပ်တို့ဟာ ဖေ့မိသားစုရဲ့ တာဝန်မကျေတဲ့သူတွေအဖြစ် ရောက်ခဲ့ရတယ်၊ အပြစ်ဒဏ်သင့်ခဲ့ရတယ်၊ ဒီအပြစ်ဒဏ်ကလဲ ဘယ်လိုမှ မကျေနိုင်တော့ဘူး၊ ဖေ့မိသားစုအသိုင်းအဝိုင်းမှာ ကျုပ်တို့နှစ်ယောက် မျက်နှာမပြဝံ့ကြတော့ဘူး၊ ဆန့်ကွမ်းဝမ်တို့လေးယောက်ကို ကျုပ်တို့က သက်သက်တမင် ခေါ်လာခဲ့တယ်လို့ သံသယဝင်ကြတယ်၊ ဘယ်သူကမှလဲ ကျုပ်တို့နှစ်ယောက်ကို စကားမပြောကြတော့ဘူး၊ ဒါနဲ့ ကျုပ်လဲရှက်ပြီး မျက်နှာကို သာရေတုစွပ်ထားလိုက်ကြတာပဲ'

ရှောက်ချူးရွှေ စိတ်မကောင်း ဖြစ်လာသည်။ မိမိ၏ မိသားစုအပြစ်ဒဏ်ကို ဆေးကြောရန်အတွက် အသက်ကို မငဲ့ကွက်ဘဲ ပြန်လည်ဂုဏ်ဆယ်သည့် စိတ်ဓာတ်ကိုလည်း ချီးကျူးမိသည်။

'ဒီလို မတရားခံနေရတာမျိုးတော့ ကျွန်တော်လဲမခံနိုင်ဘူး၊ အတတ်နိုင်ဆုံး အကူအညီပေးမယ်လို့ ကတိပြုပါတယ်'

ဖေ့စုလီဇနီးမောင်နှံ အလွန်ပင် ဝမ်းသာသွားမိကြ၏။

'ဒါဆို မင်းရဲ့မိတ်ဆွေညီနောင်တွေကို အရင်ဆုံး သွားကယ်ထုတ်ကြမလား၊ ဒါမှမဟုတ်....'

ရှောက်ချူးရွှေ ထက်ကာပြ တားဆီးလိုက်ပြီး....

'ဒါနဲ့ ဆရာကြီးရဲ့အဖေက ဘယ်မှာလဲ'

'ဝှာဆန်းတောင်ရဲ့ အရှေ့ဘက်တောင်ထွတ်မှာ ရှိနေပါတယ်'

ဝမ်ပုရွှင်က ကြားဝင်ကာ အလျင်အမြန်ဖြေသည်။

ရှောက်ချူးရွှေလည်း ကောင်းကင်ပေါ်သို့ မော့ကြည့်နေပြီး သော့တွဲကို လက်နောက်ပစ်လျက် ယမ်းနေသည်။

'အဲဒီ လူငါးယောက်ဟာ အရှေ့ဘက် တောင်ထွတ်ကို သွားကြမှာပဲ၊ လူ့အသက်ဟာ လောင်နေတဲ့မီးကို ငြိမ်းရသလိုပဲ၊ အချိန်ဆွဲနေလို့ မဖြစ်ဘူး။ ဆရာကြီးတို့အဖေဆီကို အရင်ဆုံးသွားကြပါစို့'

ရှောက်ချူးရွှေက ဆုံးဖြတ်ချက်ချ စကားကို ဆိုလိုက်လေသည်။

ဝှာဆန်းတောင်၏ အရှေ့ဘက်တောင်ထွတ်၌ ကျားထိုးဇရပ်တစ်ခုရှိ၏။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ကျောက်ချွန်ဖုန်နှင့် ချန်ပူဆိုသော အဘိုးကြီးနှစ်ယောက် ကျားထိုးကစားခဲ့သော နေရာဖြစ်ပေသည်။



ရှောက်ချူးရွှေ၊ ဖေ့စုလီ၊ ဝမ်ပုရွှင်၊ ချင်ဖုန်းပတ်၊ ချန်ကျင့်ထွေနှင့် လျှိုယိုတို့ ခြောက်ယောက်သည် ကျားထိုးဇရပ်နေရာသို့ ဦးတည်သွားနေကြ၏။

လမ်းခရီးတွင် အန္တရာယ်များနိုင်သဖြင့် ကျွမ်းကျင်သော ဖေ့စုလီက....

'ကျုပ် ရှေ့ကသွားမယ်'

ရှောက်ချူးရွှေက ဖေ့စုလီ၏နောက်မှ ကပ်လျက်လိုက်သည်။ ဝမ်ပုရွှင်က နောက်ဆုံးမှလိုက်၏။

တောင်က တဖြည်းဖြည်းမြင့်တက်လာသလို လေကလည်း တဟူးဟူး တိုက်ခတ်လာသည်။ တို့အတူ တောင်ခိုးများနှင့် မြူကလည်း တဖွဲ့ဖွဲ့ တသဲသဲ အုံ့မှိုင်းကျရောက်လာသဖြင့် တောင်ထိပ်ပေါ်မှအရာဝတ္ထုကို သဲကွဲစွာ မမြင်ရချေ။

ဖေ့စုလီသည် ရှေ့သို့မဲကာ တွယ်တက်သွား၏။ မြူတို့ကြောင့် ရှောက်ချူးရွှေ၏ အမြင်အာရုံမှာ ဝါးလာ၏။ ထိုအချိန်တွင် အကျီလေးတိုးသံတစ်ချက် ကြားလိုက်ရပြီး လူရိပ် သုံးရိပ်ကို ဝါးတားတား တွေ့လိုက်ရ၏။ ထိုလူရိပ်များ၏ အဝတ်အစားနှင့် ခြေထောက်တို့တွင် သံလိုက်ဓာတ်ပါသည့်အလားပင် ကျောက်နံရံကို တွယ်ကပ်ထားနိုင်ကြ၏။

ရှောက်ချူးရွှေရင်ထဲ တုန်လှုပ်သွား၏။

ဆန့်ကွမ်းအမျိုးအနွယ်၏ အဆင့်မြင့်ပုဂ္ဂိုလ် သို့မဟုတ် ဖေ့မိသားစုက လာရောက် လုပ်ကြံခြင်း ဖြစ်မည်ဟုလည်း ထင်မိသည်။

သူ့ဇဝေဇဝါဖြစ်နေစဉ်မှာပင် ကြည်လင်သောမိန်းကျောင်းဂီတသံ ထွက်ပေါ်လာ၏။ ထိုမှ တစ်ဆက်တည်း ပလွေသံလို အသံတို့ပါ ကပ်ပါလာ၏။

'ခြော်....မင်းတို့ကိုး'

ရှောက်ချူးရွှေ စိတ်ထဲမှ တီးတိုး ရေရွတ်လိုက်မိသည်။

သူ သိုင်းလောကထဲသို့ ဝင်ရောက်ခဲ့သည့် တစ်လျှောက်တွင် လျှို့ဝှက်စွာဖြင့် ပျောက်ကွယ်တတ်ပြီး နားမလည်နိုင်လောက်သည့် လူထူးလူဆန်းသုံးဦးကို သတိရလာသည်။

ဂီတသုံးပါး မဟာဓားသမား သုံးယောက်ဟူ၍ပင်တည်း။

သူတို့ သုံးယောက်သည် ရှောက်ချူးရွှေအား မတူညီသော စမ်းသပ်မှုမျိုးကို ပေးတတ်ခဲ့သည်။ သူတို့ ထွက်လာတိုင်း တစ်ကြိမ်ထက်တစ်ကြိမ် သိုင်းပညာ ပို၍ပို၍ ထက်မြက်မြင့်မားလာတတ်ခဲ့သည်။ ထို့အတူ ရှောက်ချူးရွှေ၏ သိုင်းပညာကလည်း တဖြည်းဖြည်း တိုးတက်လာခဲ့၏။

တတိယတစ်ခေါက်သူတို့ထွက်ပေါ်လာစဉ်တွင် ထန်ဖန်းလည်း ထွက်ပေါ်လာခဲ့သည့် အချိန်ဖြစ်၏။ ရှောက်ချူးရွှေစိတ်ထဲတွင် ပလွေသံသည် ပို၍သာယာနာပျော်ဖွယ်ကောင်းလာ၏။ ထန်ဖန်းကိုလည်း သတိရလာမိသည်။

'ထန်ဖန်း'

နှုတ်မှ လွှတ်ခနဲပင် ခေါ်လိုက်မိသည်။

သူ့လေသံတွင် မျှော်လင့်ချက်များ အပြည့်အဝပါနေ၏။ သူ့မျက်လုံးအစုံတွင် မျက်ရည်များဝဲနေသည်။



ထိုအချိန်တွင် ယခင်ဆုံခဲ့သည့် အခါများကလိုပင် ဓားရှည် သုံးလက်က တဝီဝီမြည်လျက် သူ့လည်မျိုကို ထောက်ထားလိုက်ကြသည်။

'အလျှင်အတိုင်းပါပဲလား'

'ထန်ဖန်းကို စဉ်းစားတာနဲ့ စိတ်အာရုံ ရှုပ်ထွေးနေပြီမဟုတ်လား၊ အခု မတိုက်ခိုက်တော့ဘူးမဟုတ်လား'

'ဒီလိုသာ ဆက်ဖြစ်နေရင်တော့ ဓားသမားတစ်ယောက် မဖြစ်နိုင်တဲ့အပြင် လူသတ်နိုင်တဲ့အဆင့်အတန်းလည်းမရှိဘူး'

'ဓားသမားလုပ်တယ်ဆိုတာ သံယောဇဉ် ဖြတ်ရတယ်'

'နို့မဟုတ်ရင် လောကကြီးမှာရှိတဲ့လူတွေ ဗိုလ်ကျတာကို ခံရပြီး ကိုယ်က သူတို့တစ်တွေကို ဘာမှလုပ်ရဲမှာမဟုတ်ဘူး'

ဂီတသုံးပါး မဟာဓားသမားသုံးယောက် ဖြစ်ကြသော ဝမ်းယန့်ယန်၊ ကျန်းရှုယင်း၊ တိန့်တောက်ယန်တို့က တစ်ယောက် တစ်ခွန်းစီ ပြောလာကြသည်။

ရှောက်ချူးရွှေအာရုံမှာ ထန်ဖန်း ဆီသို့ပင် ရောက်ရှိနေဆဲ။

'မင်း....မင်းတို့ ဘယ်သူတွေလဲ'

ဓားရှည်သုံးလက်၏ အအေးဓာတ်ကြောင့် ရှောက်ချူးရွှေ၏ လည်ပင်းတွင် ကြက်သီးမွေးညှင်းများ ထလာ၏။

ဓားသမားသုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြပြီး ဓားကို ပြန်ရုပ်သိမ်းလိုက်ကြ၏။

'မင်းတို့ ဘယ်သူတွေလဲ၊ ထန်ဖန်းကော ဘယ်မှာလဲ'

ရှောက်ချူးရွှေက အဆက်မပြတ်ပင် မေးလိုက်၏။

နောက်မှ လိုက်ပါလာသော ချန်ကျင့်ထွေ၊ ချင်ဖုန်းပတ် လျှို ယိုနှင့် ဝမ်ပူရှင်တို့မှာ သူ၏ခက်ထန်သော အမေးစကား ကို ကြားလိုက်မိကြ၏၊ သို့သော် ထူထပ် သိပ်သည်းလှသော မြူနှင်းများထဲတွင် ဘာကိုမျှမမြင်နိုင်ကြ။ ကျောက်နံရံကို ကျော်တက်ပြီး သွားကြည့်လိုသော်လည်း ကြောက်စိတ်က ဘန့်တားထားသဖြင့် မလုပ်ရဲ။ သူတို့၏ရှေ့သို့တက်မည့်လမ်း ကို ခြေမွဖျက်ဆီးထားသကဲ့သို့။

ဖေ့စုလီသည်လည်း နောက်သို့လှည့်ကာ ကယ်တင်လို သော်လည်း အရိပ်အယောင်မရှိသည့် လေလှိုင်းအားကို ထိုးဖောက်မဝင်နိုင်အောင် ဖြစ်နေ၏။ ရှေ့ဘက်နှင့် နောက် ဘက်မှ စိတ်ပူပန်နေစဉ် ထိုသူသုံးဦးက မြူနှင်းထဲတွင် တဖ ဖြည်းဖြည်း ရောန္ဒောလာ၏။

'မင်းတို့ မတားကြနဲ့'

ရှောက်ချူးရွှေ အော်ငေါက် ဟန့်တား၏။ တစ်ဆက် တည်းပင်ဓားရှည်ကို ဝှေ့ယမ်းကာ ခက်ထန်သောလေသံဖြင့်

'ထန်ဖန်းကော'

တယောသံ၊ မိကျောင်းဂီတသံနှင့် ပလွေသံတို့က ပေါ် မြဲတိုင်း ပေါ်ထွက်လာ၏။ အပေါ်သို့ဆက်တက်သော်လည်း မိုးကောင်းကင်ကို မမြင်ရ။ အောက်ဆင်းပြန် သော်လည်း မြေပြင်ပေါ် မရောက်နိုင်။ ဘေးပတ်ပတ်လည်တွင် ကျောက် နံရံနှင့် မြူနှင်းမှုန်တို့ကသာ အုံ့မှိုင်းနေ၏။

ရှောက်ချူးရွှေသည် ဂီတသံ ထွက်ပေါ်နေသည့် နေရာ ဆီသို့ စိတ်မှန်းဆကာဓားနှင့်လျှောက်ပိုင်းနေ၏။ မိမိ၏သိုင်း



ပညာစွမ်းများကိုလည်း ထုတ်သုံးနေ၏။ အကြိမ် လေတိုးသံ တဖျပ်ဖျပ် ပေါ်လာပြန်ပြီး ဓားရှည်သုံးလက်က သူ့ ဓား သွားပေါ်သို့ ထိုးဖိလာသည်၊ တယော၊ ပလွေ၊ မိကျောင်း ဂီတသမား သုံးဦးက သူ့ကို ဝိုင်းပြီး တိုက်ခိုက်လာကြ၏။

ရှောက်ချူးရွှေ ဘာကိုမျှစဉ်းစားမနေတော့။ လက်ဝါး ရိုက်ချက်တစ်ချက် ထုတ်လွှတ်လိုက်၏။

'ဖြောင်း'

တူရိယာပစ္စည်းသုံးခုကျိုးပျက်ကုန်၏။ ဂီတသံများလည်း တောင်တစ်ကြော ရုတ်ခြည်း တိတ်ဆိတ်သွား၏။

စန်းယန့်ယန်က....

'ကောင်းတယ်၊ သိပ်ကောင်းတယ်'

ကျန်းရှယင်းကလည်း ကြည်လင်သော လေသံဖြင့်....

'ကျွန်မတို့တစ်တွေ ဘယ် သူ လဲ လို့ သိချင်ရင်တော့ နောက်တစ်ခါဆုံကြမှ ပြောပြဘာပေါ့'

'တဲ....သွားကြစို့'

တိန့်တောက်ယန်က လမ်းခွဲစကားဆိုသည်။

သူ့စကားဆုံးသည်နှင့် အဖြူ၊ အဝါ၊ အနက် လူရိပ် သုံးခုက ချောက်ကမ်းပါးနေရာရှိ ခပ်ပြေပြေ နေရာ၌ မျက်စိတစ်မှိတ်အတွင်း ပျောက်ကွယ်သွားတော့သည်။

*　　*　　*

ရှောက်ချူးရွှေ ငေးကြောင်နေမိ၏။ ဝမ်ပုရှင်တို့ အုပ်စုနံရံကိုကျော်ဖြတ်သည့်အချိန်၌ သူလည်း အပေါ်သို့ ဆက်တက်သွားပြီး ဖြစ်၏။

ဖေ့စုလီသည် ခွေးတလုံးလုံးဖြင့် သူ့ကို ဖေးမ လိုက်၏။

ရှောက်ချူးရွှေ မျက်နှာတစ်ခုလုံး ဖြူးရော်နေသဖြင့် မေးရမည့်စကားကိုပင် မမေးမိ၊ ရှောက်ချူးရွှေကလည်း ဘာမှမပြောဘဲ သူမေးလိုရာကို မေးသည်။

'ဘယ်နေရာမှာလဲ'

အဆက်အစပ် မရှိသော စကားဖြစ်သည်မို့ ဖေ့စုလီ သဘောမပေါက်။

'ဘာကိုမေးတာလဲ'

'ကျားထိုးဇရပ်ကိုပြောတာ'

'ရှေ့နားဆို ရောက်ပါပြီ'

'ဒါဆိုသွားကြစို့'

ဖေ့စုလီမှာ အံ့အားအသင့်ကြီးသင့်ကာ စိတ်ထဲတွင် အထူးအဆန်းဖြစ်နေ၏။ စောစောကအဖြစ်အပျက်များသည် ရှောက်ချူးရွှေ၏အတိတ်မှ အကြောင်းအရာများလို ဖြစ်နေကာ မိမိတို့တစ်စုံတစ်ယောက်မျှ မတွေ့မြင်ခဲ့ရသဖြင့် စိတ်ထဲတွင် မချင့်မရဲဖြစ်နေသည်။

သို့နှင့် ကျားထိုးဇရပ်ဆီသို့ ရောက်လာခဲ့၏။



ဇရပ်ပေါ်တွင် အခြေအနေက ငြိမ်သက်သွားပြီဖြစ်၏။

ဇရပ်အနီးတွင် အလောင်း ရှစ်လောင်း ရှိနေသည်၊ သေဆုံးသူအားလုံးမှာ ဖေ့မိအားစုမှလူများသာ ဖြစ်နေ၏။ ဇရပ်အပြင်ဘက် အရှေ့အနောက်တောင်မြောက် နေရာတွင် လူတစ်ယောက်စီ ရပ်နေကြသည်၊ အဝတ်အစား အရောင်လေးမျိုးရှိနေပြီး ခမောက်ကိုခပ်အုပ်အုပ်ဆောင်းထားသဖြင့် မျက်နှာကိုမမြင်ရ။

ဇရပ်ထဲတွင်ကား လူနှစ်ယောက်ရှိနေသည်။

တစ်ယောက်ကထိုင်နေပြီး တစ်ယောက်က မတ်တတ်ရပ်ကာ ကျားရွှေ့နေ၏။

ထိုင်နေသူမှာ အချိန်အတော်ကြာအောင်ပင် ထိုင်နေခဲ့ရဟန်တူ၏။ ကျောက်ဆစ်ရုပ်တစ်ခုလိုပင် တည်ငြိမ်စွာထိုင်နေသည်။

မတ်တတ်ရပ်နေသူမှာ ဖြစ်သလိုအနေအထားဖြင့် ရပ်နေသည်။

ခြေတစ်ဖက်က ကျောက်ထိုင်ခုံပေါ်တင်ကာ လက်တစ်ဖက်ကမူ ဦးခေါင်းကို ဖေးမထားသည်။ ဟိတ်ဟန်မာနကြီးသည့် အရိပ်အသွင်က သူ့မျက်နှာပေါ်တွင် ထင်ဟပ်နေသည်။

ထိုင်နေသည့်လူ၏ ညာဘက်မျက်ခုံးတွင် အမာရွတ်ကြီးတစ်ခု ရှိနေသည်။ သံမဏိဆူး စိုက်ဝင်သွားသည့် အတွက် အမာရွတ်မျိုးဖြစ်၏။ ဤဒဏ်ရာမှာ တစ်ချိန်က ထန်မိသားစု

အဆင့်မြင့်ပုဂ္ဂိုလ်ဖြစ်သည့် ထန်ရှောင်စွန်နှင့် တိုက်ခိုက်ရာ ရလာခဲ့ခြင်းဖြစ်၏။ လက်နက်ပုန်းက သူ့မျက်ခုံးမွေးပေါ် စိုက်ဝင်ထိမှန်ခဲ့သည်။ သို့သော် ထန်ရှောင်စွန်၏ တိုက်ပွဲထဲတွင် သူသည် ပထမအကြိမ်အဖြစ် လွတ်မြောက်လာခဲ့သည့် ပထမဆုံးလူသား ဖြစ်ပေသည်။

ယခုလက်ရှိ အခြေအနေတွင် သူသည် ကျားရှုံးနေသူ တစ်ယောက်ဖြစ်၏။ ရှုံသမျှအဖော်များ အသတ်ခံရပြီး ဆုတ်လမ်းတက်လမ်းတို့ကိုပင် ပိတ်ဆို့ခြင်းခံနေရသည်။ ရှိသမျှ ဖြတ်ထိုးညာဏ်များလည်း ကုန်ခန်းသွားပြီ ဖြစ်၏။ သာမန် လူတစ်ယောက်သာ ဤအခြေအနေမျိုးရောက်ခဲ့လျှင် တောင် အောက်သို့ခုန်ချပြီး ကိုယ့်ကိုယ်ကို သတ်သေရုံသာရှိတော့သည်။

မတ်တတ်ရပ်နေသူသည် ခမောက်ကို လက်တစ်ဖက်ဖြင့် ခပ်စောင်းစောင်း ပြုလိုက်၏။ မျက်နှာပေါ်တွင် အမာရွတ်ကြီးက အကျဉ်းတန်အရုပ်ဆိုးလှ၏။ သူသည် သက်ပြင်း တစ်ချက်ချလိုက်၏။

'မင်းအတွက် လမ်းမရှိတော့ဘူး'

ထိုင်နေသည့် အဘိုးကြီးသည် လက်နှစ်ဖက်ကို အင်္ကျီ ထဲသို့ထိုးသွင်းထား၏။ သူ့အသက်အရွယ်မှာ ခြောက်ဆယ် ခန့်ရှိ၏။

မတ်တတ်ရပ်နေသူမှာ ဆန့်ကွမ်းအမျိုးအနွယ် ခေါင်း ဆောင် ဆန့်ကွမ်းဝမ် ဖြစ်ပေသည်။



'ကိုယ့်ကိုယ်ကို ရှင်းပစ်မလား၊ ကျုပ်ကပဲ ရှင်းပေးရမလား'

ဆန့်ကွမ်းဝမ်ကပြောသည်။

ထိုင်နေသည့်သူမှာ စိတ်မချမ်းမြေ့သော အမူအရာဖြင့် ခေါင်းမော့လိုက်၏။

'ဘာကို ဆိုလိုတာလဲ'

'မင်း နားမလည်ဘူးလား၊ သိုင်းလောကမှာ ရှုံးတဲ့သူ သေရတယ်'

ထိုင်နေသော အဘိုးကြီးက မာန်ပါသော လေသံဖြင့်....

'ကျုပ်ကျားကွက်ရှုံးနိမ့်ခဲ့တယ်၊ သေတာက ကျားလုံး တွေပဲ၊ ကျုပ်မဟုတ်ဘူး၊ ဒီတော့ ကျုပ်မသေနိုင်ဘူး'

ဆန့်ကွမ်းဝမ် မျက်မှောင်ကြုတ်လိုက်၏။

ထိုင်နေသည့် အဘိုးကြီး၏ မျက်လုံးအစုံမှာ အလင်း ရောင်တောက်လာ၏။

'ကျုပ်မရှုံးသေးဘူး၊ ဘာကြောင့်လဲဆိုတော့ ကျုပ်နှလုံး သားထဲမှာ ဖျတ်လတ်လှုပ်ရှား နိုင်သေးတယ်'

ထိုင်နေသူကား ဖေ့မိသားစုအကြီးအကဲ ဖေ့ယီကျောင်း ဖြစ်၏။

ဆန်နုကွမ်းဝမ်သည် သူကိုစိုက်ကြည့်စဉ်မှာပင် သူ့ရင်ထဲ
လှုပ်သွားသလို ခံစားမိသည်၊ သူ့တစ်သက်တွင် ဤကဲ့
သောလူစားမျိုး မတွေ့ဖူးသလိုပင်။

ထိုအချိန်မှာပင် ရှောက်ချူးရွှေတို့မှာ ကျွားထိုးဇ
ဆီသို့ရောက်လာကြသည်။

ရှောက်ချူးရွှေသည် ဇရပ်ထဲမှ ကျွားကစားသူ နှစ်ဦး
ကြည့်လိုက်၏။

သူတို့ နှစ်ဦး၏ စိတ်ထိန်းချုပ်နိုင်မှုကို ကြည့်ခြင်းဖြ
အတွင်းအား အဆင့်မနိမ့်လှကြောင်းသိနိုင်သည်။ ကျွား
ဇရပ်ထဲမှ ကျွားကွက်ဗန်းသည် အတော်ပင် ကြီးမား
သံမဏိဖြင့် ပြုလုပ်ထား၏။

ကျွားထိုးသူနှစ်ယောက်မှာ သက်သောင့်သက်သာ အ
အထားမျိုးရှိနေသည်။

ရှောက်ချူးရွှေအနီးသို့ ရောက်သွားသည်နှင့် ဇရပ်အ
ဘက်မှ လူလေးဦးက ချက်ချင်းပင် လှုပ်ရှားလာကြသ
သူတို့၏လှုပ်ရှားမှုက မြန်ဆန်လှသည်။ ကျွားထိုး ဇရ
ဝင်လမ်းကို ပိတ်ဆို့ထားသလို ရှောက်ချူးရွှေ၏ဆုတ်
တက်လမ်းတို့ကိုလည်း ပိတ်ဆို့ ထားလိုက်၏။



ယခုအချိန်တွင် ရှောက်ချူးရွှေ၌ လမ်းတစ်လမ်းတည်း
သာ ရှိတော့သည်။ ထိုလမ်းကား ချောက်ကမ်းပါးထဲသို့
ခုန်ဆင်းရမည့် လမ်းပင်တည်း။ ဆန်နုကွမ်းဝမ် ရယ်မော
လိုက်သည်။

'အခု မင်းရဲ့ သွားလမ်းဟာ တစ်လမ်းပဲရှိတယ်၊ မင်း
နောက်ဆုတ်လိုက်ပါ'

ရှောက်ချူးရွှေ ဘာမျှမတုံ့ပြန်၊ ဆန်နုကွမ်းဝမ်ကိုသာ
တည်ငြိမ်စွာကြည့်လိုက်သည်။ ဆန်နုကွမ်းဝမ်ကောက်ကျစ်စွာ
ပြုံးလိုက်ပြန်သည်။

'စောစောတုန်းက မင်း ငါတို့အတွက် ရှေ့ကနေ လမ်း
ရှင်းပေးခဲ့တဲ့ လုပ်ဆောင်ချက် ရှိနေတယ်။ အဲဒီမျက်နှာကို
ထောက်ထားပြီး မင်းကိုလမ်းခရီးတစ်ဝက်မှာမသတ်ဘူးလို့
ကတိပေးပါတယ်'

ရှောက်ချူးရွှေ ခေါင်းကိုခါယမ်းလိုက်၏။

'ခင်ဗျား ကတိတည်တဲ့လူတစ်ယောက်ဆိုရင် ဖေ့မိသား
စုဟာ ဒီနေ့လို ဖြစ်လာမှာမဟုတ်ဘူး၊ ဖေ့စုလီနဲ့ဝမ်ပုရှင်
တို့လဲ အခုလို မျက်နှာမရှိတဲ့ ဇနီးမောင်နှံ ဖြစ်သွားမှာ
မဟုတ်ဘူး'

ဖေ့စုလီနှင့် ဝမ်ပုရှင်တို့ နှစ်ယောက်မှာ ဒေါသကြောင့်
အသားများ တဆတ်ဆတ်တုန်နေပြီး ရှေ့သို့ လှမ်းတက်ရန်
ခြေလှမ်းပြင်နေ၏။

ရှောက်ချူးရွှေက ဟန့်တားလိုက်သဖြင့် အသာ ပြန်ရပ်နေ၏။

'သူတို့က အတိတ်အကြောင်းတွေ မင်းကို ပြောပြလိုက်ပြီပေါ့'

ဆန့်ကွမ်းဝမ်က အေးစက်သော လေသံဖြင့် မေးသည်။ သူ့မျက်လုံးက ဓားအသွားလို အလင်းရောင်စူး ရှနေ၏။ ရှောက်ချူးရွှေက ရဲဝံ့စွာပင်....

'လူတကာအသိမခံချင်ရင် အစကတည်းက မဟုတ်တာ မလုပ်ပါနဲ့လား'

ဆန့်ကွမ်းဝမ် ဒေါသထွက်သွား၏။ သို့သော်-တမင်ပင် ရယ်မောလိုက်၏။ ရယ်မောခြင်းသည် လှောင်ခြင်းဟု ဆိုသော်လည်း အမာရွတ် အပြည့် ရှိနေသော ဆန့်ကွမ်းဝမ်၏ရယ်မောလိုက်သည့်မျက်နှာကြီးက ကြောက်စရာ ကောင်းနေ၏။

'ကောင်းစုလန်က လမ်းမညွှန်လိုက်ရင် မင်း ဝှာဆန်းတောင်ကို လာနိုင်ပါ့မလား၊ ဒါဆိုရင် မင်းရဲ့မိတ်ဆွေတွေ သေလောက်နေပြီ၊ ကောင်းစုလန်ဟာ လျှို့ရွှေဖုန်းရဲ့လူ၊ လျှို့ရွှေဖုန်းဟာ ဂိုဏ်းချုပ်ကြီးလီရဲ့ အကြံပေးပုဂ္ဂိုလ်၊ ငါတို့ဟာ ဩဇာအာဏာဂိုဏ်းရဲ့ ထောက်ခံအားပေးမှု ရနေတဲ့ လူတွေ၊ မင်းငါနဲ့ ဖက်ပြိုင်ဖြစ်ရင် နောက်ပိုင်း ရလာမယ့် အကျိုးဆက်တွေကို စဉ်းစားမိရဲ့လား'

'ကျုပ်စဉ်းစားပြီးပြီးသား၊ တကယ်လို့ ဩဇာအာဏာ ကျုပ်ကို အသုံးပြုပြီး ဖေ့မိသားစုကို ရှင်းပစ်မယ် ဆိုရင်



ပထမအချက်အနေနဲ့ ကျုပ်ရဲ့သဘောတူညီချက်ကိုမယူခဲ့ဘူး၊ ကျုပ်ဟာ သူတစ်ပါးရဲ့အသုံးချတာကို ခံတတ်တဲ့လူစားမျိုး မဟုတ်ဘူး'

'ဒါပေမယ့် မင်းဟာ ဖေ့မိသားစုရဲ့ လူအတော်များများကို သတ်ပစ်ခဲ့တယ်၊ ဖေ့မိသားစုကလဲ မင်းရဲ့မိတ်ဆွေတွေကို ဖမ်းဆီးထားတယ်၊ ဟဲ....ဟဲ....ဟဲ....ဖေ့မိသားစုနဲ့ မင်းဟာ ကမ္ဘာ့ရန်ငြိုးကြီးတွေ ရှိနေကြပြီ'

ရှောက်ချူးရွှေမှာ တည်ငြိမ်အေးဆေးစွာပင် ရှိနေ၏။

'ရန်ငြိုးမရှိဘူး၊ သူတို့က ကျုပ်မိတ်ဆွေတွေကို မသတ်ပစ်ခဲ့ဘူး၊ လွှတ်ပေးဖို့တောင် စီစဉ်ပြီးပြီ၊ ကျုပ်ဟာ ဖေ့မိသားစုရဲ့ လူ အတော်များများကို သတ်ပစ်ခဲ့တာမှန်တယ် သူတို့ကလဲ ကျုပ်အမေဘက်က အဘွားကို သတ်ပစ်ခဲ့တယ်၊ ဒါပေမယ့် ကျုပ်အနေနဲ့ ဒီကိစ္စကို ဘေးချိတ်ထားနိုင်တယ်။ ခင်ဗျားတို့လို အချောင်ဝင်နှိုက်တဲ့လူတွေကို ရှင်းပြီးမှ ဒီကိစ္စ ဆက်ပြောလို့ရတယ်'

'မင်းပညာလောက်နဲ့ ငါတို့ကို တုံ့ပြန်မလို့လား'

ရှောက်ချူးရွှေ ခေါင်းညိတ်လိုက်၏။

'ဆန့်ကွမ်းမျိုးနွယ်ရဲ့ အဆင့်မြင့်ပုဂ္ဂိုလ် ကိုယ်စားပြုပုဂ္ဂိုလ်ဆိုလို့ ခင်ဗျားတို့ ငါးယောက်ပဲ ကျန်တော့တယ်၊ ငါးယောက်တိတိပဲ'

ဆန့်ကွမ်းဝမ်မှာ ခိမိဘို့၏ ဂုဏ်သိက္ခာကို ထိပါးလာသဖြင့် မျက်နှာပျက်သွား၏။ ဖေ့ယိကျောင်းမှာမှ သူတို့

နှစ်ယောက်၏ အပြန်အလှန်စကားများကို နားထောင်ပြီး အမှုအရာက အေးဆေးတည်ငြိမ်နေသည်။ ရှောက်ချုးရွှေ ဆက်သို့ ဦးတည်ကာ....

'ငါတို့ ဆန့်ကွမ်း အမျိုးအနွယ်တွေကို ရှင်းပစ်ပြီးမှ မင်းနဲ့ သူသေကိုယ်သေ စာရင်းရှင်းကြတာပေါ့'

ရှောက်ချုးရွှေ စိတ်ထဲမနှစ်မြို့။ မကျေနပ်သလို ခံစားလိုက်ရ၏။ ဖေ ယီကျောင်း၏စကားက အကျော်ကြီးနှင့်ပြောသလို ထင်မှတ်မိသည်။ သို့သော် အတော်ကလေး ရိုးသားပွင့်လင်းမှုရှိနေသဖြင့် ရှောက်ချုးရွှေသည်းခံနေလိုက်သည်။ မရိုးသားလျှင် ဆန်ကွမ်းဝမ်၏ အသုံးချခြင်းခံရမည် မဟုတ်သည်ကိုလည်း ရှောက်ချုးရွှေ သတိရလိုက်မိ၏။ တစ်ဖန်ယန့်တိုတို့တစ်သိုက်ကို ဖမ်းဆီးပြီး သူ့ထံမှ သူရဲကောင်းတံဆိပ်ပြားကို အဟင်း တောင်းခံလာမည် မဟုတ်ပေ။

လောလောဆယ် အခြေအနေအရ ဖေ ယီကျောင်းနှင့် လက်တွဲကာ ရန်သူအား မောင်းထုတ်တိုက်ခိုက်ပြီးမှ သူနှင့် ဖေ ယီကျောင်း သူသေကိုယ်သေ တိုက်ခိုက်ရတော့မည့်အခြေအနေ ဖြစ်ပေသည်။

* * *



ရှောက်ချုးရွှေအား ဝန်းရံထားသူများက ရုတ်တရက် ရှေ့သို့ ခြေတစ်လှမ်းတိုးတက်လာသည်။ ရှေ့တစ်လှမ်း တိုးလာသဖြင့် ရှောက်ချုးရွှေနှင့် ခြေတစ်လှမ်း ပိုနီးလာပြီး ဝန်းရံထားသည့်စက်ဝိုင်းကလည်း ကျဉ်းလာ၏။

ရှောက်ချုးရွှေသည် နောက်သို့ ခြေလှမ်းဝက်ခန့် ဆုတ်ချင်၏။ အကွာအဝေးကိုချိန်ဆပြီးမှ တိုက်ကွက်ခင်းကာ တန်ပြန် တိုက်ခိုက်မည်ဖြစ်၏။

သို့သော် နောက်ဆုတ်မည့်ခြေလှမ်းကို အတင်း ရပ်တန့်လိုက်၏။

မဆုတ်နိုင်။

လုံးဝမဆုတ်နိုင်။

နောက်သို့ ဆုတ်ခြင်းသည် သေလမ်းကို လျှောက်မည့်သဘော အရှုံးပေးခြင်းသဘော သက်ရောက်နေ၏။

လူလေးဦး၏ ငက်ပါခြေကွက်ကိုနင်းကာ ချဉ်းကပ်လာသည့်အားက အတော်ပင် ပြင်းထန်နေသည်။ နှစ်ပေါင်းများစွာလေ့ကျင့်ပြီး တစ်ယောက်နှင့်တစ်ယောက်နားလည်မှုယူကာ အမိကရန်သူကို နောက်ဆုတ်သွားစေအောင် ပြုလုပ်ပြီးမှ လျှပ်တစ်ပြက်တိုက်ခိုက်မည်ဖြစ်၏။

လေးယောက်စလုံးသည် ရှောက်ချုးရွှေ နောက်ဆုတ်တော့မည့်အသွင်ကို မြင်နေရ၏။ ဘီးသဏ္ဌာန်လက်နက်ကို ထုတ်ပြီး တိုက်ခိုက်ကြတော့မည့်အချိန် ရှောက်ချုးရွှေ တန်ပြင်နေသော ခြေလှမ်းက တန့်သွားသည်။ တစ်ပြိုင်နက်

တည်းမှာပင် ပြင်းထန်သောခလလှိုင်းက ရုတ်တရက် ထွက်ပေါ်လာသည်။

ရှောက်ချူးရွှေ ဓားချက် အသံ လုံးဝ မထွက်သကဲ့သို့ ထင်မှတ်ရသည်။ သို့သော် မိုးချုန်းသံထက်ပင် ကြောက်စရာကောင်းလှ၏။ လေးယောက်စလုံးမှာ လျှပ်တစ်ပြက်အတွင်း နောက်သို့ ခြေလှမ်းဝက်ခန့် အသီးသီးဆုတ်ပေးလိုက်ရ၏။

ထိုအချိန်တွင် ရှောက်ချူးရွှေက ဆက်တိုက်လှုပ်ရှားလာသည်။ သူ၏ဓားရှည်က လူလေးယောက် ခါးအလယ်ဆီသို့ ဝှေ့ယမ်းလိုက်၏။ လေးယောက်စလုံး ဘာလုပ်ရမည်မသိဘဲ ကြောင်အမ်းအမ်းဖြစ်နေစဉ်မှ ဆန့်ကွမ်းဝမ်၏ ကျယ်လောင်စွာ အော်ဟစ်လိုက်သံ ထွက်လာ၏။

'ပြန်လာခဲ့ကြ'

ဆန့်ကွမ်းမျိုးနွယ်လေးဦးသည် လေထဲသို့ ခုန်ပျံတက်သွားကြပြီး ဇရပ်အတွင်းဘက် လေးနေရာသို့ ခွဲကာရပ်နေကြ၏။

ရှောက်ချူးရွှေ ဓားချက်ကလည်း လေကိုသာ ဝိုးခနဲ ခုတ်ဖြတ်မိတော့သည်၊ ဤကား ရှောက်ချူးရွှေ အဆင့်မြင့် ပုဂ္ဂိုလ်နှစ်ဦးထံမှ သင်ယူခဲ့သောပညာရပ်ဖြစ်ပြီး ပဌမဆုံး အကြိမ် လွဲချော်သွားခြင်းဖြစ်ပေသည်။

အရောင်မတူဝတ်စုံများ ဝတ်ဆင်ထားကြသည့် လူလေးယောက်မှာ မည်သူကမျှ ရှောက်ချူးရွှေကို အထင်မသေးဝံ့ကြတော့။ ဆန့်ကွမ်းဝမ်ကသာ အချိန်မီခေါ်ယူလိုက်ခြင်း



မရှိလျှင် ထိုဓားချက်က သူတို့၏ဝိညာဉ်များကို နုတ်ခြွေသွားမည်ဖြစ်ကြောင်းလည်း သိလိုက်ကြသည်။

'လေးမြောင့်ဝက်ပါကွက်ကိုပြင်'

ဆန့်ကွမ်းဝမ်က အသံသြကြီးဖြင့် အမိန့်ပေးလိုက်သည်။

လေးယောက်စလုံးမှာ ခါးကြားမှ စက်ဝိုင်းကွင်းများကို ထုတ်ယူလိုက်ကြ၏။ စက်ဝိုင်းကွင်း၏ငွေရောင်များ ဝင်းလက်သွားသည်။ ရှောက်ချူးရွှေ၏သိုင်းပညာ မည်မျှမြင့်မားနေပါစေ၊ လျှို့ရွှေဖုန်း နတ်မှ ချီးကျူးခဲ့သည့် ဤလေးမြောင့်ဝက်ပါကွက်ကို မယှဉ်နိုင်ချေ။

ဤဝက်ပါကွက်သည် ရှောင်လင်ကျောင်း၏ လို့ထန်ဆယ့်ရှစ်ဖော် ဝက်ပါကွက်ထက်ပင် အစွမ်းထက်မြက်နေပေသေးသည်။

ဆန့်ကွမ်းမျိုးနွယ် ယနေ့အထိ နာမည်ရှိနေခြင်းမှာ ဤဝက်ပါကွက်အားကိုးတစ်ခုကြောင့် ဖြစ်ပေသည်။

ဆန့်ကွမ်းဝမ်သည် ဖေ့ယိကျောင်း၏လှုပ်ရှားမှုကို မပြတ်တမ်း စိုက်ကြည့်နေ၏။ ဖေ့ယိကျောင်း လှုပ်ရှားလာသည်နှင့် သူကလည်း လှုပ်ရှားမည်ဖြစ်ပေသည်။ သူနှင့် ဝက်ပါကွက်ခင်းထားသောသူ လေးဦးပေါင်းစပ်လိုက်လျှင် ငါးမြောင့် ဝက်ပါကွက်မှာ လေးမြောင့် ဝက်ပါကွက်ထက် ဆယ်ဆမက အင်အားကြီးမား ထက်မြက်လှပေသည်။

ဖေ့ယိကျောင်းကမလှုပ်ရှား။

ပြုံးရုံသာပြုံးနေ၏။

'ဆန်နီကွမ်းဝမ်၊ ရန်ကြွေးဆိုတာ သွေးနဲ့ပေးဆပ်ရတယ်၊ မင်း ထွက်မပြေးနိုင်တော့ပါဘူး'

ဆန်နီကွမ်းဝမ်မှာ ဖေ့ယိကျောင်းက အဘယ်ကြောင့် ဤသို့သော အထက်စီးလေသံမျိုးဖြင့် ပြောလာသည်ကို စဉ်းစားမရ။

ထိုအချိန်မှာပင် သူ့အနီးမှ ဝတ်စုံဝတ်လူငယ်မှာ ငယ်သံပါအောင် အော်ဟစ်ပြီး လဲကျသွား၏။ သူ့ခန္ဓာကိုယ်မှာ ခါးလယ်မှ နှစ်ပိုင်းပြတ်နေသည်။ ဆန်နီကွမ်းဝမ် ထိတ်လန့်ဒေါသဖြစ်သွားတော့သည်။

သည်စဉ်မှာပင် မျက်နှာချင်းဆိုင်မှ ဝတ်စုံစိမ်းဝတ်လူ တစ်ယောက် ဆွေးဆွေးမြည့်မြည့် အော်ဟစ်လာ၏။

'အမြန်ဆုတ်ကြ'

ဆန်နီကွမ်းဝမ် စိုးရိမ်းတကြီး အော်အစ်လိုက်၏။ သူ့စကားသံမဆုံးခင်မှာပင် ကျန်လူနှစ်ဦးမှာ ဇရပ်အပြင်ဘက်သို့ ပြေးထွက်သွားတော့သည်၊ သူတို့၏ မျက်နှာပေါ်တွင် တုန်လှုပ်ချောက်ချားလွန်းသည့် အမူအရာက အထင်းသား ရှိနေ၏။

ပါးစပ်အဟောင်းသား မျက်လုံးကြောင်တောင်တောင်နှင့်....

သူတို့၏မျက်လုံးများက ဇရပ်အလယ်ရှိ စားပွဲခုံကိုကြည့်နေ၏။



ဖေ့ယိကျောင်းထက် အသက်ပိုကြီးပြီး ပို၍ဖိန့်ပါးသော အဘိုးအိုတစ်ယောက် စားပွဲခုံအောက်မှ ထွက်လာသည်။ ဝတ်စုံစိမ်းဝတ်လူ၏ ဝမ်းဗိုက်ထဲတွင် နစ်နေသော မည်းနက်သည့် ဓားမရှည်ကြီးကို ခပ်ဆတ်ဆတ် ဆွဲနုတ်လိုက်သည်။

သူ့တွင် ခြေထောက် တစ်ချောင်းတည်းသာ ရှိသည်။ ညာဘက်ခြေထောက်က တုံးတိတိ။

သေးသွယ်ကျဉ်းမြောင်းသည့် သူ့မျက်နှာပေါ်တွင် ကျေနပ်ပီတိအပြုံးက လက်လွင်နေသည်။

'ဘယ့်နှယ်လဲ ဆန်နီကွမ်းဝမ် ဖေ့မိသားစုရဲ့ ပညာအခင်းတို့ဆက် တစ်ဆင့်ပိုမြင့်ခဲ့ပြီ မဟုတ်လား'

ဆန်နီကွမ်းဝမ်သည် ဒေါသတကြီးဖြင့် ခမောက်ကြီးကို လက်သီးနှင့် လှမ်းထိုးလိုက်သည်။

ခမောက်လွင့်စဉ်ထွက်သွားကာ တစ္ဆေတစ်ကောင်ပမာ အရုပ်ဆိုး ကြောက်စရာကောင်းလှသော မျက်နှာကြီးပေါ် ပေါ်ထွက်လာသည်။

'ဟင် ခင် ခင်ဗျား ခင်ဗျား မသေသေးဘူး၊ ခင်ဗျား ဖေ့ချိ၊ ဪ ခင်ဗျား မသေသေးဘူးကိုး'

ထိုသူက သံသေးသံကြောင်ဖြင့် ရယ်မောလိုက်သည်။

'ဟုတ်တယ်၊ ငါ ဖေ့ချိပဲ'

ဆန်နီကွမ်းဝမ် ဆတ်ခနဲတုန်လှုပ်သွား၏။

'ခင်ဗျား....ခင်ဗျား....သေခဲ့ပြီ မဟုတ်ဘူးလား၊ ဟိုနေ့က ခင်ဗျားရဲ့ နောက်စေ့တည့်တည့်ကို တုတ်ကောက်တစ်ချက် မိမိရရ ထိမှန်ခဲ့တာပဲ'

ဖေ့ချိုက အရယ်အမောမပျက်....

'ဟုတ်တယ်၊ ငါ့နောက်စေ့ကို မိမိရရ ထိမှန်သွားခဲ့တာပဲ၊ ယီချန်သွေးကြောပေါ်မှာလေ၊ မင်းကြည့်ဦးမလား'

ပြောပြောဆိုဆိုပင် ခေါင်းကိုငုံ့ပြလိုက်သည်။

နောက်စေ့တွင် တုတ်ကောက်ထိမှန်သဖြင့် အတွင်းသို့ တစ်လက်မခန့် ချိုင့်ဝင်နေသည့်အရာကြီးကို တွေ့ရှိနိုင်ပေသည်။ တုတ်ကောက်၏ ရိုက်ချက် မည်မျှ ပြင်းထန်သည်ကိုလည်း သိနိုင်ပေ၏။

'မသေသေးတဲ့ အသက်ပြင်းနေတာ ဘာကြောင့်လဲ၊ မင်းသိလား၊ အဲဒါ မင်းကိုသတ်ချင်လို့ပဲ'

ဆန့်ကွမ်းဝမ် အလွန်အမင်း တုန်လှုပ်သွားတော့သည်။

ဖေ့ချိုက ကျေနပ်ပီတိဖြစ်ကာ ရယ်မောနေဆဲ။

'အဲဒီညက မင်းဟာ ကျေးဇူးကို ရန်ငြိုးလို ပေးဆပ်ခဲ့တယ်၊ ငါ့ကို တိတ်တဆိတ်လုပ်ကြံခဲ့တယ်၊ ငါ တစ်ချက်အထိအမှန်ခံရပြီး သတိမလစ်ခင်မှာ ဒီဓားမနက်ကို အသုံးပြုလိုက်သေးတယ်'

ဖေ့ချိုက သူ့ဓားမနက်ကို မြှောက်ပြ၏။

ဆန့်ကွမ်းဝမ်၏ မျက်လုံးသူငယ်အိမ် လှုပ်ရှားလာသည်။ မျက်နှာပေါ်ရှိသွေးကြောများပင် တုန်ယင်လာသည်။



'မင်းကို ဆယ်ချက်မက ဓားနဲ့ခုတ်ပစ်တာတောင် မင်း ငါ့ဓားမသွားအောက်က လွတ်အောင် ပြေးနိုင်တာကိုတော့ ချီးကျူးပါတယ်'

ဖေ့ချိုက ခနဲ့ပြုံးပြုံးကာ ပြောသည်။

ဖေ့ယိကျောင်းကလည်း....

'ဆန့်ကွမ်းဝမ် မင်းအတွက် မျှော်လင့်ချက်မရှိတော့ဘူး'

ဆန့်ကွမ်းဝမ်၏ လေးမြှောင့်ဝက်ပါကွက်နှင့် ငါးမြှောင့်ပဉ္စင်ဝက်ပါကွက်ကို မချေဖျက်ခင်က ဤစကားမျိုး မည်သူမျှ မပြောရဲကြ။ ဆန့်ကွမ်းဝမ်တို့ငါးဦး၏ စိတ်အာရုံ ရှောက်ချူးရှွေထံ ရောက်ရှိသွားခြင်းက ဖေ့ချိုအတွက် လက်ဦးမှု ရရှိရန်အခွင့်အရေးပေးလိုက်သလို ဖြစ်သွားတော့သည်။

လူအင်အားနှစ်ယောက် ကျဆုံးသွားသဖြင့် ဆန့်ကွမ်းဝမ်မှာ ဝက်ပါကွက်ကို ဖော်ထုတ်အသုံးမပြုနိုင်တော့။

ဖေ့စုလီ၊ ဝမ်ပုရှင်တို့ဇနီးမောင်နှံပါ ရှောက်ချူးရှွေ၊ ချင်ဖုန်းပတ်၊ ချန်ကျင့်ထွေနှင့် လျိုယုံတို့ကိုပါ ပူးပေါင်းတိုက်ခိုက်လျှင် ဆန့်ကွမ်းဝမ် အရေး နိမ့်တော့မည် မှာ မလွဲပေ။

ထိုအချက်ကို ဖေ့ယိကျောင်း ကောင်းကောင်းကြီး သိထားပေသည်။ ရှောက်ချူးရှွေသာ ထွက်ပေါ်မလာခဲ့လျှင် ဓားပွဲခုံအောက်တွင် ကြိုတင်ပုန်းအောင်းနေသော ဖခင်ဖြစ်သူ ဖေ့ချို ယခုကဲ့သို့ အဆင်ပြေပြေ အသာစီးရနိုင်မည် မဟုတ်ပေ။

ဖေယိကျောင်းသည် ဆန့်ကွမ်းဝမ်ကို ပြောပြီးလျှင် ရှောက်ချူးရွှေဘက်သို့ လှည့်လိုက်၏။

'ရှောက်ချူးရွှေ အခုအချိန်မှာ ဖေ မိသားစုနဲ့ ဆန့်ကွမ်းမျိုးနွယ်ဟာ မြို့ဘက်ဟောင်းတွေ အဖြစ် ရင်ဆိုင်တွေ့နေရပြီ၊ မင်းဘယ်သူ့ဘက်ကမှ ဝင်ကူစရာမလိုတော့ဘူး'

ဆန့်ကွမ်းဝမ်ကမူ....

'ရှောက်ချူးရွှေ သူတို့တစ်တွေဟာ ယုန်ကိုမိပေမယ့် နောက်ထပ်လေးမျှားပြင်ဦးမှာပဲ၊ ကျုပ်ဘက်ကနေ အရင်ဝင်ကူပြီး ဒီကောင်တွေကို ရှင်းပစ်လိုက်ပါ၊ ပြီးမှ မင်းရဲ့ မိတ်ဆွေတွေကို သွားကယ်တင်တာက စိတ်ချရဘယ်'

ရှောက်ချူးရွှေသည် မိသားစုနှစ်စု သူသေကိုယ်သေ သတ်ဖြတ်ကြတော့မည်မို့ ရင်ထဲတွင်မချိ။

'ခင်ဗျားတို့တစ်တွေဟာ ဘာဖြစ်လို့ သိုင်းလောကရဲ့ မိသားစုသုံးခုအဖြစ် ရောက်ချင်ရတာလဲ၊ အခု ခင်ဗျားတို့ မိသားစုနှစ်ခုထဲက ဘယ်သူပဲဖြစ်ဖြစ် အနိုင်ရလိုက်ဦးတော့ ရှေ့ဆုံးမှာရှိနေတဲ့ မုံယုံမိသားစုက နေရာယူထားသေးတယ်'

ဆန့်ကွမ်းဝမ်က အေးစက်စက်ရယ်မောလိုက်၏။

'မုံယုံမိသားစု ဟုတ်လား၊ ဟား ဟား ဟား၊ သြဇာအာဏာဂိုဏ်းက မုံယုံမိသားစုကို နှစ်နှစ်ထက်ပိုပြီး ပီတိဖြစ်ဝမ်းသာခွင့် မပေးပါဘူး'

ရှောက်ချူးရွှေရင်ထဲ တုန်လှုပ်သွား၏။ လီချိန်ကြိုးနှင့် လျို့ရွှေဖုန်း၏မျက်နှာကို ကွက်ခနဲ မြင်မိပြီး ကြက်သီးပင် ဖြန်းခနဲ ထသွားရသည်။



ဖေယိကျောင်းက လေးနက်သောလေသံဖြင့်....

'ရှောက်ချူးရွှေ မင်းအနေနဲ့ မိသားစုနှစ်ခုစလုံးဘက်က ဝင်မကူညီချင်ရင်လဲ ဘေးမှာ အသာရပ်မနေပါ၊ သူ့ရဲ့ကောင်းအမိန့်ပေးတဲ့ဆိပ်ပြားကို စကားထဲ ထည့်ပြောမနေနဲ့တော့၊ သေသွားတဲ့ လူတွေအတွက် တို့ဘက်ကအမှားလို့ပဲ ထားလိုက်ပါ၊ မင်းနဲ့မဆိုင်စေရဘူး၊ မင်း မိတ်ဆွေတွေကိုလဲ ဆန့်ကွမ်းမျိုးနွယ်က လူတွေကိုရှင်းပြီးရင် ပြန်လွှတ်ပေးမယ်'

ရှောက်ချူးရွှေ တွေငိုင်သွားသည်။

ဆန့်ကွမ်းဝမ်မှာ ရှောက်ချူးရွှေ မည်သူ့ဘက်ကမှဝင်၍ ကူညီခြင်း မပြုသည်ကို မြင်လိုက်ရသဖြင့် ရင်ထဲတွင် ပေါ့ပါးသွားတော့သည်။

* * *

ဆန့်ကွမ်းဝမ်သည် ခါးကြားမှ တုတ်တိုတစ်ချောင်းကို ဆွဲထုတ်လိုက်၏။

ဖေ ချို ပြုံးရုံသာပြုံးပြီး တုတ်တိုကို လှမ်းကြည့်သည်။

'အဲဒါ မင်းရဲ့ တစ္ဆေနိုင်တုတ်လား'

'ဟုတ်တယ်၊ ဒီတုတ်က ဒီနေ့မှာ ခင်ဗျားရဲ့ခေါင်းကို ရိုက်ခွဲမယ့် တစ္ဆေနှိုင်တုတ်ပဲ'

'ဟား....ဟား....ဟား ခါးမနက်က တစ္ဆေနှိုင်တုတ်ကို ရင်ဆိုင်ရတော့မယ်။ အတော့ကို ဇည်ဇည်ကားကားဖြစ်မယ့် ပွဲကြီးပွဲကောင်းတစ်ခုပဲ'

ဤအချိန်တွင် ဆန့်ကွမ်းဝမ်၏ ခါးမ ထိပ်မှ ဝိုးခနဲ နွားအမွေးအနှင်လောက် သေးငယ်သည့် အပ်ပျံတစ်ဆုပ်က ဖေ့ချိုမျက်နှာဆီသို့ ပြေးဝင်သွားသည်။

ဖေ့ချိုက ရယ်မြဲရယ်နေလျက်....

အပ်ပျံများ မျက်နှာဆီသို့ ရောက်လာမည့် အချိန်ကျမှ သူ့လက်ထဲမှ ခါးမနက်ဖြင့် ကာလိုက်သည်။ ခါးမသည် ရုတ်တရက်ကြီးလာပြီး ယပ်တောင်တစ်ခုလို ကွေးညွှတ်ပြန့်ကားသွား၏။ ထို့နောက် အပ်ပျံများကို ဖယ်ခါထုတ်ပစ်လိုက်တော့သည်။

'အား'

ဖေ့ချို ရယ်မောနေသော်လည်း ဖေ့စုလီမှာ ဆွေးဆွေးမြည့်မြည့်ပင် အော်ဟစ်လိုက်သေးသည်။ တစ်ဆက်တည်းပင် သူ့ခန္ဓာကိုယ်မှာလည်း မြေကြီးပေါ်သို့ လဲကျသွားရလေတော့သည်။ သူ့ဝမ်းဗိုက်ထဲတွင်ကား အရိုးဖြူဆူး တစ်ချောင်း စိုက်ဝင်နေ၏။



လျှို့ယိုတို့တစ်တွေမှာ အံ့အားသင့်သွားကြသည်။

မည်သည့်အရပ်က ရောက်ရှိလာသောလက်နက်ပုန်းနည်းတုလည်း စဉ်းစားမိသွားသည်။ အမှန်စင်စစ်တွင်မူ ဆန့်ကွမ်းဝမ်သည် တုတ်တံ၏ထိပ်မှ အပ်ပျံ များဖြင့် ဖေ့ချိုထံသို့ ပစ်လွှတ်သည့် တစ်ချိန်တည်းမှာပင် တုတ်တံ၏ အမြီးပိုင်းမှ လုံးဝ အသံမထွက်သည့် အရိုးဖြူဆူးတစ်ချောင်း ဖေ့စုလီထံသို့ ပစ်လွှတ်လိုက်ခြင်းဖြစ်၏။

ဖေ့စုလီမှာ ဖေ့ချိုထံသို့ အာရုံရောက်နေသလို လက်နက်ပုန်းကလည်း အမှတ်မထင် မြန်ဆန်လှသဖြင့် ဝမ်းဗိုက်အတွင်းသို့ နစ်ဝင်ဆူးစိုက်ခြင်း ခံရလေတော့သည်။

ဖေ့စုလီ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

ဝမ်ပုရှင်သည် ပဋ္ဌာမြေလူးသလိုဖေ့စုလီ၏အလောင်းကို ပွေ့ဖက်ငိုကြွေးတော့သည်။ ရှောက်ချူးရွှေမှာ မျက်နှာမရှိသော ဇနီးမောင်နှံတို့ကိုကြည့်ပြီးဝမ်းနည်းစိတ်မကောင်းဖြစ်လာမိသည်။ သူတို့၏ ကံဘရားနည်းပါးပုံကို ပင့်သက်ချမိသည်။ ဆန့်ကွမ်းဝမ်၏ ရက်စက်ကောက်ကျစ်ပုံကိုလည်း အောချသွားမိတော့သည်။

ထိုအချိန်တွင် ဖေယိကျော်င်းသည် မသေဘဲ ကျန်ရှိနေသေးသည့် ဝတ်စုံနီနှင့်ဝတ်စုံပြာဝတ် နှစ်ဦးအား သံမဏိဘားလုံးနှစ်လုံးဖြင့် ပစ်ပေါက်လိုက်၏။ ဆန့်ကွမ်းဝမ်နှင့်

ဖေ့ချိုတို့မှာ သုံးလေးကွက်မျှရင်ဆိုင်တိုက်ခိုက်ကြပြီးဖြစ်၏။ နှစ်ယောက်စလုံး၏လက်ထဲတွင်ကား လက်နက်ဆန်းများကို ကိုင်ဆောင်ထားကာလျှို့ဝှက်ထူးဆန်းသော တိုက်ကွက်များဖြင့် ထုတ်ဖော်တိုက်ခိုက်နေကြသည်။

'ကျားလုံးကို မဖမ်းနဲ့'

ဆန့်ကွမ်းဝမ်သည် ဖေ့ချို၏တိုက်ကွက်ကို ရှောင်တိမ်းရင်းမှ ဝတ်စုံနီနှင့် ဝတ်စုံပြာတို့ကိုအော်ဟစ်သတိပေးသည်။ ဝတ်စုံနီနှင့် ဝတ်စုံပြာတို့လည်း ဘေးသို့ အသီးသီး ရှောင်ပေးလိုက်ကြသည်။

'ဝုန်း'

ကျားလုံးမှာ လေထဲတွင်ပင် ပေါက်ကွဲသွား၏။ သူတို့နှစ်ဦးကလည်း ရှောင်တိမ်းရင်းမှ ခမောက်ကိုဖြုတ်၍ ဖေ့ယိကျောင်းထံသို့ ပစ်လွှတ်သည်။

ခမောက်၏အနားတွင် ထက်မြက်သော ဓားပါးကလေးများ တပ်ဆင်ထားသည်။ ဓားသွားပေါ်တွင်ကား အဆိပ်များ သုတ်လိမ်းထားပေသည်။ ဖေ့ယိကျောင်းသည် လက်နက်ပုန်း ပေါက်ကွဲသွားပြီး အခိုးအငွေ့များ ထွက်ပေါ်နေသဖြင့် ရှောင်တိမ်းနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ခန္ဓာကိုယ် တိမ်းစောင်းသွားပြီး တစ်ရှုပ်ရှုပ်ဖြင့် ဦးထုပ်နှစ်လုံး ပိုင်းဖြတ်ခြင်းကို ခံလိုက်ရ၏။

'ဟာ....မှန်သွားပြီ၊ မှန်သွားပြီ'



ဝတ်စုံနီနှင့်လူကလက်ထဲမှ နေနှင့်လ စက်ဝိုင်းကွင်းကို မြှောက်ပြီး ဝမ်းသာအားရ အော်ဟစ်သည်။ ဝတ်စုံပြာဝတ်လူက အံ့အားသင့်သော အမူအရာဖြင့်....

'မဟုတ်သေးဘူး'

ထိုအချိန်မှာပင် ဖေ့ယိကျောင်းက သရဲအရိပ်ပမာ သူတို့နှစ်ယောက်၏ နောက်ဘက်ဆီမှ ပေါ်ထွက်လာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ဝတ်စုံပြာနှင့် ဝတ်စုံနီဝတ် လူနှစ်ဦးကလည်းလျင်သည်။ လှစ်ခနဲပင် ကိုယ်ကိုဝပ်ချကာ ရှောင်တိမ်းသည်။ ထို့နောက် မြေလျှိုးမိုးပျံ အတတ် တတ်ကျွမ်းထားသည့်အလား ဖေ့ယိကျောင်း၏ မြင်ကွင်းမှ လှစ်ခနဲ ပျောက်သွား၏။

ဖေ့ယိကျောင်း မျက်နှာပျက်သွားသည်။

မျက်လုံး ကလယ်ကလယ် ဖြစ်လာသည်။ နှာခေါင်းကို ရှုံ့ချည်ပွချည်ဖြင့် အနံ့ခံသလို ပြုလာ၍၏။ သို့နှင့် ရှေ့တူရူ လောက်တွင် ရှိသော မြက်ချုံဖုတ်တစ်ခုအနီးသို့ လျှောက်သွားပြီး လက်ဝါးနှစ်ဖက်ကို မြေကြီးပေါ်သို့ ရိုက်ချလိုက်လေသည်။

ရှောက်ချူးရွှေသည် ဤသို့သော လှုပ်ရှားမှုမျိုးကို မြင်တွေ့ရတိုင်း မာကျင်ကျုံးကို ရုတ်တရက် သတိရလိုက်မိ၏။ မာကျင်ကျုံးသည်လည်း ယခုလိုနည်းပညာဖြင့် လက် တစ်ထောင်နတ်ဆိုး ဆူကွန်ကို သတ်ဖြတ်ပစ်နိုင်ခဲ့၏။

ယခုသော်ကား မာကျင်ကျုံးမှာ ကွယ်လွန်ခဲ့ရပြီဖြစ်၏၊

ဖေ့ယီကျောင်းသည် ညာလက်ကိုဆွဲနုတ်လိုက်လျှင် သွေး
အံရဲရဲဖြင့် ကိုယ်တွင်းကလီစာတစ်ခု ပါလာ၏။ မိုက်မိုက်
ရမ်းရမ်း သတ္တိရှိသော လျှိုယိုသည်ပင် မြင်လိုက်သည်နှင့်
မူးမေ့လဲကျလုမတတ် ဖြစ်သွား၏။

ဖေ့ယီကျောင်းသည် ဘယ်ဘက်လက်ကို ဆွဲနုတ်လိုက်
သော အခါတွင်ကား လက်ချောင်း ငါးချောင်း ပြတ်
တောက် ကျန်ရစ်ခဲ့သည်ကိုတွေ့လိုက်ရ၏။နာကျင်လွန်းသဖြင့်
သူ့မျက်နှာတစ်ခုလုံးမှာ ရှုံ့တွနေ၏။

ဘယ်လက်ဆွဲထုတ်ပြီးသည့်အချိန်တွင် ဓတ်စုံပြာဝတ် လူ
ရိပ် တစ်ရိပ် ချုံဖုတ်ကြီးထဲမှထွက်လာပြီး ဇရပ်နံဘေး ထင်း
ရှူးပင်ဆီသို့ ထွားသွားနေသည်။

'မင်းက သစ်ပင်မှာပုန်းဦးမလို့ပေါ့ ဟုတ်လား'

ဖေ့ယီကျောင်းက ဒေါသဖြင့်အော်ဟစ်ပြီး လက် တစ်
ဖက် ဝှေ့ယမ်းလိုက်သည်။

'ဝုန်း'

ပေါက်ကွဲသံနှင့်အတူ ထင်းရှူးပင်မှာ အစိတ်စိတ်အမြွာ
မြွာ ကျိုးကြေ ပြတ်တောက်သွားသည်။ ပေါက်ကွဲစဉ်တွင်
ဝတ်စုံပြာ၏အရိပ်သည်လည်း လေထဲသို့လွင့်ပျံတက်သွား၏။

ရောက်ချူးရွှေမှာ သည်တော့မှ သိုင်းလောကမိသား
၏ လျှို့ဝှက်ပညာဆန်းကို မြင်တွေ့အံ့သြမိတော့သည်။



ဖေ့ယီကျောင်းကလည်း သိမ်းစွန်ငှက်ကြီး တစ်ကောင်
ပမာ လေထဲသို့ ပျံဝဲတက်သွား၏။ ကျားထိုးဇရပ် အတွင်း
မှလည်း အကြိတ်အနယ်တိုက်ခိုက်နေ၏။ ဖေ့ချိုလည်း တိုက်
ခိုက် နေရာမှ ရုတ်တရက် ခုန်ပျံတက်သွားပြန်၏။ သူ ခုန်ပျံ
တက်ချိန်မှာ ဝတ်စုံပြာလူမှာ ဇရပ်ရှေ့သို့ ရောက်နေချိန်
ဖြစ်၏။

ဖေ့ချို၏လက်ထဲမှ ဓားမကြီးက ရုတ်တရက် တချပ်ချပ်
မြည်လျက် လှံတံရှည်တစ်ချောင်းအသွင်သို့ ပြောင်းလဲသွား
လေသည်။ ပြောင်းလဲပုံမြန်ဆန်လွန်းသဖြင့် မည်သို့ ပြောင်း
လဲသွားသည်ကိုပင် မသိလိုက်ရ။ သိလိုက်ရသည့် အချိန်မှာ
တော့ ဖေ့ချို၏ ပြောင်းလဲသွားသော လှံတံရှည်က ဝတ်
စုံပြာ၏ ဝမ်းဗိုက်ကို လေထဲတွင်ပင်ထုတ်ချင်းခတ်ထိုးဖောက်
သွားခြင်းပင် ဖြစ်၏။

ဖေ့ချိုသည် လှံတံတွင် စွပ်နေသော ဝတ်စုံပြာ၏
အလောင်းကို ယမ်းခါထုတ်လိုက်ပြီး မြေကြီးပေါ်သို့ ပြန်
ကျလာ၏။ ခြေထောက်တစ်ဖက်တည်းသာရှိသည်မို့ မြေကြီး
ပေါ်သို့ အကျတွင် ဟန်ချက်ကိုမထိန်းနိုင်ဘဲ အနည်းငယ်
ယိမ်းယိုင်သွား၏။

ထိုအချိန်မှာ ဆန်ကွမ်းဝမ် အတွက် အချိန်ကောင်း၊
အခွင့်ကောင်းဖြစ်၏။

သူ့လက်ဖွဲမှ တန္တေ့ငိုတုတ်တံ၏ ထိပ်တွင် သံမဏိဘပ်
လက်တုတစ်ချောင်း ရုတ်တရက် ပေါ်လာပြီး ဖေ့ချို၏

နံကြားကို မိမိရရ ဖမ်းကုတ်ထားလိုက်တော့သည်၊ လက်တုဆူးချွန်များက ဖေ့ချို၏နံရိုးထဲသို ဆူးနစ်ဝင်သွား၏၊

ဆန့်ကွမ်းဝမ်တာ တုတ်ကိုဆောင့်ဆွဲကာ ဖေ့ချိုအား သူ့အနီးသို့ရောက်အောင် ဖန်တီးသည်၊ ဖေ့ချို၏ လက်နှစ်ဖက်က ရှတ်တရက် ခါးကြားသို့ ထိုးသွင်းလိုက်သည်။ လက်အိပ်အမဲနှစ်ခုက အလိုအလျောက် စွပ်ပြီးသားဖြစ်သွား၏။ ဒဏ်ရာပြင်းထန်စွာ ရထားသော်လည်း ဖေ့ချို၏ အားအင်အရှိန်အဝါက မပြေသေး။ ဆန့်ကွမ်းဝမ်နှင့် အနီးကပ်တိုက်ခိုက်ရန် စိတ်ကူးလိုက်၏။

သို့သော် ဆန့်ကွမ်းဝမ်လက်ထဲမှ တုတ်တံက ရုတ်တရက်ကွေးညွတ်ကာ သုံးဆစ်ချိုးလက်နက်ပုန်း ဖြစ်သွားပြန်သည်။

'ဝှစ်'

သုံးဆစ်ချိုးတုတ်တို ဝှေ့ယမ်းလိုက်သျှင် ဖေ့ချို၏ လည်မျိုကို ရစ်ပတ်မိသွား၏။ ဖေ့ချိုမှာ လျှာထွက်ကာ မျက်လုံးပြူးလာ၏။ သို့သော် လက်အိတ်စွပ်ထားသော သူ့လက်နှစ်ဖက်က သုံးဆစ်ချိုးတုတ်ပေါ်သို့ ရောက်သွား၏။

'ဖြောင်း ဖြောင်း'

သုံးဆစ်ချိုးတုတ်၏ ထိပ်ပိုင်းနှင့် အမြီးပိုင်း နှစ်ခုစလုံး ဖေ့ချို၏ချိုးဖြတ်ခြင်းကို ခံလိုက်ရသည်။ ဆန့်ကွမ်းဝမ်သည် ထိပ်ပိုင်းနှင့်အမြီးပိုင်းကို လက်လွှတ်လိုက်ပြီး အလယ်ပိုင်းကို ယူလိုက်သည်။ ထို့နောက် ဘယ်ဘက်မှ ညာဘက်သို့ အားကုန်ဆွဲလိုက်ရာ ဖေ့ချို၏လည်မျိုမှ သွေးများဒလဟော ပန်းထွက်လာသည်။



ဒုတိယဆင်၏ အလယ်ဗဟိုတွင် သံကော်သွားကဲ့သို့ လွှတံ ရှိနေသဖြင့် ဆန့်ကွမ်းဝမ်က ယင်းကဲ့သို့ဆွဲယူလိုက်သောအခါ ဖေ့ချို၏လည်မျိုးပြွန် သွေးကြောပြတ်တောက်ကာ သေဆုံးသွားရလေတော့သည်။

ထိုအချိန်တွင် ဆန့်ကွမ်းဝမ်နောက်သို့ ဖေ့ယိကျောင်း ရောက်ရှိလာသည်။ ဆန့်ကွမ်းဝမ်ထိတ်လန့်တကြား အပေါ်သို့ ခုန်တက်လိုက်သည်။ ဖေ့ယိကျောင်းက သူ့ကို ရက်စက်သော မျက်လုံးများဖြင့် သွေးခဲမတတ် စိုက်ကြည့်သည်။

ဆန့်ကွမ်းဝမ်သည် ခုန်ပျံလိုက် ဆင်းသက်လိုက်နှင့် နောက်ကျောကို ဇရပ်တိုင်နှင့် မှီလိုက်သည်။ ညာဘက်လက်က ကျောက်နံရံကို ထောက်ထားသည်။ နောက်ကျောကိုမူ နံရံနှင့် မကပ်နိုင်။

ရှောက်ချူးရှေတို့ အနံ့အသက်တစ်မျိုးကို ရှူရှိုက်မိလိုက်ကြသည်။ ဆန့်ကွမ်းဝမ်၏မျက်လုံးများက ပြူးထွက်နေ၏။ ထိတ်လန့်ထုန်လှုပ်ခြင်းက သူ့ကိုလွှမ်းမိုးခဲ့ချေပြီတကား။

❋ ❋ ❋

'ဟင် မင်း မင်း'

ဆန်နီကွမ်းဝမ်ကအံ့သြဘိတ်သန့်ဟန်ဖြင့်ဖေ့ယိကျော်င်းကို ကြည့်ပြီး တုန်ယင် ထစ်ငေါ့နေသည်။ ဖေ့ယိကျော်င်းက အေးတိအေးစက်အမူအရာဖြင့်....

'မင်းအတွက် ဆေးမရှိတော့ဘူး'

'ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ကျုပ် မသေနိုင်ဘူး....'

'အခု မသေနိုင်သေးပေမယ့် မကြာခင် သေရတော့မယ်'

'ဟား....ဟား....ဟား'

ဆန်နီကွမ်းဝမ်က သဘောကျစွာပင် အော်ဟစ်ရယ်မောပစ်လိုက်သည်။

သို့သော် သူ့ရယ်သံမဆုံး။ တစ်ခက်တစ်ပြက်တွင် တိခနဲ ပြတ်တောက်သွားသည်။ ဓားမတစ်သက်၏ အဖျားဦးချွန်က သူ့ရင်ဘတ်ရှေ့တွင် ဖုထွက်လာသည်။

သူ့မျက်လုံးများ ပြူးထွက်နေသည်။ ရင်ဘတ်ရှေ့၌ အစွန်းထွက်နေသော ဓားမဦးချွန်ကို မယုံကြည်နိုင်သလို ကြည့်မိ၏။

'ကျုပ် ကျုပ်နောက်ဆုံးတော့ ဒီဓားမနက်နဲ့ အသက်ထွက်ခဲ့ရတော့မှာပါလား'

ဆန်နီကွမ်းဝမ် တရားရသလို ညည်းညူ ရေရွတ်သည်။ သူ ရည်ညွှန်းသည့် ဓားမ နက်မှာ ဖေ့ချို၏ ဓားမနက် ဖြစ်ပေ၏။



ဓားမကို လျှပ်တစ်ပြက်ကောက်ယူကာ သူ့နောက်ကျောကို ထိုးသွင်းလုပ်ကြံလိုက်သူက ဝမ်ပုရှင်ဖြစ်ပေသည်။

'ဟုတ်တယ်၊ နောက်ဆုံးတော့ ရှင်ဟာ ကျွန်မတို့ရဲ့ လက်ချက်နဲ့ အသက်ပျောက်သွားရတာပဲ'

ဝမ်ပုရှင်က လေသံမာမာဖြင့်ပြောသည်။

ဖေ့ယိကျော်င်းမှာ ဝမ်ပုရှင်အတွက် စိုးရိမ်မိသဖြင့် ကပျာကယာပင် သတိပေးစကား ဆိုလိုက်ရ၏။

'ချွေးမတော် ဓားကိုင်လက်ကို လွှတ်လိုက်'

ဖေ့ယိကျော်င်း၏ သတိပေးစကားက နောက်ကျသွားသည်။

ဆန်နီကွမ်းဝမ်သည် ငြိမ်းကာနီးမီး အစွမ်းကုန်တောက်ပလာသလို လက်ထဲမှတုတ်တံဖြင့် တအားကုန် နောက်ပြန်ထိုးချလိုက်သည်။

'ဝုန်း....'

ဝမ်ပုရှင်၏ခန္ဓာကိုယ်မှာ လေထဲတွင်လွင့်ဝဲသွားပြီး မြေကြီးပေါ်သို့ ဝုန်းခနဲ ပြန်ကျ၏။ ဆန်နီကွမ်းဝမ်က စူးရှစွာ အော်လျက် နောက်ထပ်တိုက်ခိုက်ဟန် ပြင်သည်။ ရှောက်ချူးရွှေ မနေသာတော့။ ခုန်ဝင်ကာ ဆန်နီကွမ်းဝမ်အား ဟန့်တားတိုက်ခိုက်သည်။

ဆန်နီကွမ်းဝမ် နောက်သို့ ခြေတစ်လှမ်း တစ်လှမ် ဆုတ်သည်။

ခြေလှမ်းအဆုတ်တွင် ကျောက်ခဲတစ်လုံးကို နင်းမိကာ ဟန်ချက်ပျက်သွား၏။ ဒဏ်ရာကလည်း ပြင်းထန်၊ ဟန်ချက်ကလည်းပျက်၊ ရှောက်ချူးရှေကို ကြောက်စိတ်ကလည်း လွှမ်းကဲနေသဖြင့် ခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ နောက်သို့ နှစ်လှမ်းခန့် ဆုတ်လိုက်ရပြန်သည်၊

သူ့နောက်တွင် ဆုတ်ရန်လမ်းမရှိတော့သည်ကို ခြေလှမ်းဆုတ်မိသဖြင့် သူ့ခန္ဓာကိုယ်က အသူတစ်ရာနက်လှသော ချောက်ကမ်းပါးထဲ ပြုတ်ကျသွားတော့သည်။

ဆန့်ကွမ်းမျိုးဆက်လည်း ၄၁ ဆန်း ဘောင် ပေါ် တွင် အဆုံးသတ်သွားရတော့သည်။

လျှို့ယိုသည် လဲကျနေသော ဝမ်ပုရှင်ကို ပွေ့ထူလိုက်၏။

ဝမ်ပုရှင်က အသက်ငွေ့ငွေ့လေးသာ ကျန်တော့၏။

သူ့မျက်လုံး၏ အရောင်မှာ ဝင်းလက်တောက်ပနေပြီး အတော်ပင် ကျေနပ်ဝမ်းသာနေပုံရသည်။

'ကျွန်မ....ကျွန်မရဲ့ ယောက်.... ယောက်ျားဆီကို အမြန်အဖြန်ဆုံး ပို့ ပို့ပေးပါ'

လျှို့ယိုက သူ့ဆန္ဒအတိုင်း ဖေ့စုလီအလောင်းအနီးသို့ ပို့ပေးသည်။

ဝမ်ပုရှင်သည် လှိုက်လှိုက်လှဲလှဲပင် ရယ်မောလိုက်ပြီး သူ့မျက်နှာတွင် ဖုံးကွယ်ပြုပြင်ထားသော သားရေမျက်နှာဖုံးကို ဖြီခနဲ ဆွဲခွာလိုက်သည်။ ချောမောလှပသော မျက်နှာကလေးက နွမ်းပျော့နေသည့်ကြားမှ အပြုံးရောင်လွှင်နေ



သည်။ တစ်ဆက်တည်းပင် ဖေ့စုလီ၏မျက်နှာဖုံးကိုလည်း ဆွဲခွာလိုက်ပြန်သည်။ ခံ့ညားသော ယောက်ျားတစ်ယောက် ဖြစ်သည်ကို ရှောက်ချူးရှေတို့ မြင်လိုက်ရသည်။

'အစ်ကို....အစ်ကိုရယ်၊ညီမ....ညီမတို့ဝဋ်ကျွတ်ပြီ၊တကယ့်မျက်နှာအစစ်နဲ့ လူတွေကိုကြည့်နိုင်ပြီ'

ရှောက်ချူးရှေတို့မှာ ဝမ်ပုရှင်၏အဖြစ်ကိုကြည့်ပြီး ရင်ထဲတွင် ဆို့နစ်လာ၏။ ဝမ်ပုရှင်က မချိပြုံး ပြုံးလိုက်ပြီး....

'ကျွန်မ....ကျွန်မတို့ ရန်ကြွေးကို ဆပ်နိုင်ခဲ့ပြီ၊ သေရတာလဲ သေပျော်ပြီ၊ ဒါပေမယ့် ဖေ့မိသားစုမှာ မျိုးဆက်မရှိခဲ့ဘူး၊ ဝမ်ပုမိသားစုနဲ့ ရန်ငြိုးဖွဲ့စရာလူ မရှိတော့ဘူး၊ အွန်း....

ပြောပြောဆိုဆိုပင် ဖေ့စုလီ၏လက်ဝါးကို သူ့လက်ဖြင့် ပွတ်သပ်လိုက်သည်။ သွေးများလည်း ထိုးအန်လာပြီး ချက်ချင်းပင် သူ့ခင်ပွန်း၏ ကိုယ်ပေါ်တွင် မျက်နှာအပ်ကာ အသက်ပျောက်သွားတော့သည်။

သူမ မသေခင် ပြောခဲ့သည့် စကားက ရှောက်ချူးရှေအတွက် ပဟေဠိပုစ္ဆာတစ်ခုလို ဖြစ်နေတော့သည်။ ဝမ်ပုရှင်သည် တစ်ချိန်က ဝမ်ပုမိသားစုမှ လူတစ်ယောက် ဖြစ်ခဲ့ရာ အဘယ့်ကြောင့် ရန်ငြိုးရှိခဲ့ရလေသနည်း။

ရှောက်ချူးရှေ မစဉ်းစားတတ်တော့။

သို့သော် သိုင်းလောကတွင် နာမည်ကြီးခဲ့သည့်မိသားစုနှစ်ခု ယခုအချိန်တွင် နှစ်ဖက်စလုံး သေကြေဒဏ်ရာရခဲ့သဖြင့် ကြေကွဲ စိတ်မကောင်းဖြစ်မိလေသည်။

ဆန့်ကွမ်းမျိုးနွယ်၏ အဆင့်မြင့်ပုဂ္ဂိုလ်အားလုံးမှာ သေဆုံးကုန်ကြလေပြီ။ ဖေ့မိသားစုတွင်လည်း ဖေ့ယိကျောင်း တစ်ယောက်တည်းသာ အသက်ရှင်လျက် ကျန်ရှိနေသည်။ သို့သော် လက်တစ်ဖက်က သုံးခရလောက်အောင် ပျက်စီး၍ ဒုက္ခိတဘဝသို့ ရောက်ခဲ့ရချေပြီ။

မာနတရားများနှင့် အာဃာတတရားများ၏ ချုပ်ငြိမ်းအဆုံးသတ်ရာအဖြစ်အပျက်များကိုကြည့်ပြီး ရှောက်ချူးရွေ သက်ပြင်းချလိုက်မိ၏။

သူသည် ဒုက္ခိတဖြစ်နေသော ဖေ့ယိကျောင်းအား သူနှင့်အတူ လိုက်ပါခဲ့ရန် ခေါ်ဆောင်သည်။ ဝှာဆန်းတောင်တွင် အန္တရာယ်များလှသဖြင့် တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေသော ဖေ့ယိကျောင်းကို မထားရစ်ခဲ့လို။ သို့သော် ဖေ့ယိကျောင်းက လက်မခံ။ ငြင်းဆန်ခြင်းသာ ပြု၏။

'ဖေ့မိသားစုကလူတွေ ကုန်သွားပြီ၊ ကျုပ်လဲ ဒီမှာနေခဲ့တော့မယ်၊ တောင်အောက်ကို ဆင်းတော့ကော ဘာအကျိုးရှိမှာလဲ မင်းတို့ဘာသာ ဆင်းသွားကြပါ၊ ကျုပ်အတွက် ဘာမှမပူနဲ့၊ ကျုပ်ဖေဖေနှစ်ကြာမြင့်အောင် ဇာတ်မြှုပ်နေခဲ့တာဟာ ရန်ကြွေးကိုပေးဆပ်ချင်လို့ပဲ၊ သူ့မှာက ခြေတစ်ဖက်မရှိတော့ဘူးဆိုတော့ သွားရလာရတာ အဆင်မပြေဘူး၊ ဒါကြောင့်မို့ လို့ ဆန့်ကွမ်းဝမ်ကို ဒီရောက်လာအောင် ကျုပ်တို့ မျှားခေါ်ခိုင်းခဲ့တယ်၊ ဒီရောက်လာရင် နောက်နောင် မဆုံနိုင်အောင်ဆိုပြီးသူ့သေကိုယ်သေ တိုက်ခိုက်ကြဖို့ပဲ၊ မင်းရောက်လာတာ ကျုပ်တို့ အတွက် ကံကောင်းတာပဲ'



ရှောက်ချူးရွေ နားမလည်နိုင်သလို ကြည့်နေ၏။

ဖေ့ယိကျောင်းက ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းကို တစ်ပြိုင်နက်ခံစားရသည့်အမှုအရာဖြင့် ဆက်ပြော၏။

'မင်း ရောက်လာလို့ သူတို့ရဲ့စိတ်အာရုံက နှစ်ခုကွဲသွားတယ်၊ ဒါကို အခွင့်ကောင်းယူပြီး ဖေဖေက သူ့ဖက်ကလူနှစ်ယောက်ကိုရှင်းပစ်နိုင်လို့ဝက်ပါတွက် ပျက်သွားရတယ်၊ နို့မဟုတ်ရင် အင်း...ဘယ်လိုတုံ့ပြန်ရမှန်းတောင်မစဉ်းစားတတ်ဘူး၊ ဖေဖေက ဒီမှာ ဇာတ်မြှုပ်နေထိုင်တာဆိုတော့ ရိက္ခာတွေ အတော်များများပဲ စုဆောင်းထားတယ်'

ပြီးတော့ တစ်တောင်နဲ့တစ်တောင် ပေါက်ရောက်နိုင်တဲ့ လမ်းတွေလဲ ကျုပ် သိထားတယ်၊ မင်းတို့တစ်တွေသာ တောင်အောက်ကို စိတ်အေးလက်အေး ဆင်းသွားကြပါ၊ တောင်ဘက် တောင်ထွတ်ပေါ်က မင်းမိတ်ဆွေတွေကိုလဲ ကယ်တင်လိုက်ပါ၊ ကျုပ်ကိုတော့ နောက်ထပ် ဖျောင်းဖျစကား မဆိုပါနဲ့တော့၊ မင်းရဲ့ မိတ်ဆွေ ညီနောင်တွေကိုလည်း ဖမ်းပြီး သူရဲကောင်းအမိန့်ပေးတံဆိပ်ပြားနဲ့လဲလှယ်ဖို့ ဖန်တီးမိခဲ့တဲ့ ကျုပ်အမှားကိုခွင့်လွှတ်ပါ၊ မင်း တို့ကို ရန်လုပ်ခဲ့တာကိုလဲ ကျုပ် ဘယ်လိုမှ အပြစ်မတင် မေ့မယူပါဘူး'

မည်သို့မျှ ပြောမရသည့်အဆုံးတွင် ရှောက်ချူးရွေတို့လေးဦးမှာ ဖေ့ယိကျောင်းအားနှုတ်ဆက်ပြီး တောင်ဘက်တောင်ထွတ်သို့ ထွက်ခွာလာခဲ့ကြသည်။

တောင်ဘက်တောင်ထွတ်သည် ဝှာဆန်းတောင်၏ အမြင့်ဆုံးအပိုင်းဖြစ်၏။ တောင်ထွတ်ပေါ်မှ ရေအိုင်မှာ တစ်နှစ်

ပတ်လုံး မနေ့နေကြောက်။ ရေအိုင်နံဘေးတွင် လောင်ကျမ်းဘုရားကျောင်းရှိ၏။ ထိုဘုရားကျောင်းတွင် ယန်တိုတို့အား ဖမ်းဆီးချုပ်နှောင်ထားခြင်း ဖြစ်၏၊

ရှောက်ချူးရွှေက ဖေ့စုလီပေးခဲ့သော သော့တွဲဖြင့်တံခါးကို ဖွင့်ကာ ကယ်တင်သည်၊ ထို့နောက် သူတို့အားလုံးမှာ ဝမ်းသာအားရပင် တောင်အောက်သို့ ဆင်းခဲ့သည်။

တောင်အောက်သို့ဆင်းရာ လမ်း တစ် လျှောက် တွင် ရှောက်ချူးရွှေက ယန်တိုအားသတွေ့ကြုံခဲ့ရသည်တို့ကို ပြောဆိုခဲ့သည်။ ထက်စင်းရွှဲ၊ ချူနန်းကု၊ ထန်ဖေ၊ ချင်ဖုန်းပတ်ချန်ကျင့်ထွေတို့မှာလည်း အဖွဲ့ကျလာကြတော့သည်။

တောင်ခြေသို့ရောက်ပြီးလျှင် အို့ရန်စန်းယီက သူ့ရင်သွေးမီးဖွားနိုင်ရေးအတွက် ဟူပေခရိုင် စန်းဟိုင်တောင်တန်းဆီသို့ ထွက်ခွာသွားသည်။ သူနှင့်အတူ သူ့ခင်ပွန်းသည် မာကျင်ကျုံး၏ အရိုးပြာကိုလည်း ယူဆောင်သွားသည်။

ထိုနယ်တွင်သူမဆရာကြာပန်းဓားရှင်ရှိနေသောနေရာဖြစ်သောကြောင့်သူ့အတွက် အစစအရာရာအဆင်ပြေနေ၏။

ရှီးမင်မြောင်နှင့် ရှီးမုံ့စွမ်းတို့ညီအစ်မလည်း သူတို့ဇာတိနေအိမ်သို့ ပြန်သွားကြသည်။

ရှောက်ချူးရွှေ၊ ယန်တို၊ မုံရှမ်းဖုန်၊ ခုံပြည်လီ၊ တိန်ယိဖိန်၊ ကိုယ်တော်လေးလင်၊ ထန်ဖေ၊ ထက်စင်းရွှဲ၊ ချူနန်းကု၊ လျှိုယို၊ ချင်ဖုန်းပတ်၊ ချန်းကျင့်ထွေတို့သာလျှင် ခရီးဆက်လက် ထွက်ခွာလာခဲ့ကြတော့သည်။

✹

အခန်း ( ၅ )

ရှောက်ချူးရွှေတို့တစ်သိုက်သည် ဟုပေနယ်သို့ အရင်ဆုံးသွားသင့်သဖြင့် ထိုဘက်သို့ ထွက်လာခဲ့ကြသည်။

လမ်းတစ်လျှောက်တွင် ပြည်မကြီးသွေးသောက် အမိပတိ ရွေးချယ်ပွဲအကြောင်းကို အမျိုးမျိုး ကြားခဲ့ကြရသည်၊ လူအားလုံးမှာ ထို ရွေးချယ် ယှဉ်ပြိုင်ပွဲအပေါ် အာရုံတစိုက်ရှိကြ၏။ ရှောက်ချူးရွှေမှာ ဤသို့သော ပြိုင်ပွဲမျိုးကို သိပ်စိတ်မဝင်စား။

သိုင်းလောကသားတစ်ယောက်ပင် ဖြစ်သော်လည်း သူ့စိတ်ခေတ်က ဆန်းပြားလှသည်။ အောင်မြင်ကျော်ကြားမှုကို တန်ဖိုးမဲ့ လေ့ချင်။ တစ်စုံတစ်ခုအပေါ် အကျိုးကျေးဇူးပြုနိုင်ခြင်းလောက်ကိုသာ သူ တန်ဖိုးထားသည်။

'ဝမ်ပူကောင်းချောင်ရဲ့ နာမည်ကတော့ အတော်ကြီး နေတာပဲ၊ ဘယ်လိုလူစားမျိုးဖြစ်မယ်တော့ မသိဘူး၊ သူ့ နာမည် အခုတစ်လောမှာ ဟုန်းခနဲ ထတောက်လာခဲ့တာ နောက်ခံ အင်အားကြီး တစ်ခုက ထောက်ပံ့ ပေးနေတာ ဖြစ်ကောင်း ဖြစ်မယ်၊ သတိမထားလို့မရဘူး'

လမ်းတစ်လျှောက်ရှိမြို့နယ်များမှာ ဝမ်ပူကောင်းချောင် သတင်းသာ ပျံ့နှံ့ နေသဖြင့် ခုံပြည့်လီက မှတ်ချက် ချလိုက်ခြင်းပင် ဖြစ်သည်။

ရှောက်ချူးရွှေသည် ချန်အန်းမြို့အနီး တာ့ချွေစေတီတွင် ဖြစ်ပျက်ခဲ့သော လူသတ်မှု အကြောင်းများကို သူတို့အား ပြန်လည်ပြောပြလိုက်သည်။

သူ ပဟေဠိကိုနားထောင်ပြီး ယန်တို မျက်မှောင်ကြုတ်သွားမိသည်။

'အင်း....ဒီကိစ္စ တော်တော်နက်နဲတာပဲ၊ မင်းပုံသဏ္ဌာန်မျိုး ဟန်ဆောင်လုပ်ကြံတဲ့လူဟာ အနည်းဆုံး မင်းနဲ့ ရုပ်ချင်း တူရမယ်၊ သိုင်းပညာမှာလဲ အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်ဖြစ်မှသာ ဝမ်ပူကောင်းချောင်ရဲ့ ထိတ်ထိတ်ကြဲ လူယုံတော်



တွေကို သတ်ပစ်နိုင်မှာ၊ ဘယ်သူဖြစ်နိုင်မလဲဆိုတာစဉ်းစားရ အတော်ကျပ်တယ်'

'ဒါဆိုရင် ဝမ်ပူကောင်းချောင်က ညီလေး ရှောက် အပေါ်မှာ အထင်လွဲမှားတာတွေ ဖြစ်လာတော့မှာ ကျိန်းသေပဲ'

တိန်ယီဖိန်က ဝင်ရောက်မှတ်ချက်ချသည်။

ချူးနန်ကုက ဉာဏ်ကြီးရှင်တစ်ယောက်ပမာ စဉ်းစားဟန်ပြုလျက်....

'ဒါနောက်ကွယ်ကကြိုးကိုင်တဲ့လူတစ်ယောက်ယောက်ရဲ့ လက်ချက်ဖြစ်နိုင်တယ်'

'ဟုတ်တယ်၊ ပြဿနာတစ်ခုခု ရှိနိုင်တယ်'

ထက်စင်းရွဲ့က ကြားဖြတ်ပြောသည်။

ချန်ကျင့်ထွေက....

'ဖြစ်ဖို့များတယ်၊ တစ်စုံတစ်ယောက်က အသုံးချပြီး ဖန်တီးနေတာပဲ'

ရှောက်ချူးရွှေ သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့တစ်တွေ မိုက်ချင်မြို့ကို အရင်ဆုံးသွားကြတာပေါ့'

'ကောင်းတယ်၊ သိပ်ကောင်းတယ်၊ အဲဒီမှာ ကျွန်မရဲ့ မိတ်ဆွေ မောင်နှမတွေအားလုံး ရှိနေတယ်'

အရှူးမလျှိုယိုက ဝမ်းသာအားရ ဝင်ပြောသည်။

ကွမ်းတုံးကျားရဲ့များ အ ကြောင်း ကြား လိုက် ရ သဖြင့် ရှောက်ချုံးရွှေမြုံးမိသွားသည်။ ဟူပု၊ လီမဲ၊ စက်ယွင်၊ ဟု ဝုံ့ာတို့ တုံနေရာတွင် ရှိနေကြလျှင် စည်စည်ကားကားနှင့် ပျော်စရာကောင်းလိမ့်မည်ဟု ထင်မိသည်။

'ဒါနဲ့ ချင်ယွင်မြို့က ဝူချိုင်ရဲ့ဒဏ်ရာကကော ပျောက် သွားပြီလား'

'ကောင်းသွားပြီ၊ သူ့ခြေတစ်စုံ၊ လက်မောင်းတစ်ဖက် ဒုက္ခိတအဖြစ်ရောက်တော့မယ့်ဆဲဆဲ ကံကောင်းထောက်မလို့ ကုသနိုင်ခဲ့တယ်'

ရှောက်ချုံးရွှေ မျက်လုံးပြူးသွား၏။ ဤမျှအခြေအနေ ဆိုးနေသော ရောဂါဒေနာကိုပျောက်ကင်းအောင်ကုသပေး နိုင်စွမ်းရှိသည့် သမားတော်မှာ နှယ်နှယ်ရရ မဟုတ်ဟုလည်း သူ့စိတ်ထဲက ချီးကျူးနေမိသည်။

ဝူချိုင်သည် သက်တန့်နီတောင်ပေါ်၌ ခါးကုန်း လောင် ကျိုနှင့်အတူ ဆုန့်မိန်းကျူးနှင့် စောက်လျှိုလေ့တို့၏ရန်ပွဲကို ဝင်ရောက်ဖျောင်းဖျခဲ့၏။ ထိုသို့ဖျောင်းဖျရာတွင် ဆုန့်မိန်း ကျူးက နားမဝင်ဘဲ လျှပ်တစ်ပြက် တိုက်ခိုက်ခဲ့သဖြင့် လောင်ကျို အသက်သေဆုံးပြီး ဝူချိုင်မှာ ခြေထောက်နှစ်ဖက် နှင့် လက်မောင်းတစ်ဖက်တို့ ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့ သည်။

ယခု ဝူချိုင်၏ဒဏ်ရာ ပျောက်ကင်းသွားပြီ ဆိုသဖြင့် ရှောက်ချုံးရွှေ အလွန်ပင် ဝမ်းသာပီတိ ဖြစ်သွားမိသည်။



သူသည် သိုင်းလောကထဲသို့ ဝင်ရောက်ခဲ့ရာတွင် မိတ်ဆွေ အရင်းအချာဆို၍နည်းပါးလွန်းသော်လည်း သူ့အပေါ် စိတ် စေတနာကောင်းရှိသူ၊ သူ့အားဖြားယောင်းလိမ်ညာခြင်း၊ ချောက်တွန်းခြင်း မရှိသူဆိုလျှင် လေးစားဂရုစိုက်ခဲ့သည်။

လောလောဆယ် အခြေအနေတွင် သူ၏ ပြောင်းလဲတိုး တက်လာသော သိုင်းပညာအခြေအနေတို့ကို သူနှင့်ပတ်သက် သူများ သိရှိစေချင်သည်မှာ သူ့ဆန္ဒ ဖြစ်၏။ ဂုဏ်ယူဝင့် ကြွားလိုသောကြောင့် မဟုတ်။ မိမိအပေါ် သံယောဇဉ်ရှိသူ များ ကျေနပ်ပီတိဖြစ်စေရန်သာ ရည်ရွယ်ပေသည်။ သူ့စိတ် ရင်းစေတနာခံစားချက်နှင့် ဗီဇစိတ်ဓာတ်ကမူ ပြောင်းလဲ ခြင်းမရှိသေးကြောင်း ပြသလိုနေပေသည်။

'နေစမ်းပါဦး၊ ဝူချိုင်ရဲ့ရောဂါကို ကုသပေးခဲ့တာ ဘယ် သူလဲ'

ရှောက်ချုံးရွှေက လျှိုယိုကို မေးသည်။

လျှိုယိုက ဇဝေဇဝါဖြစ်ဟန်နှင့်....

'တော်တော့်ကိုထူးဆန်းတဲ့ လူထူးလူဆန်းသုံးယောက်ပဲ၊ သူတို့ကုပုံကုနည်းကလည်း အံ့သြဖို့ကောင်းတယ်၊ မတူညီတဲ့ တူရိယာပစ္စည်းသုံးမျိုးနဲ့ ဝူချိုင်ရဲ့ရောဂါကို ပျောက်ကင်း အောင် လုပ်ပေးခဲ့တာပဲ'

'သြော်'

ရှောက်ချုံးရွှေမှာ ဝူချိုင်အတွက် ဝမ်းသာပီတိဖြစ်နေ သဖြင့် လူထူးလူဆန်း သုံးယောက်ကို မေ့ပေါ့တန်တန်ပင် သဘောထားလိုက်၏။

'သိုင်းလောကကြီး အေးချမ်းတဲ့တစ်နေ့မှာတော့ ညီလေးချူးရွှေအနေနဲ့ မြေပြန့်အလယ်ပိုင်းဆီကို တစ်ခေါက်လောက်သွားသင့်တယ်'

ယန်တိုက ရယ်ရယ်မောမော ပြောသည်။ သူဆိုလိုရင်းအဓိပ္ပာယ်ကို ရှောက်ချူးရွှေနားလည်သဖြင့် ခေါင်းညိတ်ပြလိုက်သည်။

* * *

ဟူပေနယ်သို့ ရောက်လာသည်နှင့် သိုင်းလောကကြီးတစ်ခုလုံး ပွက်လောရိုက်ကာ သတင်းဆိုးများ ထွက်ပေါ်နေတော့သည်။

လူစုစုအုပ်အုပ် နေရာတိုင်းတွင် စကားသံများက ပေါက်ပေါက်ဖောက်သလို ပြောနေကြ၏။ ထိုစကားသည် သူတို့အတွက် စကားဝိုင်း၏နှုတ်မြိန်ဆေးတစ်ခုလို ဖြစ်နေ၏။

ထိုစကားများကား....

'ရှောက်ချူးရွှေက ကိုယ်တော်လေးဝမ်ပူရဲ့ လူယုံတော်တွေကို သတ်ပစ်လိုက်ပြီ'



'ရှောက်ချူးရွှေ ဒီလိုလုပ်တာကတော့ ယုတ်ညံ့လွန်းတယ်'

'စင်မြင့်ပေါ်မှာ တရားနည်းလမ်းမှန်မှန်နဲ့ ယှဉ်ပြိုင်ရင်တော့ ပြောစရာမရှိပါဘူး၊ အဓိပတိနေရာရဖို့အတွက်နဲ့ လူသတ်ပြီး ရက်စက်တာကတော့ လေးစားစရာ တစ်စက်မှ မရှိဘူး'

'အစကတည်းကထင်သားပဲ၊ ရှောက်ချူးရွှေဟာ အားကိုးရမယ့် လူစားမျိုး မဟုတ်ပါဘူးလို့'

ဟူသော ရှောက်ချူးရွှေအတွက် သတင်းဆိုးများသာဖြစ်၏။

ယန်တို့မှာ သတင်းစုံကိုကြားမိသဖြင့် စိတ်ကိုထိန်းချုပ်နိုင်သော်လည်း ထက်စင်းရွှဲ့တို့တစ်တွေမှာမူ မကျေမနပ်ဖြစ်ကာ ဒေါသထွက်မိနေကြသည်။

မြေပြန့်သိုင်းလောက ပုဂ္ဂိုလ်တို့သည် ပြည်မကြီး ဒွေးသောက်အဖွဲ့မှ ရွေးချယ်လိုက်သည့် ခေါင်းဆောင်ကိုလက်ခံပြီး အဖြူရောင်ဂိုဏ်းများ၏ ပျော့ညံ့သောအင်အားကို ပြန်လည် ထူထောင်စေမည် ဖြစ်၏။ မိုးဘုရင်ကြီး ကျူးနှင့်ဩဇာအာဏာဂိုဏ်းတို့ကို ပြန်လည်ရင်ဆိုင်စေမည် ဖြစ်၏။

၍ရွေးချယ်ပွဲသည် ပြည်မကြီးဒွေးသောက် အဓိပတိရွေးချယ်ပွဲဆိုသည်ထက် အဖြူရောင်သိုင်းလောက၏ နံပါတ်တစ် လူစွမ်းကောင်း ရွေးချယ်ပွဲလိုဖြစ်နေသဖြင့် သိုင်းလောကသား အပေါင်းတို့မှာ အလွန်ပင်စိတ်ဝင်စားကြ၏။

နောက်ပေါက်လူငယ်အချို့မှာ ပြည်မကြီးသွေးသောက် အဓိပတိရွေးချယ်ခံနိုင်ရန် ရောက်ရှိလာကြ၏။ အချို့ကလည်း ကြုံရခဲ့သည့် အဆင့်မြင့် သိုင်းပြိုင်ပွဲကို ကြည့်ရှုရန်သက်သက် ရောက်လာကြသည်။ စစ်မှန်သောလူငယ်များရှိသလို အရေ ခြုံထားသူ များလည်း ထိုပြိုင်ပွဲကို စိတ်ဝင် စားကာ ရောက်လာကြသည်။ ထိုသူများမှာ မိုးဘုရင်ကြီးကျူး၏ ထောက်ခံအားပေးမှု ရနေသူများနှင့် ဩဇာအာဏာဂိုဏ်း၏ ဘက်တော်သားများ ဖြစ်ကြသည်။

အဖြူရောင် သိုင်းလောကသားအပေါင်းမှာ ထိုပြိုင်ပွဲတွင် ထိုသူများ ရရှိသွားမည်ကို စိုးရိမ်မိကြသည်။ ယခု လောလောဆယ်တွင် သိုင်းလောက၏ အဓိကပြိုင်ဘက် ဖြစ်နေသည်မှာ အဖြူရောင်ဂိုဏ်းအင်အားစု၊ မိုးဘုရင်ကြီးကျူးနှင့် ဩဇာအာဏာဂိုဏ်းတို့ဖြစ်ကြသည်။

မိုးဘုရင်ကြီးကျူးနှင့် ဩဇာအာဏာဂိုဏ်းတို့၏ လူယုံသူလျှိုများသာ အဓိပတိနေရာရသွားလျှင် သူတို့အဖွဲ့ထဲသို့ သိမ်းသွင်းပြီး ကျန်အဖွဲ့အစည်းတစ်ခုကို တိုက်ခိုက်ကြမည်မှာ မလွဲ။

သို့ဆိုလျှင် သိုင်းလောကတွင် မည်သူမျှ အန်တုရဲမရနိုင်သော ပြိုင်ဘက်ကင်း အင်အားကြီး အဖွဲ့အစည်းတစ်ခု ဖြစ်သွားပေတော့မည်။ ထိုသို့ဖြစ်လာမည်ကို အဖြူရောင် သိုင်းလောကသားများ တွေးပူနေမိကြသည်။ မဖြစ်အောင် တားနိုင်ဖို့လည်း စိစဉ်ကြသည်။



ထိုအချက်ကို ရှောက်ချူးရွှေလည်း အတွေးပေါက်ကာ နားလည်သည်။ နဂိုက သိပ် စိတ်မပါခဲ့သော ယှဉ်ပြိုင်ပွဲကို ယခုမူ သူ မလွှဲမရှောင်သာ ဝင်နွှဲရတော့မည်ဟုလည်း သိရှိထား၏။ ဤယှဉ်ပြိုင်ပွဲသည် မိမိအတွက် တိုက်ပွဲဝင်ရခြင်းလား သူတစ်ပါးအတွက်တိုက်ပွဲဝင်ရခြင်းလားဆိုသည်ကို သူကိုယ်တိုင်ပင် ဇဝေဇဝါ ဖြစ်နေမိသည်။

* * *

လင်ထုန်မြို့၏အနောက်တောင်ဘက်တွင် ရှင်းလူဆိုသော ရွာကလေးတစ်ရွာ ရှိသည်။ ယန်တိုတို့လူစုသည် ထိုရွာထဲသို့ ဝင်ပြီး ဘုရားကျောင်းတစ်ခုတွင် အနားယူကြသည်။ အချိန်ကလည်း ညဉ့်နက်ပြီ၊ လူများကလည်း ပင်ပန်းနေကြပြီမို့ ဤနေရာတွင် အနားယူရန် ဆုံးဖြတ်လိုက်ကြခြင်းဖြစ်၏။

ယန်တိုသည် လမ်းတစ်လျှောက်တွင် ကြားခဲ့ရသော သတင်းစကားများကြောင့် ရှောက်ချူးရွှေ တွေဝိုင်နေသည်ကို ကြည့်ပြီး ရှောက်ချူးရွှေ၏ အတွင်းသဘောကို စောကြော နားလည်သည်။

'ဒီကနေ့ သိုင်းလောကကို မြုံကြည့်လိုက်ရင် ညီလေးက တစ်ကိုယ်တော်ဖြစ်ပေမယ့်ယောကျ်ားကောင်းတစ်ယောက်၊

လူစွမ်းကောင်းတစ်ယောက်ရဲ့ လက္ခဏာနဲ့ ညီညွတ်ပြည့်စုံနေတယ်၊ ရှောင်လင်ဂိုဏ်းနဲ့ ဝူတန်ဂိုဏ်းရဲ့ အင်အားကယုတ်လျော့သွားပြီ၊ ဂိုဏ်းကြီး ဆယ်ဂိုဏ်းကျော်ဟာလဲ ချည့်ချည့်နဲ့နဲ့ပဲ ရှိတော့တယ်၊ လက်ရှိအခြေအနေမှာ သိုင်းလောကကြီးကို ပြန်လည်စုစည်းလာအောင် လုပ်နိုင်မယ့်လူ မတွေ့နိုင်သေးဘူး၊ ဩဇာအာဏာဂိုဏ်းနဲ့ မိုးဘုရင်ကြီး ကျူးတို့က သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးခြယ်လှယ် နေချင်ကြတယ်၊ သူတို့ဘက်သားတွေကို လဲပဲ နေရာအနှံ့ ဖြန့်ကြက်ထားတယ်၊ နောက်ဆုံး သိုင်းလောကရဲ့ မဏ္ဍိုင်ကြီးဖြစ်တဲ့ ပြည်မကြီးသွေးသောက်သာ သူတို့လက်ခုပ်ထဲရောက်သွားရင် ဒုက္ခပင်လယ် ဝေသွားနိုင်တယ်၊ မင်းသာ ထွက်မလာရင် မစဉ်းစားရဲအောင်ပဲ၊ မင်းရဲ့ လုပ်ရည်ကိုင်ရည်နဲ့ စိတ်ဓာတ်ကို ငါယုံကြည်သလို လေးလဲ လေးစားတယ်၊ အာမှုတွေဝေမနေနဲ့၊ မသိနားမလည်သေးတဲ့ သူတွေရဲ့ ကောလာဟလ စကားတွေကိုလည်း ဂရုစိုက်စရာ မလိုဘူး၊ ကိုယ်လုပ်ရမယ့် အရေးကြီးတဲ့ တာဝန်ကိုသာ ဆက်လုပ်စမ်းပါ’

ယန်တိုက ရှောက်ချူးရွှေ စိတ်ဓာတ်တက်ကြွလာအောင် အားပေးမြှင့်တင်စကား ဆိုသည်။

ရှောက်ချူးရွှေ လည်း ယန်တိုတို့၏ အားမာန်အပြည့်နှင့် တက်တက်ကြွကြွပြောလာသော စကားကြောင့် အားတက်လာသည်။ စိတ်ထက်သန်လာသည်။ ဦးခေါင်းကိုမော့ကာ နှလုံးအိမ်ထဲသို့ အားမာန်များ သွတ်သွင်းနေမိသည်။



ယန်တိုမှာ ရှောက်ချူးရွှေကိုကြည့်ပြီး ရင်ထဲတွင်နှစ်သက်ပီတိဖြစ်လာ၏။ ရှောက်ချူးရွှေလို မှန်ကန်ထက်မြက်သည့်လူတစ်ယောက်ကို မြှင့်တင်ပေးရန်အတွက် သူ့အသက်ကို စွန့်လွှတ်ရမည်ဆိုလျှင်ပင်ဝန်မလေး။ ရှောက်ချူးရွှေကသူ့စကားကိုလက်ခံလာသယောင်ရှိသလို ရှောက်ချူးရွှေ၏ တည်ကြည်ခိုင်မာသော အမူအရာ အကျင့်စရိုက်ကိုကြည့်ပြီး ငမ်းသာကြည်နူးလွန်းကာ မျက်ရည်များပင် စို့လာသည်။

တစ်ပါးသူများမြင်သွားမည်စိုးသဖြင့် မျက်ရည်ကို အကျီစဖြင့် မသိမသာပွတ်သုတ်ပြီး အမွှေးတိုင်မီးခိုးများခါထုတ်သလို ဟန်ဆောင်လိုက်၏။

သူ့နှုတ်ခမ်းတွင်လည်း အပြုံးတစ်ခုကို ကမန်းကတန်းဖန်တီးလိုက်ရသည်။

‘ချူးရွှေ... ညီလေး မင်းဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဖြောင့်မတ်တဲ့စိတ် ရှိတယ်၊ ဉာဏ်စွမ်းဉာဏ်စလဲ ထက်မြက်တယ်၊ မင်းမှာ တက်လမ်းတွေ အများကြီး ရှိသေးတယ်၊ အချိန်အခါက တောင်းဆိုလာတဲ့ အခွင့်အလမ်းကို မင်းလက်လွှတ်မခံနဲ့’

မုံရှမ်းဖုန်မှာ သဲ့သဲ့ကလေး ပြုံးပြလိုက်မိသည်။ သိုင်းလောကတွင် နှစ်ပေါင်းများစွာ ကျင်လည် လှုပ်ရှားလာခဲ့သဖြင့် နာမည်ကြီး သိုင်းသမားများစွာကို သူ တွေ့မြင်ကြုံဆုံခဲ့ဖူးသည်။ ယန်တိုလို သိုင်းလောကကြီး၏ အထင်ကရ ပုဂ္ဂိုလ်တစ်ယောက်က အသက်ငယ်ရွယ်သည့် ရှောက်ချူးရွှေ

အပေါ် အသက်စွန့်ရမည့်ကိုပင် ခန့်မလေး၊ စိတ်လှုပ်ရှားလွန်းကာ မျက်ရည်ပင် ကျလာသည့်ကို မြင်တွေ့နေရသည့်အတွက် သူ့ရင်ထဲတွင်လည်း ကြက်သီးမွေးညင်း ထအောင်ပင် ကြည်နူးလှုပ်ခတ်သွားမိသည်။

'ချူးရွှေ… ကိုယ်တော်ကြီး ယန်တို့ရဲ့ စကားတွေဟာ နှလုံးသားထဲက ထွက်လာတဲ့စကားတွေပဲ၊ သိုင်းလောကရဲ့ မိစ္ဆာကောင်တွေကို တိုက်ခိုက်ဖို့၊ မင်းအဖေအတွက် လက်စားချေဖို့ဆိုတဲ့ တာဝန်တွေ မင်းအပေါ်မှာ ပုံကျနေပြီ၊ တာဝန်ကို တာဝန်လိုသိမှ အရာရာအထမြောက် အောင်မြင်နိုင်မယ်၊ သိုင်းလောကတစ်ခုလုံးအတွက် မင်း မျက်ကွယ်မပြုပါနဲ့၊ ငါတောင်မှ သေချင်သေပါစေ အသက်စွန့်ရဲသေးတာပဲ'

မုံရှမ်းဖုံ၏စကားကြောင့် ခုံပြည့်လီပင် ရယ်မောလာ၏။ ရှောက်ချူးရွှေနှင့်ပတ်သက်၍ ကြည်နူးပီတိဖြစ်မှု အဟုန်က သူ့ထံသို့ ကူးစက်လာသည်။ သူ့ရင်ထဲတွင်လည်း ဤလူငယ်လေး ရှောက်ချူးရွှေကို သဘောကျနေသည်။ ရှောက်ချူးရွှေ၏ အောင်မြင်ခြင်းကိုသူတို့မနာလိုမှုရှိစိမ့်မရှိ။ မိုင်ပေါင်းများစွာကပင် ပန်းချောင်းမားဂိုဏ်းအား အကူအညီပေးရန် ရောက်လာခဲ့ပေသေးရာ၊ ရှောက်ချူးရွှေ အပေါ်တွင် မနာလိုစိတ် မည်သို့မျှမရှိနိုင်။

'ဒီနေ့ သိုင်းလောကရဲ့ အခြေအနေဟာ ကမောက်ကမ ဖြစ်ခဲ့တယ်၊ အတွင်းဘက်က မငြိမ်မသက် ဖြစ်နေချိန်မှာ



တာတာတွေက ပြည်တွင်းကို ကျူးကျော်ဝင်လာနေတယ်၊ ပြည်သူပြည်သားတွေ အေးအေးချမ်းချမ်း မနေရဘူး၊ ဒီလိုအချိန်မျိုးမှာ ပထမဆုံး သိုင်းလောကငြိမ်သက်အောင်လုပ်ရမယ်၊ မျိုးချစ်စိတ်ရှိတဲ့လူတွေကို ဦးဆောင်ပြီး ကျူးကျော်လာတဲ့ တာတာတွေကို မောင်းထုတ်ပစ်ရမယ်၊ ဒါမှ လူစွမ်းကောင်း ပီသနိုင်မယ်၊ မင်း ဘာမှ စဉ်းစား မနေနဲ့၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဒီပြိုင်ပွဲကို မလွဲမသွေ ဝင်ပြိုင်သင့်တယ်'

ရှောက်ချူးရွှေ၏မျက်ခုံးအစုံ ပင့်တက်လာသည်။

သိုင်းလောကတွင် နာမည်တစ်လုံးနှင့် လူတကာ လေးစားရသည့် ပုဂ္ဂိုလ်ကြီးသုံးယောက်က ဝိုင်းဝန်းဖျောင်းဖျခြင်းထက် ဇာတိသွေး ဇာတိမာန်က သူ့ရင်ကို လှုပ်ခတ်စေသည်။

မိမိတိုင်းပြည် မိမိနိုင်ငံကို ချစ်မြတ်နိုးလျှင် ကျူးကျော်လာသူများအား တတ်နိုင်သည့်အင်အားဖြင့် ခုခံတိုက်ခိုက်ရမည့်တာဝန် ရှိပေသည်။ သို့အတွက် သူ့နှလုံးသွေးများ ဆူပွက်ကာ အဝေးသို့ငေးကြည့်နေမိသည်။

လျှို့ယိုမှာ ရှောက်ချူးရွှေကိုကြည့်ပြီး ရင်ထဲတွင် တသိမ့်သိမ့် လှုပ်ခတ်နေမိသည်။

အခုရက်ပိုင်းအတွင်း သူ စကားနည်းလာသည်။ သေရေးရှင်ရေး တိုက်ပွဲများကြားတွင်ပင် စိတ်လက်ရွှင်ရွှင်နှင့် နှုတ်သွက်ခဲ့သူတစ်ယောက်က ယခုအချိန်တွင် အာစေးထည့်ထားသလို နှုတ်ဆိတ်နေ၏။

သူ့ရင်ထဲတွင် မေးခွန်းပေါင်း များစွာက လွှမ်းမိုးနေသည်။

ခံစားချက်များစွာက ရုန်းကြွနေသည်။

သူ့မိတ်ဆွေများ၊ ရဲဘော်ရဲဘက် တိုက်ဖော်တိုက်ဖက်များက သူ့အပေါ်တွင် လျော့နည်းသွားကြပြီ။

အချို့ သေကုန်ကြ၏။

အချို့ သစ္စာဖောက်ကာ ဘက်ပြောင်းလဲကုန်ကြ၏။

အချို့ သိုင်းလောကမှ အနားယူသွားကြ၏။

သူ့စိတ်ထဲတွင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ဖူးသော စိုးရိမ်အားငယ်မှုများ ဖြစ်ပေါ်လာသည်။ နှလုံးသားနူနယ်သည့် မိန်းမသားပီပီအမှီအတွယ်ကိုလိုချင်လာသည်။ အတွေးစဉ်များကို တစ်သီတစ်တန်းကြီး ခြေဆန့်လိုက်သည်။

မိုင်ပေါင်း ရာထောင်ဝေးသောအရပ်မှနေ၍ မိမိသည် အဘယ်ကြောင့် ရှောက်ချူးရှေကိုလိုက်လံရှာဖွေခဲ့ရသနည်း။

ထိုအတွေးကို တွေးမိသောအခါ လျှိုယိုရင်သည် တဒိတ်ဒိတ်လှုပ်ခုန်သွားမိ၏။

သူမနှလုံးသားကို ပြန်မြင်ကာ ထိတ်လန့်တကြီးဖြစ်သွားမိသည်။

သိုင်းလောကတွင် လူတကာအပေါ်တွင် အရှုံး တစ်ယောက်ပမာ ခြေဆန့်လှုပ်ရှားခဲ့သော်လည်း ငယ်နူသူတို့၏



နှလုံးသားက အများသူငါလိုပင် သူ့ရင်ထဲတွင် တည်ရှိခဲ့သည်။

'ငါ....ငါ ရှောက်ချူးရှေကို ချစ်မိနေပြီလား'

လျှိုယိုသည် သူမကိုယ် သူမ အမေး အဖြေ လုပ်မိ၏။ ဟုတ်မှန်ကြောင်းကို ချက်ချင်းပင် ပြန်ရသည်။

'အို....ငါ ဘာတတ်နိုင်တော့မှာလဲ၊ ငါ သူ့ကိုချစ်မိနေပေမယ့် သူဟာ ငါ့အတွက် အားကိုးသောက်တဲ့ ယောကျ်ားပီသပေမယ့် သူကငါ့အတွက်မှ မဟုတ်ဘဲ၊ သူ့ရင်ထဲမှ တသ် လိုဖြေဖျောက် ဖျက်ဆီးလို့မရတဲ့ ထန်ဖန်းကရှိနေပြီပဲ၊ ငါ့ အချစ်တွေက ဘာမှသုံးလို့မရတော့ပါလား'

လျှိုယိုသည် မိမိဘာမာမိကို မိမိပြန်လည်ဖမ်းဆုပ်မရသလို ဖြစ်သွား၏။ ဝမ်းနည်းကြေကွဲစိတ်နှင့်အတူ မိမိကိုယ် မိမိ မကျေနပ် မချင့်မရဲဖြစ်သည့်စိတ်တို့လည်း ပေါ်ပေါက်လာသည်။

ဤအချိန်အခါသည် အမှီအတွယ်တစ်ခုခုကို လိုက်လံရှာဖွေနေသူတစ်ယောက်ပမာ ခံစားလာရသည်။ လေဟာနယ်တစ်ခုထဲတွင် လွင့်မျောနေသူတစ်ယောက်ပမာ ထင်မှတ်နေတော့၏။ ရှောက်ချူးရှေကို ချစ်မိနေပြီဆိုသော အသိ။ ရှောက်ချူးရှေကို လက်လွှတ်လိုက်ရပြီဆိုသော အသိတို့ တစ်ပြိုင်နက်တည်း ဝင်ရောက်လာသောအခါ လျှိုယိုမှာ နှောင်ကြိုးမဲ့လေတံခွန် တစ်ခုပမာ ဖြစ်သွားတော့၏။

ဘုရားကျောင်း၏ အမှောင်ရိပ်ထဲတွင် တစ်ယောက်တည်းတွေးမူကာ ထိုင်နေမိသည်။ အမွေးတိုင်ငွေမျှားကြားမှ ရှောက်ချူးရွှေ၏ မျက်နှာကို အေးစက်စက် ကြည့်မိသည်။ သူ့မျက်လုံးများက ဝင်းဝင်းလက်နေ၏။ တောကြောင်တစ်ကောင်ကို ငေးကြည့်နေသည့် အကြည့်မျိုး....။

* * *

ရှောက်ချူးရွှေတို့ နောက်တစ်နေ့မနက်တွင် ခရီးဆက်လာခဲ့ကြ၏။

ပြည်မကြီး သွေးသောက် အဓိပတိရွေးချယ်ပွဲရက်နီးကပ်နေပြီမို့ သူတို့သည် ခပ်သုတ်သုတ်ပင် လျှောက်ခဲ့ ကြသည်။

စူဝမ်မြို့သို့ ကျော်ဖြတ်ပြီးသောအခါ နေကအတော်ပင်မြင့်တက်လာ၏။ မြို့ပြင်ဘက်ရှိ မြေရိုင်း ကွင်းပြင် ဆီသို့ရောက်လျှင် ရုတ်တရက် အော်ဟစ်ခေါ်ငင်လိုက်သံတစ်ခုက ထွက်ပေါ်လာသည်။

'ရှောက်....ချူး....ရွှေ'

နာမည်တစ်ခုချင်းကို ပီပီသသ ခွဲခွဲခြားခြား အော်ဟစ်ခေါ်လာ၏။



ဤသို့ခေါ်လိုက်ခြင်းက နောက်ပြောင်ကျီစယ်ပြီး ခေါ်ဝေါ်လိုက်သည်မဟုတ်။ အသည်းခိုက်အောင် မုန်းတီး နာကျည်းချက်ကြောင့် ဒေါသမာန်တက် အော်ဟစ်ခေါ်ဝေါ်လိုက်ခြင်းဖြစ်၏။

ရှောက်ချူးရွှေ ခြေလှမ်း တုံ့ခနဲရပ်သွားသည်။ သူခြေလှမ်းရပ်သည်နှင့် ကျန်လူများလည်း ရပ်တန့် သွားကြ၏။ မည်သို့သော စွမ်းအားအာနိသင်ကြောင့် မသိ၊ တိုက်ပွဲပေါင်းရာချီရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် သိုင်းလောကအဆင့်မြင့်မုဂ္ဂိုလ်များပင် ကြက်သီး မွေးညင်း ထသွားမိကြ၏။ လူထောင်ပေါင်းများစွာကို သတ်လာခဲ့သည့် အေးစိမ့်သောဓားအဖျားက လည်မျိုပေါ်သို့ ထိုးဖောက်ခံရသည့်ပမာ တုန်လှုပ်သွားကြ၏။

ထိုအချိန်တွင် သစ်တောအုပ်ကလေး တစ်ခု အတွင်းမှ လူရိပ်တစ်ရိပ်က လျှပ်ပြက်သလို ခုန်ပျံဝင်ရောက်လာသည်။ လူနှင့်အတူ ဓားရောင်ကလည်း ဝင်းဝင်းပြက်လက်သွား၏။ ဓားက ကြောက်စရာကောင်းသည့် ဓားကောင်းတစ်လက်။ ဟန်ပန်က တစ်ချက်တည်းနှင့်အသေသတ်မည့်ပုံ၊ ဓားကွက်မှာ လွန်စွာမှပင် အဆင့်မြင့်လှ၏။

သို့သော် ရှောက်ချူးရွှေမှာ တစ်ဖက်လူ၏ ဓားကွက်လစ်ဟာနေမှုကို ရုတ်ခြည်းပင် မြင်တွေ့ လိုက်ရ၏။ ရှောင်လျက် လက်တောက်ပညာဖြင့် အသာပင် ဆတ်ခနဲတောက်ထုတ်လိုက်၏။

'ထန်း....'

လက်ညှိုးက ဓားရှည်၏ကျောဘက်နေရာကို ထိမှန်သွားသည်။ ဓားရှည်လွင့်ရှားမှု ရပ်တန့်သွားပြီး လူရိပ်သည်လည်း ပုံလွှားငှက် တစ်ကောင်ပမာ ပေါ့ပါးညင်သာစွာ မြေကြီးပေါ်သို့ ခြေချလာ၏။ သို့သော် ထိုသူမှာ ဒေါသထွက်ခြင်း မယုံကြည်နိုင်လောက်အောင် အံ့သြတုန်လှုပ်ခြင်းတို့ကြောင့် အကြောဆွဲသလိုပင် တစ်ဆတ်ဆတ်တုန်လာ၏။ မြေပြင်တွင် ခြေထောက်ငြိမ်အောင်ပင် မရပ်နိုင်တော့။

'မင်း....မင်း ငါ့ဓားသိုင်းရဲ့ ဟာကွက်ကို ဘယ်လို မြင်မိတာလဲ'

ထိုသူက ဒေါသတကြီးဖြင့် ပြော၏။ ယန်တို၊ ခုံမြည့်လီ၊ မုံရှမ်းဖုံ၊ တိန်ယိဖိန် တို့မှာ ထိုသူကိုမြင်လိုက်ရလျှင် ထိတ်လန့်တကြီးပင် လွှတ်ခနဲ ရေရွတ်လိုက်မိကြ၏။

'ယိစန်းလင်'

ယိစန်းလင်ကား ထိတ်ထိတ်ကြဲဓားသိုင်းပညာရှင်တစ်ဦး ဖြစ်ပေသည်။ သိုင်းလောက၏ မဟာဓားသိုင်း ပညာရှင်ခုနစ်ဦးနှင့်အတူ နာမည်မကြီးလိုသဖြင့် ကိုယ့်ကိုယ်ကိုအထင်ကြီးစိတ်ဖြင့် တစ်သီးတစ်ခြား နေခဲ့၏။ မိုးနန်းတောင်ထင်စန်းဂိုဏ်းမှ ဂိုဏ်းချုပ်ဖြစ်ကာ မိမိသာလျှင် အတော်ဆုံးဟု သတ်မှတ်ခဲ့သည်။ လိုရှောင်ရွှဲ၏ ဆရာအရင်းလည်း ဖြစ်ပေသည်။

ထို့ကြောင့် ယိစန်းလင် ရုတ်တရက် လျှပ်တစ်ပြက် ဝင်ရောက်ကာ ရှောက်ချူးရွှေအား တိုက်ခိုက်ခြင်းအကြောင်း



ရင်းကို ယန်တိုတို့ နားလည်သဘောပေါက်သွား၏။တပည့်ဖြစ်သူ လိုရှောင်ရွှဲ့အတွက် လက်စားချေခြင်း ဖြစ်ပေသည်။

သူသည် ယန်တို၊ မုံရှမ်းဖုံ၊ ခုံမြည့်လီ၊ ကိုယ်တော်လေးလင်၊ တိန်ယိဖိန်တို့လို အဆင့်မြင့်ပုဂ္ဂိုလ်များ၏ကူညီကာကွယ်ပေးမှုအောက်တွင် ရှောက်ချူးရွှေအား သတ်ဖြတ်နိုင်မည်မဟုတ်သည်ကိုသိ၏။ ထို့ကြောင့် သူလိုပုဂ္ဂိုလ်တစ်ယောက်က သိုင်းလောကနောက်ပေါက် လူငယ်တစ်ယောက်ကိုတစ်ချက်တည်းနှင့် သတ်ဖြတ် ကလဲ့စားချေနိုင်ရန် လုပ်ကြံသလာခဲ့ခြင်းဖြစ်၏။

ယခုတော့ မထင်မှတ်သော အခြေအနေ ဖြစ်ပေါ်လာခဲ့သည်။ ရှောက်ချူးရွှေကို တစ်ချက်တည်းနှင့် မသတ်နိုင်ရုံသာမက မိမိ၏ ဓားကွက်ကိုပါ ရှောက်ချူးရွှေက ချေဖျက်သွားနိုင်ခဲ့သဖြင့် အံ့သြခြင်းနှင့် ဒေါသထွက်ခြင်းတို့ ဖြစ်လာခဲ့ရလေသည်။

ရှောက်ချူးရွှေသည် ယိစန်းလင်၏ ဓားချက်ကို လက်နှစ်ချောင်းဖြင့် ညှပ်ထား၏။ သူ့အသွင်က ပဲပြားတစ်ဖတ်ကိုတူနှစ်ချောင်းဖြင့် ညှပ်ထားသလို ပေါ့ပါးလှသည်။

'ဒီဓားက နာမည်ကြီးတဲ့ နှင်းဖြူဓား မဟုတ်လား၊ အတော့်ကိုကောင်းတဲ့ ဓားတစ်လက်ပါပဲ'

ရှောက်ချူးရွှေက ပြုံးရယ်ကာ ပြောသည်။ သူ့ ရယ်မောခြင်းက လှောင်ပြောင်ခနဲ့သည့် သဘောမျိုးမဟုတ်။

ယိစန်းလင် ဟွန့်ခနဲ နှာမှုတ်သံတစ်ချက် ပြုလိုက်၏။

'ငါ့မြားဟာ မြားကောင်းတစ်လက် ဟုတ်တာ မဟုတ်တာ မင်း မေးစရာလိုသလား'

ပြောသာ ပြောရသည်၊ ရှောက်ချူးရွှေ၏ လက် နှ ချောင်း ကြားမှ မြားရှည်ကို ယိစန်းလင် မည်သို့မျှ အား စိုက်ကာ ဆွဲနုတ်၍မရချေ။ အများရှေ့တွင် သိက္ခာကျနေမည် ဖြစ်သည်က တစ်ကြောင်း၊ ရှောက်ချူးရွှေကလည်း မည်သို့မျ ရန်မီးမပွားလိုသည်ကို မြင်မိသည်ကတစ်ကြောင်းတို့ကြော ယိစန်းလင် ငြိမ်သက်နေလိုက်၏။ ရှောက်ချူးရွှေက အခြေ အနေကိုသာ စောင့်ကြည့်နေ၏။

'ခုနက ဆရာကြီး အသုံးပြုခဲ့တဲ့မြားကွက်က ပျံလွှားဝဲပျံ ခုတ်ပိုင်းဟန် မဟုတ်လား'

ရှောက်ချူးရွှေ တည်ငြိမ်စွာပင် မေးသည်။

ယိစန်းလင်က ရှောက်ချူးရွှေကို ဒေါသမျက်လုံးများဖြင့် ကြည့်နေရာမှ....

'အင်း....မင်းရဲ့ မျက်လုံးအကြည့်အားက မဆိုးပါဘူး'

ရှောက်ချူးရွှေ ကျေနပ်ရပင် ရယ်လိုက်ပြန်၏။

'အတော့်ကိုကောင်းတဲ့ မြားကွက်ပါပဲ'

'တကယ်ကောင်းပဲ့ မြားကွက်ဆိုရင် ဘာကြောင့် တစ် ကွက်တည်းနဲ့ မင်း ဖမ်းချုပ်တာကို ခံလိုက်ရတာလဲ၊ ငါ့မြား ကွက်ထဲက ဟာကွက်ကို ဘယ်လို တွေ့မြင်နိုင်တာလဲ'



ဤစကားမှာ ပွဲကြည့် ပရိသတ်များဖြစ်သော ယန်တိုတို့ အားလုံး မေးလိုသိလိုသော စကားဖြစ်နေ၏။ ထို့ကြောင့် ငြိမ်သက်စွာပင် စောင့်ဆိုင်းနားထောင်နေ၏။

'ဆရာကြီးရဲ့မြားကွက်က ဟာကွက်မရှိပါဘူး'

ရန်သူတစ်ယောက် အနေအထား၊ ပြိုင်ဘက် တစ်ဦး အနေအထား ရှိနေသော်လည်း ယိစန်းလင်သည် ရှောက် ချူးရွှေ၏ တည်ကြည်သော လေသံ၊ ငြိမ်သက်သောမျက်လုံး အလင်းတန်းတို့ကိုကြည့်ပြီးမိမိအား ခနဲ့ခြင်းမဟုတ်ကြောင်း နားလည် သဘောပေါက်လိုက်၏။ ထို့အတူ မိမိကို နှစ်သိမ့် စကားဆိုခြင်းလည်း မဟုတ်ကြောင်း သိနေသဖြင့် သိလို စိတ်ကို မအောင့်အည်းနိုင်တော့။

'ဒါဆိုရင် ဘာ့ကြောင့် တစ်ကွက်တည်းနဲ့ ငါ့ရဲ့ ဟာ ကွက်မရှိတဲ့ မြားကို ဖမ်းချုပ်နိုင်ရတာလဲ'

ရှောက်ချူးရွှေ ခါးကိုင်လက်ချောင်းကို လွှတ်ပေးလိုက် လေ၏။

တလေးတစား အမူအရာဖြင့်....

'ပျံလွှားဝဲဟန် မြားရေးက ဟာကွက်မရှိပါဘူး၊ သိပ်ကို ကောင်းတဲ့ ဓေးကွက်တစ်ကွက်ပါ၊ ချေဖျက်တာက လူပဲဖြစ် ပါတယ်၊ မြားကွက်ပေါ်မှာ မူမတည်ပါဘူး'

ယိစန်းလင်မှာ ထိုစကားကြားသည်နှင့် တုန်တုန်လှုပ်လှုပ် ဖြစ်သွားပြန်၏။

ရှောက်ချူးရှေက တည်ငြိမ်စွာပင် ပြောလာ၏။

'ဆရာကြီးအနေနဲ့ ကျွန်တော့်ကို မလုပ်ကြွသင့်ပါဘူး၊ ပျံလွှားဝဲဟန် ဓားကွက်ဘာ ရန်သူကို ခုတ်ပိုင်းတဲ့အခါမှာ သိပ်ကို ကြောက်စရာ ကောင်းပါတယ်၊ ဒါပေမယ့် ဆရာကြီးက တိတိလင်းလင်း ရင်ဆိုင်တိုက်ခိုက်တာ မဟုတ်တော့ အပြင်းထန်ဆုံးအကွက်ကို ထုတ်သုံးလာရတာယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကို တစ်ကွက်တည်းနဲ့ အပြတ်ရှင်းချင်လို့ပဲ'

ယိစန်းလင်က ရှောက်ချူးရှေကို စူးစိုက်ကြည့်နေ၏။

ရှောက်ချူးရှေ သဘောကျစွာပင် ရယ်မြူးလိုက်၏။

'ဆရာကြီးရဲ့ဂုဏ်သိက္ခာမျိုးနဲ့ဆိုရင် တစ်ဖက်လူကို လုပ်ကြံဖို့ဆိုတာက တကယ်ကို မနေသာကန် မသင့်မြတ်ပါဘူး၊ ဒါကို ဆရာကြီးရင်ထဲမှာ ခံစားနေရတယ်၊ ဒါကြောင့် ဓားကွက်တန်က နည်းနည်းလျော့ကျသွားတယ်၊ ပျံလွှားလို့ မလျင်မြန်တော့ဘူး၊ အ ဟုန် အ လျင် လျော့ ကျ သွား လို့ ကျွန်တော်က လက်နှစ်ချောင်းနဲ့ ဖမ်းနိုင်တာ ဖြစ်တယ်'

ယိစန်းလင်စိတ်ထဲ အနည်းငယ် ပေါ့ပါးသွားသည်။ ထို့သော် သူ့နဖူးပြင်တွင် ချွေးသီးကလေးများ စို့လာ၏။

'ဒါ ဒါဆိုရင် စောစောက ငါ့ရဲ့တိုက်ကွက်ဟာ အားမာန်အပြည့်ရှိနေတာပေါ့ ဟုတ်လား'

'ဟုတ်ကဲ့၊ ဟာကွက်မရှိပါဘူး၊ ဒါပေမယ့် မဆီစလောက်ကလေး နှေးသွားတယ်'



ယိစန်းလင် အတန်ကြာအောင် တွေဝေစဉ်းစားပြီးမှ သဘောပေါက်သွား၏။

'ဟာကွက်မရှိစေချင်ရင် ရင်ဆိုင်ပြီး တိုက်ခိုက်ရမယ်လို့ ဆိုလိုတာလား'

'ဟုတ်ပါတယ်'

ယိစန်းလင် တစ်ခဏမျှ တွေငိုင်နေပြီးမှ ခေါင်းမော့ကာ ကျယ်လောင်စွာ ရယ်မောလိုက်၏။ သူ့ရယ်မောသံက ကြေကွဲသလိုလို၊ ဝမ်းသာသလိုလို၊ အောင်မြင်သလိုလို၊ ရှုံးနိမ့်သလိုလို အဓိပ္ပာယ်များ သက်ရောက်နေသည်။

'ငါသာ ချက်နှာချင်းဆိုင်ပြီး တိုက်ခိုက်ရင် မင်းကို ဘယ်လိုလုပ်ပြီး နိုင်နိုင်မှာတဲ့လဲ၊ တိတ်တဆိတ် လျှပ်တစ်ပြက် လုပ်ကြံတော့လဲ မလျင်မြန်နိုင်ခဲ့ဘူး၊ လောကကြီးမှာ ကိုယ်ဖြစ်ချင်တာတွေ မဖြစ်နိုင်တာ ရှိပါသေးလား၊ ဟာကွက်မရှိတဲ့ ဓားရေးဆိုတာ မရှိပါလား၊ ငါ့အနေနဲ့ ဘယ်လိုမှ တီထွင်လို့မရနိုင်ပါလား'

ယိစန်းလင်သည် ပြောပြောဆိုဆိုပင် လှည့်ထွက်သွားလေတော့သည်။

သူ၏ဓားရှည်ကိုပင် မကောက်။

ရှောက်ချူးရှေအား လက်ဆောင်အဖြစ် ပေးအပ်သွားသကဲ့သို့ ရှိ၏။

သူသည် ဓားပညာဖမ်းစားမှုထဲတွင် တစ်သက်လုံး နစ်နွံနေခဲ့သူတစ်ယောက် ဖြစ်၏။ မမျှော်လင့်ဘဲ တစ်ကွက်

တည်းဖြင့် အရေးနိမ့်သွားရာမှ ဓားပညာ၏သဘောတရားကို သိရှိသွားခဲ့သည်။ မာန်မာနများလည်း လျော့ကျသွားခဲ့သည်။ သူအမြတ်တနိုးရှိသော နှင်းဖြူဓားကိုပင် စွန့်ပစ်ကာ ပြေးထွက်သွားတော့သည်။

သူ၏ပြေးထွက်သွားခြင်းက နောက်နောင် သိုင်းလောကထဲသို့ ဝင်ရောက်ခြင်း မပြုတော့သည့်သဘော၊ ဓားသိုင်းပညာကိုစွန့်လွှတ်ကာ ဘောဘောင်ထဲတွင် တစ်ကိုယ်တည်း ဇာတ်မြှုပ်နေထိုင်တော့မည့်သဘော ဖြစ်ပေသည်။

ရှောက်ချူးရွှေလို အသက်အရွယ်ငယ်ချိုးနှင့် ယိစန်းလင်လို ဓားသိုင်းပညာရှင်ကြီး တစ်ယောက်ကို တစ်ကွက်တည်းနှင့် အနိုင်ရဖို့ကိုစွမ်းမှာ လွယ်ကူသောကိစ္စမဟုတ်။ ထို့အတူ မာန်မာနကြီးမားကာ ကိုယ့်ကိုယ်ကို ယုံကြည်လွန်းသော ခေါင်းမာသူတစ်ယောက်ကိုဘောင် တိုဘောင်းသောအချိန်ကလေးအတွင်း စကားသုံးလေးခွန်းမျှဖြင့် တရားရ သဘောပေါက်အောင် ပြောဆိုဖို့က ပို၍ပင်မလွယ်ကူ။

ထို့ကြောင့် ယန်တိုတို့အားလုံးမှာ ရှောက်ချူးရွှေ၏သတ္တိနှင့် နှုတ်ရေးနှုတ်ရာကြွယ်ဝမှုတို့ကို ချီးကျူးသေးစားနေမိတော့သည်။

*　　*　　*



လရောင်မှိန်မှိန်ပြပြ…။

ညအခင်းက သိပ်မသာ။ ရှောက်ချူးရွှေတို့လူစု ဟုန်မင်မြို့အနီးသို့ ချဉ်းကပ်ရောက်ရှိလာကြသည်။

မလှမ်းမကမ်းရှိ တောအုပ်ကလေးတစ်ခုသို့အရောက်တွင် ခဏနားကြရင်း ယန်တိုတို့က ခုံပြည့်လီနှင့် မုံရှမ်းဖုန်တို့ကို ဗေဒင်ပညာနှင့် နက္ခတ်ပညာ ကျွမ်းကျင်သူများဖြစ်သဖြင့် ယနေ့ည အနေအထားနေကို တွက်ချက်ကြည့်ချင်သည်။ မုံရှမ်းဖုန်က လှိုးလွှဲစကားဖြင့်ငြင်းဆိုသည်။ လူအားလုံးကတောင်းဆိုလာသောအခါ သူတို့မငြင်းနိုင်တော့။

'ကောင်းပြီလေ၊ လူအားလုံးက တောင်းဆိုလာတော့မှ ကျုပ်တို့နှစ်ယောက် မငြင်းသာတော့ပါဘူး၊ ဒီတော့ ဓားမဓားရှည်နဲ့ တွက်ချက်ပုံကို ပြပါမယ်'

ခုံပြည့်လီက ရယ်မောကာပြောသည်။

ယန်တို သဘောကျစွာ လက်ခုပ်တီးလိုက်သည်။

'ညီမောင် ခုံပြည့်လီနဲ့ မုံရှမ်းဖုန်တို့ရဲ့ဓားမ ဓားရှည်နဲ့တွက်ချက်တဲ့ပညာက သိပ်ကိုနာမည်ကြီးပြီး တိကျမှန်ကန်မှုရှိတယ်၊ ဒီနေ့ ဟုန်မင်မြို့မြင်မှာ ဒီပညာမြင်တွေ့ရတော့မယ်ဆိုတော့ ဝမ်းသာစရာပဲ'

တိန်ယိဖိန်ကလည်း စိတ်ဝင်တစားရှိလာသည်။

'ဓားမဓားရှည်နဲ့ တွက်ချက်တဲ့နည်းဟာ နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အောက်လမ်းပညာ

တစ်မျိုးပဲ။ ဒီပညာဟာ တစ်ယောက်တည်းနဲ့ အစွမ်းမပြနိုင်ဘူး၊ နှစ်ယောက် စိတ်တူကိုယ်တူရှိမှဖြစ်မယ်၊ ပြီးတော့ နက္ခတ်ဗေဒင်ပညာဘက်မှာ အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်ထူးဆီက ပညာကိုရမှသာ တိုးတက်မှုရှိနိုင်တယ်၊ အခုလို ဗဟုသုတအဖြစ် မြင်ရတော့မယ် ဆိုတော့ တဲ...တဲ...ဒီညတော့ သိပ်အကျိုးရှိမှာပဲ’

ခုံပြည့်လီက ရယ်ရယ်မောမောဖြင့်....

‘နက္ခတ် ဗေဒင်ပညာအပြင် ဓား မ ဓား ရှည် ပ ညာ ပါ အဆင့်မြင့်မှ တွက်ချက်လို့ရတယ်’

မုံရှမ်းဖုန်ကလည်း ရယ်မောလာ၏။

‘လူ့ကဲခတ်ပညာ၊ ပစ္စည်းကိုကြည့်ပြီး တွက်ချက်တဲ့ပညာက သိပ် ကို ခက် ခဲ လှ ပါ တယ်၊ ပစ္စည်းကိုကြည့်ပြီး လူတစ်ယောက်ရဲ့ စိတ်သဘောသွားကို ခန့်မှန်းတယ်ဆိုတာ အခက်ဆုံးပဲ’

‘ကဲပါ ကျွန်တော်တို့သိချင်လှပြီ၊ အခုပဲပြပါတော့’

ကိုယ်တော်လေးလင်က သိချင်စိတ်သောကြီးကာ ဝင်ပြောသည်။

မုံရှမ်းဖုန်နှင့် ခုံပြည့်လီတို့ မနေသာတော့။

လရောင်တွင် မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။

နှစ်ယောက်စလုံးပင် မျက်မှောင်ကြုတ်ကာ အကျီအနားစကို ဆွဲသပ်နေ၏။ ထို့နောက် ဟိတ်ဟန်တကြီးဖြင့် တင်ပျဉ်ခွေထိုင်ချလိုက်သည်။ မျက်လုံးအစုံကိုမှိတ်ကာ စဥ်းစား



ဟန်ပြုကြ၏။ အတန်ကြာမျှ ဓားရှည်နှင့်ဓားမကို ဓားအိမ်မှ မထုတ်သေး။

လူအားလုံးမှာ သူတို့၏လှုပ်ရှားမှု အမူအရာများကို စိတ်ဝင်တစားပင် ကြည့်နေကြသည်။ သူတို့နှင့်ယောက်၏ အသွင်က လရောင်အောက်တွင် အတော်ပင် မာန်ပါလှ၏။ မျက်ခုံးပေါ်မှ ကြွက်သားများ အကြောတွန့်လာပြီး ရုတ်တရက် မျက်လုံးကို အပေါ်သို့လှန်လိုက်၏။ တစ်ဆက်တည်းမှာပင် လျှပ်ပြက်သည့်အလား လက်နက်ကိုကောက်ယူလိုက်ပြီး ဓားအသီးသီးကို ဆွဲထုတ်လိုက်သည်။

ဓားရှည်နှင့် ဓားမတို့ လျှပ်စီးလက်သည့်အလား ထိခတ်ကာ မီးရောင်များ ဖြာထွက်လာ၏။ ဓားအရိပ်များ ဖြာထွက်လာသော မီးပွင့်မီးပွား အရိပ်များ၊ အလင်းတန်းများက မျက်လုံးကို ပိုမို၍ စူးရှစေသည်။ မုံရှမ်းဖုံနှင့် ခုံပြည့်လီ တို့သည် ဓားလိုင်းရေ့ယမ်းသံ၊ မီးပွားများ လွင့်စဉ်ပုံတို့ကို အထူးအာရုံစိုက်နေကြ၏။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေကာ အပ်ကျသံပင် ကြားရမတတ်ဖြစ်လာမှ ဓားများကို ဓားအိမ်ထဲသို့ ပြန်ထိုးသွင်းလိုက်သည်။ မုံရှမ်းဖုံတို့နှစ်ယောက်ကားလရောင်အောက်တွင် ငြိမ်သက်စွာပင် ထိုင်နေလျက်ရှိသည်။

မုံရှမ်းဖုံသည် မျက်လုံးကို စုံမှိတ်ထား၏။ သို့သော် နှုတ်များကမူ စကားသံ တစ်တွတ်တွတ် စတင် ရေရွတ်လာ၏။

'တစ်ခဏအတွင်းမှာ ကြယ်မင်းတွေဟာ ခေါင်းချင်းယှဉ် ပြိုင်ပွဲနဲ့အတူ ကြွေကျသွားနိုင်တယ်၊ အဲဒီ ကြယ်ပွင့်တွေဟာ နီနေရာက ပြာသွားနိုင်တယ်၊ အဲဒီကနေ အဝါရောင်အဖြစ် ပျော့ကျသွားပြီး ဒီနေ့ သွေးရောင်ကို မြင်ကြရလိမ့်မယ်'

ခုံပြည့်လီကငြိမ်သက်စွာ နားထောင်နေသည်။ မုံရှမ်းဖုံ၏ စကားဆုံးမှ တိကျရေရာစွာ ဖြည့်စွက်သာ၏။

'ခေါ်းမနဲ့ခေါ်းရှည် ခေါ်းအိမ်ထဲကနေထွက်သွားတာနဲ့ ဒီနေ့ ညအချိန်မှာ လူသတ်မှုတွေ ပေါ်ပေါက်လာနိုင်တယ်'

မုံရှမ်းဖုံသည် အခြားတစ်နေရာသို့ အာရုံလွင့်မျောသွား ဟန်ရှိ၏။

သူ့လေသံက အလွန်ပင် အေးဆေး တည်ငြိမ်နေသည်။

'ခေါ်းမနဲ့ခေါ်းရှည် ခေါ်းအိမ်ထဲက ထွက်သွားကြတာနဲ့ လရောင်နဲ့အတူ မီးရောင်ပွင့်သွားတယ်၊ ဒါပေမယ့် မီးရောင် မှိန်သွားတာနဲ့ တိမ်မည်းတွေက အုပ်သွားနိုင်တယ်'

ခုံပြည့်လီက....

'ခေါ်းမနဲ့ခေါ်းရှည် ထိမိတဲ့အချိန် သတ်ဖြတ်တဲ့အသံတွေ ပေါ်ထွက်လာတယ်၊ ဒီနေ့ည လူခေါင်း မြေခလိမ့်မယ်'

မုံရှမ်းဖုံက....

'ခေါ်းမနဲ့ခေါ်းရှည် မီးရောင်ပွင့်တဲ့အချိန်မှာ သွေးရောင်ကို မြင်လိုက်ရတယ်'

ခုံပြည့်လီက....



'ခေါ်းမနဲ့ခေါ်းရှည် ထိမိတဲ့အသံ ထွက်ပေါ်လာပြီး အန္တရာယ်တွေ ဘေးပတ်ပတ်လည်မှာ ဝန်းရံနေပြီ၊ ဒီနေရာဟာ ဟုန်မင်မြို့ပြင်ဆိုဟော့ ရန်သူတွေ ရောက်လာကောင်း ရောက်လာနေပြီ'

'ဟုတ်တယ်၊ ကျုပ်တို့ ရောက်လာကြပြီ'

နောက်ဆုံးစကားသံကား သူတို့နှင့် မလှမ်းမကမ်းတွင် ရှိသော ဝါးရုံတောထဲမှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

ထိုသူ၏ စကားသံအဆုံးတွင် တိမ်မည်းတိမ်ညိုများက လကိုဖုံးလွှမ်းသွားသဖြင့် အမှောင်ထုက ရုတ်ခြည်း ကြီးစိုး လာလေသည်။ မိမိ၏လက်ချောင်းကိုပင် ပြန်မမြင်နိုင်ကြ။

မှောင်လာသည့်အချိန်မှာပင် မရေတွက်နိုင်သော မိုးစက်မိုးပေါက်များပမာ လက်နက်ပုန်းလေတိုးသံက ရှောက်ချုံး ရွှေတို့ ရပ်နေခဲ့သည့်နေရာသို့ ဝင်ရောက်လာကြတော့သည်။

ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်မိုက်နေ၏။ လက်နက်ပုန်း လေတိုးသံများ ပျောက်ဆုံးသွားလျှင် ပကတိ တိတ်ဆိတ် ငြိမ်သက်သွားတော့သည်။

ကွမ်းတစ်ယာညက်ခန့်ကြာလျှင် လေပြင်း၏ သယ်ဆောင်မှုကြောင့် တိမ်ညိုများ လွင့်စဉ်သွားသည်။ လရောင်က ပြန်လည်၍ ကြည်လင်လာသည်။ မြင်ကွင်းကလည်း ပို၍ ကြည်လင်လာသည်။

လရောင်အောက်တွင် လူ အလောင်းများများ အရက် သောက်နေကြသည်။ အသံဗလံ တစ်ချက်မျှမထွက်၊ မျက်နှာ

များက လူသေကောင်များလို အေးစက်စက်။ ရုတ်တရက် ကြည့်လျှင် လူ့ပြည်မှ လူသားများ ဝိုင်းဖွဲ့စားသောက်နေ သည်ဟုပင် မထင်မှတ်နိုင်။ တခဏ္ဍ မှင်စာများက ပျော်ပွဲနွဲ နေသည့်အလား ရှိ၏။

တောင်ဘက်သို့ မျက်နှာမူထားသည့် စားပွဲခုံပုလေးတွင် လူသုံးဦး ဝိုင်းထိုင်နေသည်။ သူတို့၏ ဘယ်ညာတွင် စားပွဲပု နှစ်လုံးစီရှိ၏။ စားပွဲခုံပုတစ်လုံးတွင် လူနှစ်ဦးကျစီ ရှိနေ၏။

တောင်ဘက်သို့ မျက်နှာမူထားသည့် လူသုံးဦး၏အလယ် တွင် ဦးထုပ်ဆောင်းလျက် ဝတ်ရုံဝါကြီးကို ဝတ်ဆင်ထား ပြီး ကြည်ညိုစရာကောင်းသော မျက်နှာပိုင်ရှင် လူကြီး၏ အသွင်က ရှင်ဘုရင်တစ်ပါးလို ခံ့ညားနေသည်။ ဘယ်ညာ နှစ်ဖက်ရှိ နှစ်ယောက်က အဝတ်အစား တောက်တောက် ပြောင်ပြောင် ရှိ၏။ ဘယ်ဘက်မှလူမှာ အမျိုးသမီး တစ် ယောက် ဖြစ်ပြီး ဘုရင်မတစ်ပါးလို ဝင့်ထည်နေသည်။

သူတို့၏ညာဘက်တွင် သက်တော်ရှည် အမတ်ကြီးလို လူနှစ်ယောက်ကထိုင်နေလျက် ဘယ်ဘက်တွင်မူ စစ်သူကြီးလို အရာရှိကြီးလို လူနှစ်ယောက်ရှိနေ၏။ သူတို့နှစ်ယောက်စလုံး တွင် တူညီသော အချက်တစ်ခုရှိ၏။ အေးတိအေးစက်နှင့် အမူ အရာဖြင့် လူသေကောင်လို မျက်နှာ သွေးဆုတ်ဖြူရော်နေ ခြင်းပင် ဖြစ်၏။

အလယ်မှ ရှင်ဘုရင်လို လူသည် အကျီဝကျယ်ကြီးကို မြှောက်ကာ ကျောက်စိမ်းနဂါးခွက်ကို ကိုင်မြှောက်လိုက်၏။



တို့နောက် သစ်တောအုပ်ကလေးဘက်သို့ ဝှေ့ယမ်းလိုက်ပြီး သာမန်လူထက် နှေးကွေးဖြည်းညင်းသောလေသံဖြင့် စကား ကို တစ်လုံးချင်း ပြောချလာသည်။

'ရေလမ်းက ဝေးနေသေးတယ်၊ မိတ်ဆွေတို့တစ်တွေကို ကျူပ် အရက်နဲ့ ဧည့်ခံပါရစေ'

သူ့အသံကတွဲအက်အက်ရှတတ ကြားရသူတို့ပင် လိပ်ပြာ လွင့်ကာ ပျော့ခွေကျသွားစေနိုင်သောက်သည်။

သူတို့တစ်တွေကား မည်သူတွေနည်း။

အဘယ်ကြောင့် ဤသို့သော လူသူပြတ်လပ်သည့် နေရာ တွင် ဧည့်ခံပွဲလိုမျိုး ကျင်းပနေရသနည်း။

* * *

လက်နက်ပုန်းများ ပျံဝင်လာသည့်အချိန်တွင် ရှောက် ချူးရွှေတို့သည် သစ်ကိုင်းသစ်ရွက်များ ထူသပ်အုပ်ဆိုင်းနေ သော သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ခုန်ဘက်ကာ ရှောင် တိမ်းလိုက်ကြသည်။ လက်နက်ပုန်းများက သူတို့ကိုမထိ။ ငြိမ်သက်စွာ သစ်ပင်ထက်မှ အခြေအနေကို စောင့်ကြည့်ခဲ့ သည်။ လရောင် ပြန့်လည် ထွက်ပေါ်လာသောအခါ သူတို့

သည် သစ်ရွက်သစ်ခက်များ အကြားတွင် ပုန်းအောင်း ရောက်ရှိနေပြီဖြစ်သည်။

ပုန်းအောင်းနေရာမှ လက်နက်ပုန်းများ ထွက်ပေါ်လာသည့်ဘက်သို့ လှမ်းမျှော်အကဲခတ်ကြည့်လိုက်လျှင် ထူးဆန်းသော လူခုနစ်ဦး၏စားသောက်ပွဲကို တွေ့လိုက်ရခြင်း ဖြစ်ပေသည်။

'ဟုန်မင် ညှော်ခံပွဲ'

တိန်ယိဖိန်က လွတ်ခနဲ ရေရွတ်လိုက်မိသည်။

ထက်စင်းရွှဲ့က သူ့မျက်စိရှေ့မှ ထူးဆန်းသောလူများကို စူးစိုက်ကြည့်ကာ....

'သူတို့ ဘယ်သူတွေလဲ'

'ဟုန်မင် ညှော်ခံပွဲရဲ့ အိမ်ရှင်တွေပဲ'

ယန်တိုက လေးပင်သော လေသံဖြင့် ကြားဝင်ပြော၏။

ထက်စင်းရွှဲ့ အကြီးအကျယ်ပင် ထိတ်လန့်အံ့သြသွား၏။

'ဒီလိုညှော်ခံပွဲမျိုး အရင်တုန်းက ရှိခဲ့ဖူးတယ်လို့ ကြားဖူးခဲ့တယ်၊ အခုမှကြုံလာတော့တာပဲ၊ ဒီလူတွေက ဘယ်သူတွေလဲ၊ ဘာကြောင့် ဒီ ဟုန်မင် ညှော်ခံပွဲကို လုပ်ရတာလဲ'

ယန်တို၏အမူအရာက လေးနက်မှုရှိနေသည်။ သူ့လေသံကလည်း အလွန်ပင် ဂရုတစိုက်ရှိလှသည်။

သူတို့ကိုကြည့်ရတာ လူသေရွာက ဖုတ်ကောင်တွေလို ထင်ရတယ်၊ တကယ်တော့သူတို့ဟာ လူထက်ကို ပါးနပ်ကြတယ်'



'ပါးနပ်တဲ့အပြင် ကြောက်စရာလဲကောင်းတယ်'

မုံရှမ်းဖုန်က ဝင်၍စကားဖြည့်သည်။

ခုံပြည့်လီက....

'သူတို့ဟာ နန်ကုံးမိသားစုက လူတွေပဲ၊ ဒီ ဟုန်မင် ညှော်ခံပွဲဟာ နန်ကုံးမိသားစုရဲ့ညှော်ခံပွဲဖြစ်တယ်၊ သိုင်း လောကသားတွေဟာ သူတို့ရဲ့ ဟုန်မင်ညှော်ခံပွဲဖိတ်စာကို ရမိရင် ငရဲမင်းကြီးရဲ့ သေမိန့်ကိုရသလို သေကို သေကြရတယ်၊ ဒီနေ့ည နန်ကုံးမိသားစုရဲ့ ဟုန်မင်ညှော်ခံပွဲဟာ အတော်ကို ကြီးကျယ်လှပါတယ်၊ နန်ကုံးမိသားစုရဲ့ အဓိကအင်အားဖြစ်တဲ့ ဇာနည်ဖွား ခုနစ်ဖော်စလုံး ရောက်လာကြတယ်'

နန်ကုံးမိသားစု ခေါင်းဆောင်ပိုင်းတွင် ဇာနည်ခုနစ်ဖော်နှင့် စာပေသမားနန်ကုံးဝူစန်းတို့ ရှိကြ၏။ ဇာနည်ဖွားခုနစ်ဖော်သည် ဟုန်မင်ညှော်ခံပွဲ၏ အဓိကပုဂ္ဂိုလ်များဖြစ်ပြီး နန်ကုံးချူ၊ နန်ကုံးဟန်၊ နန်ကုံးကျင်း၊ နန်ကုံးလျံ၊ နန်ကုံးကျွမ်း၊ နန်ကုံးပိုနှင့် နန်ကုံးဝေ့ ဟူ၏။

'ဒီခုနစ်ယောက်ရဲ့ပုံပန်းသဏ္ဌာန်ကို အထင်မသေးလိုက်နဲ့၊ သူတို့ဟာ အဆင့်မြင့်တာထက်ပိုတဲ့ အဆင့်လွန် ထိပ်းသီးသိုင်းသမားတွေဖြစ်တယ်၊ နန်ကုံးမိသားစုဟာ သိုင်းလောကမှာ နာမည် မရှိတော့ပေမယ့် သူတို့ခုနစ်ဦးရှိနေရင် နန်ကုံးမိသားစုဟာ တည်မြဲနေဦးမှာပဲ၊ နောက်ပြီး သူတို့မှာ လူတော်တစ်ယောက် ရှိသေးတယ်၊ နန်ကုံးဝူစန်းလို့ ခေါ်တယ်၊ သူက နန်ကုံးမိသားစုရဲ့ နှစ်ပေါင်းတစ်ရာအတွင်း

ယုတ်လျော့ ပျော့ညံ့နေတဲ့ အားအင်တွေကို ပြန်ရုံစည်းတည်ထောင်မယ့်လူပဲ၊ အသက်ငယ်ပေမယ့် ပညာကတော့ အဆင့်မြင့် ထူးချွန်တယ်’

ခုံပြည့်လီက ဆက်လက်ရှင်းပြသည်။

ချုံနွံနှံကုမှာ လူလိုလို၊ သရဲတစ္ဆေလိုလို လူထူးလူဆန်းများ၏ စားသောက်နေပုံကိုကြည့်ပြီး ခေါင်းတွင် မူးနောက်နောက်ပင်ဖြစ်လာ၏။ အော့ချင်အန်ချင်စိတ်ပင် ပေါ်လာ၏။

‘သူတို့ ညှော်ခံပွဲကို ကျုပ်တို့မဖေါ်ပင်ဘဲ လှည့်ထွက်သွားလို့ကော မရဘူးလား’

ဟန်တိုက ခေါင်းခါယမ်းပြလိုက်သည်။

‘မရဘူး၊ နန်ကုံးမိသားစုထဲက လူကို အထင်သေးလို့မဖြစ်ဘူး၊ သူတို့တစ်တွေဟာ ဒီသစ်တောအုပ်ကလေးထဲဝင်မလာရဲပေမယ့် သူတို့ကတော့ တို့ရဲ့ကက်လမ်းဆုတ်လမ်းတွေကို ပိတ်ဆို့ထားပြီးပြီ အခုအခြေအနေမှာ တို့ဘက်ကရင်ဆိုင်လိုက်ရုံပဲရှိတော့တယ်၊ နောက်မဆုတ်နိုင်ဘူး’

‘နန်ကုံးမိသားစုဟာ အလင်းရောင်အောက်မှာ ရပ်နေပုံတောက်ရင် သူတို့မှာ ကြောက်ရွံ့တဲ့သူ မရှိသလိုပဲ’

ခုံပြည့်လီက မှတ်ချက်ချသည်။

ရှောက်ချူးရွှေက နားမလည်ဟန်ဖြင့်....

‘ကျွန်တော်တို့တစ်တွေကို သူကိုကဒီမှာလာပြီးစောင့်နေကြတာ ဘာလုပ်ဖို့လဲ၊ ကျွန်တော်တို့နဲ့ နန်ကုံးမိသားစုဟာ ပြဿနာဖြစ်ခဲ့ဖူးတာမှ မဟုတ်ကြဘဲ’



မုံရှမ်းဖုန်က အေးစက်စက်ရယ်မောလိုက်၏။

‘လူတွေဟာ သိုင်းလောကထဲ ရောက်လာကြရင် သူတစ်ပါးအပေါ် အပြစ်မလုပ်ခဲ့ပေမယ့် သူတစ်ပါးကို အပြစ်လို့မြင်တတ်ကြတယ်၊ နန်ကုံးမိသားစုဟာ ဆန့်ကွမ်း အမျိုးအနွယ်ဆက်စေပြီး သြဇာအာဏာဂိုဏ်းကို ဝင်ခဲ့ပြီးပြီ၊ ဒီကနေ့အခြေအနေကို ပြန်ကြည့်ရင် ဝမ်ပူကောင်းချောင်ဟာ နာမည်ကြီးနေတယ်၊ နန်ကုံးပူစန်းရဲ့ အင်အားကလဲ တောင့်နေတယ်၊ တူခမောင်ချူးရွှေရဲ့ နာမည်သတင်းကလဲ သိပ်ကိုပျံ့နှံ့နေတယ်၊ ဒီတော့ သူတို့ဟာ မင်းကို အရင်ဆုံး ရှင်းပစ်ကြလိမ့်မယ် ဟူပေခရိုင်ထဲအထိ ဘယ်အဝင်ခံပါ့မလဲ’

ရှောက်ချူးရွှေ မချိပြုံးပြုံးလိုက်သည်။

‘ကျွန်တော် အတွက် မိသားစုအနွယ်ဝင်တစ်ခုလုံး လှုပ်ရှားလာကြတယ်ဆိုတော့ ကျွန်တော့်ကို သိပ်ပြီး အထင်ကြီးရာရောက်နေဘူးလား၊ ဒါ....ဒါပေမယ့် ကျွန်တော့် ကြောင့် ဦးလေးမုံနဲ့ ညီနောင်တစ်တွေ ဒုက္ခရောက်ရတော့မယ်’

ကိုယ်တော်လေးလင် စိတ်အလွန်ဆိုးသွားကာ....

‘အစ်ကိုကြီး ခင်ဗျားက ဒီစကားတွေပြောလာရအောင် ကျုပ်တို့ကို ဘယ်လိုလူစားတွေထင်နေလို့လဲ’

သူတို့သည် အသက်အရွယ်ကိုဂရုမထားဘော့ဘဲ ရှောက်ချူးရွှေအား တလေးတစားချစ်စနိုးဖြင့် အစ်ကိုကြီးဟုပင် ခေါ်ကြသည်။

‘ဟုတ်တယ်၊ ဒီလိုစိတ်ဓာတ်မျိုးနဲ့ ညီနောင်ဖွဲ့လို့ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ ကျုပ်တို့က အစ်ကိုကြီးကို ပြည်မ

ကြီး သွေးသောက် အဓိပတိနေရာရဖို့ သောက်ခံပွဲပိုး…
နေကြတာ၊ သူတို့က အောက်တန်းကျတယ်ဆိုတဲ့ စကား…
မျိုးကို ဖန်တီးလာပေမယ့် အစ်ကိုကြီးအတွက် ဒုက္ခ…
ကြမယ်ဆိုတဲ့ စကားမျိုးကို မပြောပါနဲ့'

ချိန်ကျင့်ထွေက စိတ်ဆိုးမာန်ဆိုးနှင့် ဝင်ပြောသည်။

ရှောက်ချူးရွှေမှာ အင်းခနဲ သက်ပြင်းချ ခေါင်းညိတ်…
လိုက်ရတော့သည်။ သူ့ရင်ထဲတွင်လည်း မိတ်ဆွေကော…
များ၏ စိတ်ဓာတ်ကြောင့် နွေးထွေးဆွတ်ပျံ့စွာ ခံစားလိုက်…
ရတော့သည်။

'ကျုပ် ပြောမှားဆိုမှား ဖြစ်သွားတာကို ဗွေမယူပါနဲ့'

သူတို့အားလုံးသည် သစ်ပင် သစ်ရွက်များ ကြား…
တီးတိုးပြောဆိုနေသော်လည်း ခပ်လှမ်းလှမ်းသစ်ပင်အော…
အရိပ်ထဲရှိ ညှော်ခံပွဲမှလူများမှာ သူတို့၏ စကားအားလုံး…
ကြားနေကြရ၏။ အသေကောင်လို လှုပ်ရှားမှုမရှိသော မျ…
နှာတွင် နှုတ်ခမ်းထောင့်၌ မချိပြုံးပင် ပြုံးလာသည်။

ဘုရင်မလိုဝတ်စားထားသောအမျိုးသမီးကယောက်…
တစ်ဦးလို လေသံမျိုးဖြင့်....

'ရှင်တို့ စကားဆုံးပြီလား'

'ဆုံးပြီ'

ထက်စင်းရွှဲ့က ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

ထိုအမျိုးသမီးက ဆက်လက်၍....

'ပြောလို့ပြီးရင် အောက်ကိုဆင်းပြီး လာသေကြ'



'ကျုပ်ပျော်ရင် ပျော်သလို ထွက်လာမယ်၊ မပျော်ရင် ထွက်မလာနိုင်ဘူး'

ထက်စင်းရွှဲ့၏ စိတ်ဗီဇကို အားလုံးပင် သိထားကြ၏။ စိတ်ကြီးသည်။ ဒေါသဖြစ်လာလျှင် ဘာကိုမှ မဆင်မခြင်တတ်။

'ဒါဆိုရင် ရှင် အခု ပျော်သလား၊ မပျော်ဘူးလား'

ထိုသူက စိတ်ရှည်လက်ရှည်ပင် မေးနေ၏။

ထက်စင်းရွှဲ့က သစ်ကိုင်းကြီး တစ်ကိုင်းပေါ်တွင် လဲလျောင်းကာ....

'ပျော်ပါတယ်'

'ပျော်ရင် ဘာကြောင့် အောက်ဆင်းမလာရတာလဲ'

'ပျော်တော့ ပျော်တယ်၊ ဒါပေမယ့် အောက်ကိုတော့ မဆင်းချင်ဘူး'

ထက်စင်းရွှဲ့သည် စကားနိုင် စကားကပ်ပြောရာတွင် အကျိုးအကြောင်း ဆီလျော်ညီညွတ်မှုရှိသဖြင့် ဘုရင်မလို မိန်းမမှာ အခက်တွေ့သွား၏။

သို့သော် အေးတိအေးစက်ပင် ရယ်မောလိုက်လေသည်။

'ကောင်းပြီ... ရှင့်ကို ပထမဦးဆုံးသေတဲ့ ပစ္စည်းတစ်ခုပြမယ်၊ နောက်ပြီးတော့မှ ရှင်တဲ့ပစ္စည်းတစ်ခုပြမယ်၊ ရှင် အောက်ကို ဆင်းလာမလားဆိုတာ ကြည့်ရသေးတာပေါ့'

ပြောပြောဆိုဆိုပင် အရေခွံထုတ်တစ်ခုကို ပစ်လွှတ်လိုက်၏။

ထက်စင်းရွဲ့မှာ ထိုအရာဝတ္ထု၏ အရှိန်အဟုန်ကိုမြင်လိုက်သဖြင့် ကပျာကယာပင် ကိုယ်ကိုမတ်ပြီး ထိုင်လိုက်ရ၏။ ထိုအရာဝတ္ထုကို လက်ဖြင့်ဖမ်းဟန်ပြင်လျှင် တိန်ယိဖိန်က စိုးရိမ်တကြီး လေသံဖြင့်....

'မဖမ်းနဲ့'

ကမန်းကတန်း အော်ဟစ်တားမြစ်၏။ ထိုအရာဝတ္ထုပစ္စည်းသည် အဆိပ် သို့မဟုတ် ပေါက်ကွဲစေနိုင်သည့် မီးလက်နက်ပုန်းတစ်ခုဟု တိန်ယိဖိန်စိတ်ထဲတွင် ထင်မှတ်သောကြောင့် ဖြစ်ပေသည်။ လက်နှင့်သာ ဖမ်းချုပ်မိလျှင် အကြီးအကျယ် ဒုက္ခရောက်သွားနိုင်ပေသည်။

တိန်ယိဖိန်သည် ဓားရှည်ကို အလျင်အမြန် ဆွဲသုတ်ကာ အသံထွက်ပေါ်လာရာဆီသို့ ဓားဦးချွန်ဖြင့် လှမ်းထိုးသည်။ တောင်ပင်လယ်ဂိုဏ်း၏ ဓားက မြန်ဆန် သွက်လက်မှုတွင် ပြိုင်စံရှားလှပေသည်။ စွပ်ခနဲအသံနှင့်အတူ ဓားရှည်က ထိုအရာဝတ္ထုကို ထိုးစိုက်မိခဲ့လေသည်။

လ၏အလင်းရောင်ဖြင့် သူ့ဓားဦးချွန်ထိပ်တွင်ရှိ အရာဝတ္ထုကို တိန်ယိဖိန် ပြူးကာကြည့်လိုက်မိသည်။ မြင်ရသော မြင်ကွင်းက သူ့စိတ်ကို အကြီးအကျယ် ချောက်ချားသွားစေ၏။ ဓားဦးချွန်ထိပ်တွင် လူတစ်ယောက်၏ ဦးခေါင်းက စိုက်ဝင်နေသည်။ ခေါင်းတစ်ခုလုံးတွင် ဆံပင်များရှုပ်ပွနေပြီး အသေဆိုးဖြင့် သေဆုံးခဲ့ဟန်တူသည်။ အသေအချာ



စူးစိုက်ကြည့်မိလျှင် လူအားလုံးမှာ ကြက်သီး ဖြန်းဖြန်းထသွားရ၏။

'ရှီးမင်မြောင်'

ရှောက်ချူးရွှေ နှုတ်မှ လွှတ်ခနဲ အော်ဟစ်လိုက်မိသည်။ သူတို့မျက်စိထဲတွင် မြင်တွေ့နေရသည့် ဦးခေါင်းမှာ ရှီးမင်မြောင်၏ ဦးခေါင်းတစ်ခု ဖြစ်နေသောကြောင့်ပင်တည်း။

* * *

ရှောက်ချူးရွှေသည် အံ့ဩတုန်လှုပ် လွန်းသောကြောင့် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်ကာ မှင်တက်မိနေ၏။

ထိုအချိန်မှာပင် ဘုရင်မသဖွယ် အမျိုးသမီးသည် လက်နောက်ပြန်ဖြင့်လူတစ်ယောက်ကို မြှောက်တင်လိုက်ပြန်သည်။ သူ့အသွင်သဏ္ဌာန်ကကြက်ကလေး၊ ငှက်ကလေးတစ်ကောင်ကို ချီမလိုက်သလို အလွန်ပင် ပေါ့ပါးနေသည်။

သူ့လက်ထဲမှလူ၏မျက်နှာမှာသွေးမရှိတော့သည့်အလား လရောင်အောက်တွင် ဖြူရော်ပေါ်လွင်နေသည်။ တစ်ကိုယ်

လုံးတွင် ဒဏ်ရာများက မြင်မကောင်း၊ ရှုမကောင်း ရှောက်ချုံးရွှေမှာ စိတ်မထိန်းနိုင်ဘဲ အောက်သို့ခုန်ဆင်းရန် ဟန်ပြင်လိုက်၏။ ယန်တိုက သူ့လက်မောင်းကို အလျှင်အမြန် ဖမ်းဆွဲထားသဖြင့် အောက်သို့ မဆင်းဖြစ်လိုက်ပေ။

ဘုရင်မလိုအမျိုးသမီး၏ လက်ဖွဲ့ဘွင် ပင့်မြှောက်ထားခြင်း ခံနေရသူမှာ ရှီးမို့စွမ်း ဖြစ်နေပေသည်။

ဘုရင်မလိုဝတ်ထားသည့် အမျိုးသမီးက ရှောက်ချုံးရွှေ အောက်သို့ ဆင်းလာရန် ဟန်ပြုပြီးမှ ဆင်းမလာသဖြင့် အေးတိအေးစက် ရယ်မောလိုက်သည်။

'ကျုပ်နာမည် နန်ကုံးဟန်လို့ခေါ်တယ်၊ ဒီနာမည်ကို ရှင်တို့ ကောင်းကောင်း သိကြမှာပေါ့၊ နောက်တော့ ဒီညှော်ခံပွဲမှာ စားသောက်ပြီး ယမခင်းကြီးဆီ သွားကြတာပေါ့'

ပြောပြောဆိုဆိုပင် လက်ကို ဆန့်ထုတ်လျက် ရှီးမို့စွမ်းအား ရှောက်ချုံးရွှေထံ ပစ်တင်လိုက်သည်။

ရှောက်ချုံးရွှေတို့ ခက်ခက်ခဲခဲပင် ဖမ်းယူကာ သစ်ပင်ပေါ်တွင် ပစ်တင်ထားလိုက်ရ၏။

နန်ကုံးဟန်က ကောက်ကျစ်သော အပြုံးမျိုးပြုံးလိုက်ကာ....

'ဒီနှစ်ယောက် ကျုပ်တို့လက်ထဲ ဘယ်လိုရောက်လာတယ်ဆိုတာ သိချင်ကြတယ် မဟုတ်လား၊ သူကိုယ်တိုင် တို့ကို ပြောပြလိမ့်မယ်'



ကြောက်မက်ဖွယ်ရာမျက်နှာများကို မြင်လိုက်ရသောကြောင့် ငယ်စဉ်ကပင် သတ္တိနည်း သရဲကြောက်ခဲ့သော ရှီးမို့စွမ်းမှာ အထိတ်တလန့်ပင် အော်ဟစ်လိုက်မိသည်။

ရှင်ချုံးဖုန်းမှာ အကြောက်အလန့် ရှိသူမဟုတ်၊ ကိုယ့်ကိုယ်ကို အထင်တကြီးရှိနေပြီး ရှီးညီအစ်မရှေ့တွင် သတ္တိပြတိတ်ဟန် ထုတ်ချင်စိတ်ကလည်း ရှိနေသည်။ သူ၏ အစွမ်းအစပြပြီး ထိုညီအစ်မထံမှ ချစ်ခွင့်ပန်နိုင်လိမ့်မည်ဟုလည်း တွက်ဆ မျှော်လင့်နေသည်။

ထို့ကြောင့် မိုးခိုနေသူများအား မိုးခြိမ်းသံလို အသံကျယ်ကြီးဖြင့် အော်၍ ဧါက်ငမ်းလိုက်၏။

'ဟေ့....အထဲမှာ ဘယ်ကောင်တွေ ပုန်းနေတာလဲ'

ရှီးမင်မြောင်မှာမူ သိုင်းလောကတွင် လျှောက်လှမ်းသွားလာခဲ့ရာတွင် အမြဲပင် သတိထားခဲ့သည်။ အလွန်ကြောက်စရာကောင်းသော ဟုန်မင်ညှော်ခံပွဲ အကြောင်းကိုလည်း ကြားဖူးနားဝ ရှိထား၏။ ရှင်ချုံးဖုန်းက မာန်ဖီဟိန်းဟောက်နေသလောက် သူ့အမူအရာကမူ တုန်ယင်လှုပ်ရှားနေ၏။

'နန်....နန်ကုံးမိသားစုတို့ပါလား ရှင်'

အလယ်တွင် ရှင်ဘုရင်လို ဝတ်စားဆင်ယင်ထားသည့်လူက အေးတိအေးစက် အမူအရာဖြင့် သွားဖြဲပြသည်။ သူ့လေသံက တစ်လုံးနှင့်တစ်လုံး မဆက်မိအောင် နှေးကွေးလေးလံသည်။ လျှာပြားကြီးချပြီး ပြောသံမျိုး ဖြစ်၏။

'ချာတိတ်မတို့ ပြည်မကြီးသွေးသောက်ရဲ့ အစိပတ်ရွှေးပွဲ သွားကြမလို့ မဟုတ်လား'

'ခင်ဗျားတို့နဲ့ ဘာဆိုင်သလဲ'

ရှင်ချူးဖုန်းက ဒေါသဖြင့် ဝင်ပြောသည်။

ဘုရင်လိုအဝတ်အစား ဝတ်ထားသူက ဒေါသထွက်ဟန် မပြ။

'မင်းတို့က ရှောက်ချူးရွှေကို ထောက်ခံပေးကြမလို့ မဟုတ်လား'

ရှင်ချူးဖုန်းသည် ခိုက်ရန် မီးပွားတက်လိုသူ တစ်ဦး မဟုတ်ပေ။ သို့သော် ဤလူသိုက်၏အမေးစကားကို မကြိုက်နှစ်သက်။ ထို့ကြောင့် တမင်ပင်....

'ရှောက်ချူးရွှေကို ထောက်ခံရမှာပေါ့၊ ကျုပ်က ခင်ဗျားတို့ကို ထောက်ခံရမှာလား'

ဘုရင်လို ဝတ်ထားသူက အေးတိအေးစက်ရယ်မော၏။

'သိပ်ကောင်းတယ်၊ ဒါဆိုရင် မင်း သေနိုင်တယ်'

'ဘာ....'

ရှင်ချူးဖုန်းမှာ မိမိနားကိုပင် မိမိ မယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏။

ထိုသူသည် မိမိ၏ သေရေးရှင်ရေးကို ဆုံးဖြတ်ပေးနေသဖြင့် စကားပြန်ပြောရန် ဟန်ပြင်လိုက်၏။ ထိုစဉ် ညာဘက်



စားပွဲခုံပေါ်မှ အရာမှိုတစ်ယောက်လို ဝတ်ဆင်ထားသူက မတ်တတ် ထရပ်လာသည်။

ရှင်ချူးဖုန်းမှာ မြင့်မားထွားကျိုင်းသူ တစ်ယောက်ဖြစ်သော်လည်း ထိုသူ မတ်တတ်ထရပ်လာသောအခါ ကြက်သီးမွေးညင်းပင် ထသွားရသည်။ ထိုသူ၏ အရပ်အမောင်းက သူ့ထက်မြင့်မားပြီး ကိုယ်လုံးကိုယ်ထည်က သူ့ထက် ထွားကျိုင်းသည်ဟု စိတ်ထဲတွင် အလိုအလျောက် ထင်မှတ်လိုက်ရသောကြောင့်ပင်တည်း။

ထိုသူသည် လက်နောက်ပြန်ဖြင့် နဂါးစိမ်းဓားကို ဆွဲယူကာ ခြေလှမ်းလိုက်သည်။ ခြေလှမ်းသည့် အချိန်မှာပင် ဓားလိုင်းအားက မိုးခနဲမြည်ဟည်းလာပြီးရှင်ချူးဖုန်းအား အလိုအလျောက် နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားစေသည်။ သူ၏ ဆင္ဒူ ဆူးချွန်ပါရှိသော တုတ်ရှည်ကြီးမှာ တစ်ဖက်လူ၏ ပြင်းထန်သော ဖိအားကြောင့် မ,မနိုင်တော့ချေ။ နောက်သို့ ထပ်၍ဆုတ်ရုံသာ ရှိပေတော့၏။ တစ်ဖက်လူ၏တိုက်စစ်ကို ရှောင်တိမ်းပြီးမှ တန်ပြန် တိုက်ခိုက်ရမည် ဖြစ်ပေသည်။

သို့သော် တစ်ဖက်လူ၏ ဓားမက ရိပ်ခနဲ ဖြစ်သွားပြီး သွေးရောင် ရဲခနဲ ဖြာထွက်သွားသည်။ ရှီးမင်မြောင်၏ ဦးခေါင်းက ခန္ဓာကိုယ်မှပြုတ်ကာ မြေပြင်ပေါ်သို့ ဖုတ်ခနဲ ကျသွားလေတော့သည်။

'ကျုပ်နာမည် နန်ကုံးဝေ့လို့ ခေါ်တယ်'

သူ့ကိုယ်သူ မိတ်ဆက်စကားပြောပြီး မူလနေရာတွင်ပင် ပြန်ထိုင်ချသွားသည်။ ရှီးမို့စွမ်းမှာ ငယ်သံ ပါအောင် အော်ဟစ်လျက် သူ့ညီမ၏အလောင်းကို ပွေ့ဖက် ငိုရှိုက်နေတော့သည်။

* * *

ရှင်ချူးဖုန်း၏မျက်လုံးအစုံ နီရဲလာသည်။

ရှီးညီအစ်မအပေါ် သူ သံယောဇဉ်တွယ်တာ၍ ချစ်ခင်စုံမက်မိသည်။ မည်သူ့ကိုမှုကား သဲသဲကွဲကွဲရေရေရာရာမရှိ။ နန်ကုံးဝေ့ လက်ချက်ဖြင့် သေဆုံးသွားသည့် ရှီးမင်မြောင်မှာ သူအချစ်ဆုံးလား၊ သူ နှစ်ခြိုက်သူလား မပြောတတ်။ ဒေါသကမူ လောင်မီးကျလာတော့သည်။

'ယား'

မာန်ဖီသံတစ်ချက်နှင့်အတူ သူ၏ဆင္ဂံ ဆူးချွန်တုတ်ရှည်ကြီး မြောက်တက်သွားသည်။ နန်ကုံးဝေ့ကို အရိုးတခြား အသားတခြားဖြစ်အောင် ရိုက်ချလိုက်သည်။ ထိုအချိန်တွင်



စားပွဲခုံငယ်တစ်ခုဆီမှ စာရေးအရာရှိလို အဝတ်အစားနှင့်လူက ရုတ်တရက် မတ်တတ်ထရပ်လာသည်။

'ကျုပ်ကတော့ နန်ကုံးလျံပါ'

ပြောပြောဆိုဆိုပင် တစ်ဟုန်ထိုး ထိုးတက်ကာပြေးဝင်လာသည်။

ထိုသူ၏ ကိုယ်ဟန်က ပထမတွင် နှေးကွေးသော်လည်း နောက်ပိုင်းတွင် လေ၏အဟုန်လို လျင်မြန်သွက်လက်လာ၏။ ရှင်ချူးဖုန်းသည် နန်ကုံးဝေ့ကို ရိုက်မည့်ဟန်ပြင်နေရာမှ တုတ်ချက်ကို ပြောင်းလွဲကာ နန်ကုံးလျံထံသို့ လွှဲရိုက်ချ၏။

နန်ကုံးလျံ ပြေးလာသောကိုယ်ဟန်က အရိုးမရှိသလို ရုတ်တရက် ကျုံ့သွားပြီး တုတ်တံကြီးက သူ့နောက်ဘက်သို့ ရောက်သွားပြီး ခန္ဓာကိုယ်က ရှင်ချူးဖုန်း၏ တုတ်သိုင်းစက်ကွင်းထဲသို့ ဝင်ရောက်သွားတော့သည်။

ရှင်ချူးဖုန်းသည် တုတ်ရှည်ကို ကပျာကယာ ရုပ်သိမ်းလိုက်သည်။

နန်ကုံးလျံကလည်း ဓားမကိုဆွဲထုတ်လိုက်ရသည်။ ဓားမက ချွန်ထက်သောဓားမတစ်လက်ဖြစ်၏။ ဓားထုတ်ခြင်းနှင့် ခုတ်ဖြတ်ခြင်းတို့ကို တစ်ပြိုင်တည်းပင်ပြုလုပ်၏။ ရှင်ချူးဖုန်းနောက်သို့ ဆုတ်သွားသဖြင့် နန်ကုံးလျံ၏ဓားမက လေကိုသာ ခုတ်မိတော့သည်။

ရှင်ချူးဖုန်းသည် နောက်ဆုတ်ခဲ့ရာ နန်ကိုးဝေ၏ရှေ့သို့ ရောက်လာသည်။ ရုတ်ခြည်းပင် တုတ်ရှည်ဖြင့် နန်ကိုးဝေ၏ ခေါင်းပေါ်သို့ ရိုက်ချလိုက်ပြန်သည်။

ဤကဲ့သို့ ရုတ်တရက် ပြောင်းလဲခြင်းကို မည်သူမျှ မထင်မှတ်နိုင်ခဲ့။

ရှင်ချူးဖုန်းသည် လူငယ်သိုင်းသမားထဲတွင် အတော်ပင် အဆင့်မြင့်သူ ဖြစ်၏။ သို့ကြောင့်လည်း ပြည်မကြီး သွေးသောက်၏ အဓိပတိနေရာကို မှန်းနေခြင်း ဖြစ်သည်။ သူ့ပညာနှင့် ရှီးညီအစ်မ ပညာမှာ နှိုင်း၍မရပေ။ ဤသို့သော အခြေအနေတွင် မိမိ၏အသက်ကို ကာကွယ်ရန်မကြိုးစားဘဲ လက်စားချေရန် ကြိုးစားလာသည်။ တုန်မင်ဇည့်ခံပွဲ၏လူတို့အား ထိတ်လန့်တကြီးဖြစ်အောင် လုပ်နိုင်ခဲ့၏။

နန်ကိုးဝေ့သည် သူ့ကို တုတ်ရှည်ဖြင့် ရိုက်ချလာလိမ့်မည် မထင်ခဲ့။

သူ ဒေါကြောင်နေစဉ်မှာပင် အနီးမှ နန်ကိုးကျွမ်းက လက်ကိုမြှောက်ကာ ငှက်အမြီးသဏ္ဍာန် ဓားရှည်ဖြင့် ရှင်ချူးဖုန်း၏တုတ်ထံကို ခုခံလိုက်သည်။

'ထန်း'

ရှင်ချူးဖုန်း၏ တုတ်ရှည်လက်နက်သည် အလွန်ပင် လေးလံလှသည်။ ကိုယ်ခန္ဓာ စွမ်းအားကလည်း ပြည့်ဝသဖြင့် တုယ်ရိုက်ချက်အစွမ်းက ပြင်းထန်လှပေသည်။ နန်ကိုးကျွမ်းက အသာပင် ခုခံလာနိုင်သဖြင့် ရှင်ချူးဖုန်း အံ့အားသင့်မိသည်။



နန်ကိုးလျှံသည် ရှင်ချူးဖုန်းအား တစ်ကွက်တည်းဖြင့် မတိုက်ခိုက်နိုင်သောကြောင့် ဆက်မလိုက်ဘဲ နောက်သို့ဆုတ်သွားသည်။ သူ့နောက်ဘက်တွင် ညီမဖြစ်သူ ရှီးမင်မြောင် အတွက် ဝမ်းနည်းကြေကွဲနေသော ရှီးမို့စွမ်းရှိနေသည်။ နန်ကိုးလျှံ၏ နောက်ဆုတ်ဟန်က ရှေ့သို့ထိုးတက်ဟန်ထက်ပင် မြန်ဆန်သည်။

ရှင်ချူးဖုန်းရင်ထဲတွင် တုန်လှုပ်သွားသည်။ နန်ကိုးကျွမ်းနှင့် နန်ကိုးဝေ့တို့ကို ဂရုမစိုက်တော့။ မာန်သွင်းအော်ဟစ်ကာ နန်ကိုးလျှံထံသို့ ခုန်ဝင်ရောက်လာသည်။ သူလေထဲသို့ ခုန်ပျံတက်လိုက်ချိန်တွင် ခက်ရင်းခွ လက်နက်တစ်ခုက သူ့ ဝမ်းဗိုက်ထဲသို့ တိုးဝင်လာသည်။

နန်ကိုးပို လှုပ်ရှားလိုက်ခြင်းပင်တည်း။

ထိုအချိန်တွင် နန်ကိုးလျှံက ရှီးမို့စွမ်းအနီးသို့ရောက်ရှိပြီး သူမလက်ထဲမှ ခရမ်းရောင်ဓားရှည်ကို ခါထုတ်ပစ်လိုက်သည်။

ရှင်ချူးဖုန်းသည် လက်တစ်ဖက်ဖြင့် သံမဏိခက်ရင်းခွကို ဖမ်းကာ နန်ကိုးပိုအား မျက်လုံးပြူးကြည့်သည်။ နန်ကိုးပိုမှာ ရှင်ချူးဖုန်းဗိုက်ထဲသို့ သံမဏိခက်ရင်းခွထိုးစိုက်ပြီးပြီမို့ နောက်သို့ ခြေတစ်လှမ်းဆုတ်သွားသည်။ သူနောက်ဆုတ်ချိန်တွင် နန်ကိုးကျွမ်း၏ ငှက်အမြီးသဏ္ဍာန်ဓားရှည်က ရှင်ချူးဖုန်း၏နောက်ကျောသို့ စိုက်ဝင်သွားပြန်သည်။

ရှင်ချူးဖုန်၊ နောက်သို့ အသိတ်တလန့် လှည့်ကြည့်၏။ ခါးယောင် တစ်ချက်ပြုက်သွားသည်ကိုသာ သူ နောက်ဆုံးမြင်လိုက်ရသည်။ သူ့ဝိညာဉ်က သူ့ခန္ဓာကိုယ်မှ လွင့်စဉ်သွားသည်။ သူ့လည်ပြွန်ချောင်းမှ သွေးများ ဒလဟော ပန်းထွက်လာသည်။

ရှီးမို့စွမ်းမှာ ကြေကွဲစရာကောင်းလှသော မြင်ကွင်း၊ ထိတ်လန့် ချောက်ချားစရာကောင်းသော အဖြစ်အပျက်တို့ကြောင့် တိုက်ခိုက်နိုင်သည့်အင်အားတို့ မရှိတော့။ သွေးလေလှုပ်ရှားမှု မမှန်မကန်ဖြစ်ကာ သတိမေ့မျောသွားလေတော့သည်။

* * *

'နောက်တော့ ကျွန်မကို ဒီနေရာခေါ်လာတာပဲ၊ သူတို့က မေးသေးတယ်၊ ရှောက်ချူးရှေဟာ ပြည်မကြီးသွေးသောက်ရဲ့ အဓိပတိရွေးပွဲမှာ ပါနိုင်ပါ့မလားတဲ့၊ ကျွန်မကလဲ သူသာ ပြည်မကြီး အဓိပတိ ဖြစ်တယ်၊ ဖေဖေဟာ ကွမ်းတုံးနဲ့၊ ကွမ်းစီးနယ်နှစ်နယ်မှာရှိတဲ့ ကျွားရဲဆယ်ဖော်တို့ အစ်ကိုကြီး ရှောက်ချူးရှေကို ရှာတွေ့ပြီလို့ ပြောတဲ့



အကြောင်း ပြန်ပြောလိုက်တယ်၊ သူတို့တစ်အောင့်လောက် ငြိမ်နေပြီးမှ မင်းအဖေက အဲဒီကိုလိုက်သွားသလားလို့ မေးလာတယ်၊ ကျွန်မအမှန်အတိုင်းပဲ ဖေဖေနဲ့ဆရာမုံယုံယင်ရှုံးတို့ ရေလမ်းခရီးကနေ တုံထိန်ကန်တောင်ဘက်ကို သွားကြပြီလို့ ဖြေလိုက်တယ်၊ သူတို့က အဲဒီစကားကိုလဲ ကြားရော အကြီးအကျယ် ဒေါသထွက်သွားတယ်၊ ရှောက်ချူးရှေကို ထောက်ခံတဲ့သူမှန်သမျှ နန်ကုံးဂူစန်းရဲ့ ရန်သူဖြစ်တယ်၊ နန်ကုံးဂူစန်းကို ပြည်မကြီး သွေးသောက်အဖြစ် သတ်မှတ်လိုက်ပြီး၊ မင်းအဖေ ဒုက္ခရောက်သွားမယ်လို့လဲ ကြိမ်းဝါးတယ်၊ နောက်တစ်နေ့ကျတော့ သူတို့ခုနစ်ယောက်ထဲက ငါးယောက်ကမရှိတော့ဘူး၊ ကျန်တဲ့နှစ်ယောက်က ကျွန်မကို အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းတယ်၊ အစ်ကိုကြီး ဒီလမ်းကလာမှာပဲ၊ ဒီမှာစောင့်မယ်ဆိုပြီး အခုလို အစ်ကိုကြီးနဲ့ ကျွန်မတို့ ဆုံကြရတာပဲ'

ရှီးမို့စွမ်းက သူ့အဖြစ်အပျက်များကို အဆုံးသတ်လိုက်သည်။ ယန်တိုမှာ မျက်နှာကွက်ခနဲပျက်သွားရသည်။

'မင်း....ဖေဖေသွားမယ့်ခရီးစဉ် သူတို့ကို ပြောပြလိုက်ပြီပေါ့'

ရှီးမို့စွမ်း ခေါင်းညိတ်ပြ၏။

'သွားပြီ၊ ဒုက္ခတော့ များကုန်ပြီ'

ယန်တို စိတ်ပျက်လက်ပျက်ပင် ရေရွတ်လိုက်မိသည်။

ထိုအချိန်မှာပင် အောက်ဘက်ခပ်လှမ်းလှမ်း ညှော်ခံပွဲသိ ဘုရင်ကဲ့သို့ ဝတ်ဆင်ထားသောသူက အားပါးတရ အော် ဟစ်ရယ်မောသည်၊ ထိုသူကား နန်ကုံးကျင်းပင် ဖြစ်ပေ၏၊

'ဟား....ဟား....ဟား၊ ချာ တိဘ် မ သေး ပြောပြသို့ အကြောင်းစုံ သိပြီးကြပြီ မဟုတ်လား။ ရှီးကျန့်ချယ်နဲ့ မုံယ ယင်းရှုံးတို့အတွက် စိတ်ပူနေကြပြီလား၊ ဟဲ ...ဟဲ....ဟဲ'

ပြောပြောဆိုဆိုပင် လက်ဘစ်ဖက်ကို ဝှေ့ယမ်းလိုက်လျှင် မည်းနက်သော အရာဝတ္ထုနှစ်ခုက ရှောက်ချူးရွှေတို့ထံသို့ ပျံဝဲလာသည်။ မုံရှမ်းဖုံးနှင့် ခုံပြည့်လီဘို့ အချင်းချင်း မျက် ရိပ်ပြကာ ခေါ်းမနှင့်မားရှည်ကို လှျှပ်ပြက်သည့်အသား ဝှေ့ ယမ်းလိုက်၏။

ထို့နောက် သူဘို့ထံသို့ပြေးဝင်လာသော အရာဝတ္ထု နှစ်ခုကို ဖမ်းယူလိုက်ကြ၏။

ထိုပစ္စည်းများကို မြင်လိုက်ရလျှင် ရှီးမိုစွမ်းမှာ 'အမယ် လေး' ဟု အော်ဟစ်လျက် သတိလစ် မေ့မြောသွားပြန်သည်၊

ထိုပစ္စည်းနှစ်ခုက ရှီးကျန့်ချယ်နှင့် မုံယုံသင်းရှုံး တို့၏ ဦးခေါင်းများ ဖြစ်နေသောကြောင့်ပင်တည်း။

* * *



ရှီးကျန့်ချယ်သည်သိုင်းလောကမဟာဓားသိုင်းပညာရှင် ခုနစ်ဦးတို့တွင်ပါဝင်ပြီး ရှောက်စီးလို့နှင့် ခင်မင်ရင်းနှီးသော သူတစ်ယောက်ဖြစ်၏။ သူ့လက်လေးချောင်း ပြတ်တောက် သွားပြီးသည့် နောက်ပိုင်းတွင် သိုင်းလောကမှ လှုပ်ရှားလို စိတ်မရှိတော့။ ရှောက်ချူးရွှေ အကူအညီလာတောင်းသော အခါ သူကိုယ်တိုင် မလိုက်နိုင်ဘဲ သမီးဖြစ်သူများနှင့် မွေး သောက် ညီတော်ကိုယ်တော် ချီ ကို သူ့ကိုယ်စား စေလွှတ် ပေးခဲ့သည်။

ရှီးမိုစွမ်းနှင့် ရှီးမင်မြောင်တို့ ပြန်ရောက်လာပြီးသည့် နောက်တစ်နေ့တွင် သူ့ထံသို့ မုံယုံယင်းရှုံးရောက်လာသည်။ မုံယုံယင်းရှုံးသည် မုံယုံမိသားစု၏ ပထမအဆင့်ရှိ ပုဂ္ဂိုလ် ဖြစ်ပေသည်။

မုံယုံမိသားစုသည် ယခင်က သိုင်းလောကတွင် နံပါတ် တစ် နေရာတွင် ရှိခဲ့ပြီး သိုင်းအကျော်အမော် အငတော် များများကို မွေးထုတ်ခဲ့၏။ သိုင်းလောက ဦးဆောင်နေရာ တွင် ရပ်တည်ခဲ့၏။ သို့သော်ဩဇာအာဏာဂိုဏ်း ထူထောင် လာသည့်အချိန်ကစပြီး မုံယုံမိသားစု၏ အရှိန်အဝါက မှေး မှိန်လာသည်။ မုံယုံမိသားစု၏ သားတပည့်များ လုပ်ကြံ သတ်ဖြတ်ခြင်း ခံခဲ့ကြရသည်။

ဤတစ်သန္နစ်လအတွင်း မုံယုံမိသားစုတွင် သေကြေ ဒဏ်ရာရသူတို့ ရာဂဏန်းပင် ရှိခဲ့သည်။ သို့သော် ဩဇာ

အာဏာဂိုဏ်းသည် မုံယုံမိသားစုကိုအတိအလင်း ရန်ငြိုးဖွဲ့ မတိုက်ခိုက်သေးချေ၊ သူတို့အနေဖြင့် မုံယုံမိသားစုမှလူများ စတင်တိုက်ခိုက်လာသဖြင့် ရန်ငြိုးဖွဲ့ လက်တုံ့ပြန်ခြင်းဟုသာ ဆင်ခြေဘက်သည်။

အကြောင်းမှာ အကျန်းမြစ်ထဲတွင် သံမဏိမြင်းစီး နတ်ဆိုး ယန်ကွေကွေနှင့်ငရဲတစ်ရာတရားသူကြီးခြောက်ယောက်တို့ကို ရှောက်ချူးရွှေတို့ တိုက်ခိုက်ကြစဉ် ချူနန်းကုက သူ့ကိုယ်သူ မုံယုံမိသားစုမှလူဟု ခြိမ်းခြောက် ပြောဆိုခဲ့ရာမှ စလာသော ပြဿနာဖြစ်၏။

သို့နှင့် ဂိုဏ်းကြီးတစ်ခုနှင့် မိသားစုတစ်ခုတို့ ကြုံလျှင်ကြုံသလို တိုက်ခိုက်ရန်ပြုခြင်းများ ပြုလုပ်လာကြသည်။

မုံယုံမိသားစုနှင့် ဩဇာအာဏာဂိုဏ်းတို့ မသင့်မမြတ်ဖြစ်သည်ကို အခွင့်ကောင်းယူကာ မိုးဘုရင်ကြီး ကျူးက မုံယုံမိသားစု၏ ဝင်းမှူးကြီးမှတစ်ဆင့် အဆက်အသွယ်ပြုလာသည်။ သူတို့နှင့်ပူးပေါင်းရန် စကားကမ်းလှမ်းလာ၏။ ဝင်းမှူးကြီးမှာ မုံယုံကုံး ဖြစ်၏။ မုံယုံမိသားစု၏ နံပါတ်ကား ပုဂ္ဂိုလ်ဖြစ်ပေသည်။ သူသည် မုံယုံမိသားစုတွင် သိုင်းလောက ဂိုဏ်းအသီးသီး၊ ပုဂ္ဂိုလ်အသီးသီးတို့နှင့် ဆက်သွယ်ရန် တာဝန်ယူထားရသည်။

မုံယုံကုန်းက ထိုအကြောင်းကို မုံယုံစုချင်းထံသို့ တင်ပြသည်။ မုံယုံစုချင်းသည် မုံယုံမိသားစု၏ နံပါတ်တစ်ပုဂ္ဂိုလ်ဖြစ်ပြီး မာန်မာနလည်း ကြီးမားသူဖြစ်သည်။ ငယ်စဉ်က သိုင်းလောကတွင် အရှိန်အဟုန်ပြင်းစွာ နာမည်ကြီး



ခဲ့သည်။ သူ့တွင် သမီးမုံယုံလှိုယုံနှင့် သား မုံယုံရှောင်ယီတို့ နှစ်ယောက် ရှိသည်။ သူ့ သားသမီးများက သိုင်းပညာ အမွေအနှစ်ကို ရရှိထားသည်။

မုံယုံကုန်းတင်ပြလာသည့် အစီအစဉ်ကို မုံယုံစုချင်းက လက်မခံ၊ ဩဇာအာဏာဂိုဏ်းနှင့် ရန်ဘက်မဖြစ်ချင်သလို ယခုမှသိကျွမ်းပြီး အောက်တန်းဆန်သည့် မိုးဘုရင်ကြီးကျူး ကိုလည်း မဆက်ဆံချင်။ သို့နှင့် အထီးကျန်ဆန်စွာပင် နေခဲ့သည်။

သို့သော် မုံယုံမိသားစု၏ လူငယ်နောက်ပေါက် ထဲမှ အဆင့်မြင့်ပုဂ္ဂိုလ် မုံယုံယင်းအသတ်ခံရသည့် ကိစ္စနှင့် ပတ်သက်၍ မုံယုံ မိသားစုမှာ သိပ်မကျေနပ်။ မုံယုံယင်းသေပုံ က ထိတ်လန့်အံ့ဩဟန်၊ မယုံကြည်နိုင်ဟန်တို့ အပြည့်အဝ ပေါ်လွင်နေသဖြင့် ရင်းနှီးခင်မင်သူတစ်ယောက်က လုပ်ကြံခြင်းဖြစ်မည်ဟု ယူဆကြသည်။

သို့အတွက် မုံယုံယင်းရှုံးသည် စုံစမ်းထောက်လှမ်းနိုင်ရန် ရှီးကျန့်ချယ်ထံသို့ ရောက်လာခဲ့သည်။ ရှီးကျန့်ချယ်နှင့် မုံယုံမိသားစုတို့က ပတ်သက်မှုရှိကြသည်။ ရှီးကျန့်ချယ်သည် တစ်ချိန်က မိုးဘုရင်ကြီး ကျူး လက်အောက် တပည့်တို့၏ လက်ချက်ဖြင့် ဘယ်ဘက်လက်ငါးချောင်း ပြတ်သွားကာ အသက်အန္တရာယ်ကျရောက်မည့်အချိန်တွင် မုံယုံစုချင်းက ကြားဝင်ကာ ကယ်တင်ခဲ့၏။ မုံယုံစုချင်းနှင့် မိုးဘုရင်ကြီး ကျူး တို့လည်း ထိုအချိန်မှစကာ ရန်ငြိုးဖွဲ့ခဲ့ကြသည်။

မုံယုံယင်းရှုံးရောက်လာသောအခါ ရှီးကျန့်ချယ်က အကူအညီပေးရန် ဆုံးဖြတ်သည်။ မုံယုံယင်း၏ အလောင်းတေးမှ ရရှိသည့်ပစ္စည်းမှာ ရှောက်ချူးရွှေ၏ပစ္စည်း ဖြစ်နေသဖြင့် ရှီးကျန့်ချယ် အံ့အားသင့်ခဲ့ရ၏။ ရှောက်ချူးရွှေနှင့် မည်ကဲ့သို့ ပတ်သက်ဆက်စပ်နေသည်ကို စဉ်းစားမရ။

သူနှင့် ရှောက်ချူးရွှေတို့မှာ ရင်းနှီးကျွမ်းဝင်ခဲ့ကြ၏။ မန်းချောင်းဓားဂိုဏ်းမှာ ညီဇာအာဏာဂိုဏ်း၏ လက်ချက်ကြောင့် ပြိုကွဲသွားရပြီကိုလည်း သူ သိသည်။ ရှောက်ချူးရွှေသည် မုံယုံယင်းကို သတ်ဖြတ်လိမ့်မည်ဟု သူ မယူဆ။ ရှောက်ချူးရွှေနှင့် မုံယုံယင်းတို့ ရန်သူကို အတူတကွ တိုက်ခိုက်ကြရင်းမှ မုံယုံယင်းသေဆုံးပြီး ရှောက်ချူးရွှေ၏ သဲလွန်စပစ္စည်း ကျန်ရစ်နေခြင်းဖြစ်မည်ဟုသာ ယူဆသည်။

သို့သော် မုံယုံသင်း မည်သူ့ လက်ချက်ဖြင့် မည်သို့ သေဆုံးရသည်ကို သိလိုကြသည်။ထိုအကြောင်းရင်းကို သိလိုလျှင် ရှောက်ချူးရွှေ တစ်ယောက်သာ ထိုကိစ္စ၏ တစ်ယောက်တည်းသော မျက်မြင်သက်သေ ဖြစ်နိုင်ပေသည်။ရှောက်ချူးရွှေ မသေသေးလျှင် ထိုကိစ္စ၏အဖြေ ပေါ်မည်ဖြစ်သည်။

ထိုအချိန်တွင် ပြည်မကြီးသွေးသောက် အဓိပတိရွေးချယ်ပွဲကလည်း နီးကပ်နေချိန်ဖြစ်၏။ ရှောက်ချူးရွှေသည် ပြည်မကြီး သွေးသောက် အဓိပတိနေရာကို ရယူနိုင်သလိုဖြစ်ကာ သူ့ဘက်မှ ထောက်ခံအားပေးသူများကလည်း ရှိနေသည်။ ထိုပြိုင်ပွဲသို့ ရှောက်ချူးရွှေ မလာဘဲ နေနိုင်မည် မဟုတ်။ ထို့အတွက် ဟိုပေခရိုင်သို့ သွားရောက်ရန် စီစဉ်သည်။



ရှီးကျန့်ချယ်မှာ မုံယုံစုချင်း၏ကျေးဇူးကို ဆပ်ချင်သဖြင့် မုံယုံယင်းရှုံးနှင့်အတူတကွ လိုက်ပါပြီး ရှောက်ချူးရွှေကို မေးမြန်းစုံစမ်းမည်ဟု ဆုံးဖြတ်သည်။ ရှီးညီအစ်မကလည်း သူတို့နှင့်လိုက်ပါရန် ပူဆာသည်။ ရှီးကျန့်ချယ်က မကန့်ကွက်။ သို့သော်...သူတို့နှင့်အတူ မလိုက်စေဘဲ ရှင်ချူးဖုန်းနှင့်သာ အတူ သွားစေသည်။ သူတို့ကမူ ရေလမ်းခရီးဖြင့် ဘန်းယန်မြို့သို့ အလျင်ဆုံးသွားရောက်စီစဉ်ပြီးမှ ပြည်မကြီးသွေးသောက် အဓိပတိ ရွေးချယ်ပွဲသို့ သွားရောက် ရမည်ဖြစ်သည်။

မထင်မှတ်ဘဲ သူတို့သည် စွမ်ကျမ်းမြစ်ပေါ်၌ ကြောက်မက်ဖွယ်ကောင်းသော တိုက်ပွဲနှင့် ရင်ဆိုင်ကြုံတွေ့ရသည်။ သူတို့ကြုံတွေ့ရသည့်သူများမှာ နန်းကုံးမိသားစုမှ နန်ကုံးချူး၊ နန်ကုံးကျင်း၊ နန်ကုံးကျွမ်းနှင့် နန်ကုံးပိုတို့ ဖြစ်ကြသည်။

နန်ကုံးမိသားစုသည် မုံယုံမိသားစု၏ နာမည် ကြီးခြင်းကို မနာလိုဖြစ်ကာ ညီဇာအာဏာဂိုဏ်းထဲသို့ ဝင်ခဲ့သည်။ ထိုသို့ ဝင်ရောက်ပြီးနောက် လျို့ရွှေဖုန်းက နန်ကုံးဂူစန်းအား ပြည်မကြီးသွေးသောက် အဓိပတိ တင်မြှောက် ပေးမည်။ မုံယုံမိသားစုကို ရှင်းလင်းပစ်ရမည်ဟု တောင်းဆိုလာခဲ့သည်။ နန်ကုံးမိသားစုက သဘောတူခဲ့သည်။ မုံယုံမိသားစုကို ကွယ်ရာမှရန်ပြုခဲ့သည်။

နန်ကုံးဂူစန်း၊ ပြည်မကြီးသွေးသောက် အဓိပတိနေရာ ရလျှင် မိမိတို့၏မိသားစုကို ပြန်လည်ထူထောင်မည်။ သိုင်း

လောကကို ညွှန်ကြားသြဇာသက်ရောက်မည့်အဖွဲ့အစည်းဖြစ်လာစေမည်ဟု ယုံကြည်ကာ မုံယုံမိသားစုကို တိတ်တဆိတ်လုပ်ကြံသည်။

ထို့ပြင် လီချိန်ကြီး၏ညွှန်ကြားမှုကြောင့် နောက်ကြောင်းဇာစ်မြစ်မသိသေးသည့် ဝမ်ပူကောင်းချောင် ကိုလည်း ဟန်ဆောင်ထားရသေးသည်။ သူတို့သည် သြဇာအာဏာဂိုဏ်း၏ အကူအညီရယူပြီး နန်ကုံးဂူစန်းပြည်မကြီးသွားသောက်အဓိပတိနေရာရရန်အတွက် ဝမ်ပူကောင်းချောင်ကိုသတ်၊ မုံယုံလို့ယုံကိုရှင်း၊ ရှောင်ချူးရှွေကိုသုတ်သင်ဖို့ စန်မလေးချေ။

ထို့ကြောင့် ရှီးမို့စွမ်း၏ စကားပြော မလိမ္မာမှုကြောင့် ရှီးကျန့်ချယ်နှင့် မုံယုံယင်းရှုံးတို့၏ခရီးစဉ်ကို သိရှိပြီး လမ်းမှအလစ်ဖမ်းကာ ကြိုတင် စောင့်ဆိုင်းတိုက်ခိုက်ကြသည်။

အမှတ်မထင်တိုက်ခိုက်ခြင်းခံခဲ့ရသလို တစ်ဖက်မှ လူအင်အားများပြားခြင်း၊သိုင်းပညာအဆင့်မြင့်မားခြင်းတို့ကြောင့် ရှီးကျန့်ချယ်နှင့်မုံယုံယင်းတို့အရေးနိမ့်ကာ ရန်သူ့လက်ချက်ဖြင့် အသက်သေဆုံးရခြင်းဖြစ်ပေတော့သည်။

* * *



ယန်တိုသည် အခြေအနေကိုကြည့်ပြီး တွေဝိုင်ကာစဉ်းစားနေမိသည်။

နန်ကုံးမိသားစု၏ သိုင်းပညာ အတော်ပင် အဆင့်မြင့်ကြ၏။

နန်ကုံးဟန်သည် ဒုတိယ အဆင့်မြင့်ဆုံးဖြစ်ပြီး ဉာဏ်စွမ်းဉာဏ်စ ထက်မြက်သလို ကိုယ်ဟန် လှုပ်ရှားမှုက အလွန်ပင်အဆင့်မြင့်သည်။ သိုင်းပညာတွင် နန်းကုံးချူး၏ လင်ကွင်းပျံက အဆင့်မြင့်ဆုံးဖြစ်၏။ နန်ကုံးကျင်း၏ဗုဆိန်၊ နန်ကုံးလျှံ၏ဓားမရှည်၊ နန်ကုံးဝေ၏နဂါးစိမ်းဓားမ၊ နန်ကုံးကျွမ်း၏ ငှက်မြီးသဏ္ဌာန်ဓားရှည်၊ နန်ကုံးပို၏ ခက်ရင်းခွလက်နက်တို့ကထက်မြက်ကြသည်။ သူတို့ လက်နက်ကို သူတို့အပိုင်နိုင်ဆုံးအသုံးပြုနိုင်ကြသည်။

သို့သော် သူတို့အထဲတွင် ထက်မြက်လှသည့် နန်ကုံးဟန်နှင့် နန်ကုံးချူးတို့၏သိုင်းပညာနှစ်ခု ပူးပေါင်းတိုက်ခိုက်သည့်တိုင် နန်ကုံးဂူစန်းကို မယှဉ်နိုင်ကြောင်း သိုင်းလောကထဲတွင် သတင်းထွက်နေသည်။

မုံယုံယင်းရှုံးနှင့် ရှီကျန့်ချယ်တို့၏ ဦးခေါင်းများကို မြင်လိုက်ရပြီးသည်နှင့် ပြဿနာတက်လာရတော့မည်ကို ယန်တိုသိသည်။ နန်ကုံးမိသားစုက ဖြေရှင်းပေးချက် ပေးပေးမပေးပေး ပြဿနာကတော့ ဖြစ်လာပေဦးမည်။

ယန်တိုသည် ရှီးကျန့်ချယ်နှင့် ခင်မင်ရင်းနှီးသလို မုံယုံမိသားစုနှင့်လည်း ပတ်သက်မှုရှိခဲ့သည်။

သူ သိုင်းလောကတွင် နာမည်မကြီးခင်က သက်တန့်နီ တောင်ပေါ်တွင် သိုင်းပညာလေ့ကျင့်နေစဉ် ပြဿနာတစ်ခု ဖြစ်ခဲ့ရသည်။

တစ်နေ့ လူတစ်ယောက်သည် ခွေးတစ်ကောင်ကို တက် နင်းမိသဖြင့် ထိုခွေးကိုက်ခဲခြင်းကို ခံလိုက်ရသည်။ ထိုသူသည် မိမိ နမော်နမဲ့ဖြစ်သည်ကို မစဉ်းစားဘဲ ခွေးကို ရက်ရက် စက်စက် ရိုက်နှက်၏။ သွားများကိုချိုးကာ နှာခေါင်းကို ဓားနှင့် လှီးဖြတ်လိုက်၏။

ယန်တို့မှာ မျက်စိရှေ့မှ အဖြစ်အပျက်ကြောင့် မကြည့်ရက် တော့။ အပြစ်မဲ့သည့်ခွေးကို သနားကရုဏာသက်လာမိ၏။ ခွေးကလည်း ခွေးကြီးမဟုတ်။ အတော်ကလေး ငယ်သေး သည့် ခွေးကလေးဖြစ်သည်။ ထို့ကြောင့် ထိုလူအား ဤခွေး ကို မိမိမွေးစားမည်ဖြစ်ကြောင်း တောင်းဆိုသည်။

ထိုသူက လက်မခံသည့်အပြင် ယန်တိုကိုပင် ရန်ပြုတိုက် ခိုက်လာသည်။

ယန်တို ဒေါသဖြစ်ကာ ထိုသူကို တိုက်ခိုက် သုံးမလွှတ် လိုက်သည်။

မကြာချေ။ သူ့ထံသို့ ဝမ်ပူမိသားစု၏သခင် ဝမ်ပူကျုံး ရောက်လာသည်။ သည်တော့မှ မိမိရိုက်နှက်သုံးမလိုက်သူမှာ ဝမ်ပူကျုံး၏ တစ်ဦး တည်း သော သား ဝမ်ပူကျင်ဖြစ် ကြောင်း ယန်တိုသိလိုက်ရသည်။ သို့သော် အခြေအနေက ဖျောင်းဖျရှင်းလင်း၍ မရတော့။



သည်စဉ်က ယန်တို၏သိုင်းပညာသည် ဝမ်ပူကျုံး၏ညီ များဖြစ်သည့် ဝမ်ပူပင်နှင့် ဝမ်ပူစန်းတို့ကို လက်ရည်တူ တိုက်ခိုက်နိုင်၏။ သို့သော် သုံးယောက်နှင့်တစ်ယောက်ကား မတိုက်ခိုက်နိုင်။ ဝမ်ပူစန်း၊ ဝမ်ပူပင်တို့အပြင် ဝမ်ပူကျုံးက ပါရှိနေသဖြင့် အခြေအနေ မကောင်း။ အသက်ဘေး အန္တရာယ်နှင့်ပင် နီးစပ်လာ၏။

ထိုအချိန်တွင် မုံယုံစုချင် ရုတ်တရက် ရောက်လာခဲ့သည်။ ဝင်ပူကျုံး၏ရှေ့တွင်ပင် ဝမ်ပူပင်နှင့် ဝမ်ပူစန်းတို့နှစ်ယောက် ကို သတ်ပစ်လိုက်သည်။ ထိုမှစကာ ဝမ်ပူမိသားစုသည် အခဲ မကျေဖြစ်လာ၏။ မိသားစုတစ်ခုလုံး၏ အင်အားကိုသုံးကာ မုံယုံမိသားစုကို ဝင်ရောက်တိုက်ခိုက်သည်။

မုံယုံရှောင်လီနှင့် မုံယုံလို့ယုံတို့၏ အစွမ်းအစကြောင့် ဝမ်ပူမိသားစု အကြီးအကျယ် ရှုံးနိမ့်သည်။ ဝမ်ပူကျင် တိုက်ပွဲတွင်ကျဆုံးပြီး ဝမ်ပူကျုံး ပြင်းထန်စွာ ဒဏ်ရာရလျက် နောက်ဆုတ်ခဲ့ရသည်။

ဤကား ယန်တိုနှင့် မုံယုံစုချင်တို့ ပတ်သက်သိကျွမ်းခဲ့ သည့် အဖြစ်အပျက်ပင်တည်း။ ယခု လက်ရှိသိုင်းလောက တွင် နာမည်ကြီးနေသည့် ဝမ်ပူကောင်းချောင်ကို ကြားလိုက် မိသဖြင့် ယန်တိုစိတ်ထဲ အံ့အားသင့်နေမိသည်။ ဘယ်အချိန် ကများ ဝမ်ပူမိသားစုထဲတွင် ဤသို့ ကုန်လုပ်ဖွယ်ကောင်း သည့် လူငယ်အဆင့်မြင့်သိုင်းသမားတစ်ဦး ပေါ်ပေါက်လာ ခဲ့မှန်း မသိချေ။

မိယိုယင်းရှိုးသည် နန်ကိုးမိသားစု၏ လက်ချက်ဖြင့် အသတ်ခံရသောကြောင့် ယန်တိုမှာ လက်ပိုက်ကြည့်မနေနိုင်တော့ချေ။ အတန်ကြာ တွေဝေနေပြီးမှ လေးလံထိုင်းမှိုင်းသော လေသံဖြင့်....

'နန်ကိုးမိသားစုတွေ ခင်ဗျားတို့ ဘာလုပ်ချင်လို့ ကျုပ်တို့ကို အခုလို အနှောင့်အယှက်ပေးနေတာလဲ'

နန်ကိုးဟာန် ကောက်ကျစ်စွာ ရယ်မောလိုက်သည်။

'ရှင်တို့ ညာဘက်လက်တွေကို ခုတ်ဖြတ်ပစ်ပြီး တူပေနယ်ကို မသွားဖို့ ကတိပေးရင် တော်ပြီ၊ ရှင်တို့အသက်ကို ချမ်းသာခွင့်ပေးလိုက်မယ်'

'ခင်ဗျားတို့က ကျုပ်တို့ကို ပြည်မကြီးသွေးသောက်အစိပတိရွေးချယ်ပွဲမှာ မပါစေချင်လို့လား'

မုံရှမ်းဖုန်က ရယ်လျက်မေးသည်၊

နန်ကိုးဟာန်က ဆက်လက်၍....

'ရှင်တို့ တန်းယန်မြို့ကိုသွားပြီး ကျွန်မတို့ရဲ့ နန်ကိုးဂူစန်းကို ထောက်ခံကြမလား'

'ထောက်ခံမယ်'

ခုံပြည့်လီ၏ ကြားဖြတ်စကားကြောင့် လူအားလုံးမှာ အံ့အားသင့်သွားကြသည်။

ခုံပြည့်လီက အဓိပ္ပာယ်ပါပါ ပြုံးရယ်လိုက်ပြီး....

'စင်ပေါ်တက်တဲ့အချိန်မှာ ကျုပ်တို့က သူ့ရဲ့လက်ဝါး၊ ခြေဖဝါးနဲ့တင်ပါးကို ရိုက်နှက်ပြီး ထောက်ခံလိုက်မယ်'



ထက်စင်းရွဲ့ ကျယ်လောင်စွာပင် အော်ဟစ်ရယ်မောပစ်လိုက်၏။

'နန်ကိုးဂူစန်းသာ စင်ပေါ်မှာလဲကျသွားရင် ကျုပ်က တဲဥပုပ်နဲ့ပေါက်မယ်၊ စင်အောက်ကိုမဆင်းရင် ခရမ်းသီး၊ မြက်ဖိနပ်၊ အဆိပ်မြွေတွေနဲ့ ပစ်ပေါက်မယ်'

ချူနန်းကုက....

'ကျုပ်ကတော့ ငှက်ပျောခွံနဲ့ပစ်ပေါက်မယ်၊ ပျားအုံနဲ့ပစ်မယ်'

နန်ကိုးမိသားစုသည် အစပိုင်းတွင် အံ့သြနေကြပြီး နောက်ပိုင်း၌ မျက်နှာပျက်သွားကြ၏။

ရှောက်ချူးရွှေတို့ လူသိုက် လှောင်ပြောင်စကားများပြောနေသည့်အပြင် မိမိတို့ကို ဂရုမစိုက်သဖြင့် အတော်လေးလည်း အခံရခက်သွားကြသည်။ သူတို့၏ ဟုန်မင်ဝက်ပါကွက်သည် တစ်ကြိမ်တစ်ခါမျှ ဤကဲ့သို့ပျက်ရယ်ပြုခြင်း မခံခဲ့ဖူးချေ။ ဟုန်မင်ညှော်ခံပွဲ ခင်းကျင်းလိုက်သည်နှင့် တစ်ဖက်လူအား လိပ်ပြာလွင့်စဉ်မတတ် ထိတ်လန့်တုန်လှုပ်သွားစေ၏။

အချို့ဒူးထောက်ကာ အသက်ချမ်းသာခွင့်ပေးဖို့ တောင်းပန်ကြသည်။ အချို့ လန့်ဖျပ်ကပြီး ကိုယ့်ကိုယ်ကို သတ်သေကြသည်။ အချို့ခုခံရင်း သေဆုံးခဲ့သည်၊ ယနေ့ညလို အဖြစ်မျိုးကား တစ်ကြိမ်တစ်ခါမျှ မကြုံဖူးခဲ့ချေ၊

တစ်ဖက်လူသည် ထွက်မပြေးကြ။ သူတို့၏ တိုက်ခိုက်ခြင်းကို စောင့်ဆိုင်းနေကြသည်။ ထို့ပြင် မထီမဲ့မြင်ပင် ပြက်ရယ်

ပြုကာ သစ်ပင်ထက်၌ လဲလျောင်း အိပ်စက် နေကြဖြစ်သေ
သည်။ အမှောင်ထဲတွင်မို့ တကယ် အိပ်မအိပ် မသိရ။ 
ညင်းသော ဟောက်သံကိုမူ ကြားနေရသည်။

နန်ကုံးမိသားစုစိတ်ထဲတွင် မငြိမ်မသက်ဖြစ်လာကြသည်

တစ်ဖက်လူသာ မိမိတို့အကွက်ထဲသို့ ဝင်လာလျှင် မည်
ဆိုင်းပညာ ထက်မြက်နေပါစေ၊ လွတ်မြောက်နိုင်မည်မဟု
သို့သော် တစ်ဖက်လူများသည် တိုက်ခိုက်လာခြင်း မပြုကြ
မိမိတို့၏ရန်ကို သတိကြီးစွာဖြင့် အစောင့်ချခြင်း မပြုသ
အမြင် စိတ်အေးလက်အေးပင် အိပ်စက်နေကြဖြန်သည်။

ယနေ့သည် သုံးလပိုင်း ဆယ့်တစ်ရက်နေ့ည ဖြစ်သည်

မနက်ဖြန်ဆိုလျှင် သုံးလပိုင်း ဆယ့်နှစ်ရက်နေ့ဖြစ်သည်မ
ပြည်မကြီးသွေးသောက်၏ အဓိပတိရွေးချယ်ပွဲ စတင်
တော့မည်။ ရှောက်ချူးရှေတို့တစ်တွေဂိတ်မပူကြသော်လည်း
နန်ကုံးမိသားစုမှာမူ စိတ်ပူလာကြသည်။ ညတွင်းချင်းခ
ပြင်းနှင်သော်လည်း ယှဉ်ပြိုင်ပွဲသို့အမီမရောက်မည်ကို စိုးရိမ်
နေကြသည်။

ဩဇာအာဏာဂိုဏ်းက နောက်ကွယ်မှနေ၍ နန်ကုံး
မိသားစုမှ နန်ကုံးဝူစန်းကို ထောက်ခံအား ပေးမည် ဖြ
သော်လည်း မည်သူ့ကိုမျှ စိတ်မချ။ ထိုအရေးအခင်းက
အရေးကြီးနေပေသေးသည်။



တစ်ဖန် ခရီးပြင်း နှင် လာ ကြ သည့် ဤလူသိုက်သည်
တကယ်အိပ်စက်ကြမည် မဟုတ်။ မအိပ်ဘဲနေလျှင် ကြာရှည်စွာ
အောင့်အည်းသည်းခံနိုင်မည် မဟုတ်။ ထွက်၍ လည်ပတ်ကြ
ပေလိမ့်မည်။

ထိုအချိန်ကျမှ ဟုန်မင်ဝက်ပါကွက်ကို အားကုန်အင်ကုန်
ထုတ်သုံးကာ ရှင်းလင်း သုတ်သင်ပစ်လိုက်မည်ဟု နန်ကုံး
မိသားစုက တွက်ချက်ထားလိုက်သည်။

သို့နှင့် နှစ်ဖက်စလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက် အခြေ
အနေကို စောင့်ဆိုင်းနေကြတော့သည်။

## အခန်း ( ၇ )

အရှေ့ဘက်ဦး၏နေခြည်က မိုက်ချင်းမြို့ကလေးကို လွှမ်းခြုံလာသည်။

နေ့အသစ်ကိုစလာခဲ့ပြီမို့ ပတ်ဝန်းကျင် တစ်ခုလုံးက သာယာသန်းဆန်းကာ ဘက်တက်ကြွကြွင် ရှိနေ၏။

ဤနေ့သည် တရုတ်ပြက္ခဒိန် သုံးလပိုင်း ဆယ့်နှစ်ရက်နေ့။ ပြည်ခကြီးသွေးသောက်အဓိပတိ ရွေးချယ်ပွဲ စတင်မည့်နေ့မို့ မိုက်ချင်းမြို့တွင်းမြို့ပြင်၌ လူအသွားအလာစည်ကားနေ၏။ လမ်းမများတွင်လူများပြည့်ကျပ်နေပြီး လမ်းလျှောက်ရသည်ပင် အတော်ကလေး ခက်ခဲလှ၏။

မိုက်ချင်းမြို့၏ဆင်ခြေဖုံးရှိ ခမြကွက်လပ် ကွင်းပြင်တစ်ခုတွင် စင်တစ်ခုကို အကျအန ဆောက်လုပ်ထားသည်။



စင်၏နောက်ဘက်တွင် အလံတိုင်ကြီး သုံးဆယ့်ခြောက်တိုင်ရှိကာ သိုင်းဂိုဏ်းကြီး သုံးဆယ့်ခြောက်ဂိုဏ်းတို့၏ အလံများက တိုင်ထိပ်ပေါ်တွင် တစ်ဖျပ်ဖျပ် လွှပ်ခါနေသည်။

စင်မြင့်၏ရှေ့ နဖူးစည်းမျက်နှာစာတွင် ရွှေရောင်စက္ကူရှည်ကြီး တစ်ရွက်ကို အလျားလိုက် သွယ်တန်းထားပြီး စာရွက်ပေါ်တွင် အနီရောင်စာလုံးဖြင့် စာတန်းတစ်တန်းရေးထိုးထားသည်။ ထိုစာတန်းက 'ပြည်မကြီး သွေးသောက်အဓိပတိ ရွေးချယ်ယှဉ်ပြိုင်ပွဲ' ဟု အဓိပ္ပာယ်ရသည်။

စင်မြင့်၏ ပတ်ပတ်လည်တွင် နေရာ ယူထားသူများက အပြည့်။ စင်မြင့်ပေါ်ရှိ သင်ပုန်းကြီး တစ်ခုပေါ်တွင် လူအမည်များကို ရေးသွင်းထား၏။ ပြိုင်ပွဲဝင်ကြမည့်သူများ၏ အမည်စာရင်းဖြစ်၏။ ထိုအမည်များတွင် ဂိုဏ်းအသီးသီးမှ ပုဂ္ဂိုလ်များပါဝင်သလို တစ်ကိုယ်တော် လူစွမ်းကောင်းများ ဇာတ်မြုပ်နေထိုင်သူများ၏ အမည်စာရင်းကလည်း ပါဝင်နေပြန်သည်။

ထိုစာရင်းတွင် လူ ဆယ့်နှစ်ယောက်၏ အမည်များကို မျဉ်းသားကာ ပယ်ဖျက်ထား၏။ ပြိုင်ပွဲဝင် စည်းကမ်းနှင့် မညီညွတ်သောကြောင့်ကား မဟုတ်။ ယှဉ်ပြိုင်ပွဲတွင်ရှုံးနိမ့်သွားခဲ့ကြသောကြောင့်ဖြစ်ပေသည်။ ထိုရှုံးနိမ့်ခဲ့သော ဆယ့်နှစ်ယောက်အနက် တစ်ယောက်သေဆုံးပြီး သုံးယောက်ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ပြိုင်ပွဲဝင်သူတို့သည် အနိုင်ရရှိရေးအတွက် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ပြင်းထန်စွာ မတိုက်ခိုက်ရဲကြ။ လူများစွာ သတ်မိလျှင် ပြိုင်ပွဲ၏ဒိုင်လူကြီးက အမိပတိ ရာထူးနှင့်မထိုက်တန်၊ ကြမ်းတမ်း ရက်စက်လွန်းသည်ဟု စွဲချက်တင်မည်ကို ကြောက်ရွံ့နေကြသည်။ ထို့ပြင် လူကြား သူကြားထဲတွင် အရှက်တကွဲ အကျိုးနည်း ဖြစ်သွားမည်ကိုလည်း စိုးရိမ်နေကြ၏။

ပြိုင်ပွဲ ကြီးကြပ်ရေးနှစ်ယောက်ကိုကား ဝူတန်းဂိုဏ်း၏ နံပါတ်တစ် အဆင့်မြင့်ပုဂ္ဂိုလ် တာ့ဖွေနှင့် ရှောင်လင်တောင်ပိုင်းဂိုဏ်းမှ ဝါရင့်ပုဂ္ဂိုလ် တီယန်ဘို့ ဖြစ်ကြသည်။ ရှောင်လင်နှင့် ဝူတန်းမှာ သြဇာအာဏာဂိုဏ်း၏ လက်ချက်ကြောင့် ဂိုဏ်းခေါင်းဆောင် အများအပြား ကျဆုံးခဲ့သော်လည်း အဖြူရောင် သိုင်းလောကဥ္စမှူ အရှိန် ၈၀ နှင့်နာမည်ကြီးနေဆဲပင်ရှိ၏။

သူတို့သည် မိမိတို့၏ သိုင်းလောက မောဟကိုစွန့်ပစ်ကာ ဤရွေးချယ်ပွဲတွင် အမှန်တကယ် ထိုက်တန်သည့် လူတော်လူကောင်းကို ရွေးချယ်ပေးရန် တာဝန်ယူရသည်။ ဤ ယှဉ်ပြိုင်ပွဲကို ထောက်ခံသည့်သူမှာ တရင့်အမှုထမ်း ဦးစီးမှူးကြီး ကျူကို့ ဖြစ်ပေသည်။ ဒိုင်ချုပ်အဖြစ်လည်း ဆောင်ရွက်၏။

သူသည် အချင်းချင်းစုစည်းညီညွတ်မှုမရှိဘဲ သွေးခွဲကာ တိုက်ခိုက်နေကြသည့် သိုင်းလောကသားများထဲမှ လူတော်



လူကောင်း ရွေးချယ်စုစည်းကာ ညီညွတ်စေမည်။ လူတော်လူကောင်း ထွက်ပေါ်မလာလျှင် သြဇာအာဏာဂိုဏ်းနှင့် မိုးဘုရင်ကြီးကျူးတို့ကို တိုက်ခိုက်နိုင်မည်မဟုတ်ဟု ယူဆထားသည်။

ကျူကို့၏ အသက်မှာ သုံးဆယ်ခန့်သာရှိပြီး၊ သန်မာ၍ အရွယ်ကောင်းသည်။ အရာရာတွင်တော်တည့်မှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်တတ်သည်။ ထို့ကြောင့် ပြိုင်ပွဲဝင်သူတို့သည် စိတ်ချလက်ချပင် ယုံယုံကြည်ကြည် ယှဉ်ပြိုင်ကြသည်။

အချိန်ကား မွန်းတည့်ချိန်သို့ ရောက်ရှိလာပြီ။

မနက်ခင်းမှစကာ ယခုအချိန်ထိ ပြိုင်ပွဲပေါင်း ဆယ့်ရှစ်ပွဲ ရှိလာ၏။ ယခု ငါးပွဲဆက်တိုက် အနိုင်ရရှိသူမှာ အမျိုးသမီးတစ်ယောက် ဖြစ်နေသည်။ စင်အောက်မှ ပွဲကြည့်ပရိသတ်များမှာ ပါးစပ်မပိတ်နိုင်လောက်အောင် အံ့အားသင့် လက်ဖျားခါကုန်ကြသည်။

အနိုင်ရရှိနေသူ အမျိုးသမီးမှာ မြေပြန့်သိုင်းလောကမှ နာမည်ကြီးသိုင်းသမား စီရွှေချင်းပင်တည်း။

စီရွှေချင်းမှာ နာမည်ကြီးသော်လည်း နာမည်ကောင်းရှိသူတစ်ယောက် မဟုတ်။ ရက်စက် ကြမ်းကြုတ်၏။ သူ အနိုင်ရခဲ့သော ငါးယောက်အနက် ငါးယောက်စလုံး ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့သည်။ နှစ်ယောက်မှာမူ အသက်မသေသော်လည်း ဒီတစ်သက်တွင် သိုင်းပညာကို အသုံးမပြုနိုင်တော့။

ရာသီက နွေရာသီမို့ နေမင်းကြီးက ပြင်းပြစွာ ပူနေသော
လည်း ရုတ်တရက် မိုးသက်ဆင်းလာ၏။

စီရွှေချင်း၏ဓားကောက်ကြီးက စင်မြင့်ပေါ်တွင် အရော
တစ်လက်လက် ဘောက်ပနေသည်၊ စီရွှေချင်း၏ဟန်မာန်
လည်း ဝင့်ထည်ကာ အသက်ပါနေ၏။ သူ့တပည့်ဘပ
မိတ်ဆွေများ၏ အော်ဟစ် ဩဘာပေးသံကြီးများက တ
နက် ထွက်ပေါ်နေသည်။

သူနှင့် နောက်ထပ်ယှဉ်ပြိုင်ရန် တက်လာသူကား ရှော
လင်ကျောင်းတော်သားတစ်ယောက်ဖြစ်၏၊ တာ့စွေ မျက်လုံ
အရောင်တောက် ဝင်းလက်သွားသည်။ မျက်နှာအမူအ
ကမူ ခတ္တငိုင်ငေးမှိုင်သွား၏။ တိယန်၏စိတ်သဘောထား
သူနားလည်လိုက်သည်။ ရှောင်လင်တောင်ပိုင်းဂိုဏ်း၏ဟိုပ
ကို ဖြည်မကြီးသွေးသောက် အဓိပတိနေရာ ရစေပြီး သိုင်း
လောကတစ်ခုလုံးကို ဦးဆောင်စေမည့် သဘောပင်တည်း။

တာ့စွေ ဒေါသအလွန်ကြီးလာပြီး သူ့ အသားများက
တဆတ်ဆတ် တုန်ယင်လာသည်။

သို့သော် သူ့မျက်နှာအမူအရာက အမြဲတမ်း ပင်ပန်း
နွမ်းနယ်နေပုံရသည်။

သူ့အပြုံးက ခန့်မှန်းရခက်လှ၏။ စီရွှေချင်းသည် ဟိုပ
အား အနိုင်ယူတိုက်ခိုက်နိုင်ပါမည်လား။

✵ ✵ ✵



ညတာက ချုပ်ငြိမ်းသွားသည်။

သစ်ပင်ပေါ်တွင် အိပ်စက်နေခဲ့သော ရှောက်ချူးရွှေတို့
နိုးလာကြသည်။ ရယ်ရယ်မောမော စကားသံများ ဆူညံ
လာသည်၊ နံနက်ဦး၏နေအလင်းက သစ်ရွက်ကြို သစ်ရွက်
ကြားထဲသို့ တိုးဝင်လာသည်။

နန်ကုံးမိသားမှာ စိတ်ရှည်သည်းခံ စောင့်ဆိုင်းနေရာမှ
စိုးရိမ်စိတ် ငင်လာကြသည်။ ထပ်၍ စောင့်ရဦးမည်လား။
တောထဲသို့ အတင်းတိုးဝင်ရမည်လား။ မစဉ်းစားတတ်။
သူတို့ကို အပြင်ဘက်သို့ထွက်လာအောင်တော့ လုပ်ရပေမည်။

သို့သော် မိမိတို့၏ဝ က်ပါကို နေရာရွှေ့လိုက်သည်နှင့်
အကွက်ပျက်သွားပေတော့မည်။ ငြိမ်ကြည့်နေ၍လည်းမဖြစ်။
သည်နေ့သည် သုံးလပိုင်း ဆယ့်နှစ်ရက်နေ့ ဖြစ်သည်။ မိုက်
ချင်းမြို့၌ ယှဉ်ပြိုင်ပွဲအခြေအနေက မည်သို့ရှိနေပြီမသိ။ ယှဉ်
ပြိုင်ပွဲသို့ အမီသွားရမည့် ရှောက်ချူးရွှေတို့ သွေးအေးနေ
သည်ကိုလည်း မစဉ်းစားတတ်၊ ရှောက်ချူးရွှေနှင့် သူ့ကို
ထောက်ခံမှုပေးမည့်သူများ ဤနေရာတွင် အချိန်ဖြုန်းနေ
သည်ကို နားမလည်နိုင်။

နန်ကုံးမိသားစုတို့ ရင်ခုန်လာကြတော့သည်။

ထက်စင်းရွှေ၊ ချူးနန်ကု၊ ရှောက်ချူးရွှေနှင့် ချန်ကျင့်
ထွေတို့၏ ရယ်မောသံကို ကြားလာရသောအခါ သူတို့ စိတ်
မထိန်းနိုင်ကြတော့။

ပတ်ဝန်းကျင်တစ်ခုလုံးသည် တိမ်ညိုဘိမ်မည်းတို့ လွှမ်းလာသည်။ ကောင်းကင်တစ်ခုလုံး တဖြည်းဖြည်း မှိုးမှောင်ကျလာသည်။

နန်ကုံးဟန်ခေါင်းထဲတွင် အတွေးတစ်ခု ဖျက်ခနဲ ရရှိလိုက်၏။ သူ့အကြံအစည်ကို နန်ကုံးကျွမ်းအား တီးတိုးပြောဆိုသည်။ သစ်တောကို အနောက်ဘက်မှဝင်ရောက် မီးရှို့ကာ ရှောက်ချူးရွှေတို့ထွက်လာအောင် ပြုလုပ်မည့် အကြံအစည်ပင်ဖြစ်၏။

နန်ကုံးကျွမ်းသည် နောက်သို့ဆုတ်သွားပြီး မီးတုတ်တစ်ချောင်းကို ဘယ်ဘက်လက်က ကိုင်ဆောင်ထား၏။ ညာလက်တွင် ငှက်မြီးသဏ္ဍာန်ဓားရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ သူသည် သစ်တောအုပ်ကိုကွေ့ပတ်ကာ နောက်ဘက်သို့သွားပြီး မီးရှို့မည်ဖြစ်သည်။

သစ်တောအုပ်က နှစ်ကလောက်သာကျယ်ဝန်းပြီး သစ်ကိုင်းသစ်ခက်များထူထပ်သဖြင့် ပုန်းအောင်းရန် ကောင်းမွန်သည်။ ထို့အတူ မီးရှို့၍လည်း ချက်ချင်းလောင်စွဲပျံ့နှံ့နိုင်သည်။ ရှောက်ချူးရွှေတို့ထွက်လျှင် ရှေ့သို့ တိုးထွက်မှသာ မီးဒဏ်ကို ရှောင်နိုင်မည်ဖြစ်သည်။ ရှေ့သို့ တိုးထွက်လျှင် နန်ကုံးမိသားစု၏ ဝက်ပါကွက်ထဲကျရောက်ပြီး အပြင်းအထန် တိုက်ခိုက်ခံရမည်ဖြစ်၏။



နန်ကုံးကျွမ်း နောက်သို့ဆုတ်သွားသည်နှင့် နန်ကုံးဟန်က ရှောက်ချူးရွှေတို့ရှိရာသို့ လက်နက်ပုန်းများနှင့် ပစ်ပေါက်လိုက်သည်။ သူတို့သည် ရှောက်ချူးရွှေတို့၏ လှုပ်ရှားမှုကို မြင်ရသည်မဟုတ်။ စိတ်မှန်းဖြင့် ပစ်ပေါက်လိုက်ကြခြင်းဖြစ်၏။ သူ့အကြံအစည်က နန်ကုံးကျွမ်း၏ အစီအစဉ်အောင်မြင်စေရန်အတွက် ရှောက်ချူးရွှေတို့၏ စိတ်အာရုံကို ဆွဲဆောင်ထားခြင်း ဖြစ်သည်။

လက်နက်ပုန်းများ မှုံရှမ်းဖုန်းနှင့်ခိုပြည့်လီတို့၏ ခါးဝတ်ယမ်းမှုအောက်တွင် အပြင်သို့ လွင့်စဉ်ပျက်စီးကုန်သည်။

'သစ်တောအုပ်ထဲက လူတွေ ခဏ နားဆောင်ကြပါ၊ ကျွန်မတို့တစ်တွေ တစ်ဖက်နဲ့တစ်ဖက် ကျေအေးလိုက်ကြရင် မကောင်းဘူးလား'

နန်ကုံးဟန်က အော်ဟစ်ကာ စကားစပြောသည်။

ထိုအချိန်တွင် နန်ကုံးကျွမ်းမှာ သစ်တောအုပ်၏နောက်ဘက်သို့ ရောက်ရှိနေပြီး ဖြစ်နေ၏။

'ကျုပ်တို့ကလဲ ခင်ဗျားတို့နဲ့ ရန်မဖြစ်ချင်ပါဘူး'

တောအုပ်တွင်းမှ ယန်တိုက ပြန်ပြောသည်။

နန်ကုံးချူက သံသေးသံကြောင်ဖြင့် ရယ်မောလိုက်၏။

'ကောင်းသားပဲ၊ ခင်ဗျားတို့ကသာ ယှဉ်ပြိုင်ပွဲမှာ နန်ကုံးဝူစန်းကို မဆန့်ကျင်ဘူးဆိုရင် ကျုပ်တို့ တစ်တွေ မိတ်ဆွေဖွဲ့ပြီး ခရီးဆက်ကြတာပေါ့'

ထိုအချိန်တွင် နန်ကုံးကျွမ်းမှာ သစ်တောအုပ်ကို မီးစတင်ရှို့နေပြီဖြစ်၏။ ယန်တိုက အသံကျယ်ကျယ်ဖြင့် ပြန်လည်၍....

'စင်မြင့်ပေါ်မှာဟော့ဥပြိုင်တယ်ဆိုတာ တရားမျှတပါတယ် ကျုပ်တို့တစ်ထွေက စင်ပေါ်တက်ကြမယ့် လူတွေမှမဟုတ်တဲ့ ခင်ဗျားတို့ရဲ့ နန်ကုံးဝှစန်းက ရှောက်ချူးရွှေကို ယှဉ်နိုင်တယ်ဆိုရင် ဘာကြောင့် ဒီလောက်တောင် စိုးရိမ်နေရတာလဲ'

နန်ကုံးချူ၏စိတ်ထဲတွင် ယန်တိုတို့ကို မီးလောင်တိုက်သွင်းရတော့မည်မို့ အူမြူးနေ၏။ မျက်နှာ အမူအရာကမူ မပြောင်းလဲဘဲ ထိန်းချုပ်ဟန်ဆောင်ထား၏။

'ခင်ဗျားတို့ကသာ ဝင်မစွက်ဘူးဆိုရင် နန်ကုံးဝှစန်းက ရှောက်ချူးရွှေကို အသာကလေး အနိုင်ယူနိုင်တယ်'

နန်ကုံးချူသည် ပြောလည်းပြော သစ်တောအုပ်ကြီး မီးထတောက်သာမည့် အခြေအနေကိုလည်း လှမ်း၍ အကဲခတ်နေသည်။

ထိုစဉ် သူ့နားထဲသို့ ဝူးဝူးဝါးဝါး အော်ဟစ်လိုက်သံ တစ်သံကို ရုတ်တရက် ကြားလိုက်ရသည်။ နန်ကုံးကျွမ်း၏ နာနာကျင်ကျင် အော်ဟစ်လိုက်သံပင်တည်း။

နန်ကုံးကျွမ်းသည် သစ်တောအုပ် နောက်ဘက်သို့ ရောက်ရှိလာသည်။ နန်ကုံးဟန်နှင့် နန်ကုံးချူတို့က ယန်တို



တို့၏ စိတ်အာရုံကို ဆွဲဆောင်စကားပြောနေစဉ် မြေကြီးပေါ်မှ သစ်ရွက်ခြောက်အမျိုးကို အရင်ဆုံး မီးရှို့လိုက်၏။ ထို့နောက် သစ်ပင်ပေါ်မှ သစ်ကိုင်းတစ်ကိုင်းကို မီးဆက်ရှို့သည်။ သစ်ပင် တစ်ပင်နှစ်ပင် လောင်စွဲလျှင် သစ်တောတစ်ခုလုံး ပြာကျသွားနိုင်ပေသည်၊ တောအုပ်ထဲမှ ရှောက်ချူးရွှေ တို့လည်း ပျာယာခတ်သွားနိုင်ပေသည်။

သို့သော်....သူ မီးတုတ်ကိုမြှောက်ကာ သစ်ကိုင်းတစ်ကိုင်းအား ရှို့တော့မည့်အချိန်တွင် သစ်ကိုင်းသစ်ခက်များ ကြားတွင် ပုန်းအောင်းနေသည့် ဝတ်စုံဖြူဝတ် လူတစ်ယောက်က အေးတိအေးစက် စိုက်ကြည့်နေသည်ကို တွေ့လိုက်ရပေသည်။

တိန်ယိဖိန်ပင်တည်း။

နန်ကုံးကျွမ်း အကြီးအကျယ်ထိတ်လန့်သွားသည်။ ရွှမ်းခန့်ဓားရှည်ကို ဆွဲထုတ်လိုက်၏။ တိန်ယိဖိန်ကို ရင်ဆိုင်တိုက်ခိုက်သည်။ ဓားနှစ်လက် ထိဆုံမိစဉ်မှာပင် နောက်ထပ် ဝတ်စုံဖြူဝတ် လူတစ်ယောက် ရောက်ရှိလာပြန်သည်။

နန်ကုံးကျွမ်း နောက်သို့ ကပျာကယာပင် ဆုတ်လိုက်၏။ သို့သော် မရတော့။ ကိုယ်တော်လေးလင်၏ ဓားချက် ထိခိုက်သွားတော့သည်။

နန်ကုံးမိသားစုမှ လူများသည် တိုက်ပွဲအတွေ့အကြုံ မြောက်မြားစွာ ရရှိထားကြသူများဖြစ်၏။ နာကျင်တကြီး

အော်ဟစ်သံကို ကြားလိုက်ရသည်နှင့် နန်ကုံးကျွမ်း အသက်ရှင်စရာ လမ်းမရှိတော့ကြောင်း သိလိုက်၏။

သူတို့ စိုးထိတ် ပျာယာခတ်စဉ်မှာပင် တောအုပ်ထဲမှ မီးခိုးလုံးများ လိပ်တက်လာပြီး ညာသံပေးသံများ ထွက်ပေါ်လာသည်။ လူဘယ်နှစ်ယောက်ရှိမည်ကို သူတို့မခန့်မှန်းနိုင်ကြ။ မီးအရှိန်ကိုလည်းသတ်၍မလွယ်။ ဝက်ပါပြန်ချက်ကလည်း ပျက်ပြီ။ မတတ်နိုင်တော့။ တောအုပ်ဆီသို့ ပြေးသွားကြတော့သည်။

တစ်ဖက်နှင့်တစ်ဖက် အနီးကပ်တိုက်ပွဲဖြစ်ကြပြီမို့ တကယ်အဆင့်မြင့်ပုဂ္ဂိုလ်များ ဟုတ်မဟုတ် ဤတိုက်ပွဲတွင် အဖြေပေါ်လာတော့မည် ဖြစ်သည်။

နန်ကုံးမိသားစုတွင် နန်ကုံးဝေ့သည် သတ္တိအရှိဆုံးဖြစ်သည်။ ရှီးမင်မြောင်နှင့် ရှင်ချူးဖုန်းတို့ကိုသာ သူ့မှာမတစ်ချက်တည်းဖြင့် သတ်ဖြတ်ခဲ့သည်။

သူသည် ရှောက်ချူးရွှေ၏ဦးခေါင်းကို ခုတ်ဖြတ်ပစ်မည်ဟု အားခဲထား၏။ ရှောက်ချူးရွှေလည်း ရှီးမို့စွမ်းပြောပြချက်ကြောင့် နန်ကုံးဝေ့ကို နာကြည်းနေသည်။ ရှီးမင်မြောင်တို့အတွက် ကလဲ့စားချေမည်ဟုဆုံးဖြတ်ကာ မီးခိုးလုံးများထဲမှ ထိုးဖောက်လျှက် နန်ကုံးဝေ့ထံသို့ ဝင်လာ၏။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိကြသည်။ နှစ်ယောက်လုံး၏ မျက်လုံးများမှာ ဒေါသကြောင့် နီရဲနေကြ၏။



ထိုအချိန်မှာပင် တောအုပ်ထဲမှ နာကျင်တကြီး အော်ဟစ်သံတစ်သံ ထွက်လာသည်။

ချင်ဖုန်းပတ်၏အသံဖြစ်ကြောင်း ရှောက်ချူးရွှေသိလိုက်သည်။

အဘယ့်ကြောင့် ဤကဲ့သို့ ဖြစ်ရလေသနည်း။

ရှောက်ချူးရွှေရင်ထဲတွင် တုန်လှုပ်သွားသည်။ ချင်ဖုန်းပတ်၏ အော်ဟစ်လိုက်သံကြောင့်ဖြစ်သလို နန်ကုံးဝေ့၏ နဂါးစိမ်းဓားက သူ့ဦးခေါင်းပေါ်သို့ မိုးချ ခုတ်ပိုင်းတော့မည်ဖြစ်သောကြောင့်လည်း ဖြစ်၏။

ရှောက်ချူးရွှေက ကမန်းကတန်းပင် ရှောင်တိမ်းပေးလိုက်ရ၏။

နန်ကုံးဝေ့၏ နဂါးစိမ်းဓားမက လေထုကို တစ်ဝှီးဝှီးထိုးခွဲကာ တိုက်ခိုက်နေ၏။ အစပိုင်းတွင် အသာစည်းရရှိနေသော်လည်း တိုက်ကွက်သုံးလေးကွက်ရောက်သောအခါတွင်ကား သူ၏မာန်ဖီသံများ ရပ်တန့်သွား၏။ ရှောက်ချူးရွှေ၏ ချန်ကိုးဓားမြှတ်က လျှပ်ပြက်သလိုပင် လျှပ်ရှားသွားသည်။

နန်ကုံးဝေ့ ဓားချက်နှစ်ချက်ဆင့်ကာ ရှောက်ချူးရွှေကို ခုတ်ပိုင်းချသည်။ ရှောက်ချူးရွှေ အသာအယာပင် ရှောင်တိမ်းပေးလိုက်သည်။ ထိုအချိန်တွင် နန်ကုံးဝေ့မှာ မီးခိုးလုံးများကြောင့် မျက်ရည်များဝဲလာ၏။ နဖူးပြင်ပေါ်တွင်လည်း ချွေးသီးချွေးပေါက်များ ကျလာ၏။ နောက်ထပ်

ဓားချက်တစ်ချက် ခုတ်ပြန်သည်။ ရှောက်ချူးရှေက ရှောင်ပြန်သည်။

သည့်တစ်ချီတွင် ရှောက်ချူးရှေက ဓားချက်တစ်ချက် ထုတ်သည်။ နန်ကုံးဝေ့ အားစိုက်ကာ ဓားချက်လေးချက် ဆင့်ခုတ်သည်။ ရှောက်ချူးရှေ ရှောင်တိမ်းနိုင်ခဲ့၏။ ဟာ ကွက်နေရာကို ဓားချက်သုံးချက် ဆင့်ထုတ်သည်။

နန်ကုံးဝေ မှာ ကျားနာတစ်ကောင်လို ဖြစ်လာ၏။ ခွေးရူးတစ်ကောင်လို သွေးရူးသွေးတန်း ဖြစ်လာ၏။ လူရော ဓားပါ အရှိန်အဟုန်ပြင်းစွာ တိုက်ခိုက်လာသည်။ ရှောက်ချူးရှေက လှပ သေသပ်စွာ ရှောင်တိမ်း လိုက်ပြီးလျှင် လျှပ်တစ်ပြက်အတွင်း ဓားချက်နှစ်ချက် ပြန်တွတ်လိုက်သည်။

နန်ကုံးဝေ့ မော့ဟိုက်လာသည်။ သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။ ချွေးများဟုထင်ကာ လက်ဖြင့်သုတ်သည်။ ချွေးမဟုတ်။ ရဲရဲနီသော သွေးများဖြစ်သည်ကိုတွေ့ရလျှင် အကြီးအကျယ် ထိတ်လန့် တုန်လှုပ်သွားသည်။ တစ်ဖက်သားကို သတ်ဖြတ်လိုသောဇော အားကြီးနေသောကြောင့် သူ့ကိုယ်ပေါ်တွင် ထိခိုက်ဒဏ်ရာရသည်ကိုပင် သတိမထားမိ။ သတိထားမိသော အခါတွင်ကား သူ့တစ်ကိုယ်လုံးတွင် မြင်မကောင်းအောင် ဒဏ်ရာဗလပွဖြစ်နေပြီကို သိလိုက်ရသည်။ နာကျင်မှုကိုသည်း စတင်ခံစားလာရသည်။

'ရှောက်....ချူး....ရှေ'



အသံနက်ကြီးဖြင့် ကြုံးဝါးအော်ဟစ်လိုက်ပြီး ဓားမရှည်ကြီးကို ဝှေ့ယမ်းလိုက်သည်။ သူ့ရှေ့တွင် ရှောက်ချူးရှေက ရှိမနေ။ သူ့ခန္ဓာကိုယ်မှာ ဟန်ချက်ကို မထိန်းနိုင်သလို အသက်၏ ထောက်ပံ့မှုကလည်း မရှိတော့သဖြင့် မြေကြီးပေါ်သို့ ဗုန်းခနဲ လဲကျသွား၏။

သူတစ်ပါးကိုရက်စက်ခဲ့သော နန်ကုံးဝေ မှာ ဝဋ်လည်ကာ ကိုယ့်ဝေဒနာကိုပင် ကိုယ်မသိတော့ဘဲ အသက်ဆုံးသွားရတော့သည်။

* * *

နန်ကုံးဝေ့ သေဆုံးချိန်တွင်နန်ကုံးကျင်းသည် သူ၏ပုဆိန်ကြီးဖြင့် ထန်ဖေကို ရင်ဆိုင်နေသည်၊ နန်ကုံးပို့မှာ ဆက်စင်းရှု့နှင့် ချူနန်းကူတို့ကို သူ့သံခဏ်ခက်ရင်းခွဖြင့် ရင်ဆိုင်နေသည်။ နန်ကုံးလျှ၏နှားခုတ်ဓားချွန်က ကိုယ်တော်လေးလင်နှင့် တိန်ယိဖိန်တို့ကို အကြိတ်အနယ် တိုက်ခိုက်နေ၏။

ရှောက်ချူးရှေသည် နန်ကုံးဝေ ကို တိုက်ခိုက်ပြီးနောက် တိုက်ပွဲအခြေအနေကိုကြည့်ပြီး နန်ကုံးပိုအား လက်ပြောင်းလွှဲယူလိုက်သည်။

'ထန်ဖေကို သွားကူလိုက်ကြ'

ထက်စင်းရွှေ နှင့် ချူနန်းကုတို့ကို ရှောက်ချူးရွှေက အစီအစဉ်ချပေးသည်။

နန်ကုံးပိုသည် ခက်ရင်းခွကို ပိုင်ပိုင်နိုင်နိုင်အသုံးချကာ ရှောက်ချူးရွှေ၏ဝမ်းဗိုက်ဆီသို့ ထိုးသွင်းချသည်၊ ရှောက်ချူးရွှေမှာ အနီးကပ်တိုက်နေရသဖြင့် မရှောင်တိမ်းနိုင်ဘဲ ဓားရှည်ဖြင့် ခါထုတ်လိုက်သည်။ ဤဓားချက်က အားအတော်ပြင်းထန်သဖြင့် နန်ကုံးပို၏ အားမာန်ကို ပြေသွားစေသည်။ သို့သော် ဝါရင့်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်မို့ ခက်ရင်းခွကို တွန်းလှန်ပြီး ရှောက်ချူးရွှေ၏ဓားရှည်အား ထိန်းချုပ်လိုက်၏။

ရှောက်ချူးရွှေ ရုတ်တရက် ဓားကိုလက်မှလွှတ်ပေးလိုက်သည်။ မထင်မှတ်သော အဖြစ်အပျက်ကြောင့် နန်ကုံးပို ကြောင်စီစီဖြစ်သွား၏။ ရှောက်ချူးရွှေက လျှပ်ပြက်သလို အနီးသို့ တိုးကပ်သွားပြီး လက်ဝါးဖြင့်ရိုက်ချသည်။

'ဝုန်း'

နန်ကုံးပို၏ရင်ဝကို လက်ဝါးရိုက်ချက် ထိမှန်ပြီးသည်နှင့် ရှောက်ချူးရွှေမှာ နောက်သို့ ကပျာကယာဆုတ်ရင်း ခက်ရင်းခွမှ ဓားရှည်ကို ပြန်ဆွဲယူလိုက်သည်။ နန်းကုံးပိုမှာ လက်ဝါးရိုက်ချက် အမိခံလိုက်ရသဖြင့် ရှောက်ချူးရွှေ၏ ဓားကို ပြန်မထိန်းချုပ်နိုင်တော့။

ရှောက်ချူးရွှေကိုသာ ကြောင်စီစီကြည့်နေပြန်၏။



ရင်ဘတ်ကို လက်ဝါးရိုက်ချက်ထိမိကာ အင်္ကျီစ ဆုတ်ဖြဲသွားသော်လည်း လက်ဝါးရာကိုပင် မတွေ့မိ။ သို့သော် ပြင်းထန်သောတူကြီးဖြင့် အထုခံလိုက်ရသလို တစ်ကိုယ်လုံးရှိ အရိုးများ ကြေမွသွားကာ မြေကြီးပေါ်သို့ ဗိုင်းခနဲ လဲကျသွားလေတော့သည်။

ရှောက်ချူးရွှေသည် တစ်ဒင်္ဂအတွင်းမှာပင် နန်ကုံးဝေ နှင့် နန်ကုံးပိုတို့ကို ရှင်းလင်းပစ်လိုက်သဖြင့် သူ့အင်အားက အတော်ပင် ဆုတ်ယုတ်သွားခဲ့ပြီး ဖြစ်၏။ ချင်ဖုန်းပတ် မည်သို့ ရောက်ရှိသွားကာ အဘယ့်ကြောင့် နာကျင်စွာ အော်တစ်လိုက်ရသည်ကို ရှောက်ချူးရွှေ စိတ်ထဲကမမေ့။ ရင်ထဲတွင်လည်း အုံ့သြနေ၏။ ထိုစိတ်ကြောင့် နန်ကုံးဝေ၏ဓားချက်အောက်တွင် အပြင်းအထန် ဒဏ်ရာရလုနီးပါးပင် ဖြစ်ခဲ့ရလေ၏။

ဝူဘန်ဂိုဏ်း၏ ဓားပညာစွမ်းသာ တတ်ကျွမ်းမထားလျှင် နန်ကုံးဝေ၏လက်ချက် မိသွားနိုင်ပေသည်။ ရှောက်ချူးရွှေမှာ ရန်သူနှစ်ယောက်ကို သုတ်သင်ပြီးပြီမို့ ချင်ဖုန်းပတ အကြောင်းကို အနည်းငယ် စဉ်းစားခွင့် ရလာသည်။

အရေးကြီးနေသည့် အချိန်တွင် နောက်ဆုတ် ထွက်ခွာသွားခြင်းလား။

မဟုတ်နိုင်၊ ချင်ဖုန်းပတ်သည် ဤကဲ့သို့ သူရဲဘောကြောင်သော လူစားမျိုး မဟုတ်ချေ။

ထိုအချိန်တွင် နန်ကူးလျံမှာ ကိုယ်တော်လေး လင် နှင့် တိန်ယိဖိန်တို့ ဝိုင်းဝန်းတိုက်ခိုက်နေသည်ကို စိတ်မရှည်တော့။ နန်းကုံးဝေ ၊ နန်ကုံးပို့နှင့် နန်ကုံးကျွမ်းတို့ သေဆုံးခဲ့ရပြီမို့ ဒေါသ အကြီးအကျယ်ထွက်လာ၏။

လျှပ်တစ်ပြက်ပင် သူ၏ နွားခုတ်ဓားချွန်ဖြင့် အနီးတွင် ရှိနေသော ရှီးမို့စွမ်း၏ဗိုက်ထဲသို့ ထိုးစိုက်သွင်းလိုက်၏။

သို့သော် သူ၏ဓားကို ဆွဲမနုတ်နိုင်ခင်မှာပင် ကိုယ်တော်လေး လင်၏ ဓားချက်က သူ့လက်မောင်းရင်းပေါ် ရောက်ချလာသည်။

'စွပ်'

'အား'

နန်ကုံးလျံ၏ ညာဘက်လက်မောင်း ပြတ်တောက်သွားသည်။ နာကျင်လွန်းသဖြင့် အော်ဟစ်ပြီး နောက်သို့ ဆုတ်သွား၏။ တိန်ယိဖိန်ထံ ဝင်လာသည့် ဓားချက်ကိုမူ သူ လွတ်အောင် ရှောင်တိမ်းနိုင်ခဲ့၏၊ ချန်ကျင့်ထွေ၏ ခါးမှ သိုင်းဖက်လိုက်ခြင်းကိုကား မရှောင်တိမ်းနိုင်။

ထိုအချိန်တွင် ရှောက်ချူးရွှေမှာ ထိုနေရာသို့ စိုးရိမ်တကြီးဖြင့် ရောက်ရှိလာ၏။ ချန်ကျင့်ထွေ၏ အသက်အန္တရာယ်က ကြုံတွေ့တော့မည်။ ထို့ကြောင့် နန်ကုံးလျံကို အလျင်ရှင်းပစ်မှ ဖြစ်မည်ဟု စိတ်ကူးကာ နန်ကုံးလျံထံသို့ ဓားချက် တစ်ချက် အားကုန်ထိုးသွင်းလိုက်သည်။

ရှောက်ချူးရွှေ ရှေ့သို့မဲကာ ဓားချက်ထိုးသွင်းလိုက်စဉ်မှာပင် တိန်ယိဖိန်က ရုတ်တရက် ရှေ့သို့ ခြေလှမ်းတစ်လှမ်း



တိုးတက်ပြီး ရှောက်ချူးရွှေ၏နောက်ကျောကို ဓားဖြင့်ထိုးစိုက်ချလိုက်သည်။

ဓားချက်က ပြင်းထန်သည်။ တောင်ပင်လယ်ဓားဂိုဏ်း၏ ဓားချက်မြန်ဆန်မှုက ယခင်ကပင် နာမည် ကြီးပြီးသား။ တိန်ယိဖိန်သည် ယခုတစ်ကြိမ်ထိုးသွင်းလိုက်သည့် ဓားချက်က ခါတိုင်းထက် သုံးဆမက ပိုမြန်သည်။ ရှောက်ချူးရွှေမှာ နောက်ကျောဘက်မှ လုပ်ကြံခံရခြင်းမဟုတ်ဘဲ၊ ရှေ့မှ လုပ်ကြံခံရလျှင်ပင် ကြိုတင်ကာကွယ်ခြင်း မပြုပါက မည်သို့မျှ ရှောင်တိမ်းနိုင်မည် မဟုတ်ချေ၊

သို့ရာတွင် ဤလျှပ်တစ်ပြက် အချိန်ကလေး အတောအတွင်းမှာပင် ရှောက်ချူးရွှေသည် ဤဓားချက် ထိုးစိုက်လာမည့်နေရာကို အစကတည်းက ကြိုတင်သိရှိထားသလိုပင် ထင်ရသည်။ သူ့ဓားရှည်ဖြင့် နောက်ပြန်ပတ်ခါ ထုတ်လိုက်သေသည်။

တိန်ယိဖိန်၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ရှောက်ချူးရွှေ ကိုယ့်ကိုယ်ကို လုံခြုံမှု အလျှင်အမြန်ပင် ပြန်ယူလိုက်သည်။

'ချင်ဖုန်းပတ်ကို ခင်ဗျား သတ်ပစ်လိုက်တယ် မဟုတ်လား'

ရှောက်ချူးရွှေ၏စကားက တိန်ယိဖိန်ကို ပို၍ ကြောင်အမ်းအမ်း ဖြစ်သွားစေတော့သည်။

* * *

ထန်ဖေနှင့် နန်ကိုးကျင်း တို့၏ တိုက်ပွဲက အပြင်းထန်ဆုံး ဖြစ်သည်။

ထန်ဖေသည် နန်ကိုးကျင်း၏ ပုဆိန်ချက်သုံးချက် ထိမှန် ခံနေရပြီး ဖြစ်၏၊ ထို့အတူ နန်ကိုးကျင်း သည် လည်း ထန်ဖေ၏ ဆူးချွန်သုံးချောင်း၊ ပိတုန်းအပ် နှစ်ချောင်းနှင့် ဆူးချွန်ပါ ဓားရှည်တစ်ချက် ထိမှန်သွားသည်။ သို့တိုင် နှစ်ယောက်သားမှာ အကြိတ်အနယ် အပြင်းအထန် တိုက်ခိုက်နေဆဲ ဖြစ်၏။

ထိုအချိန်တွင် ထက်စင်းရွှဲ့နှင့် ချူနန်းကုတို့ အချိန်မီပင် ရောက်လာကြသည်။ သို့သော် နန်ကိုးကျင်း၏ လက်ထဲမှ ပေါက်ချွန်းတံတစ်ခုက ရုတ်တရက်ပျံထွက်သွားပြီး ထန်ဖေ၏ ဘယ်ဘက်ပါးပြင်ပေါ်သို့ ထိမှန်သည်၊ ပုဆိန်အသွားက မျက်နှာတစ်ခြမ်း၏ အရိုးထဲတိုင် နစ်ဝင်သွား၏။

'အား'

ထန်ဖေသည် နာကျင်စွာအော်ဟစ်ရင်း ထန် မိသားစု၏ သံပန်းလက်နက်ပုန်းကို ကျဲချလိုက်၏၊ နန်ကိုးကျင်း ရှောင်တိမ်းသိုက်သော်လည်း ဘေးပတ်ပတ်လည်တွင် သံပန်းပွင့်များက ဝဲနေသဖြင့် အခွင့်မသာ။ နောက်ဆုံးတွင် ပန်းပွင့် တစ်ပွင့်က သူ့နဖူးပေါ်သို့ စိုက်ဝင်ကာ သေဆုံးသွားရတော့သည်။

ထန်ဖေ၏ဒဏ်ရာများ ပြင်းထန်လွန်းကာ ကြောက်စရာကောင်းလှ၏။ ပါးပြင်ပေါ်မှ ပုဆိန်ကြီးကို ဆွဲနုတ်နေ၏။



ထိုစဉ်မှာပင် လူရိပ်တစ်ရိပ်က သိမ်းငှက်ကြီးအလား ခုန်ဝင်လာပြီး ထန်ဖေ၏ပါးတွင် စိုက်ဝင်နေသော ပေါက်ချွန်း၏ လက်ကိုင်ရိုးဆီသို့ လက်လှမ်းဟန်ပြင်လိုက်သည်။

ထိုသူကား နန်ကူးချူပင်တည်း။

ပုဆိန်၏ အဖျားပိုင်းမှာ ထန်ဖေ၏ ထူထဲပြီးကျယ်ပြန့်သော မျက်နှာပြင်ထဲတွင် စိုက်ဝင်နေသည်။

ထက်စင်းရွှဲ့သည် အပြေးတစ်ပိုင်း ရောက်ရှိလာကာ မာန်သွင်းအော်ဟစ်လျက် နန်ကိုးချူအား လက်သီးပြင်းတစ်ချက် ထိုးသွင်းလိုက်သည်။ နန်ကိုးချူက ခေါင်းငုံ့ကာ ဇက်ပုပေးလိုက်သည်၊ လက်သီးချက်က လွဲဖယ်သွားပြီး ထန်ဖေ၏မျက်နှာကို မိမိရရ ထိသွားတော့သည်။

ထန်ဖေမှာ မျက်နှာတွင် ပုဆိန်ဒဏ်ရာရနေသည့်ကြားထဲ ထက်စင်းရွှဲ့၏ လက်သီးတစ်ချက်ပါ အဆစ်ဝင်လာသဖြင့် မျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်သွားတော့သည်။

ထန်ဖေမှာ ထက်စင်းရွှဲ့၏လက်သီးချက်ကြောင့် နောက်သို့ လွင့်ထွက်သွားသည်။ ဒဏ်ရာများပြင်းထန်စွာ ရရှိနေသည့်တိုင် စိတ်ဓာတ်ကျခြင်းကားမရှိသေး။ ပြန်ကန်အားကို ယူကာ ယန်တိုတို့နှင့် တိုက်ခိုက်နေသည့် နန်ကိုးဟန်ဆီသို့ ရောက်သွားသည်။

ထိုအချိန်တွင် ချူနန်းကူမှာ ထက်စင်းရွှဲ့နောက်မှရောက်ရှိလာပြီး ကိုယ်ကို အောက်သို့နှိမ့်ချကာ နန်ကိုးချူအား ပွေ့ဖက်သွားလိုက်သည်။

နန်ကုံးချူ အကြီးအကျယ် ထိတ်လန့်သွား၏။ ချူနန်းကု အား ခါထုတ်လိုက်သော်လည်း ပြုတ်တူပမာ မလွတ်တမ်း အပိုင်ဖမ်းပွေ့ထားသဖြင့် အခက်တွေ့နေ၏။ ထိုစဉ် မုံရှမ်း ဖုန်းနှင့် ခုံပြည့်လီတို့ထံမှ ဓားရှည်များရောက်လာ၏။ နန်ကုံး ချူ မာန်မီကာ အတင်းရုန်းသဖြင့် ချူနန်းကု၏ပွေ့ဖက်ခြင်းမှ လွတ်ထွက်သွားသည်။

သူ့ခြေလှမ်းများကမူ ဒယီးဒယိုင်ဖြင့် သူ့မျက်လုံးအမြင် အာရုံက မသဲကွဲဘဲ ဝေဝေဝါးဝါးဖြစ်လာ၏။

တစ်ဖက်တွင် နန်ကုံးဟာန်၏ ကျာပွတ်ရှည်သည် ယန်တို၏ တစ်ဖက်သွားဓားရှည်ကို ရစ်ပတ်နေသည်။ ထန်ဖေသည် ထိုနေရာသို့ ရောက်ရှိလာသဖြင့် လဲကျရင်းမှ နန်ကုံးဟာန်၏ခြေ ထောက်ကို အပိုင်အနိုင်လှမ်းဆွဲသည်။ နန်ကုံးဟာန် ကျာပွတ် ရိုက်ချက်ကို ထန်ဖေကျောပေါ်သို့ လွှဲပို့လိုက်သည်။

'ရှမ်း....'

ထန်ဖေ၏အင်္ကျီ စုတ်ဖြဲသွားသည်။ အသားများလန်ထွက် သွား၏။ ထိုအချိန်တွင် ထက်စင်းရွှဲ့ ရောက်ရှိလာသည်။ ထန်ဖေက ကျာပွတ်ရိုက်ချက်မိသည့်တိုင် နန်ကုံးဟာန်၏ ခြေ ထောက်ကို မလွှတ်သေး။ ဖမ်းမြဲဖမ်းဆုပ်ထားသည်။

ထက်စင်းရွှဲ့ ဘာမျှ စဉ်းစားမနေနိုင်တော့။ ထန်ဖေ အား နောက်ထပ် အန္တရာယ်ဖြစ်သွားမည်ကို မမြင်မတွေ့လို။



ချွတ်ခြည်းပင် နန်ကုံးဟာန်၏ ခေါင်းပေါ်သို့ ခုန်အုပ်ကာ လှန်ချိုးပစ်လိုက်သည်။

'ကျွတ်....ကျွတ်'

နန်ကုံးဟာန်၏မျက်နှာက ရှေ့နောက် ပြောင်းလဲသွား၏။

တစ်ချိန်တည်းမှာပင် ယန်တို၏ ဓားဦးချွန်ကလည်း နန် ကုံးဟာန်၏ နှလုံးသားနေရာတည့်တည့်ကို ထိုးစိုက်ဝင်ရောက် သွားသည်။ သည်တော့မှ ထန်ဖေလည်း ဖမ်းချုပ်ထားသော လက်ကို လွှတ်ပေးလိုက်သည်။ ထို့နောက် သူမ၏ ကြီးမား တုတ်ခိုင်လှသော ခန္ဓာကိုယ်ကြီးမှာ မြေပြင်သို့ ဗိုင်းခနဲ လဲကျသွားတော့သည်။

'ထန်ဖေ'

ထက်စင်းရွှဲ့၏ ကြေကြေကွဲကွဲ တုန်တုန်ယင်ယင် အော် ဟစ်လိုက်သံက သစ်တောအုပ်တစ်ခုလုံး ပဲ့တင်ထပ်သွား၏။

နန်ကုံးဟာန်မှာ လည်ကြီးလိမ်ကျိုးနေကာ ဒယီးဒယိုင်ဖြစ် နေ၏။ ယန်တိုက ဓားရှည်ကိုဆွဲနုတ်သွားပြီမို့ သူ့ရင်ဝမှ သွေးများ ပန်းထွက်နေသည်။ ဒယီးဒယိုင်ဖြင့် ရှေ့သို့ လမ်း လျှောက်သွားလျှင် လူတစ်ယောက်ကို တိုက်မိသည်။ ထိုသူကို ရှေ့မျက်နှာနှင့်မမြင်ရဲ နောက်မျက်နှာဖြင့် ကြည့်လိုက်လျှင် မျက်လုံးနှစ်လုံးမရှိတော့သော နန်ကုံးချူဖြစ်နေသည်ကို တွေ့ ရ၏။ နန်ကုံးချူ၏ နှုတ်ခမ်းထောင့်တွင် အဖြူမြှုပ်များထွက် နေသည်။

အသက်ပျောက်လုနီးနီးဖြစ်နေသော နန်ကုံးဟာန် အကြီးအကျယ်ပင် ထိတ်လန့်သွားသည်။ သူကိုယ်တိုင်က အသက်ရှင်ရှိသမ်း မခြင်သကိုး၊ နန်ကုံးချူကလည်း ပြင်းထန်စွာ ဒဏ်ရာရရှိနေခဲ့ချေပြီ။ မြေကြီးပေါ်တွင်လည်း နန်ကုံးပို၊ နန်ကုံးဝေ၊ နန်ကုံးကျင်တို့၏ အလောင်းများက ပြန့်ကြဲနေသည်။

နန်ကုံးဟာန်ရင်ထဲတွင် မီးတောက်မီးခဲများလို ပူလောင်လာသည်။ သူ၏သေခြင်းတရားနှင့်အတူ နန်ကုံးမိသားစုသိုင်းသောကထဲ၌ ကွယ်ပျောက်သွားရတော့မှာပါကလားဟု သိလိုက်၏။ ထိုသို့သိလိုက်ပြီးသည့်အချိန်မှာပင် သူ့အသက်က သူ့ခန္ဓာကိုယ်မှ ဖယ်ခွာထွက်သွားတော့သည်။

သူနှင့် မရှေးမနှောင်းမှ ပင် နန်ကုံးချူသည်လည်း သေဆုံးသွား၏။ နန်ကုံးမိသားစုတွင် နန်ကုံးလျံ တစ်ယောက်တည်းသာ ကျန်ရှိတော့သည်။ သူသည်လည်း အကောင်းပကတိ မဟုတ်။ လက်တစ်ဖက်ပြတ်နေသော 'ဒုက္ခိတ တစ်ယောက် ဖြစ်သွားရလေပြီ။

တိုက်ပွဲက ပြီးဆုံးသည့်အနေအထားသို့ ရောက်သွား၏။ ရှောက်ချူးရွှေတို့ဘက်မှ ချင်ဖုန်းပတ်နှင့် ရှီးမို့စွမ်းတို့ ကျဆုံးပြီး ထန်ဖေမှာ အပြင်းအထန်ပင် ဒဏ်ရာရခဲ့သည်။ ချန်ကျင့်ထွေသည် နန်ကုံးလျံကို ပွေ့ဖက်ထားရာမှ ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် ကြောင်အမ်းအမ်းဖြစ်နေသည်။ တိန်ယီဖိန်က ရှောက်ချူးရွှေအား လုပ်ကြံလိုက်သောကြောင့် ဖြစ်သည်။



နန်ကုံးလျံမှာမူ အကြီးအကျယ်ပင် စိတ်ဓာတ်ကျဆင်းနေသည်။ ဟုန်မင်ဝက်ပါ ခုနစ်ဦးထဲတွင် သူတစ်ယောက်တည်းသာ အသက်ရှင်လျက်ရှိနေသဖြင့် သူ့စိတ်ဓာတ်မည်မျှကြံ့ခိုင်သည်ဆိုစေ ကြီးစွာသောဆုံးရှုံးမှုကြီးက ချောက်ချားစေသည်ကား အမှန်ပင်ဖြစ်တော့သည်။

* * *

တိန်ယီဖိန်သည် ရှောက်ချူးရွှေအား ကြောင်အမ်းအမ်းကြည့်နေရင်းမှ....

'ချင်ဖုန်းပတ်သေပြီဆိုတာ ဘယ်လိုလုပ်သိတာလဲ'

ရှောက်ချူးရွှေက ခပ်သဲ့သဲ့ပြုံးလိုက်ကာ....

'ကျုပ် ခန့်မှန်းကြည့်လို့ သိတာပဲ'

'ငါသတ်တယ်လို့ မင်း ဘယ်လိုလုပ်သိသလဲ'

'ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာ လူဘုရင်ဖြစ်နေလို့ပဲ'

တိန်ယီဖိန်မှာ အံ့သြပြီးရင်း အံ့သြနေတော့သည်။

ရှောက်ချူးရွှေကိုလည်း တစ်ခါမျှ မမြင်ဘူးသလို ငေးကြည့်နေသည်။

'ဘယ်အချိန်ကစပြီး သိတာလဲ'

'ဝိုမေတောင် ကျားနိုင်ဘုရားကျောင်းမှာ တုန်းက.... ဩဇာအာဏာဂိုဏ်းရဲ့ အတွင်းလူသာမရှိရင် ဒီလောက်လူအုပ်ကြီးကို လွယ်လွယ်ကူကူနဲ့ ဖမ်းနိုင်မှာ မဟုတ်ဘူး၊ အားလုံး အိပ်ဆေးငွေ့ မိခဲ့ကြလို့ပဲ၊ ဒီလောက် ကျယ်ဝန်းတဲ့ ဘုရားကျောင်း ဝင်း ထဲမှာ အိပ်ဆေးငွေ့ လွှတ်ဖို့ဆိုတာ တကယ့်ကို မလွယ်တဲ့ အလုပ်ပဲ၊ ဒီကြားထဲမှာ တစ်စုံတစ်ခု အမှားအယွင်းရှိနေပြီဆိုတာ ကျုပ် သိလိုက်တယ်၊ စုံစမ်းကြည့်လိုက်တော့ ခင်ဗျားဖျော်တိုက်တဲ့လက်ဖက်ရည်ကြမ်းကို အားလုံး သောက်ရတယ်ဆိုတာ သိရတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ လက်ဖက်ရည်ကြမ်းထဲမှာ အိပ်ဆေးခတ်မထားဘူး ကိုယ်တော်ကြီး ယန်တိုလို ဝါရင့်တဲ့ပုဂ္ဂိုလ်တွေ ဆန်းကြည့်တာနဲ့ သိသွားမှာ စိုးရိမ်လို့ပဲ၊ လက်ဖက်ရည်ထဲမှာ အိပ်ဆေးမခတ်ပေမယ့် အိပ်ဆေးငွေ့တော့ ခတ်ခဲ့တယ်'

'ကျုပ်နဲ့ ထန်ဖန်းဟာ လက်ဖက်ရည်ကြမ်း သောက်ပြီး အပြင်ထွက်သွားလို့ အိပ်ဆေးငွေ့ မသင့်ခဲ့ဘူး၊ ဒါကြောင့် ဘာမှမဖြစ်ခဲ့ဘူး။ ဒါပေမယ့် အဲဒီညက ချီဟာန်စန်းက ထန်ဖန်းကို ဖမ်းခေါ်သွားတဲ့အတွက် ကျုပ် သတိလက်လွတ်ဖြစ်သွားမိတယ်၊ အဲဒါလဲ ခင်ဗျား ဖျော်ပေးလိုက်တဲ့ လက်ဖက်ရည်ရဲ့ အကျိုးကျေးဇူးပါပဲ'



တိန်ယိဖိန် ခြောက်ကပ်ကပ် ရယ်မောလိုက်၏။

'မင်း ခန့်မှန်းတာတွေ မမှားပါဘူး၊ ငါ့အကြောင်းကို ဘယ်အချိန်လောက်က မင်း သိခဲ့သလဲ၊ သံသယ ဖြစ်ရမယ့် လူတွေအများကြီးထဲမှာ ဘာ့ကြောင့် ငါ့ကိုပဲ ဦးတည်ပြီး သံသယဝင်ခဲ့ရတာလဲ'

'ဟုတ်တယ်၊ လူတွေကတော့ အများကြီးပဲ၊ ဒီအထဲမှာ သူလျှို ရှိနေမယ်ဆိုတာ ကျုပ် သိလိုက်တယ်'

ရှောက်ချူးရွှေ၏စကားက လူအားလုံးကို ဆွဲဆောင်ထားသည်။ သူ့စကားသံက ထက်ကြွမှုရှိနေသဖြင့် တစ်ဖက်လူများကို သံလိုက်ညို့သလို ဖြစ်နေတော့သည်။

'ခားမဘုရင် ယောင်ချူးစီဟာ ကျားနိုင်ဘုရားကျောင်းက အဖြစ်အပျက်တွေ၊ အခြေအနေတွေကို သိနေတယ်၊ ဩဇာအာဏာဂိုဏ်းရဲ့လက်ချက်ဆိုတာလဲ သူက အတိအကျ ပြောတယ်၊ ဒါပေမယ့် ဒီအကြောင်းကို ဂိုဏ်းချုပ်ကြီး လီချိန်ကြိုးက သိမနေခဲ့ဘူး၊ ဒါကြောင့် လီချိန်ကြိုး မသိဘဲ လျှို့ရှေ့ဖုန်းစီစဥ်တယ်ဆိုတာ ကျုပ်စဥ်းစားမိတယ်၊ ဒီအမိန့် လီချိန်ကြိုးပေးတာ မဟုတ်နိုင်ဘူး'

တိန်ယိဖိန် တအံ့တဩဖြစ်သွား၏။

'ဩော်....မင်းက ဂိုဏ်းချုပ်ကြီး လီကို ဒီလောက်အထိ ယုံကြည်နေတာကိုး'

'ဟုတ်တယ်၊ သူ ကျုပ်ကို မလိမ်ညာဘူး၊ ကျုပ်တာ သူ့ရန်သူဖြစ်ပေမယ့် သူ ကျုပ်ကို လိမ်မှာ မဟုတ်ဘူး'

ရှောက်ချုံးရွှေနှင့် လီချိန်ကြိုးတို့မှာ ဘက်မတူဘဲ ရန်သူဖြစ်နေသော်လည်း တစ်ယောက်နှင့်တစ်ယောက် နားလည်မှုကား ရှိခဲ့ကြသည်။ အပြန်အလှန် လေးစားမှုလည်း ရှိနေကြသည်။ သူတစ်ပါးကို လိမ်ညာကောင်း လိမ်ညာမည်ဖြစ်သော်လည်း တစ်ယောက်နှင့် တစ်ယောက် လိမ်ညာခြင်း မရှိကြ။

တစ်ခါတစ်ရံ အမြင်ချင်း ကွာလှမ်းသော်လည်း တစ်ခါတစ်ရံတွင်မူ နီးစပ်ရဲသာမက ထပ်တူထပ်မျှပင် ဖြစ်နေတတ်ပေသည်။ တစ်ယောက်အပေါ် တစ်ယောက် နိုင်ထက်စီးနင်းလည်း မလုပ်ချေကြ။

'လျှိုရွှေဖုန်းက ကျုပ်ကို ပြောပြခဲ့တယ်၊ အဖမ်း ခံရတဲ့ အထဲမှာ သူတို့ လူရင်းတစ်ယောက် ပါတယ်တဲ့၊ ပြီးတော့ ဘယ်မှာဖမ်းချုပ်ထားတယ်ဆိုတာ ကောင်းစုလန်ကို သွားရှာရင်း သိနိုင်တယ်တဲ့၊ ဒါဟာ လှည့်ကွက် တစ် ခု အဖြစ် တမင်ဖန်တီးလိုက်တာပဲ၊ မိုးဘုရင်ကြီးကျုံးရဲ့ လက်အောက် တပည့်တွေ လက်ချက်လို့ ထင်မှတ်အောင် လုပ်လိုက်တာပဲ၊ ဒါမှသာ ကျုပ်တို့ ဖေ့ မိသားစုကို ရှင်းပစ်နိုင်မယ် မဟုတ်လား'

ရှောက်ချုံးရွှေ စကားကို ခေတ္တရပ်ပြီး တိန်ယိဖိန်အား ကြည့်သည်။ တိန်ယိဖိန်၏အသွင်က အံ့သြသည့်တိုင်ထူးခြားမှု ရှိနေ၏။



'လျှိုရွှေဖုန်းဟာ တကယ်တော့ ကျုပ်တို့ လူတွေကို ကျားနိုင်ဘုရားကျောင်းမှာ ဖမ်းချုပ် ထိန်းသိမ်းထားချင်နေတယ်၊ ခင်ဗျား အိပ်ဆေးငွေ့ ချပြီးတဲ့ အချိန်မှာ မထင်မှတ်ဘဲ ဖေ့ မိသားစုကလဲ ရောက်လာတယ်၊ ခင်ဗျား တစ်ယောက်တည်းနဲ့ သူတို့ကို မခုခံနိုင်တော့ ရှောင်ပြီး သတိမေ့သလို ဟန်ဆောင်နေလိုက်တယ်၊ ဒါကြောင့် ဘုမသိဘမသိနဲ့ ဖေ့ မိသားစု လက် ထဲ ကျ ရောက် သွား ရတယ်၊ ခင်ဗျားကလမ်းတစ်လျှောက်လုံးမှာ လျှို့ဝှက်အမှတ်အသားတွေနဲ့ ဩဇာအာဏာဂိုဏ်းကို အကြောင်းကြားတယ်၊ လျှိုရွှေဖုန်း အဲဒီမှာ အကြံ ပြောင်း သွား တယ်၊ ကျုပ်ကို ကောင်းစုလန်ဆီ လွှတ်တယ်၊ ကောင်းစုလန်ဆီက သတင်းရပြီး ဂူဆန်းတောင်ပေါ် တက်မယ်ဆိုတော့ ဆန့်ကျင်မ်းအမျိုးအနွယ်တွေကို နောက်က စေလွှတ်ပြန်တယ်၊ သူတို့ မိသားစုနှစ်ခုကို တိုက်ခိုက်စေဘယ်၊ နောက်ဆုံးတော့ နှစ်ဖက်စလုံး သေကြေကြဘယ်၊ ဒီအထဲမှာ လစ်ဟာချက် တစ်ခုရှိနေတယ်၊ အစ်ကိုကြီး ယန်တိုကို မိုးဘုရင်ကြီး ကျုံးက ထောက်ခံမှုပေးနေတဲ့ ဖေ့ မိသားစုက ဖမ်းဆီးခေါ်ဆောင်သွားတယ်ဆိုတာ ကောင်းစုလန် အနေနဲ့ ဘယ်လိုလုပ်သိမှာလဲ၊ ဒီမှာတင်ပဲ ကျုပ်တို့လူစုထဲမှာ ဩဇာအာဏာဂိုဏ်းရဲ့ အင်အားကြီး အဆင့်မြင့် သူလျှို ဝင်နေပြီဆိုတာ ကျုပ် ကောင်းကောင်း သဘောပေါက်လိုက်တယ်'

မိုးသက်လေက ခပ်ပြင်းပြင်းကလေး တိုက်ခတ်လာသည်။

လေပြင်းနှင့်အတူ မိုးငွေ့လေးများပင် အနည်းငယ်ပါဝင်နေသယောင်။

'မထင်မှတ်ဘဲ ဖေ့စုလီတို့ ဇာနီးမောင်နှံက ကျုပ်နဲ့ အကြိုက်အနယ် မတိုက်ခိုက်ဘဲ အခြေအနေက ပြောင်းလဲသွားတယ်၊ ဖေ့မိသားစုက ဆန့်ကွမ်းမျိုးနွယ်ကို ရှင်းလင်းပစ်နိုင်ခဲ့တယ်၊ ဒီကိစ္စတွေက လျို့ဝှအတွက် တင်တာက တစ်ခြား ဖြစ်တာကတစ်လွဲဖြစ်သွားတယ်၊ ဒေါသလဲ ဖြစ်လာတယ်၊ ဒါနဲ့ နန်ကုံးမိသားစုကို ကျုပ်တို့သွားရာလမ်းမှာ ကြိုတင် စောင့်ပြီး လုပ်ကြံခိုင်းတယ်၊ တကယ်တော့ ဖေ့မိသားစုံ၊ ဆန့်ကွမ်းအမျိုးအနွယ်၊ ကျုပ်တို့တစ်တွေနဲ့ စောစောက နန်ကုံးမိသားစုတို့ဟာ မိုးဘုရင်ကြီး ကျူးနဲ့လျို့ဝှ တို့ရဲ့ စစ်တုရင်ခုံပေါ်က အရုပ်ကလေးတွေပဲ'

တိန်ယိဖိန်အမူအရာက တည်ငြိမ်ကာ အေးတိအေးစက်ရှိလာသည်။ ရှောက်ချူးရွှေကမူ သူ့စကားကို ယုံယုံကြည်ကြည်ပင် ရှိနေသည်။ တိန်ယိဖိန်က နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ကာ....

'ဒါတွေအားလုံးဟာ အပေါ်ယံကကြည့်ရင်တော့ တော်တော်ကလေး မှန်ကန်ပါတယ်၊ လူအများကြီးရှိလျက်နဲ့ ဘယ့်နှယ်ကြောင့် ငါတစ်ယောက်တည်းကို သံသယဖြစ်ခဲ့တာလဲ'

'ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာ လူဘုရင်ဖြစ်နေလို့ပဲ၊ လူဘုရင်ဟာ အလုပ်တစ်ခုကိုလုပ်ရင် ဘယ်တော့မှ ရှုံးနိမ့်တယ်ဆိုတာ မရှိဘူး'



ရှောက်ချူးရွှေ၏စကားက လူအားလုံးကို တုန်လှုပ်သွားစေသည်။ သူ့အစ်မဖြစ်သူ ရှောက်ဇွေးယီကို လက်ထပ်နိုင်ရန် ချဉ်းကပ်နေသော တိန်ယိဖိန်က လီချိန့်ကြူး၏လက်အောက် မိုးဘုရင်ကြီးရှစ်ဖော်ထဲမှ လူဘုရင်ဖြစ်နေသောကြောင့်ပင်တည်း။

ရှောက်ချူးရွှေသည် တိန်ယိဖိန်ကို လူဘုရင်ဖြစ်ကြောင်း သိနေပုံကို တိန်ယိဖိန် ပြန်လည်သိလိုကြောင်း ရိပ်စားနားလည်မိသည်။

'အစပိုင်းမှာတော့ ခင်ဗျားကို လူဘုရင်ဖြစ်မှန်း ကျုပ်မသိခဲ့ဘူး၊ ဒါပေမယ့် ပန်းချောင်းနံ့သော။မှာ တိုက်ခိုက်တဲ့ အချိန်ကျတော့ ခင်ဗျားအပေါ် ကျုပ် သံသယဝင်ခဲ့တယ်၊ လျို့ဝှကိုကယ်တင်ဖို့အတွက် ခင်ဗျား တော်တော်ကို အရဲစွန့်လုပ်ရှားခဲ့ရတယ်၊ ခင်ဗျားရဲ့ခန္ဓာကိုယ်နဲ့ အများရဲ့မြင်ကွင်းကို တမင် ပိတ်ဆို့ ကာရံပေးခဲ့တယ်၊ ဒါကြောင့်မို့ လျို့ရွှေဖုမူး ထွက်ပြေးနိုင်ဖို့ အခွင့်အရေးရသွားခဲ့တယ်၊ ဒီအဖြစ်အပျက်တွေဟာ ကျုပ် အမြဲသတိရှိပြီး မမေ့နိုင်အောင် စဉ်းစားတွေးတောရင်း ရလာတဲ့ သံသယတွေပဲ'

ပြောရင်းမှ ရှောက်ချူးရွှေ၏ မျက် နှာ အ မူ အ ရာ နှင့် မျက်လုံးအစုံက ခက်ထန်မာကျောလာသည်။

'ချင်ဖုန်းပင်၏ သေသွားပြီ မဟုတ်လား'

တိန်ယိဖိန် အသက်ပြင်းပြင်းတစ်ချက် ရှူရှိုက်လိုက်၏။

ဖြည်းညင်းသော လေသံဖြင့်....

'မင်းတို့တစ်တွေ အလွယ်တကူနဲ့ နိုင်သွားတာကို မတွေ့ချင်ဘူး၊ အနည်းဆုံး ထိုက်ထိုက်တန်တန်ကလေးတော့ ပေးဆပ်သွားစေချင်တယ်၊ ဒါမှသာ သြဇာ အာဏာ ဂိုဏ်းက ယောက်ခ်အားပေးတဲ့ နန်ကုံးဘူစန်းသိုင်းလောကရဲ့ အဓိပတိနေရာကို အလွယ်တကူနဲ့ ရသွားနိုင်မယ်၊ ဒါကြောင့် အငိုက်ဖမ်းပြီး ချင်ဖုန်းပတ်ကို သတ်လိုက်တာပဲ'

ထိုအချိန်မှာပင် ဒေါသမာန်ဖီသံနှင့်အတူ လူရိပ်တစ်ရိပ်က တိန်ယီဖိန်ထံသို့ ခုန်ဝင်လာသည်။ တိန်ယီဖိန်ကပျာကယာပင် နောက်ဆုတ်ကာ ဓားရှည်ကို အသင့်ပြင်လိုက်သည်။

ခုန်အုပ်လိုက်သူမှာ ချန်ကျင့်ထွေ ဖြစ်ပေသည်။

မိမိ၏ညီနောင် တိန်ယီဖိန်လက်ချက်ဖြင့် သေဆုံးခဲ့ရသောကြောင့် ထိတ်လန့်ဒေါသဖြစ်ကာ တိန်ယီဖိန်ထံသို့ ခုန်အုပ်သွားခြင်းဖြစ်သည်။ သို့သော် သူ့ခန္ဓာကိုယ်က တိန်ယီဖိန်ထံသို့ မရောက်ခဲ့။

တိန်ယီဖိန်၏ တောင်ပင်လယ်ဟိုင်နန်ဓားသိုင်းကွက်သည် အလွန်ပင်လျင်မြန်သွက်လက်ကာ ရက်စက်မှု အပြည့်ရှိသည်။ သူ့ဓားချက်ကို မည်သူမျှ ရှောင်တိမ်းနိုင်ခြင်း မရှိသေး။

ထို့အတွက် ချန်ကျင့်ထွေ အခြောက်တိုက်သေဆုံးမည်စိုးသောကြောင့် ရှောက်ချူးရွှေသည် ရှေ့သို့ ခြေလှမ်းတစ်လှမ်းတိုးတက်ကာ ချန်ကျင့်ထွေ၏ အင်္ကျီကို ရုတ်တရက်ဖမ်းဆွဲလိုက်ပြီး အနီးသို့ ခေါ်ထားလိုက်သည်။



တိန်ယီဖိန်မှာ ဓားကွက်ခင်းထားပြီမို့ ရပ်တန့်ခြင်းမပြုဘဲ ရှောက်ချူးရွှေထံသို့ ဆက်လက် ထိုးသွင်းလိုက်၏။ ရှောက်ချူးရွှေ၏ ညာလက်မှာ ဓားဆွဲထုတ်ရန် အချိန်မရ။ ရုတ်ခြည်းပင် တိန်ယီဖိန်၏ ဓားအဖျားကို လက်နှစ်ဖက်ဖြင့် ဆွဲညှပ်ထားလိုက်မိသည်။

ထိုအချိန်တွင် သူ့ဘယ်ဘက် ချိုင်းအောက် နေရာတွင် ဆစ်ခနဲ နာကျင်သွားသည်။ ဓားကောက်တစ်လက်က သူ့နံပါးကို ထိုးသွင်းလာသည်၊ သူ့ညာလက်သည် တိန်ယီဖိန်၏ ဓားဖျားကို ညှပ်ထားရသဖြင့် မအားလပ်။ ဘယ်လက်က ချန်ကျင့်ထွေကို ဆွဲဖမ်းထားရသဖြင့် တစ်စုံတစ်ယောက်၏ လုပ်ကြံခြင်းခံလိုက်ရခြင်း ဖြစ်ပေသည်။

သို့သော် ရှောက်ချူးရွှေမှာ နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်။ ဘယ်ဘက်နံပါးတွင် နာကျင်သွားသည်နှင့် ဘယ်ခြေကို မြှောက်ကာ ကန်ထုတ်လိုက်သည်။

'ဝုန်း....'

'အား...'

သူ့ခြေကန်ချက်က ပြင်းထန်လှသည်။ လူရိပ်တစ်ရိပ်လွင့်ထွက်သွားသလို ဓားကောက်လည်း လက်မှလွတ်သွား၏။

အတွင်းသူလျှို....။

ထိုသူကိုမြင်ရလျှင် ရှောက်ချူးရွှေ အံ့အားသင့်သွားမိတော့သည်။

*　　　*　　　*

'ဟင်.... ခင်ဗျား... ခင်ဗျားပါလား'

ရှောက်ချူးရွှေ နှုတ်မှ အံ့အား သင့်စွာ ရေရွတ် လိုက်မိသည်။

သူ့စိတ်အာရုံ ပျံ့လွင့်သွားချိန်တွင် တိန်ယိဖိန်သည် ဓား နောက်ထဲမှ အခြားဓားပါးတစ်လက်ကိုဆွဲထုတ်ကာ ရှောက်ချူးရွှေ၏ လည်မျိုဆီသို့ လှစ်ခနဲ ထိုးထောက်ထားလိုက်မိတော့သည်။

ရှောက်ချူးရွှေသည် သူ့အနေဖြင့် တိန်ယိဖိန်ကို ဟိန်းချုပ်ထားနိုင်ပြီဟု ထင်မှတ် ခဲ့သည်။ နောက်တစ်ယောက်က လုပ်ကြံလာပြန်ပြီ။ တိန်ယိဖိန်က သူ့ဓားကိုယ်ဘည်တွင် နှစ်ထပ်ပြုလုပ်ထားသော ဓားနောက်ထဲမှ နောက်ထပ် ဓားတစ်လက် ထုတ်ယူလိုက်သဖြင့် ရှောက်ချူးရွှေ မည်သို့မျှ မတတ်နိုင်တော့။ လူအားလုံးမှာလည်း လျှပ်တစ်ပြက်အတွင်း ဖြစ်ပျက်ခဲ့သည်မို့ ကယ်တင်နိုင်ရန် အချိန်မမီတော့။

အခြေအနေ အပြောင်းအလဲများက လုံး၀ ထင်မှတ်မထားသော ကိစ္စမျာပင်တည်း။

ရှောက်ချူးရွှေအား ဓားကောက်ဖြင့် ဝင်ရောက်လုပ်ကြံသူမှာ မြည်မကြီးသွေးသောက် အဓိပတိ ရွေးချယ်ပွဲတွင် ရှောက်ချူးရွှေကို ဖြစ်စေချင်လွန်းသဖြင့် မိုင်ပေါင်းရာထောင်ချီသော အရပ်မှ တကူးတက လိုက်ရှာခဲ့သည့် အချူးမလျှိုယို ဖြစ်နေလေသည်တကား။



လျှိုယိုသည် အကန်ခံရသော လက်ကောက်ဝတ်ကို လက်ဖြင့်ပွတ်သပ်နေသည်။ သူ့အမူအရာသည် ကိုယ့်စိတ်ကို ကိုယ်ကစိုးမရသည့်သူ တစ်ယောက်နှယ် ကြောင်စီစီဖြစ်နေ၏။

'ခင်ဗျား ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

ရှောက်ချူးရွှေက လျှိုယိုကိုမေးသည်။

လျှိုယိုမဖြေခင်မှာပင် တိန်ယိဖိန်က အားပါးတရ ရယ်မောလာ၏။

'သူက မင်းတို့လူသိုက်ထဲမှာ ဘာလုပ်နိုင်မှာလဲ၊ သူ့ရဲ့ မဖြစ်စလောက်ပညာကို ဘယ်သူက အထင်ကြီးမှာလဲ၊ သူ့လို မိန်းမသားတစ်ယောက်အတွက် အားကိုးဖို့အဖော် အလှော်မရှိဘဲ နေရတော့မှာလား၊ သူ့ဘဝအတွက် အာမခံချက်ရှာရတော့မှာပေါ့၊ ကျွားရဲဆယ်ကောင်ကလဲ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးနေတယ်၊ ဒီအတွက် သူ့စိတ်အတော်ပျက်နေတယ်၊ ဒါကိုသိလို့ ငါက စည်းရုံးသိမ်းသွင်းလိုက်တယ်၊ ချင်ဖုန်းပတ်ကိုသတ်ပစ်လိုက်တာ သူပဲ၊ အကြံအကျပြောရရင် ငါက ချင်းဖုန်းပတ် ငါ့ဆီ အာရုံရောက်နေအောင် ဆွဲဆောင်ထားတယ်၊ အဲဒီအချိန်မှာ သူက နောက်ကနေ ဓားနဲ့ဝင်ခုတ်သတ်ခဲ့တယ်'

တိန်ယိဖိန်မှာ ရှင်းပြနေရင်းမှ ဓားရှည်ကို ရှောက်ချူးရွှေ၏ လည်မျိုတွင်းသို့ ထိုးသွင်းချင်စိတ် ပေါ်လာသည်။

သို့သော် သူ့စိတ်ကို ထိန်းချုပ်ထားရ၏။ ရှောက်ချူးရွှေ သူ့လက်ချက်ဖြင့် အသက်ထွက်သွားသည်ကို ကြည့်လိုသော်လည်း သူ့အသက်ကို ရှောက်ချူးရွှေ အသက်ထက် ပို၍ တန်ဖိုးထားနေသည်။

ရှောက်ချူးရွှေ သေပြီထား။ သူကကော လွတ်ပါမည်လား။

ယန်တိုး မုံရှမ်းဖုန်၊ ခုံပြည့်လီနှင့် ကိုယ်ဘော်လေးလင်တို့ကို သူ ယှဉ်ပြိုင်နိုင်မည်မဟုတ်။ သူတို့၏ဒေါသဓားချက်များအောက်တွင် နုပ်နုပ်စင်းပြီးသား ဖြစ်သွားနိုင်ပေ၏။ ထို့ကြောင့် ရှောက်ချူးရွှေအား ဓားစာခံအဖြစ်ထားကာ သူ့လွတ်လမ်းကို ရှာဖွေရန်ဆုံးဖြတ်လိုက်သည်။

'ခင်ဗျားတို့ တစ်ယောက်မှမသူပ်ကြနဲ့၊ ဒါမှ ရှောက်ချူးရွှေအသက် တည်မြဲနိုင်မယ်'

ပြောပြောဆိုဆိုပင် ရှောက်ချူးရွှေ၏ သွေးကြောကွက်အချို့ကို သတိကြီးစွာထားလျှက်ပိတ်ဆို့လိုက်သည်။ အရေးကြီးသည့် သွေးကြောကွက်နှစ်ကွက်ကိုပါ ထပ်မံပိတ်ဆို့လိုက်ပြန်သည်။ စိတ်ချရသော အနေအထားရောက်မှ အသံသေးအသံကြောင်ဖြင့် ရယ်မောလိုက်၏။

'သူ အခု ကျုပ်ရဲ့ ဓားစာခံဖြစ်သွားပြီ။ ခင်ဗျားတို့ တစ်ယောက် အကြမ်းဖက်လာမှုင် သူ့အသက်သေပြီသာမှတ်'



ယန်တိုတို့ မည်သူမျှ မလှုပ်ရဲ။ သူတို့အသက်ထက် ရှောက်ချူးရွှေအသက်ကို ပို၍တန်ဖိုးထားသဖြင့် ငြိမ်နေကြရသည်။

ထိုအချိန်မှာပင် မိုးကစတင်ရွာချလာတော့သည်။

ရှောက်ချူးရွှေ၏ လက်နှစ်ချောင်းက တိန်ယိဖိန်၏ဓားရှက်ကို ဖမ်းညှပ်ထားပြီ။ တိန်ယိဖိန်သည် မိုးရေကြောင့် စိုစွတ်နေသော ဆံပင်ကို ခေါင်းခါယမ်းထုတ်လိုက်သည်။

'ငါ့ဓားဟာ ကြမ်းတမ်းတဲ့လက်နက်တစ်ခုပဲ၊ ဒါပေမယ့် ဓားတကာ့ဓားမှာ တကယ့်ကြောက်စရာကောင်းတဲ့ လက်နက်တစ်ခုဖြစ်တယ်၊ အခု မင်းညှပ်ထားတဲ့ ဓားရှည်ဟာ ကြမ်းတမ်းပေမယ့် အပေါ်ယံလက်နက်တစ်ခုသာ ဖြစ်တယ်၊ အဲဒီဓားရှည်ထဲက နတ်ဓားကို တစ်မိုးအောက်မှာ ဘယ်သူမှ မယှဉ်နိုင်ဘူး'

တိန်ယိဖိန်သည် ပြောပြီးပြီးချင်းပင် လက်တစ်ဖက်ဖြင့် ရှောက်ချူးရွှေညှပ်ထားသော ခါးရှည်ကို ဖြုတ်ယူလိုက်သည်။

ရှောက်ချူးရွှေက တိန်ယိဖိန်ကို အေးစက်စက်ကြည့်ကာ

'ခင်ဗျားရဲ့ညီလေး သေသွားရတာ တကယ့်ကို နှမြောစရာကောင်းတာပဲ'

တိန်ယိဖိန်၏ညီမှာ တိန်ယိဟန်ဖြစ်၏။ တိန်ယိဟန်သည် ဩဇာအာဏာဂိုဏ်းကို တိုက်ပွဲဝင်ရင်း သေဆုံးခဲ့ရခြင်းဖြစ်လေသည်။

တိန်ယိဖိန်မှာ ထိုစကားကြောင့် စိတ်လှုပ်ရှား သွား မိလေသည်။

တစ်မိဝမ်းအတွင်းမှ ဆင်းသက်ခဲ့သော ညီ ကို သူ ချစ်သည်။

ဓားပျံနတ်ဆိုး ဆားချန်သိန်း၏ လက်ချက်ကြောင့် တိန်ယိဟာန် သေဆုံးခဲ့ရသောအခါ သိုင်းလောကကို သူ စိတ်နာလာသည်။ သိုင်းလောကမှ ထွက်လိုက်တော့မည် ဟုလည်း စိတ်ကူးမိသည်။ သို့သော် တောင်ပင်လယ် ဓားပညာမှာ အစွမ်းအစ ထက်မြက်လွန်းသည့်၊ အင်အားကမူ မရှိ။ သို့အတွက် ဩဇာအာဏာဂိုဏ်း၏ ပံ့ပိုးထောက်ခံမှုကို သူ ခံယူခဲ့သည်။

သိုင်းလောကမှ ထွက်မသွားဖို့ သူ ဆုံးဖြတ်ခဲ့သည်။

ယခု ရှောက်ချူးရွှေက သူ့ညီအကြောင်း ပြောလာသောအခါ စိတ်လှုပ်ရှားလာ၏။

'နောက်ထပ် မင်း ဒီစကားမျိုး ပြောကြည့်စမ်း၊ တစ်ချက်တည်းနဲ့ အသေသတ်ပစ်မယ်'

ထိန်ယိဖိန်က ဒေါသတကြီး ပြောသည်။

ပြောရင်းမှ သူ့မျက်လုံးအစုံ ပြူးကျယ်သွားရသည်။

ရှောက်ချူးရွှေ အဘယ့်ကြောင့် စကားပြောလာနိုင်ရှာသနည်း။



စောစောက သူပိတ်ဆို့ခဲ့သည့် သွေး ကြော ကွက် တွင် စကားမပြောနိုင်သည့် သွေးကြောကွက်လည်း ပါသည်ကို အသေအချာသိသည်။

သူ အကြီးအကျယ်ပင် ထိတ်လန့်သွား၏။

နောက်သို့ဆုတ်ရန်ကြိုးစားသော်လည်း အချိန်မမီတော့။

ရှောက်ချူးရွှေ လက်ဖြင့်ညှပ်ထားသော ဓားဦးချွန်က ရှေ့သို့ လျှပ်တစ်ပြက်ထိုးထွက်ကာ သူ့ရင်အုံထဲသို့ ဒုတ်ခနဲ စိုက်ဝင်သွားတော့သည်။

ရှောက်ချူးရွှေသည် တုန်လှုပ်ပြီး သူ့ကို မယုံကြည်စွာ ကြည့်နေသည့် တိန်ယိဖိန်၏မျက်လုံးကို စိုက်ကြည့်လိုက်သည်။

'ရှောင်လင်ကျောင်းတော်က ပေါက်ရှန် ကိုယ်တော်ရဲ့ အကြောအပြောင်းပညာက ခန္ဓာကိုယ်ပေါ်မှာရှိတဲ့ အကြောတွေကို ရွှေ့လျားပြောင်းလဲနိုင်တယ်၊ ဒီလိုလုပ်ဖို့က သိပ်ခက်လှတာ မဟုတ်ဘူး၊ ခင်ဗျားက ရန်သူကို အထင်သေးတယ်၊ နောက်ပြီး ခင်ဗျားဟာ ခင်ဗျားရဲ့ဓားကို သိပ် ယုံကြည်တယ်၊ ဓားဆိုတာ ကြမ်းတမ်းတဲ့ လက်နက်တစ်ခုသာဖြစ်တယ်၊ ဓားကြမ်းကိုမသုံးရင် ပိုကောင်းတယ်။ ဓားသုံးတဲ့သူဟာ ဓားကိုပဲ အားကိုးတယ်၊ ကိုယ့်အန္တရာယ်ကိုတော့ သတိမထားမိတတ်ဘူး'

တိန်ယိဖိန်မှာ နာကျင်လွန်းသဖြင့် ဝေဒနာကို ချိုမဆံ့ ခံစားနေရလေသည်။

'လျှို့ယို'

သူ့အသံက အက်ကွဲတုန်ယင်နေသည်။

လျှို့ယိုမှာ ထိတ်လန့်ပြီး အံ့သြတကြီး ဖြစ်နေသည်။ သူမသည် သူ့ကိုယ်သူထိန်းချုပ်နိုင်ဖို့အတွက် ဩဇာအာဏာရှိကျား၏ အရိပ်ကို ခိုလှုံလိုက်သည်၊ တိန်ယိဖိန်ကို ဆရာ တင်ထားလိုက်သည်။ ယခု သူမတွင် မှီခိုရမည့်သူ မရှိတော့သောအခါ ပျာယာခတ်လာ၏။ တိန်ယိန်ဖိန်ထံသို့ ပြေးသွားပြီး ကပျာကယာ ပွေ့ထူပေးမထားလိုက်သည်။

စိတ်လှုပ်ရှားလွန်းသလိုကိုယ့်ဘဝအတွက်ကိုယ် ဝမ်းနည်းလွန်းသဖြင့် မျက်ရည်များ စီးကျဆင်းကြွေးလာသည်။

'ရှင်...ရှင် သေလို့မဖြစ်ဘူး၊ ကျွန်မ...ကျွန်မ ဘယ်သူ့ကို အားကိုးရတော့မှာလဲ'

လျှို့ယို၏ အဖြစ်မှာ ကြေကွဲစရာပင် ကောင်းလှသည်။ အရိပ်ကိုရှာမိကာမှ သစ်ခြောက်ပင်အောက် ရောက်နေရသည့် ဘဝမျိုး။ တစ်ဖန် သူ့စိတ်သည် ဗွီဟရှိနေခဲ့၏။

တိန်ယိဖိန်ကို ရှောက်ချူးရွှေ ထိန်းချုပ်ထားစဉ်က သူ့စိတ်ထဲတွင် ရှောက်ချူးရွှေကို အမုန်းပွားနာကြည်းခဲ့သည်။ ရှောက်ချူးရွှေကို ဓားကောက်ဖြင့် လုပ်ကြံပြန်သောအခါ ဓားထိသဖြင့် ရှောက်ချူးရွှေ နာကျင်သွားသည့် အမူအရာကို မြင်ရလျှင် သူ့စိတ်ထဲ၌ သနားမိပြန်သည်။ သို့အတွက်



သူ့ဓားချက် နှေးသွားကာ ရှောက်ချူးရွှေ၏ အကန်ကို ခံလိုက်ရခြင်း ဖြစ်ပေသည်။

ယခု တစ်ဖန် သူ့တစ်ကိုယ်လုံးပုံအပ်ကာ အယုံကြည်ကြီးယုံကြည်ကိုးစားမိသော တိန်ယိဖိန်၏ရင်ဝတွင် ဓားစိုက်ဝင်ကာ သွေးများ ယိုစီးနေသည်ကို တွေ့ရသောအခါ သူ့ဝိညာဉ်က အသူတစ်ရာချောက်ထဲသို့ ထိုးကျ သွားသလို ခံစားမိလာသည်။ သူ့စိတ်အစဉ်က အဓိပ္ပာယ်မဲ့ လွင့်မြောနေတော့သည်။

'ရှင်...ရှင် သေလို့ မဖြစ်ဘူး၊ သေလို့ မဖြစ်ဘူး'

လျှို့ယိုသည် ထိုစကားကိုသာ ထပ်ကာသဲသဲ ပြောနေ၏။ ထိုစကားမှတစ်ပါး သူ့တွင် ပြောစရာ စကားလဲမရှိ။

တိန်ယိဖိန်နှုတ်ခမ်းတွင် ကောက်ကျစ်သောအပြုံး ပေါ်လာသည်။ ဒဏ်ရာကြောင့် သူ့လေသံက မဝဘိုက်ခွမ်းနယ်နေ၏။

'ကျုပ် မသေသေးဘူး၊ ငါပေမယ့်...မင်း...မင်း ကျုပ်ထက်အရင် သေရမယ်'

ပြောပြောဆိုဆိုပင် လျှို့ယို၏ ဝမ်းဗိုက်အတွင်းသို့ သူ့လက်ထဲမှ ဓားရှည်ဖြင့် ထိုးသွင်းလိုက်သည်။ လျှို့ယို ခွေပြီးလဲကျသွား၏။ သူမအသွင်မှာ ယခုမှပင် တကယ့် အရူးမကြီး တစ်ယောက်လို ဖြစ်နေတော့သည်။

'ရှင်....ရှင် ဘာဖြစ်လို့ ကျွန်မကို သတ်....သတ်ရတာလဲ'

တိန်ယိဖိန် ရယ်မောလိုက်၏။ သူ့ရယ်သံက တစ္ဆေသူရဲ အော်သံလို ဖြစ်နေသည်။

'ဘာကြောင့်လဲဆိုတော့ ကျုပ်ဟာ လူဘုရင် ဖြစ်လို့ပဲ၊ မင်းဟာ ကျုပ်ရဲ့ အသုံးတော်ခံ မိန်းကလေး တစ်ယောက် ဖြစ်တယ်၊ နောက်ထပ် မင်းကို ဘယ်သူ့မှ အသုံးပြုခွင့်မပေးနိုင်ဘူး'

တိန်ယိဖိန် စကားကို ခဏ နားပြီး အသက် ပြင်းပြင်း ရှူသည်။

ထို့နောက် ပြတ်တောင်းသော လေသံဖြင့်....

'လူဘုရင်ဟာအနည်းဆုံးလူတစ်ယောက်ကိုတော့ အဖော်ခေါ်သွားရမယ်၊ အခု ကျုပ်မှာ အားအင် ကျန်သေးတယ်၊ ဒီအားအင်က မင်းကို သတ်နိုင်စွမ်းရှိတယ်၊ ဒါကြောင့်....'

လျှိုယို၏မျက်လုံးအစုံမှာ သေခါနီး တိရစ္ဆာန် အရိုင်းအစိုင်းတစ်ကောင်လို ဖြစ်လာသည်။

'ဒါကြောင့် ရှင်....ရှင်က ကျွန်မကို သတ်လိုက်တာပေါ့'

တိန်ဖိယိန် ခေါင်းညိတ်၏။

ထိုစဉ် လျှိုယိသည် လျှပ်တစ်ပြက် ခုန်အုပ်သွားပြီး တိန်ဖိယိန်၏ လည်ပင်းပေါ်မှ သွေးကြောကို ကိုက်ဖြတ်ချလိုက်တော့သည်။

※

အခန်း ( ၈ )

မိုးက တစ်ဖွဲဖွဲ ရွာချရာမှ သည်းလာသည်။

လေပြင်းကလည်း မိုးနှင့်အတူ ပါလာသဖြင့် မိုက်ချင်းမြို့၏ ပြည်မကြီး သွေးဆောက် အဓိပတိရွေးချယ်ပွဲ စင်မြင့်သည် မိုးရေအောက်တွင် ရွဲရွဲစို နစ်သွားတော့သည်။

သို့သော် ပွဲကြည့်ပရိသတ်များကား တစ်ယောက်မျှ ထမပြန်ကြ။ ပြိုင်ပွဲကို ဇွဲကောင်းကောင်းနှင့်စောင့်ဆိုင်းကြည့်ရှုနေကြသည်။

ရှောင်လင်ဂိုဏ်းသား ဟိုပင်မှာ စိရှေ့ချင်းအား အနိုင်ယူပြီး နောက်ထပ် ခြောက်ပွဲတိုင်ပင် ဆက်လက်အနိုင်ယူကာ သရဖူဆောင်းနေ၏။

ဦးစီးမှူး ကျူးကိုသည် ဟိုပင်နှင့် ယှဉ် ပြိုင် မည့်သူကို ငါးကြိမ်တိတိ ဖိတ်ခေါ်သည်။ မည်သူတစ်ဦး တစ်ယောက်မျှ

တက်မလာကြ။ ဟိုပင်မှာ အောင်နိုင်သူ တစ်ယောက် ဖြစ်သည်မို့ ဝင့်ကြွားစွာပင် ထိုင်နေသည်။ အသက် ငယ်ရွယ်သော်လည်း သိက္ခာတော်ရ ပုဂ္ဂိုလ် တစ်ယောက် လိုပင် ဣန္ဒြေရနေသည်။

ခနာက်ထပ် ပြိုင်ပွဲဝင်မည့်သူ ရောက်မလာသဖြင့် ပွဲကြည့် ပရိသတ်တို့မှာ သက်မတချချ ဖြစ်နေကြ၏။ ပြည်မကြီး သွေးသောက် အဓိပတိနေရာကို ရှောင်လင် ဟိုပင် ရတော့မည်လားဟုလည်း ထင်ကြေးပေးနေကြသည်။

လူအများ စိတ်ဝင်စားနေစဉ်မှာပင် လူရိပ် တစ်ရိပ်က စင်ပေါ်သို့ ထူးဆန်းစွာ ရောက်ရှိသွားသည်။ ထိုလူရိပ်က ဟိုပင်ထံသို့ အရှိန်ပြင်းစွာ ဦးတည်သွားနေ၏။ ဟိုပင်သည် မာန်ဖီ အော်ဟစ်ကာ မတ်တတ် ထရပ်လိုက်၏။ တစ်ဆက်တည်းမှာပင် လက်ကို ဆန့်တန်းကာ တုတ်ရှည်ဖြင့် ရိုက်ချလိုက်သည်။

'ဖြောင်း'

သူ့ထံသို့ ဝဲလွင့်ဝင်ရောက်လာသည့်အရာဝတ္ထုက ကြေမွသွားသည်။ ထိုအချိန်မှာပင် လက်ခုပ်တီးသံနှင့်အတူ လူတစ်ယောက်၏ ကြည်လင်သောစကားသံ ထွက်ပေါ်လာ၏။

'နောင်တော် ဟိုပင်ရဲ့ ပညာက ဘယ်ဆိုးလို့တုံး'

လူအများမှာ အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။



လက်ခုပ်တီးကာ မှီးကျူးစကား ဆိုလိုက်သူကလည်း လူငယ်တစ်ဦး ဖြစ်နေ၏။ ယောဂီဝတ်စုံလို အညိုရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး သူတော်စင် တစ် ယောက် အ လား မျက်နှာထား တည်ကြည်လေးနက်နေသည်။

'ဟာ....ကျောက်ကျင့်ချူး ရောက်လာပြီပဲ'

'ဝူတန်ဂိုဏ်းရဲ့ လူငယ် နံပါတ်တစ် အဆင့်ဖြင့် သိုင်းသမား ကျောက်ကျင့်ချူး ပါလား'

'ဒီတစ်ခါတော့ ရှောင်လင်နဲ့ဝူတန်တို့ ပွဲကြီးပွဲကောင်း တွေ့ကြပြီ'

ပရိသတ်များ၏ ထင်ကြေးပေး ရေရွတ်သံများက ဆူညံသွားသည်။

ဟိုပင်က တုတ်ရှည်ဖြင့် ကြေမွအောင် ရိုက်ပစ်ခဲ့သော အရာဝတ္ထုမှာ ကျောက်ကျင့်ချူး၏ အပေါ်ဝတ်ရုံရှည်ကြီး ဖြစ်ပေသည်။ ကျောက်ကျင့်ချူးက တမင်သက်သက် ဝတ်ရုံကိုချွတ်ကာ ပစ်လွှတ်လိုက်ခြင်းသာ ဖြစ်၏။ ဟိုပင်က တုတ်ရှည်ပေါ်တွင် အားသက်ရောက်စေကာ ရိုက်ထုတ်ပစ်လိုက်သဖြင့် ဝတ်ရုံရှည်ကြီး ကြေမွသွားရသည်။ ရှောင်လင်ကျောင်း၏ အတွင်းအားပညာမှာ မခေကြောင်း လူတိုင်း အံ့အားသင့်စေတော့သည်။

သို့သော် ပြိုင်ပွဲခုနစ်ပွဲကိုဆင်နွှဲကာ အရှိန်ရလာသည့် ဟိုပင်မှာ ဤတစ်ကြိမ်တစ်ခါလောက် စိတ်လှုပ်ရှားခြင်းကား

မဖြစ်ခဲ့။ သို့အတွက်ကြောင့်သာ အတွင်းအားကို ထုတ်သုံးလိုက်ရသဖြင့် ဝတ်ရုံရှည်ကြီး ကြေမွသွားရခြင်း ဖြစ်ပေ၏။

မိမိ၏ ရှောင်လင်ဂိုဏ်းသား အောင်ပွဲရနေသဖြင့် တစ်ချိန်လုံးပြုံးစိစိဖြစ်နေသော တိယန်မှာ ကျောက်ကျင့်ချူးကို တွေ့လိုက်ရသည်နှင့် ချက်ချင်းပင် မျက်နှာမည်းသွားတော့သည်။ ဝူတန်ဂိုဏ်း၏ ဝါရင့်ပုဂ္ဂိုလ် တာ့စွေကိုလည်း စူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်မိတော့သည်။

တာ့စွေသည် စောစောက တွေ့မှိုင်သလိုဖြစ်နေသလောက် ယခုအခါတွင်ကား မုတ်ဆိတ်ဖြူများကိုသပ်ကာ ကြည်လင်ရွှင်ပျနေသည်။ ပြုံးစိစိ ဖြစ်နေသည်။ သူ့လူအတွက် သူအပြည့်အဝ ယုံကြည်ဟန်လည်း ရှိနေသည်။

ကျောက်ကျင့်ချူး၏ဘွဲ့နာမည်မှာ 'ရွက်ကြွေမြေခ'ဟူ၏။ ဝူတန်ဂိုဏ်း၏ သားတပည့်များထဲတွင် ရာထူးအဆင့်အတန်းမြင့်မားကာ နာမည်အထွက်ဆုံး လူငယ်လူတော်တစ်ယောက်ဖြစ်၏။ သိုင်းပညာတွင် အကောင်းဆုံးနှင့် သိုင်းလောကဗဟုသုတတွင် အကြွယ်ဝဆုံးဟုလည်း တင်ထားလောက်သူတစ်ယောက်ဖြစ်သည့် နဂါးပျံဓားသမား ကျောက်ဖေဖန်၏ တစ်ဦးတည်းသော သားလည်းဖြစ်၏။

တစ်ဦးတည်းသောသားမို့ ဖခင်၏ ဓားသိုင်းပညာကို အပြည့်အဝ အမွေရရှိခဲ့သည်။ သူသည် ပြည်မကြီး သွေး



သောက်အဓိပတိနေရာကို ရယူလိုက်နိုင်လျှင် သိုင်းလောကတစ်ခုလုံးသည် ဝူတန်ဂိုဏ်း၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်သို့ ရောက်သွားရပေတော့မည်။

တိယန်သည် ယခုအချိန်ကျမှ တာ့စွေ၏အကြံကို ရိပ်မိလိုက်သည်။ ဟိုပင်ကို လက်ပန်းကျအောင် ခုနစ်ပွဲတိတိ တိုက်ပွဲဝင်စေပြီးမှ ကျောက်ကျင့်ချူးအား တမင်ထွက်လာစေခြင်းဖြစ်ပေသည်။

ထို့ကြောင့် တိယန်က အေးစက်စက် ရယ်မောလိုက်၏။

'ဆရာကြီးကျောက်က ဘာကြောင့်ရောက်မလာရတာလဲ၊ အခုလို တပင်တပန်းမွေးထုတ်ပေးထားရတဲ့ အစွမ်းအစကို လာကြည့်ဖို့ကောင်းတာပေါ့'

တိယန်အသံက တိုးညင်းလှသော်လည်း လူလေးငါးယောက်ကို ကျော်ဖြတ်ပြီး တာ့စွေနားထဲသို့ ဝင်ရောက်သွားစေနိုင်ပေသည်။

'နောင်တော်ကျောက်က သူကိုယ်တိုင် အမြင်ကို ထွက်ခဲ့ပါတယ်'

တာ့စွေက ခပ်မျှင်မျှင်ပြုံးကာပြောသည်။

တိယန်က အေးတိအေးစက်ရယ်သံဖြင့်....

'အင်း....ဆရာကျောက်ရဲ့ဟိတ်ဟန်က တဖြည်းဖြည်း မြင့်မားနေပါလား'

ကျောက်ဖေဖန်သည် ဝူဘန်ဂိုဏ်းတွင် ထက်ချီ၊ ယင်ဖိန်တို့နှင့် ဂိုဏ်းချုပ် ထိုက်ဖုန်ကဲ့သို့ ဝါရင့်ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေသည်၊ အပြင်လူများ လက်ခံတွေ့ဆုံနိုင်ရန် မလွယ်ကူချေ။

တာ့စွေ ဒေါသထွက်ခြင်းမရှိ။ ပကတိတည်ငြိမ်စွာပင်....

'ဗီလောက်တောင်လဲ မဟုတ်သေးပါဘူးလေ၊ ခင်ဗျားတို့ဂိုဏ်းက နောင်တော်ကြီးတိကျိုလဲ ကြွမလာသေးဘူး မဟုတ်လား'

'တိကျိုသည် ရှောင်လင်ဂိုဏ်း၏ အဆင့်မြင့်ပုဂ္ဂိုလ်ခုနစ်ဦးအနက် အသက်မသေဘဲကျန်ရစ်ခဲ့သည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်ပေသည်။

ထင်းကျင့်၊ မုကျဲ၊ မုချန်၊ မုပဲ့၊ လုံဟူနှင့် ပေါက်ရှန်တို့မှာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပေသည်။သည့်အတွက် တိကျိုမှာ ဝမ်းနည်း ပူဆွေးလွန်းသဖြင့် ရှောင်လင်ကျောင်းတော်မှ ထွက်ခွာမလာနိုင်ခြင်း ဖြစ်ပေသည်။ ဟိတ်ဟန်ထုတ်ကာ ငြိမ်သက်နေခြင်း မဟုတ်ပေ။

တိယန်မှာ တာ့စွေကို အမြင်ကပ်လာသဖြင့်....

'နောင်ကြီးတိကျို ရောက်လာဖို့ဆိုတာ ဆရာကျောက်ဒီနေရာမှာရှိနေမှ ဖြစ်မှာပေါ့'

တာ့စွေ ကြောင်အမ်းအမ်းဖြစ်သွား၏။ တိယန်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို သဘောမပေါက်။



'အို .... ဒါဆို ဆရာတိကျိုရဲ့ မျက်လုံး အကြည့်အားကတကယ်လဲ ထက်မြက်လှချည်လား'

နှစ်ယောက်သားမှာ ဤသို့ဖြင့် အချီအချ စကားနိုင်လုနေကြရာ တစ်ယောက်ကိုတစ်ယောက် အလျှော့ပေးခြင်း မရှိခဲ့။

ထိုစဉ်....

'ဝူတန်ဂိုဏ်းနဲ့ ရှောင်လင်ဂိုဏ်းဟာ အချင်းချင်းခွပ်နေကြတာကိုး'

ရုတ်ချည်းထိုက်သည့် စကားသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။ တိယန်မှာ စိတ်ထက်သူမို့ ထိုစကားကြားလိုက်ရလျှင် အကြီးအကျယ် ဒေါပွသွားရတော့သည်။

စိတ်ထားဖြူစင်ခြင်းအားဆောင်သည့် တာ့စွေပင် အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်မိသည်။

သူတို့နှစ်ယောက်၏အကြား မလှမ်းမကမ်းတွင် လူသုံးယောက်ရှိနေ၏။ စကားသံမှာ ထိုသုံးယောက်ထဲတွင် တိုးညင်းစွာ ထွက်ပေါ်လာခြင်းဖြစ်သည်။

တာ့စွေနှင့်တိယန်တို့နှစ်ယောက်မှာ ထိုစကားကို လူသုံးဦးအနက် မည်သူက ပြောဆိုလိုက်မှန်း မသိကြ။ အလယ်ကလူမှာ ဟိတ်ဟန်အားမာန်အပြည့်ရှိကာ တိယန်နှင့်တာ့စွေတို့လို အဆင့်မြင့်ထိပ်သီးပုဂ္ဂိုလ်ကြီးတို့နှင့် မျက်လုံးချင်း ဆုံမိလျှင် ထိတ်ခနဲရင်ထဲ၌ လှုပ်မှုန်သွားမိကြသည်။

ဘယ်ဘက်အစွန်မှလူမှာ ပခုံးကိုပင့်ကာ တင့်တယ်လွန်းသည်။ အသက်အရွယ်ကြီးရင့်ပြီး ဖြစ်သော်လည်း သန်မာကြံ့ခိုင်ပုံရကာ သူ့မျက်လုံးအစုံမှာ အရောင်တဖျပ်ဖျပ်လက်နေသည်။ သူ့ကိုယ်ပေါ်တွင် သံချေးရောင်ဝတ်စုံကြီးကို ဝတ်ဆင်ထားပြီး တည်ငြိမ်စွာထိုင်နေသည်။

ညာဘက်အစွန်မှလူမှာ အမျိုးသမီးတစ်ယောက် ဖြစ်၏။ အသက်နှစ်ဆယ်ကျော် သုံးဆယ်ဝန်းကျင်တွင်ရှိပြီး မိုးပြာရောင် အင်္ကျီနှင့် ဂါဝန်ကြီးကို ဝတ်ဆင်ထားသည်။

ဆံပင်ကို အပေါ်သို့ လိပ်တင်ထားသဖြင့် သူ့ နဖူးဦးကင်းက ပြောင်ရှင်းနေပြီး လှပသောမျက်နှာက ပေါ်လွင်နေသည်။

မိုးသဲသဲမဲမဲ ရွာနေသော်လည်း သူတို့ သုံးယောက်၏အသွင်က စိုစွတ်ခြင်း၊ ချမ်းအေးခြင်း မရှိ။

တာ့ခ်စွန်နှင့် တီယန် တို့မှာ သိုင်းလောက၏ ဝါရင့်ပုဂ္ဂိုလ်များ ဖြစ်သည့်တိုင် သူတို့ သုံးယောက် တွေ့ဖူးသလိုလို၊ မကွဲမပြား ဇဝေဇဝါ ဖြစ်နေ၏။ ထို့ပြင် သူတို့အား ပုတ်ခတ် ပြောဆိုလိုက်သူမှာ မည်သူဖြစ်သည်ကို တိကျရေရာစွာ မပြောနိုင်။

တရားခံအားမခွဲခြားနိုင်ခင် ဘာမျှမလုပ်နိုင်။ စိတ်ထဲတွင် အကီသားကာ ကိုယ့်ကိုယ်ကို ကြိုတင်ပြင်ဆင်မှု ပြုထားရ၏။



ထိုလူသုံးယောက်မှာမူ ကူခြေမပျက်။ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေကြပြီး စင်မြင့်ပေါ်မှ တိုက်ပွဲကို စိတ်ဝင်စားသည့်ဟန် မရှိ။ သုံးယောက် စ လုံး မှာ မိတ်ဆွေ ဟောင်းများပမာ ထင်ရသော်လည်း မည်သို့မျှ မသက်ဆိုင်သည့်အလား သူစိမ်း တစ်ရံဆံလို ဖြစ်နေကြ၏။

စင်မြင့်ပေါ်တွင်ကား အကြိတ်အနယ် ယှဉ်ပြိုင်နေကြလေပြီတည်း။

* * *

ရှောင်လင် ကျောင်းတော်သည် တရုတ်ပြည်၏ သိုင်းပညာ ရေသောက်မြစ်ကြီး ဖြစ်သည်။ ရှောင်လင်ကျောင်း၏ သိုင်းပညာသည် လူအပေါင်းကို ဒုက္ခပေးရန် ဖန်တီးထားသည်မဟုတ်။ မကောင်းသူကိုပယ်၊ ကောင်းသူကို ကယ်မည့် သိုင်းလောက ပညာရပ် တစ်ခုသာ ဖြစ်သည်။

ဝူတန်ဂိုဏ်းမှာလည်း သက်တမ်းနည်းလှသည့် ဂိုဏ်း တစ်ဂိုဏ်း မဟုတ်ချေ။ ဘိုးတော် ကျန်စန်းဖုန်း စတင်တည်ထောင်ခဲ့သည့် အချိန်မှစ၍ ယခုထက်တိုင် နှစ်ပေါင်း ရှည်

ကြာစွာ နာမည်မကျဆင်းဘဲ ရှိနေ၏။ သူတို့၏ သိုင်းပညာသည် နူးညံ့သိမ်မွေ့မှုကို အခြေခံကာ ပါကူဝါ ကော်ပါကွက်ဖြင့် သိုင်းကွက် သိုင်းဟန် မြောက်မြားစွာကို ဖန်တီးခဲ့ကြ၏။ ထွားပြောင်းအားယူနည်းဖြင့် ရန်သူကို အနိုင်ယူ တိုက်ခိုက်တတ်ကြသည်။

ယခု အကောင်းသူ ပယ်၊ ကောင်းသူကယ်သော ရှောင်လင်ဘုန်းကြီး၏ အဝတ္ထု ဟိုပင်နှင့် နူးညံ့သိမ်မွေ့သော ဝူတန်ဂိုဏ်းသား ကျောက်ကျင့်ချူးတို့ စင်မြင့်ပေါ်တွင် မျက်နှာချင်းဆိုင် တွေ့ဆုံနေရလေပြီ။

ဟိုပင်၏ တုတ်ရှည်ကြီးက ကျောက်ကျင့်ချူး၏ ဦးခေါင်းမျက်နှာထက်ဆီသို့ ရိုက်ချလာသည်။ ကျောက်ကျင့်ချူးက ဓားရှည်ဖြင့် ဆီး၍ခံသည်၊ လက်နက်ချင်း အသိအတွေ့မခံကြ၊ ထိပ်တိုက်ရင်ဆိုင်လာလျှင် အသာပင် လွှဲဖယ် ရှောင်တိမ်းလိုက်ကြသည်။

သို့နှင့် တိုက်ကွက်အစ်ရာ ကျော်လာသည့်တိုင် ယှဉ်ပြိုင်မှု၏ အရှုံးအနိုင်ကား မပေါ်လွင်သေး။ ထိုစဉ် စင်မြင့်၏ထောင့်တစ်နေရာမှ မြားတစ်စင်း၏ အဟုန်ပမာ ပြေးထွက်လာ၏။

'သတိထား လုပ်ကြံလာနေပြီ'

ဦးစီးမှူး ကျူးကိုက ချက်ချင်းပင် အော်ဟစ် သတိပေးလေသည်။



လုပ်ကြံလာသူနှစ်ဦးမှာ တစ်ဦး လက်ထဲတွင် သံမဏိကြိုးတပ် ဓါးစဉ်ကိုကိုင်ထားပြီး တစ်ဦးက ဝိဿာ သုံးဆယ်ခန့်လေးသော လှံတံကြီးကို ကိုင်ဆောင်ထားသည်။

သံမဏိကြိုးတပ် လှံတံ ကိုင် ဆောင် ထား သူ သည် ကျောက်ကျင့်ချူးထံသို့ ခုန်ဝင်သွား၏။ ဟိုပင်ထံသို့ လှံတံကိုင်ထားသူမှာ မြွေဆိုးတစ်ကောင်ပမာ ထိုးသွင်းတိုက်ခိုက်လာသည်။ သို့သော် နှစ်ယောက်စလုံး၏ လုပ်ကြံမှုက မအောင်မြင်လိုက်။

ကျောက်ကျင့်ချူးနှင့် ဟိုပင်တို့၏ လှုပ်ရှားမှုက သူတို့ထက် မြန်ဆန်သည်။

ဟိုပင်၏ တုတ်ရှည်ပြားကြီးက လှံတံကိုင်သူ၏ဦးခေါင်းကို ရိုက်ခွဲပစ်လိုက်သည်။ လှံတံကိုင်သူမှာ စင်မြင့်၏ ထောင့်စွန်း နေရာသို့ ဒယီးဒယိုင်ဆုတ်ခွာကာ လှံတံကို စင်မြင့်၏ ကြမ်းပြင်ပေါ်သို့ ထိုးစိုက်ချလိုက်သည်။ သူ့ ဦးခေါင်းမှာ သွေးများဖြင့် မြင်မကောင်း ရှုမကောင်း။

သံမဏိကြိုးတပ် ဓါးစဉ်ကိုင်သူ၏ အခြေအနေက ပို၍ပင် မြင်မကောင်း။

ကျောက်ကျင့်ချူးထံသို့ ခုန်လွှားဝင်ရောက်လိုက်သည်နှင့် သူ၏ခန္ဓာကိုယ်မှာ ပခုံးမှ ခါးအထိ ဓားဖြင့် ဟက်တက်ကြီး အခွဲခံလိုက်ရသည်။ သွေးများက ဝေါခနဲ ပန်းထွက်လာရာ စင်အောက်မှ ပွဲကြည့်သူများကိုပင်လွင့်စဉ်ပေကျံကုန်သည်။

လုပ်ကြံသူနှစ်ယောက်မှာ တစ်ကွက်ဘည်းနှင့် မရှုမလှဖြစ်သွားရသဖြင့် ပရိသတ်များ၏ အော်ဟစ်သံက တစ်ခဲနက် ထွက်ပေါ်လာသည်။

အဘိုးကြီး တာ့စွေမှာ သဘောကျလွန်းသဖြင့် သူ့ မုတ်ဆိတ်မွေးများကို ပွတ်သပ်ကာ ပြုံးနေ၏။ တီယန်၏မျက်လုံးအစုံကလည်း ဝင်းလက်တောက်ပသွား၏။

ဦးစီးမှူး ကျူးကို့က လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်လျှင်၊ စစ်သည် ရဲမက်အဝတ်အစား ဝတ်ဆင်ထားသူ လေးယောက် စင်ပေါ်သို့ တက်လာပြီး လုပ်ကြံသူ နှစ်ဦးတို့၏ အလောင်းများကို သယ်မသွားသည်။

'လုပ်ကြံသူတွေရဲ့ ကိုယ်ပေါ်မှာ အမိန့်ပေး လှံတံတွေ ရှိနေတယ်။ ဒီလူတွေဟာ ကျင်းအူကျူက လွှတ်လိုက်တဲ့ ကျူးကျော်သူတွေပဲ၊ ကျုပ်တို့ရဲ့ အဆင့်မြင့် ပုဂ္ဂိုလ်တွေကို တမင်လုပ်ကြံဖို့ လာကြတာပဲ'

ဦးစီးမှူး ကျူးကို့က ပရိသတ်ဘက်သို့ အော်ဟစ် ပြောဆိုလိုက်သည်။

ပရိသတ်မျာ၊ ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်၏။ နယ်ချဲ့ ကျူးကျော်သူများအား ဒေါသကြီးနှင့် အော်ဟစ် ဆဲဆိုကြတော့သည်။ တီယန်နှင့်တာ့စွေတို့ အကြားတွင် ထိုင်နေကြသော လူသုံးဦးကမူ အေးဆေး တည်ငြိမ်လျက်ရှိကာ အမူအရာ မပြောင်းလဲ၊



သန်မာဟန်ရှိသောအဘိုးကြီးက သူ့ ဘာသာသူ ရေရွတ်သည့်အလား....

'အင်း....ရှောင်လင်နဲ့ ဝူတန်ရဲ့ ပညာတွေတော့ ပျက်စီးကုန်ပါပြီ'

သူ့ စကားကြောင့် တာ့စွေနှင့်တီယန်တို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ တီယန်က အေးစက်စက်ရယ်မောလိုက်ကာ....

'ဒီကနောင်ကြီးက တော်တော် အပြောကြီးတာပဲကိုး၊ ဘယ့်နှယ်ကြောင့် စင်ပေါ်တက်ပြီး မယှဉ်ပြိုင်ရတာလဲ'

အဘိုးကြီးက မတုန်မလှုပ်သော အမူအရာဖြင့်....

'ရှောင်လင်ဂိုဏ်းရဲ့ တူတ်သိုင်းပညာက နူးညံ့သိမ်မွေ့ဖို့ကောင်းတယ်၊ အခုလို တောင်ဖြိုတဲ့အင်အားနဲ့ တိုက်ခိုက်လာတာကတော့ ရက်စက်လွန်းရာ ကျမနေဘူးလား၊ ဝူတန်ရဲ့ ဓားသိုင်းပညာကလဲ အမှန်တော့နူးညံ့ကွေးပြီးမှန်ကန်ရမယ်၊ အခုတော့ စင်ပေါ်က ချာတိတ်ကလေးက ရက်ရက်စက်စက် ခုတ်ပိုင်းတိုက်ခိုက်တော့ ဝူတန်ဂိုဏ်းရဲ့နာမည် ပျက်တာပေါ့၊ ဒီလိုပွဲမျိုး ကျုပ် ဝင်နွှဲစရာ မလိုပါဘူး'

တီယန်နှင့်တာ့စွေတို့ ဒေါသဖြစ်သွားကြသည်။

ထိုအချိန်မှာပင် အဘိုးကြီး၏ စကားသံက ဆက်လက်ထွက်ပေါ်လာသည်။

'ကြည့်စမ်းပါဦး၊ ဒီလောက်ရက်ရက်စက်စက် တိုက်ခိုက်ကြတာ သုံးကွက်အတွင်း ဒဏ်ရာအကြီးအကျယ်ရသွားနိုင်တယ်'

တာစွေနှင့် တိယန်တို့နှစ်ယောက် တိုက်ပွဲဆီသို့ အာရုံရောက်သွားကြပြန်သည်။ ကျောက်ကျင့်ချူးနှင့် ယန်တိုဘို့နှစ်ယောက်မှာ လုပ်ကြံသူများကို ရှင်းလင်းသုတ်သင်ပြီးနောက် အကြိတ်အနယ်ပင် ဆက်လက်တိုက်ခိုက်လာကြပြန်သည်။

ကျောက်ကျင့်ချူး၏ဓားဟန်က ရုတ်တရက် နှေးသွားသည်။ ရွက်ကြွေမြေခသလို အားအင်မရှိသည့်အလား ပျော့ပျောင်းနေသည်။ ဟိုပင် မျက်နှာ အကြီးအကျယ်ပျက်သွားသည်။ သူ့ တုတ်ရှည်ပြားကလည်း ဗိသာတစ်ခုထောင်ခန့် လေးလံသလို လေးလံလာသည်။

သို့သော် ရိုက်ချက်ဘိုင်းက အလွန်ပင် အားအင်ပြင်းထန်လှသည်။

ကျောက်ကျင့်ချူး၏ နှေးကွေးပြီး အားမရှိသည့်ဓားကွက်က အလွန်ပင် ကြောက်စရာကောင်းလှသည်။

ရွက်ကြွေမြေခဟန် ဖြစ်နေ၏။

ဟိုပင်၏တုတ်ရှည်ပြားက ပုဆိန်ကြီးတစ်ခုပမာ တောင်ဖြိုမည့်ဟန် ဖြစ်နေသည်။ တစ်မုဟုတ်ချင်းမှာပင် ဓားရှည်နှင့်တုတ်ပြားတို့ ထိကပ်သွားကြ၏။ ဟိုပင်သည် လက်နောက်ပြန်ဖြင့် ဂူးခနဲ လက်ဝါးတစ်ချက် နောက်ပြန်ရိုက်လိုက်သည်။

'အင်း....ရှောင်လင်ဂိုဏ်းသားတော့ ရှုံးပြီ'



သံချေးရောင်ဝတ်စုံဝတ်ထားသည့် အဘိုးကြီးက သက်ပြင်းနှင့်အတူ မှတ်ချက်ချသည်။ တိယန်စိတ်ဆိုးကာ ထပြောတော့မည့်အချိန် စင်မြင့်ပေါ်မှ အခြေအနေက ရုတ်တရက် ပြောင်းလဲသွားသည်။

ဟိုပင်သည် အသာစည်းရကာ လက်ဝါးဖြင့်ရိုက်လိုက်သည်နှင့် တုတ်တံတွင်ပို့လွှတ်ထားသည့်အား လျော့သွားသည်။ ကျောက်ကျင့်ချူး၏ ဓားရှည်က လျှပ်တစ်ပြက်အပေါ်သို့ ပင့်ထောင်တက်သွားပြီး ဟိုပင်၏ခြေမျက်စိကို ဒုတ်ခနဲစိုက်မိသည်။ ဓားချက်ကပြင်းထန်လှသဖြင့် ခြေမျက်စိရိုးပင် ပေါ်ထွက်လာသည်။

'အား....'

ဟိုပင်၏ နာနာကျင်ကျင်အော်ဟစ်သံက ထွက်ပေါ်လာပြန်လေသည်။

တိယန် စိုးရိမ်တကြီး မတ်တတ်ရပ်လိုက်သည်။ ထိုစဉ်မှာပင် သံချေးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးကြီး၏ စကားသံက ထွက်ပေါ်လာပြန်လေသည်။

'ဒီမျက်လုံးပြူးပြူးနဲ့ လူကြီးက ကိုယ်ဖော့ပညာ ဘယ်နှယ်ကြောင့် ဒီသောက်သုံ့နေရတာလဲ၊ ပျံလွှားပဲဟန် ကိုယ်ဟန်ပညာကို သုံးလိုက်တာများ ဆင်ကြီးမြစ်ကူးသလို ကိုးရိုးကားယားနိုင်လိုက်တာ'

ထိတ်လန့်တုန်လှုပ်နေသောတိယန် ဘာကိုမျှ ဂရုမစိုက်တော့။ မျက်လုံးထဲတွင် ဘာကိုမျှမမြင်တော့။ ငှက်ကြီးတစ်ကောင်ပမာ မိုးစက်မိုးပေါက်များကိုထိုး ဖောက်ကာ တိုက်ပွဲကွင်းအလယ်သို့ ဝင်ရောက်သွားသည်။

ထိုအချိန်တွင် အင်္ကျီလေတိုးသံနှင့်အတူ လူတစ်ယောက်က ဟန့်တားပြောဆိုလာသည်။

'ဘယ့်နှယ်လဲ၊ ခင်ဗျားက အဓိပတိနေရာကို ဝင်အရွေးခံမလို့လား'

မရယ်ချင့်ရယ်ချင်မျက်နှာမျိုးဖြင့် ဟန်ကြီးပန်ကြီးပြောဆိုလိုက်သူမှာ အဘိုးကြီး တာ့ဇွေဖြစ်ပေသည်။

'ကျင့်ချူရဲ့ခေါးချက်က မပေါ်ပေမယ့်စည်းကမ်းနဲ့ညီညွတ်နေသားပဲ၊ သူနိုင်သွားတာနဲ့ ခင်ဗျားက ကလေးကိုဆုံးမဦးမလို့လား၊ ကျုပ်ကိုပြောရင်ရသားပဲ'

ထိုစကားသံကြောင့် ပွဲကြည့် ပရိ သတ် အား လုံး မှာ တိယန်၏လုပ်ရပ် မှန်ကန်ကြောင်း ကောက်ချက်ချကြတော့သည်။ ပွဲကြည့်ပရိသတ်အားလုံးမှာ ဘယ်သူသေသေ ငါတောမာလျှင်ပြီးရောဆိုသည့် သိုင်းသမားများဖြစ်ကြ၏။

ပြဿနာ ကြီးကြီးကျယ်ကျယ် မဖြစ်ချင်သော်လည်း သူတို့စိတ်ဓာတ်များက တိရစ္ဆာန်တစ်ကောင်လို ကြမ်းတမ်းသည်။ သူတို့ကိုမထိမိဘဲ အခြားသူတစ်ယောက် မည်မျှပင်ဒုက္ခတွေ့တွေ့ အဆိနာနေပါစေ မျက်စိအရသာခံကြည့်လိုကြသည်။



ထို့ပြင် မိုးဘုရင်ကြီးကျူး ဩဇာအာဏာဂိုဏ်းနှင့်တကွ ကျင်းလူမျိုး သူလျှိုများကလည်း လူအုပ်ထဲတွင်ရောနှောကာ ဆူဆူပူပူဖြစ်အောင် ဖန်တီးနေကြပေသည်။ ယခုကဲ့သို့ ရှောင်လင်နှင့် ဝူတန်တို့ ပြဿနာဖြစ်လာချိန်တွင် သူတို့အထွက် ပွဲဖျက်ရန် အခွင့်ကောင်းဖြစ်နေတော့သည်။ ဘေးတီးစကားများပြောလာတော့သည်။

'ဘယ်လိုလဲ။ ရှောင်လင်ဂိုဏ်းက မကျေနပ်လို့လား'

'မကျေနပ်ရင် စင်ပေါ်တက်လာပြီး ယှဉ်ပြိုင်ကြပေါ့'

'အို…တာ့ဇွေလဲ စင်ပေါ်တက်သွားပြီဟေ့'

'တပည့်တွေ အသုံးမကျတော့ ဆရာကိုယ်တိုင်ထွက်ရတဲ့ဘဝမျိုးရောက်နေပြီ'

'ဆရာကြီးတိယန်ကသိက္ခာကြီးဝါကြီးပုဂ္ဂိုလ်တစ်ယောက်ပဲ၊ အဓိပတိနေရာအတွက် ကြားဝင်စွက်လာပါလား'

ဤစကားများက တိယန်အား ခေါင်းနပန်းကြီးသွားစေသည်။ ရှောင်လင်ဂိုဏ်း ဝါရင့်ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်လျှင် အဓိပတိနေရာကို မက်မောနေ၏။တပည့်ရှုံးနိမ့်သဖြင့် အရှက်နှင့်ဒေါသဖြစ်မိကာ လူတကာ၏ အထင်သေးခံရခြင်းကို ဖြစ်လာစေသည်။

ဤရွေးချယ်ပွဲသည် လူငယ်အဆင့်မြင့်ပုဂ္ဂိုလ်များအတွက်သာ ဖြစ်၏။

အဖြူရောင် သိုင်းလောက၏ ဝါရင့်ပုဂ္ဂိုလ်များ တေးအန္တရာယ်ကြုံဆုံကာ သေဆုံးခဲ့ကြသဖြင့် လူငယ်ခြေတက်အဆင့်မြင့် ပုဂ္ဂိုလ်များကို ရွေးချယ်ပြီး သိုင်းလောကကို ဦးဆောင်စေမည် ဖြစ်၏။

ဤလူငယ်များထဲတွင် ဖြိုင် ဘက် ကောင်း များ အ ဖြစ်နာမည်ကြီးနေသူတို့မှာ နန်ကုံးဘူစန်း၊ ယခုတလောမှ နာမည်ကြီးလာသော ဝမ်ပူကောင်းချောင်နှင့် ရှောက်ချူးရွေတို့ ဖြစ်ကြပေသည်။

သူတို့သုံးယောက်ကားယခုထက်တိုင်ပေါ်မလာကြသေး။

တိယန်သည် ကိုယ့်ဂုဏ်သိက္ခာကိုငဲ့ပြီး အသာပင် ကိုယ်ရှိန်သတ်လိုက်ရသည်။ ပရိသတ်အများစု၏ စကားတင်းဆိုလာမည်ကို ကြောက်ရွံ့သဖြင့် အသက်ငွေ့ငွေ့သာ ကျန်တော့သော ဟိုပင်ကိုထမ်းကာ စင်မြင့်ပေါ်မှ အောက်သို့ ဆင်းသွားရလေတော့သည်။

* * *



တာ့စွေသည် စင်ပေါ်တွင် ပြုံးပြုံးကြီးဖြစ်နေ၏။ သူ့တပည့်၊ သူ့ဂိုဏ်းသား၏ အောင်မြင်မှုအတွက် ဂုဏ်ယူနေမိသည်။

စင်ပေါ်မှဝင့်ကြွားစွာပင် ဟိုပင်အား မည်သူ ဆက်လက်ယှဉ်ပြိုင်မည်ကို သုံးကြိမ်သုံးခါတိတိ ယှဉ်ပြိုင်ရန် စိန်ခေါ်စကားဆိုသည်။

ရုတ်တရက် မည်သူမျှ မလာကြသေး။

ကျောက်ကျင့်ချူးက ဓားရှည်ကိုဝှေ့ယမ်းကာ မာန်ဘန်အပြည့်ဖြင့် ဓားရေးပြနေကြသည်။ ဟိုပင်လို နဂါးမာန်ကျားမာန်ရှိသူတစ်ယောက်အား အပြတ်အနိုင်ယူနိုင်သဖြင့်လည်း ထိတ်လန့်တုန်လှုပ်နေမိကြသည်။

သို့သော်၊ ကျောက်ကျင့်ချူး၏ မာန်ထည်ဝင့်ဝါမှုကို မကျေနပ်။ ကြည့်မရသဖြင့် စိတ်မရှည်သူအချို့ စင်ပေါ်တက်လာကြသည်။ ကျောက်ကျင့်ချူးက အလွယ်တကူပင် အနိုင်ရယူလိုက်သည်။

နေရောင်က မှိန်ဖျော့လာသည်။

မိုးတိတ်သွားသော်လည်း နေဝင်ပြီဖြစ်သဖြင့် အမှောင်သမ်းလာသည်။ သို့သော် ပြိုင်ပွဲစင်မြင့်ကား နေ့အချိန်တမျှ မီးတုတ်မီးအိမ်များဖြင့် လင်းလင်းချင်းချင်း ရှိနေသည်။

ပရိသတ်များကလည်း ထပြန်မသွား။ အချိန်ကြာလာသည်နှင့်အမျှ ပွဲကြီး ပွဲကောင်းများကို တွေ့ရှိ ရတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် စိတ်ရှည်ရှည်ဖြင့်ရှိရှိ စောင့်ဆိုင်းနေကြသည်။

စင်မြင့်ကြမ်းခင်းပေါ်တွင် သွေးစသွေးနများ ပေကျံစွန်းထင်းကာ အရုပ်ဆိုးအကျည်းတန်နေ၏။ ယှဉ်ပြိုင်ပွဲကလည်း တစ်ပွဲပြီးတစ်ပွဲ အကြိတ်အနယ်။ ကျောက်ကျင့်ချူးသည် ယှဉ်ပြိုင်လာသူငါးယောက်ကို သွေးစွန်းထင်စေလျက် အနိုင်ယူလိုက်ပြန်သည်။

သူ့တိုက်ကွက်များ ပို၍သွက်လက်ပြင်းထန်လာ၏။

သူ့ခြေချက်များက ပို၍ ရက်စက်ကြမ်းတမ်းလာ၏။

ငါးယောက်အနက် သုံးယောက်၏အသက်ကို နှုတ်ခြွေယူလိုက်ပြီး ကျန်လူများကို အပြင်းအထန် ဒဏ်ရာရစေ၏။ ကျောက်ကျင့်ချူး၏ အသွင်သဏ္ဌာန်မှာ ပို၍ပင် ဟိတ်ဟန်ထုတ် ဝင့်ကြွားလာ၏။ ပြိုင်ဘက်ရှစ်ယောက်ကို အနိုင်ယူပြီးသဖြင့်လည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိနေသည်။

ထိုအချိန်တွင် ဝတ်စုံစိမ်းဝတ်ထားသော လူငယ်တစ်ယောက် စင်မြင့်ပေါ်သို့ ခုန်တက်လာသည်။ ဓားရှည်ကို လက်ဖြင့်ဆုပ်ကိုင်ကာ တည်ငြိမ်အေးဆေးသောလေသံဖြင့်....

'ချင်းချန်ဂိုဏ်းရဲ့ ဆယ့်တစ်ဆက်မြောက် တပည့် ခို့ယွင်လင်က နောင်ကြီးကျောက်ကျင့်ချူးနဲ့ ယှဉ်ပြိုင်ချင်ပါတယ်'



ကျောက်ကျင့်ချူးအား သိမ်မွေ့စွာပင် ပြောသည်။

ကျောက်ကျင့်ချူး အေးစက်စက်ပြုံးလိုက်၏။

'ခြော်....မင်းက ချင်းချန်ဂိုဏ်းရဲ့တပည့်လား၊ ဒီနေရာက ကလေးကစားစရာနေရာ မဟုတ်ဘူး၊ မင်းကိုယ်မင်း သတိထားမိရဲ့လား'

ကျောက်ကျင့်ချူး၏ စကားသံက စည်းစည်းပိုးပိုးနှင့် တစ်ဖက်သားအား နှိမ့်ချပုတ်ခတ်လာသည်။ ခို့ယွင်လင်မှာ သိုင်းလောကထဲသို့ ဝင်ရောက်ခဲ့သည့် အတွေ့အကြုံ နုနယ်နည်းပါးသေးသဖြင့် မျက်နှာတစ်ပြင်လုံး နီမြန်းရဲတွတ်လာသည်။

'ကျုပ်....ကျုပ်ရဲ့ဆရာက ကျုပ်ကို ဒီမှာလာပြီး ကံစမ်းခိုင်းလို့ပါ'

ကျောက်ကျင့်ချူး လှောင်ပြုံးပြုံးလိုက်၏။

'ချင်းချန်ဂိုဏ်းချုပ်လက်ထောက် လူဝံ လင်ကျွင့်လုံလား'

'ဟုတ်ပါတယ်၊ အဲဒါ ကျုပ်ရဲ့ဆရာပါ'

'ဟား....ဟား....ဟား၊ ကံစမ်းချင်တယ်ဆိုရင်တော့ ပါ ရမီဖြည့်ပေးရမှာပေါ့၊ ကဲ....စနိုင်ပြီ'

ခို့ယွင်လင်၏အမူအရာက ရုတ်ခြည်းပင် ညှိုမှိုင်းသွား၏။

'ကျုပ်....ကျုပ်ဟာ နောင်ကြီးရဲ့ ပြိုင်ဘက်မဟုတ်မှန်း သိပါတယ်၊ဒါပေမယ့် ဆရာကြီးအမိန့်ကြောင့် မလွဲမရှောင်သာ....'

'မလွဲမရှောင်သာလို့ လာယှဉ်ပြိုင်ရတယ် ဆိုပါတော့'

'ဟုတ်....ဟုတ်ပါတယ်'

ကျောက်ကျင့်ချူး ဟိတ်ဟန်တကြီးဖြင့်....

'ကောင်းပြီ၊ မင်းက ကျုပ်ရဲ့ပြိုင်ဘက်မဟုတ်တော့ ပညာကုန်ကိုသာ စိတ်ချလက်ချ ထုတ်သုံးပေတော့။ မင်းအသက်ကို မထိခိုက်စေဖို့ တာဝန်ယူတယ်'

ခို့ယွင်လင် ဝမ်းသာပီတိဖြစ်သွားသည်။

'နောင်ကြီးကျောက်ရဲ့ သက်ညှာတာကို ဂုဏ်ယူပါတယ်'

ခို့ယွင်လင်၏စကားက မိမိ ထပ်မံရှုံးနိမ့်ပြီဟူသောဆိုလိုချင်း ဖြစ်နေ၏။ စင်အောက်မှ ပရိသတ်များက ရယ်ပွဲတစ်ခု ပမာ ဝါးခနဲရယ်မောလိုက်ကြသည်။

ခို့ယွင်လင်၏မျက်နှာကြီးတစ်ခုလုံး ရဲတွတ်နီမြန်းသွားသည်။ ကျောက်ကျင့်ချူးက ဓားရှည်ကိုဝင့်မြှောက်ကာ....

'လာလေ....မင်းတိုက်ကွက်ကို စထုတ်လိုက်စမ်းပါ၊ မင်းကြည့်ရတာ တော်တော် ကြောက်ရွံ့နေတဲ့ပုံစံပဲ'

ခို့ယွင်လင် မခံချင်စိတ်ဖြစ်လာသည်။

ဓားရှည်ကို ရွှမ်းခနဲ ဆွဲထုတ်လိုက်၏။ ဓားဘုတ်ဟန်၊ ဓားဝင့်ဟန်တို့မှာ အလွန်ပင် ဖျတ်လပ် သွက်လက်လှသည်။ ပထမကား အထင်သေးနေသော သူများမှာ ခို့ယွင်လင်၏ ဟန်ကိုကြည့်ပြီး ကောင်းချီးသြဘာ ပေးလာကြသည်။



ပရိသတ်ဆိုသည်မှာ များသောအားဖြင့်အားနည်းသူကို အားပေးတတ်သည့် ဓလေ့ထုံးစံရှိကြသည်။ ဝင့်ထည်နေသော အောင်နိုင်သူ ကျောက်ကျင့်ချူးအပေါ် အလိုလို မုန်းတီးလာမိကြသည်၊ သို့နှင့် ခို့ယွင်လင်ကို အစွမ်းကုန်မြှောက်ပင့်ပေးကြ ပြန်ရာ ကျောက်ကျင့်ချူးမှာ ဒေါသ ထွက်လာတော့၏။ ညှာတာပါမည်ဆိုသော သူ့စကားနှင့်မညီအောင် လူသတ်လိုသည့် အရိပ်အယောင်များ ထွက်ပေါ်လာသည်။

ခို့ယွင်လင် ဓားရှည်ကိုအောက်စိုက်၍ဝါရင့်သူကို ဝါနုသူက ဂါရဝပြုသည်ပုံစံများဖြင့် အရိုအသေပေးလိုက်သည်။

ကျောက်ကျင့်ချူး ခေါင်းညိတ်ကာ ဓားချက်နှစ်ချက် ဝှေ့ယမ်းလိုက်သည်။

ပြန်လည်၍ အရိုအသေမပြု။

'ကဲ....စပေတော့'

ခို့ယွင်လင်က ဓားရှည်ဖြင့် ဝုစ်ခနဲ လှမ်းထိုးသည်။

ချင်းချန်ဂိုဏ်း၏ တစ်ဖြောင့်တည်းဓားကွက် ဖြစ်သည်။ ဓားချက်က အလွန်မြန်ဆန်ပြီး သေသပ်မှုရှိ၏။ ကျောက်ကျင့်ချူး ကိုယ့်ကိုယ်ကို အထင်ကြီးမိနေသဖြင့် ကာကွယ်မှုမပြုခဲ့။ ဓားချက်က မြန်ဆန်လှသဖြင့် ထိတ်လန့်တကြီးဖြစ်သွားမိသည်။ ဓားရှည်ဖြင့် ကပျာကယာ ခတ်ထုတ်လိုက်မှ တစ်ဖက်လူ၏ ဓားများကို ရှောင်တိမ်းနိုင်ခဲ့တည်။

20 သို့သော် အင်္ကျီစနားတွင် အပေါက်တစ်ခု ဖြစ်သွား၏။

'ဟေး....ကောင်းတယ်ကွ၊ ဓားချက် တစ်ချက်ဘည်းနဲ့ အသာစည်း ရသွားပြီ၊ နောက်ထပ်ဓားချက်တစ်ချက်ဘည်းနဲ့ အသေထိုးသတ်ပစ်လိုက်စမ်း'

'ချင်းချန်ဂိုဏ်းရဲ့ ဓားပညာစွမ်းကို ပြလိုက်စမ်းဟေ့'

ပရိသတ်များ၏ ဩဘာသံက တစ်ခဲနက် ထွက်ပေါ်လာသည်။ ခို့ယွင်လင်ဘက်မှ အားပေးမှု ပိုများလာသည့်ပြင် မိမိကို ထပ်ကွက်ဘာသည်နှင့်အသာစည်းယူလိုက်သဖြင့် ကျောက်ကျင့်ချူး စိတ်ထဲတွင် လူသတ်လိုစိတ် ပို၍ဖြစ်ပေါ်လာသည်။

တိုက်ကွက်က ပို၍ ပြင်းထန် ကြမ်းတမ်းလာသည်၊

ဓားရိပ်များက စကြာရဟတ်လို တရစပ်ပင် လွှမ်းခြုံလာနေသည်။

ခို့ယွင်လင်က လျင်မြန်သွက်လက်မှုဖြင့် ချင်းချန်ဂိုဏ်း၏ ဓားသိုင်းကို အစွမ်းကုန် ထုတ်သုံးနေသည်၊ ကျောက်ကျင့်ချူးကလည်း ဂူတန်ဂိုဏ်း၏ ဓားသိုင်းပညာကို စေ့စေ့စပ်စပ် ထုတ်သုံးလာသည်။

ဆယ်ကွက်ကျော်မျှ ယှဉ်ပြိုင်ပြီးသောအခါ ခို့ယွင်လင်မှာ အောက်စည်းသို့ ရောက်ရှိလာ၏။ သို့တိုင် ချင်းချန်ဓားသိုင်း၏ ထက်မြက်သေသပ်မှုကြောင့် အရှုံးမရှိနိုင်သေး။

ကျောက်ကျင့်ချူး စိတ်မရှည်နိုင်တော့။ ခို့ယွင်လင်၏ ဓားကိုယ်ထည်ကို သူ့ဓားရှည်ဖြင့် ဆွဲကပ်ပစ်လိုက်သည်။ ခို့ယွင်လင်သည် ဓားရှည်ကို မလျှော့ရှား။ ဓားကိုယ်ထည်ကို ကျောက်ကျင့်ချူးဆီသို့ ဦးတည်လိုက်၏။



ကျောက်ကျင့်ချူးမှာ ဤတိုက်ကွက်တစ်ကွက်ဖြင့် တစ်ဖက်လူအား မလှုပ်ရှားနိုင်အောင် လုပ်ပစ်နိုင်မည်ဟု ထင်မှတ်ထားသည်။ ဤအချိန်တွင် မထင်မှတ်ဘဲ ထူးဆန်းသော အားအင်တစ်ခု ပေါ်ထွက်လာ၏။ ထိုအားလှိုင်းက သူ၏ ဓားအားလှိုင်းကို မျိုချတော့မလို ဖြစ်နေ၏။ သူ့အတွင်းအားမှာလည်း ရွှံ့နွံထဲသို့ ကျသွားသလို အားမစိုက်နိုင်တော့။ တစ်ဖက်လူက အားပြောင်းအားယူနည်းဖြင့် မိမိကို တုံ့ပြန်လာသည်ကို နားလည်မိသည်။

ချင်းချန်ဂိုဏ်း၏ တစ်ဖြောင့်တည်းဟန် ဓားကွက်သည် ဤမျှ အစွမ်းထက်လိမ့်မည်ဟု သူမထင်ခဲ့။ ကျောက်ကျင့်ချူး အကြီးအကျယ်တုန်လှုပ်သွားသည်။ စိတ်အာရုံ ပျံ့လွင့်သွားသဖြင့် ခို့ယွင်လင်၏ ဓားရှည်က သူ့ပခုံးထဲသို့ ဒုတ်ခနဲ စိုက်ဝင်သွားသည်။

ဓားချက်က ကြမ်းတမ်းခြင်းမရှိ။ ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်၏။ ကျောက်ကျင့်ချူး ဒဏ်ရာ ရရှိသွားသဖြင့် ခို့ယွင်လင် အားနာစိတ် ဝင်မိသည်၊ မိမိ အနိုင်ရရှိနေ၍ မို့လည်း တစ်ဖက်လူကို မရက်စက်လို။ ဓားရှည်ကို ကမန်းကတန်း ပြန်ရုပ်ကာ....

'အခုလို အလျှော့ပေးတာကို ကျေးဇူးတင်ပါတယ်'

ကျောက်ကျင့်ချူး၏မျက်နှာမှာ အကြည့်ရဆိုးလောက်အောင် ရှုံ့တွန့်ရဲသွားသည်။ ပြည်မကြီးသွေးသောက် အမိပတိနေရာကို လက်လွှတ်ဆုံးရှုံးရတော့မည်ဟူသော အဖြေး

ကြောင့် ဒေါသနှင့် အာဃာတစိတ်ကို ကြီးရင့်ပွားများလာသည်။

ဝူတန်ဂိုဏ်း၏ဓားသိုင်းသည် ချင်းချန်ဂိုဏ်း၏ ဓားသိုင်းအောက်တွင် အရေးနိမ့်ရမည်လား။

ခို့ယွင်လင်၏နောက်သို့ ထက်ကြပ်မကွာ လိုက်သွားပြီး လျှင် မာန်တစ်ချက်ဖီလိုက်သည်။သူ့မာန်ဖီသံက ခို့ယွင်လင်၏ အားနာမှုနှင့်ပြောလိုက်သောစကားကို ဖုံးလွှမ်းသွားသည်။ အဖြူရောင်အလင်းတန်း တစ်ခုကသည်း ခို့ယွင်လင်အား ရစ်သိုင်းလိုက်၏။

'အား'

နာနာကျင်ကျင် အော်ဟစ်သံနှင့်အတူ ခို့ယွင်လင်အား သူ့ရင်ဘတ်ကို သူ့လက်ဖြင့် အုပ်ဆိုင်း ထားလိုက်မိသည်။ သွေးများက ရင်ဘတ်မှ ဒလဟော ထွက်လာသည်။ ခို့ယွင်လင်မှာ ကျောက်ကျင့်ချူးအား တစ္ဆေတစ်ကောင်အလား စူးစိုက်၍ကြည့်နေ၏။ သူ့စကားသံများက ဒေါသကြောင့် အက်ကွဲတုန်ခါနေသည်။

'ဟင်....ခင်ဗျား....ခင်ဗျား'

စကားဆုံးအောင်ပင် မပြောနိုင်၊ သူ့မျက်နှာက မီးအလင်ရောင်အောက်တွင် တစ်ဖြည်းဖြည်းဖြူရော်လာသည်။ အမူအရာက ထိတ်လန့် တုန်လှုပ်လွန်းနေသည်။ ခြေလှမ်းဒယီးဒယိုင်ဖြင့် ရှေ့သို့ ခြေလှမ်းတစ်လှမ်း တက်လိုက်၏။

'ခင်ဗျား....ခင်ဗျား....'



ကျောက်ကျူးကို လက်ညှိုးညွှန်ကာ နာနာကြည်းကြည်း ပြော၏။

ကျောက်ကျင့်ချူး ဘာမျှ ပြန်မပြော။ ဓားချက်တစ်ချက် ဝှေ့ယမ်းလိုက်ပြန်သည်။ ထိုအချိန်တွင် လူရိပ် တစ်ရိပ်က သူတို့နှစ်ယောက် အကြားသို့ ခုန်ဝင်လာသည်။ တစ်ကွက်တည်းပင် ကျောက်ကျင့်ချူး၏ဓားရှည်ကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်ဖမ်း ဆုပ်ကိုင်လိုက်သည်။

'ပြိုင်ပွဲရဲ့စည်းကမ်းကို လိုက်နာပါ'

ထိုသူကား ပြိုင်ပွဲ၏ဒိုင်ချုပ် ဦးစီးမှူး ကျူးကို့ ဖြစ်ပေသတည်း။

ကျူးကို့၏ စကားမဆုံးခင်မှာပင် ခို့ယွင်လင်၏ ခန္ဓာကိုယ်မှာ ကြမ်းပြင်ပေါ်သို့ ဗိုင်းခနဲ လဲကျသွားတော့သည်။

'အရှုံးအနိုင် ထင်ပေါ်နေပြီပဲ၊ ဘာဖြစ်လို့ ဒီလောက်အထိ ရက်စက်ရတာလဲ'

ကျူးကို့ကကျောက်ကျင့်ချူးအားဒေါသတကြီးပြော၏။

ထိုအချိန်တွင် လူရိပ်တစ်ရိပ် ခုန်လွှားဝင်ရောက်လာပြန်၏။

ဝူတန်ဂိုဏ်း၏ ဝါရင့်ပုဂ္ဂိုလ် တာ့စွေ့ ဖြစ်၏။

'ဒီပြိုင်ပွဲမှာ ဒဏ်ရာရတဲ့သူ အရင် အရှုံးပေးရမယ်လို့ မသတ်မှတ်ခဲ့ဘူး၊ တူမောင် ကျောက်ကျင့်ချူးက ဒဏ်ရာတစ်ချက်ရခဲ့ပေမယ့် အနိုင်ရခဲ့တယ်ဆိုတာ အားလုံးအမြင်ပဲ'

တာ့စွေသည် ပြောရင်းမှ ပြုံးလိုက်သည်၊

ကျူးကို့ မကျေမနပ်ဖြင့် လှမ်းကြည့်နေ၏။

ပရိသတ်မှာဘာဖြစ်လာဦးမည်နည်းဟု စောင့်ကြည့်နေ၏။

တာ့စွေက ဆက်လက်၍....

'ကူမောင် ကျောက်ရဲ့လက်ချက်က နည်းနည်း ပြင်းထန်သွားပါတယ်၊ ဒါပေမယ့် အဆင့်မြင့်ပုဂ္ဂိုလ်ချင်း ယှဉ်ပြိုင်ကြရတာဆိုတော့ အသက် မသေအောင် လုပ်ဖို့ဆိုတာ ဘယ်သူမှ အာမ မခံနိုင်ဘူး'

ကျူးကို မျက်နှာပျက်သွား၏။

သို့သော်....ဤပြိုင်ပွဲ၏ ဒိုင်ချုပ်လည်းဖြစ်၊ မင်းမှုထမ်းတစ်ယောက်လည်းဖြစ်သဖြင့် ဒေါသကို ချုပ်တီးသားလိုက်ရ၏။ ပူတန်ဂိုဏ်းနှင့်ပတ်သက်သော တပည့်များ၏ ကောင်းချီးသြဘာသံများ ထွက်ပေါ်လာသည်၊

'ဒီတစ်ပွဲ နိုင်သွားပေမယ့်လဲ ဘာမှ အသုံးမကျပါဘူး၊ အသေမစောတာတစ်ခုတဲ့ ပြောစရာရှိတယ်'

ပီသကြည်လင်သော စကားသံ တစ်သံက ကောင်းချီးသြဘာသံများကို ထွင်းဖောက်ထွက်ပေါ်လာသည်။ လူအားလုံးမှ ရုတ်တရက် တိတ်ဆိတ် ငြိမ်သက်သွားရပြန်သည်။

ပူတန်ဂိုဏ်း၏ အဆင့်မြင့် ပုဂ္ဂိုလ်အား ထိခိုက်စေမည့် စကားမျိုးကို ရှောင်လင်ဂိုဏ်း၏တပည့်များပင် မပြောရဲကြ။ ယခု အေးဆေးတည်ငြိမ်စွာ ပြောဆိုလာသည့် လူ၏သတ္တိကို အားလုံးပင် အံ့အားသင့်ကုန်၏။

ကျောက်ကျင့်ချူးကား အသွန် ဒေါသ ထွက်နေလေတော့သည်။

* * *



ပြိုင်ပွဲစင်မြင့်၏ အနောက်ဘက်စင်အောက်တွင် လူတစ်ယောက် အလံတိုင်ကို မော်ကြည့်နေသည်။

သူ့ကိုယ်ပေါ်မှ အဝတ်အစားများက ဖာရာထေးရာဗရပွဖြင့် ရှိနေသည်။ သူနံဘေးတွင် သူကဲ့သို့ အဝတ် အစားများနှင့် လူဆယ်ဦးခန့်ရှိနေကြပြီး မြင်ရုံနှင့်ပင် လမ်းတေလေ ဂိုဏ်းသားများဟု သိသာနိုင်သည်။

သူတို့သည် စင်မြင့်ပေါ်မှ အခြေအနေကို စိတ်ဝင်တစားကြည့်နေကြသည်။ အချို့ လမ်းတေလေ ဂိုဏ်းသားများမှာ ပို၍ပြေးသည်လွှားဖြင့် ဂဏာမငြိမ်ကြ။ ပြိုင်ပွဲ၏အပြင်ဘက်သို့ ထွက်သွားလိုက် အတွင်းသို့ပြန်ဝင်လာလိုက်နှင့် အလုပ်ရှုပ်နေသည်။

အလံတိုင်ကို မော့ကြည့်နေသော လမ်းတေလေကြီးထံသို့ ထိုသူများ အကြိမ်ကြိမ် ချဉ်းကပ် လာကြ၏။ လမ်းတေလေကြီးက မေးလိုက်လျှင် ထိုသူတို့ စိတ်ပျက် လက်ပျက် လက်ခါယမ်းကာ ထွက်သွားကြသည်။

လမ်းတေလေကြီးမှာ မျက်မှောင်ကြီး ကြုတ်လာသည်။ စိုးရိမ်ပူပန်မှု အရိပ် အယောင်များ သူ့ မျက်နှာ ပြင်တွင် အထင်းသား ပေါ်လွင်လာ၏။

'တော်တော်ထူးဆန်းတာပဲ၊ ရှောက်ချူးရှေ့ရောက်မလာရင်တောင်မှ ချင်ဖုံးပတ်နဲ့ ချန်ကျင့်ထွေတို့ အချိန်မီ ရောက်လာကြဖို့ သင့်တယ်၊ ဘာလို့များ ရောက်မလာ ကြပါလိမ့်'

လမ်းတေလေကြီး တီးတိုးရေရွတ်သည်။

ထိုသို့ရေရွတ်ရင်းမှ စင်မြင့်ဆီသို့ လှမ်းကြည့်လိုက်သည်၊

စောစောက ကျောက်ကျင့်ချူးအား ပုတ်ခတ်စကား ပြောလိုက်သူမှာ စင်မြင့်၏နောက်ဘက်မီးတိုင်အောက်တွင်ရပ်နေသည်။ ထိုသူ၏ အသက်အရွယ်က အသက်နှစ်ဆယ်ကျော်ဝန်းကျင်ခန့်မျှသာရှိပြီး နူးညံ့သိမ်မွေ့ကာ ခံ့ချောချော၏။

ခန္ဓာကိုယ်တည်ဆောက်ပုံက သိုင်းသမားကောင်း တစ်ယောက်၏အသွင်ပုံသဏ္ဌာန်ရှိသည်။

သို့သော် သူ့မျက်နှာအမူအရာကို ကြည့်လိုက်လျှင်မူ ရင်ထဲတွင် အေးစိမ့်သွားစေနိုင်သည်။

တာ့ခွေက ထိုလူငယ်ကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး သတိကြီးစွာဖြင့်....

'မောင်ရင်က ဘယ်သူလဲ'

လူငယ်၏အမူအရာက တည်ငြိမ်အေးဆေးစွာပင် ရှိနေသည်။ သူ့ကိုယ်ပေါ်တွင်ဝတ်ဆင်ထားသော အစိမ်းရောင်ဝတ်စုံမှာ မီးရောင်တွင် တောက်လက်နေသည်၊

'နန်ကုံးမိသားစုက နန်ကုံးဝူစန်းဆိုတာကျုပ်ပဲ'

လူငယ်က ပြန်ဖြေသည်။

သမင်သားရေဖြင့် ပြုလုပ်ထားသော ဓားအိမ်တွင် စွပ်ထားသော နှစ်ပေကျော်ကျော်ရှည်လျားသည့် ဓားရှည်ကို ရင်ဘတ်ရှေ့တွင်ထောင်ကိုင်ထားသည်။ သူ့အသွင်သဏ္ဌာန်က သွေးအေးအေးနှင့် ရက်စက်တော့မည့်ဟန် ပေါ်လွင်နေ၏။

တာ့ခွေစိတ်ထဲတွင် အနည်းငယ် တုန်လှုပ်သွားမိသည်။

ပရိသတ်များ မျှော်လင့်ထားသူတစ်ယောက် ပေါ်ထွက်လာခဲ့ပြီမို့၊ ဟင်ခနဲ ဟာခနဲ ဖြစ်သွားကြသည်။



'နောင်ကြီးတာ့ခွေ၊ ဒါဟာ ပြိုင်ပွဲစင်မြင့်နေရာ ဖြစ်ပါတယ်၊ ပြိုင်ပွဲရဲ့စည်းကမ်းချက်ကို လိုက်နာပါ'

ဦးစီးမှူးကျူးကို့က လေးနက်စွာပြောသည်။

တာ့ခွေ ခေါင်းညိတ်လိုက်ရ၏၊ စင်မြင့်ပေါ်မှ ကျောက်ကျင့်ချူးကို တစ်ချက်လှမ်းကြည့်ပြီး ခုန်ဆင်းသွားသည်။

ကျောက်ကျင့်ချူးလည်း ချောမောခံ့ညားသည့် နန်ကုံးဝူစန်းကို လှမ်းကြည့်လိုက်သည်။ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားသည်။ တစ်ဖက်လူ၏ ရမ်းကားမှုကို စကားဖြင့် ထိုးနှက်ချောက်ချားစေပြီးမှ အနိုင်ယူမည်ဟု ဆုံးဖြတ်လိုက်သည်။

'ဩော်....နန်ကုံးမိသားစုထဲက လူကို ဘယ့်နှယ်ကြောင့် နန်ကုံးမိသားစုကလူတွေဖြစ်တဲ့ ခင်ဗျားကို လာပြီး အားမပေးရတာပါလိမ့်'

ကျောက်ကျင့်ချူး၏ စကားတစ်ခွန်းက နန်ကုံးဝူစန်းအား လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသည်။ ဘာပြန်ပြောရမည်မသိ ဖြစ်နေစဉ် စင်မြင့်အောက်ဘက်ဆီမှ ကြည်လင်ချိုအေးသော အသံတစ်သံ ထွက်ပေါ်လာ၏။

'နန်ကုံးမိသားစုကလူတွေ မရောက်လာလဲ အရေးမကြီးပါဘူး၊ ကျွန်မရောက်နေရင် သူ့အတွက် လုံလောက်ပါပြီ'

နန်ကုံးဝူစန်းမှာ ထိုအသံကိုကြားလိုက်ရလျှင် အားတက်ကာ တိုက်ခိုက်ရန်အတွက် ဟန်ပြင်လိုက်၏။

ကျောက်ကျင့်ချူး နားထင်ဆီမှ ချွေးများစီးကျလာ၏။ အဆင့်မြင့်ပုဂ္ဂိုလ်ချင်း ယှဉ်ပြိုင်ရာတွင် တစ်ချက်ကလေးမျှ သတိလစ်ဟင်း၍ မရသည်ကို သူသိသည်။ စောစောက

စကားသံသည် အဝေးမှပြောလိုက်သည်လား၊ အနီးမှပြောလိုက်သည်လား သူ မဝေခွဲတတ်။ လူအားလုံး၏ မျက်လုံးအစုံက ထိုအမျိုးသမီးကြီးထံသို့ စုပြုံ ရောက်ရှိသွားကြ၏။

လမ်းတေလေအိုကြီးမှာ လျှို့ဝှက်နက်နဲသော အကြောင်းအရာတစ်ခုကို စဉ်းစားနေဟန် ငိုင်နေ၏။ စိုးရိမ်ပူပန်မှုကို အရိပ်အယောင်များက မျက်နှာပြင်တွင်ပေါ်လွင်လာသည်။

ထိုအချိန်တွင် ဓားဆွဲထုတ်သံ ထွက်ပေါ်လာသည်။

နန်ကုံးဝူစန်းက သူ့တစ်ဖက်သွားဓားကို ဆွဲထုတ်လိုက်ခြင်းဖြစ်သည်။ ဓားဆွဲထုတ်ဟန်က နွေးကွေးညင်သာလွန်းသည်။ သူ့ မျက်လုံးအစုံကမူ စိမ်းဖန့်ဖန့်အရောင် တောက်လက်နေသည်။ မျက်လုံးအကြည့်နှင့် မျက်နှာအမူအရာက ရုတ်ခြည်း ဘီလူးသဘက် ဝင်ပူးကပ်လာသလို ထင်မှတ်ရ၏။ အပွဲပွဲနွှဲကာ အနိုင်ရရှိလာသော ကျောက်ကျင့်ချူးသည်ပင် ပျာယာခတ်လှုပ်ရှားလာသည်။

လှုပ်ရှားလာသောစိတ်ကို လွှမ်းမိုးနိုင်ရန် ကြောက်ရွံ့ခြင်းကို အရင်ဆုံး ချေဖျက်ပစ်ရမည်ဖြစ်၏။ မာန်သွင်းအော်ဟစ်လိုက်ပြီးလျှင် ဓားရှည်ကိုဆန့်ထုတ်ကာ နန်ကုံးဝူစန်းထံသို့ ထိုးသွင်းလိုက်၏။

ထိုအသံကြောင့်လားမသိ။ စဉ်းစားတွေငိုင်နေသော လမ်းခတလေအိုကြီးမှာ ဒူးထောက်နေရာမှ ရုတ်တရက် မတ်တတ်ထရပ်လိုက်မိသည်။ စဉ်းစား အဖြေထုတ်နေသော ပဟေဠိပုစ္ဆာတစ်ခုကို အဖြေရလိုက်သည့်အလား သူ့မျက်လုံးများ ဝင်းလက်တောက်ပလာ၏။



'အို….သူပါလား'

အမှတ်မထင်ပင် နှုတ်မှ လွှတ်ခနဲ တီးတိုးရေရွတ်လိုက်မိသည်။

စင်မြင့်ပေါ်မှ ဓားချင်းထိခတ်သံက ပို၍ ပြင်းထန်လာသည်။ တစ်ခဏအတွင်းမှာပင် နန်ကုံးဝူစန်းက ဓားချက်ငါးချက်ကို ထုတ်လိုက်ပြီး ဖြစ်နေသည်။ ကျောက်ကျင့်ချူး၏ ဓားကွက်မှာ ရေထဲသို့ပြုတ်ကျသွားသောခဲလုံးနှယ် ချေဖျက်ခြင်း ခံနေရသည်။

'ဂြိမ်း….'

မမျှော်လင့်သော အဖြစ်အပျက်က ရုတ်တရက် ထွက်ပေါ်လာ၏။

ကျောက်ကျင့်ချူး၏ဓားရှည်မှာ ကျိုးပြတ်သွား၏။

လက်ကိုရုပ်လိုက်ချင်သော်လည်း အချိန်မမီတော့၊ လက်မောင်းတစ်ခုလုံး တိတိရိရိပြတ်တောက်သွားပြန်သည်။

ထို့ထက် ဆိုးရွားသည်ကား သူ့ ခန္ဓာကိုယ်နှင့် ဦးခေါင်း ဆက်စပ်ရှိမနေတော့ခြင်း ပင်တည်း။

ဓားချက် ငါးချက်တည်းနှင့် တစ်ဖက်လူ၏တိုက်ကွက်ကို ချက်ချင်း လိုရာကို ထိမှန်အောင် ပြုလုပ်နိုင်ခြင်း၊ အနိုင်ယူနိုင်ခြင်းကား နန်ကုံးဝူစန်း၏ အံ့မခန်းသော ပညာစွမ်းပင် ဖြစ်တော့သည်။

လူအားလုံးမှာ မယုံကြည်နိုင်သော အဖြစ်အပျက်၊ တစ်ခဏအတွင်း ဖြစ်ပေါ်လာသော အခြင်းအရာ တို့ကြောင့် အံ့အားသင့်လွန်းကာ ပါးစပ်အဟောင်းသားဖြစ်ကုန်ကြ၏။

'ဘော်လိုက်ပါပေ့၊ ကျောက်စုယုံရဲ့ ဆီးပန်းငါးပွင့် ခါးကွက်ပညာကို ရလိုက်ပြီကိုး'

လူအုပ်ထဲမှ ကျယ်လောင်သည့် စကားသံတစ်သံက ထွက်ပေါ်လာသည်။

ထိုအသံရှင်ကိုကြည့်ပြီး လူ အတော်များများ အာမေဋိတ်သံ ထွက်သွား၏။ စောစောက နန်ကုံးဝှစန်းအား ထောက်ခံမှုပေးခဲ့သော အမျိုးသမီးမှာ နံဘေးဆီသို့ ငေးကြည့်နေ၏။

လမ်းတေလေကြီး၏ မျက်လုံးအစုံက မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

'ဒီမိန်းကလေး၊ ကျောက်စုယုံဆိုမှင်.... ဟိုအဘိုးကြီးက ဘယ်သူဖြစ်မလဲ'

သေးငယ်လှသော မိုက်ချင်း မြို့ကလေး အတွင်းသို့ လူပေါင်းစုံ ရောက်ရှိလာကြသဖြင့် မည်သူမည်ဝါ ဆိုသည်ကို ခွဲခြားရသည်မှာ သိုင်းလောက အတွေ့အကြုံ၊ ဗဟုသုတ ကြွယ်ဝသည့်တိုင် မလွယ်ကူလှ။

လမ်းတေလေကြီး တွေဝေစဉ်းစားနေစဉ်မှာပင် အိတ်ငါးလုံး ချည်ပိုးထားသော လမ်းတေလေဘစ်ယောက် သူ့ထံသို့ ချဉ်းကပ် ရောက်ရှိလာသည်။

'ပြောစမ်း....ဘာထူးလဲ'

လမ်းတေလေကြီးက မေးငေါ့ပြီးတိုးတိုးလေသံဖြင့်မေး၏။

အိတ်ငါးလုံး လွယ်ပိုးထားသူ လမ်းတေလေက သူ၏နားသို့ကပ်ကာ နှစ်ကိုယ်ကြား လေသံဖြင့်....



'ရွှောက်ချူးရွှေတို့ မိုက်ချင်းမြို့ထဲဝင်ရောက်လာပြီဆိုတာ ဂိုဏ်းချုပ်ကြီးကို သတင်းပို့ပါတယ်'

လမ်းတေလေကြီး ခေါင်းညိတ်လိုက်သည်။

မျှော်လင့်အားကိုးသော အရိပ်အယောင်များဖြင့် ပီတိဖြစ်တက်ကြွသော အမူအရာများက သူ့မျက်နှာပေါ်တွင် ဖြတ်ပြေးသွားသည်။

သက်ပြင်းတစ်ချက်ကိုလည်း လေးလေးပင်ပင် ချလိုက်၏။ ညာက တဖြည်းဖြည်း နက်ရှိုင်းလာ၏။

ပွဲကြည့်ပရိသတ်များကား လျော့ပါးမသွား။ ချမ်းအေးရမည်ကို မသိ။ ဆာလောင်ရမည်ကိုမသိ။ ဖွဲဖြင့်သာ စောင့်ကြည့်နေကြ၏။

သူတို့၏ စိတ်အာရုံအလုံးစုံက ပြိုင်ပွဲစင်မြင့်ဆီသို့ ရောက်ရှိနေကြသည်။ ဝတ်စုံစိမ်းနှင့်လူငယ် နန်ကုံးဝှစန်း ထံသို့သာ အထင်ကြီးအားကျခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ လေးစားယုံကြည်ခြင်း၊ မုန်းတီးရွံရှာခြင်း စသော အထူးထူးအခြားခြား ခံစားချက် မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေကြ၏။

မီးတုတ်များက တစ်ဖျစ်ဖျစ်မြည်ကာတောက်လောင်နေ၏။

ယိမ်းသမများ က,နေသလို လှုပ်ခတ်နေသော မီးရောင်တဖိတ်ဖိတ်အောက်တွင် နန်ကုံးဝှစန်းက တည်ငြိမ်စွာ ရပ်နေလျက် ပရိသတ်ထံမှ စကားသံမထွက်နိုင်အောင်ငြိမ်သက်တိတ်ဆိတ်လျက်....

လူအချို့က သံပတ်ပေး စက်ရုပ်များပမာ စင်မြင့်ပေါ်သို့

တက်လျက် ကျောက်ကျင့်ချူး၏ ရုပ်အလောင်းကို မ,သယ် ထုတ်သွားကြသည်၊

ပြိုင်ပွဲက တစ်စထက် တစ်စ အဆင့်မြင့်သလို ပြင်းထန် ကြမ်းတမ်းရက်စက်လာသဖြင့် ဦးစီးမူး ကျူးကို့မှာ စိတ် မချမ်းမသာ ဖြစ်နေရသည်။ တိတ်ဆိတ် ငြိမ်သက်နေသော အခြေအနေတွင် သူ့ လည်ချောင်းရှင်းသံက ဖြိုခွဲ ဖောက် ထွက်လာသည်။

'အဟမ်း....အခု အနိုင်ရတဲ့သူက နန်ကုံး မိသားစုက နန်ကုံးပူစန်း ဖြစ်ပါတယ်၊ မကျေနပ်တဲ့သူ၊ ပြိုင်လိုတဲ့သူ ရှိရင် အခုချိန်ကစပြီး စိန်ခေါ်နိုင်ပါတယ်၊ ဆက်ပြီးနိုင်တဲ့ သူဟာ အမိပတီနေရာကို ရမှာဖြစ်ပါတယ်၊ ဒါပေမယ့်.... ကျုပ် တစ်ခုတော့ ပြောထားပါရစေ၊ ကျုပ်တို့ အခု ပြိုင်တာဟာ ရန်ငြိုးတွေ၊ အာဃာတတွေကို ဖွင့်ထုတ်တဲ့ လူသတ်ပွဲတစ်ခု ကျင်းပနေတာမဟုတ်ပါဘူး၊ ကျုပ်တို့ တိုင်း ပြည်အပေါ် ကျူးကျော်လာတဲ့ လူမျိုးတွေအပေါ် လက် တုံ့ပြန် မောင်းထုတ်နိုင်ဖို့ လူငယ် အဆင့်မြင့် သိုင်းသမား တွေထဲက ပြည်မကြီးသွေးသောက် အမိပတီ ယှဉ်ပြိုင်ရွေး ချယ်ပွဲ ဖြစ်တယ်၊မလွှဲမရှောင်သာမှုပြိုင်ပွဲကို သေကြေအောင် ပြုမူကြပြီး အတတ်နိုင်ဆုံး ထိန်းချုပ်ယှဉ်ပြိုင်ကြဖို့ ကျုပ် မေတ္တာရပ်ခံ ဘောင်းပန်ချင်ပါတယ်'

သူ့စကားမှာ မည်မျှပင် အလေးအနက်ထား၍ ပြောဆို နေသည်ဖြစ်စေ၊ အကျိုးသက်ရောက်မှုမရှိ၊ နောက်ဆက်တွဲ ယှဉ်ပြိုင်ပွဲများက ပို၍ပင်ကြောက်ခမန်းလိလိရက်စက်လာ၏။



နန်ကုံးပူစန်း၏ ဓားရှည်သည် သေမင်း၏ တမန်တော် သဖွယ်ဖြစ်နေ၏။

ဦးစီးမူးကျူးကို့၏တောင်းပန်စကားများက အရာမဝင်။

ပြည်မကြီးသွေးသောက် အမိပတီ ရွေးချယ် ယှဉ်ပွဲပြိုင်ပွဲ စင်မြင့်မှာ လူသတ်ကုန်းတစ်ခုလို ဖြစ်သွား၏။

သိုင်းသမားအတော်များများမှာ ထိတ်လန့်တုန်လှုပ်လာ၏။

ရှပ်ရှည်ချောမောခံ့ညားသလောက် ရက်စက်ကြမ်းကြုတ် သော နန်ကုံးပူစန်းလက်ထဲသို့ ပြည်မကြီးသွေးသောက် အမိ ပတီရွေးချယ်ပွဲမှ တံဆိပ် အပ်နှံလိုက်ရတော့မည့် အခြေ အနေရောက်ရှိလာသည်။

မကျေနပ်သော်လည်း ကိုယ့်အသက် ကိုယ်နှမြောကာ စင်ပေါ်သို့ မတက်ဝံ့ကြ၊ ကိုယ့်ပညာ အဆင့်ကို ကိုယ်မယုံ ကြည်သဖြင့် နောက်တွန့်ကုန်ကြ၏။

ကျောက်ကျင့်ချူးလို လူဘစ်ယောက်ကို တစ်ဒင်အဘွင်း ရက်ရက်စက်စက် အနိုင်ယူနိုင်သူ နန်ကုံးပူစန်း အား ယှဉ်ပြိုင် မည့်သူများ နောက်ထပ် ထွက်ပေါ်လာကြဖို့သည်။

တချို့ကား ကိုယ့်ကိုယ်ကို ယုံကြည်မှုဖြင့် ပြိုင်ကြ၏။

တချို့မှာ အမိပတီနေရာကို နန်ကုံးပူစန်းအား မပေး လိုသဖြင့် မခံချင်စိတ်ဖြင့် ပြိုင်လာကြသည်၊

မည်သို့ပင်ဖြစ်စေ ပြိုင်လာသူ တို့မှာ နန်ကုံးပူစန်း အား ရှုံးနိမ့်သွားကြသည်ချည်းဖြစ်၏။ ရှုံးနိမ့်သည်ကသည်း ရိုးရိုး ရှုံးနိမ့်ခြင်းမဟုတ် တိုက်ထိုက်တန်တန်ပင် အသက်စွန့် ရှုံးနိမ့် သွားကြရခြင်းဖြစ်သည်။

သူတို့မျက်စိရှေ့တွင်ပင် နန်ကိုးဝူစန်းကလူခြောက်ယောက် ပြိုင်ဘက် ခြောက်ဦးကို အလွယ်တကူ အနိုင်ယူသတ်ဖြတ်ခဲ့ပြီ မဟုတ်ပါလား။

ညဥ့်က တဖြည်းဖြည်း နက်လာသည်။

လေပြေကလည်း တသုန်သုန်မြူးနေ၏။

လူအားလုံးတို့၏ရင်များသည်လည်း တဒိတ်ဒိတ် ခုန်နေ၏။

နန်ကိုးဝူစန်းမှာ ဝင်မြင့် ပေါ်တွင် မားမား ရပ်လျက် ပြိုင်ဘက်ကို စောင့်နေသည်။

မည်သူ တစ်ဦးတစ်ယောက်မျှ စင်ပေါ်သို့တက်မလာသေး။

ပြည်မကြီးသွေးသောက် အဖွဲ့ပတိတ်ဆိုတာ သူ့လက် ထဲသို့ အပ်နှံရတော့မည့် အခြေ အနေ။ လမ်းတလေမှာ ခြေတကြွကြွဖြစ်လာ၏။ တိယန်အကြီးအကဲမှာ စိတ်လှုပ်ရှား နေ၏။ တာ့ဇွေမျက်ဝိမျက်နှာပျက်လာသည်။

ကျူးကိုမှာ နောက်ထပ် ပြိုင်ဘက် တစ်ယောက် ထွက် ပေါ်လာစေရန် အသံတုန်ယင်စွာဖြင့် အော်ဟစ်ခေါ်ပြန်၏။

နန်ကိုးဝူစန်းကား မီးအလင်းရောင်အောက်တွင် ဝင့်ထည် လျက်....။

ထိုစဉ်...လူရိပ်တစ်ရိပ်က ပြိုင်ပွဲစင်မြင့်ပေါ်သို့ ရိပ်ခနဲ ခုန် တက်လာတော့သည်။

ဝန်းစကြဝဠာစားသမား (စာစဉ်-၉) ကို
ဆက်လက်ဖတ်ရှုပါရန်။
ထက္ကသိုလ် ဝင်းကြွယ်